www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

<u>ဆရာ ရာဝဏ ထွက်ပြီး စာအုပ်</u>

ပိုးညှိုဆော်ကျွာ

ရိုးမရုပ်လျှာဆန်းကြယ်စွာ

ဆရာ ရာဝဏ စာလုံးဒီဇိုင်း - ပန်းချီ တင်ထွန်း၊ *Idea* - ကျော်ကျော်ဆွေ

မျက်နှာဖုံး ဂရပ်ဖစ်ဒီဇိုင်း - ဖြိုးသူ(ဝသန်) နေယုလင်း၊ သိုက်အောင်ဝင်း

တမူခွင့်ပြုချက်အမှတ် - ၅၀၀၃၉၄၀၃၀၈၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၅၄၀၄၀၈
၂၀၀၉ ခု၊ ဩဂုတ်လ၊ အုပ်ရေ-၅၀၀၊ တန်ဖိုး-၁၀၀၀၊ ပန်းချီ-Kဘသန်း၊ ဒီဇိုင်း-ဖြိုးသူ(ဝသန်)၊
ကာလာခွဲ-အီးဂဲလ်၊ စာအုပ်ချုပ်-မောင်မောင်၊ ဦးနှင်းဆွေ(၀၉၈၃ မြဲ)၊ ပန်းလက်ဆောင်စာပေ၊
၅၁၆/ခ၊ ပုလဲ (၄)လမ်း၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးကျော်လှိုင်(၀၅၅၇၃)၊ စေတနာ
အော့(ဗ်)စက်၊ အမှတ်(၅၉)၊ ၁၉ လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်၊
ကွန်ပျူတာစာစီ - သော်တာခင်၊မြို့ရွာ၊ဖုဖွင့်၊ ပထမအကြိမ်

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၈၉၅.၈၃

ရာဝဏ

ပင်လယ်ရတနာမြကြာယံ / ရာဝဏ။ - ရန်ကုန်

ပန်းလက်ဆောင်စာပေ ၊ ၂၀၀၉ ။

၈၀ - စာ ၊ ၁၂.၇× ၁၇.၇၈ စင်တီ။

(၁) ပင်လယ်ရတနာမြကြာယံ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

တစ်နေ့သ၌ ရန်ကုန်မြို့ မော်တင်ဆိပ်ကမ်းအနီးရှိ ထမင်းဆိုင်လေးတစ်ဆိုင်၌ စားသောက်သူအများ ရုတ်ရုတ်သဲသဲ ဆူဆူညံညံဖြစ်လျက် ရှိနေကြပေ၏။

"ဟော့ … မပြေးနဲ့ ကြည့်စမ်း ထမင်းစားပြီး ပိုက်ဆံမပေးဘဲ ကောင်လေးထွက်ပြေးသွားပြီ လိုက်ကြပါရှင့်"

ထမင်းဆိုင်ရှင် မိန်းမကြီးက အသံသေးအသံကြောင်နှင့် ဟစ်အော်လိုက်သဖြင့် စားသောက်သူအချို့က ထွက်ပြေးသည့် ကောင်လေးကို ဖမ်းဆီးရန် နေရာမှ ဒရောသောပါး ထလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဂျွမ်း...ဂလွမ်း"

"ချွမ်...ဂလုံ"

ထို့ကြောင့် စားပွဲခုံပေါ်မှ ထမင်းဟင်း ပန်းကန်အချို့ မှောက်ကျကွဲရကုန်သည်။

"အား...ပူတယ်ဗျ...ပူလှချည့်ရဲ့"

ယင်းသို့ရှိရာတွင် ချဉ်ဖတ်ပါဝင်ဟင်းချိုပူပူပန်းကန်က စားသောက်နေသူ လူဝကြီးတစ်ယောက် ပေါင်ပေါ်ဖိတ်ကျသဖြင့် ဆတ်ဆတ်လူးဖြစ်နေပုံမှာ ငိုအားထက်ရယ်အားသန်ဆိုသကဲ့သို့ ဖြစ်နေရာ အကြောင်းမသိသည့် လမ်းသွားလမ်းလာအချို့က ထိုအဖြစ်ကိုဟားတိုက်ရယ်လိုက်ကြသေး၏။

"လိုက်ဟ...လိုက်"

"ဟိုမှာ ကောင်လေးလမ်းကို ဖြတ်ကူးပြေးသွားပြီ မလွတ်စေနဲ့ဟေ့"

အော်ဟစ်လျက် ကသောကမြော ပြေးနေသော ကောင်လေးနောက်သို့ လူအချို့က အပြေးအလွှား လိုက်နေကြသည်။

"တွီ...တွီ"

"တွီ..."

ရုတ်ရုတ်သဲသဲအဖြစ်ကို အမှတ်မထင် တွေ့မြင်လိုက်ရသည့် ပုလိပ်သားတစ်ယောက်က ဝီစီတတွီတွီမှုတ်ကာ သူ့အဖော်များကို ခေါ်ငင်လျက်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးနေသော ကောင်လေးမှာ ကြောက်အားလန့် အားပြေးရင်း လမ်းဘေး၌ ရောင်းချရန် တည်ခင်းနေသည့် ဘယာကြော်သုတ်ဆိုင်ကလေးမှ ဗန်းကို အမှတ်မထင် ဝင်တိုးမိပြန်သည်။

"ဝုန်း…"

"အာရေး … အဘားဘား ကုန်ပါပြီ ကုန်ပါပြီ ခွီးမရေ ဒီနေ့တော့ ဘုရားခေါ်ပြီသာမှတ်ပေတော့ … အီး ဟီး ဟီး"

ကုလားကြီး၏ငြီးငြူရေရွတ်သံကြီးမှာလည်း ကြားရသူ အခပေါင်း ရယ်စရာ ဖြစ်နေတော့သည်။

နောက်မှလိုက်လာသူများမီလုမီခင်မှာပင် ကောင်လေး က ချယ်ဂါရီများ တန်းစီရပ်ထားရာ နောက်ဘက်သို့ တိုးဝင်သွား သည်။

"ချယ်ဂါရီတွေ နောက်မှပေါ့ မလွတ်စေနဲ့"

"ဟုတ်တယ်…ဟုတ်တယ်"

လိုက်နေသူအချို့က ချယ်ဂါရီများနောက်သို့ တိုးဝင်ရန် ကြိုးစားနေကြသည်။

လွတ်ပုံမပေါ်တော့သဖြင့် ကောင်လေးမှာ အကြပ်ရိုက် လျက် ဖောချွေးများပြန်လျက် တုန်တုန်ရည်ရည် ဖြစ်နေရှာသည်။

"ဘုရား … ဘုရား သူတို့ ငါ့ကို မိတော့မှာပဲ"

ကောင်လေးက ရေရွတ်ရင်း ဖမ်းမည့်သူများကို ကြည့် နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှိ…ရှိ"

"ရှိ…"

ထိုအခိုက် သူ့နောက်ဘက် လမ်းမြှောင်ကလေးအတွင်းမှ လေချွန်အချက်ပေးသံများ ကြားရသောကြောင့် သူလှည့်ကြည့်လိုက်မိသည်။

"ဟာ … ငါ့အရွယ် ကောင်လေးနှစ်ယောက်ပါလား"

အမှန်ပင် သူနှင့်ရွယ်တူ ကောင်လေးနှစ်ယောက်က သူတို့ထံ လာခဲ့ရန် လက်ယပ်ခေါ်နေသည်။

သူ ဘာမှ မစဉ်းစားတော့ပေ။ ထိုကောင်လေး နှစ်ယောက်ရှိရာ လမ်းမြှောင်ကလေးဆီသို့ နောက်ဆုတ်သွားခဲ့တော့သည်။

လမ်းမြှောင်ကလေးမှာ ကလေးတစ်ယောက်ဝင်သာရုံသာရှိသဖြင့် လိုက်သူများ မလိုက်နိုင်ကြတော့ပေ။

နှစ်ယောက်အနက် ခပ်ထွားထွား ကောင်လေးက သူ့လက်ကိုအပြောင်းဆွဲကာ ခေါ်သွားသည်။

ပုလင်းကွဲစ၊ ပန်းကန်ကွဲစနှင့် အမှိုက်သရိုက်မျိုးစုံ ရှုပ်ထွေးနေသော လမ်းအတိုင်း သူတို့ အပြေးအလွှား ပျောက်ကြသည်။

မကြာမီ သံချေးတက်နေသည့် ကြောင်လိမ်လှေကားမှတစ်ဆင့် သူတို့တက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ…ကျွီ"

"ကျွီ…ကျွီ"

ကြောင်လိမ်လှေကား၏ တကျွီကျွီမြည်သံကြောင့် ကောင်လေးမှာပြုတ်ကျမည်စိုး၍အသားတဆတ်ဆတ်တုန်နေရှာသည်။

"ကြောက်…ကြောက်တယ်ကွာ"

"ဟား ဟားဟားပြုတ်မကျပါဘူးကွ…ရဲရဲသာ တက်စမ်းပါ ဒီလှေကားက တို့တက်နေကျပါကွ"

"ဟေ့ကောင် ဘာမှ မကြောက်နဲ့ နောက်ဆိုရင် ဒီလှေကားက မင်းအမြဲတက်ရမှာကွ ဟဲဟဲဟဲ"

ကျန်တစ်ယောက်က အားပေးသလိုလို ဆိုလာသဖြင့် ကောင်လေးက အရဲစွန့်လျက် တက်ခဲ့ရသည်။

"ဒေါက်…ဒေါက်"

"ဒေါက်…ဒေါက်…ဒေါက်"

ပိတ်ထားသည့် နောက်ဖေးခန်းတစ်ခုသို့ ရောက်သော အခါခပ်ထွားထွားကောင်လေးက တံခါးကို သူ့လက်ဆစ်များနှင့် မြင်းများပြေးသကဲ့သို့ အပြွတ်လိုက် ထွက်ပေါ်လာသလို ခေါက်လိုက်သည်။

"ဂျောက်…ဂလောက်"

တံခါးက ချက်ချင်း ပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်လျှင်ပွင့်ချင်း ကောင်လေးနှစ်ယောက်က သူ့ကို အခန်းတွင်းတွန်းပို့ကာ သူတို့လည်း လျှပ်တစ်ပြက် ခုန်ဝင်လိုက်ကြသည်။

တွန်းပို့သည့်အရှိန်ကြောင့်ကောင်လေးမှာအခန်းတွင်းရှိကုလားထိုင်တစ်လုံးနှင့် တိုက်မိလျက် လဲကျသွားရသည်။

မှောင်မည်းနေသော အခန်းဖြစ်၍ ကနဦးတွင် မည်သည့်အရာကိုမျှ မှန်းဆမရနိုင်အောင် ဖြစ်ရသည်။

"အံ့ပွား ... ဟေ့ကောင် အံ့ပွား"

"ဗျာ ... ဟုတ်ပါတယ် ကျွန်တော်နဲ့ ပေစီတို့ပါ ဆရာနက်တူး"

"ဟေ့ ... မင်းတို့ ဝင်လာတာ သုံးယောက်ပါကွ တစ်ယောက်က ဘယ်သူလဲ"

"သူ...သူက..."

အံ့ပွားဆိုသူ ခပ်ထွားထွားကောင်လေးက အဖြေရခက်နေစဉ်မှာပင် လျှပ်စစ်မီးက ဖျောက်ခနဲ ပွင့်သွား၏။

ထိုအခါ မည်းနက်သော အသားအရေနှင့် မုတ်ဆိတ်ကျင်စွယ် ဗလပျစ်ရုပ်ဆိုးဆိုးပုဂ္ဂိုလ်တစ်ယောက်အားလက်ထဲ၌ ဂေါ်ရခါး ဓားကောက်ကြီးကိုင်လျက်သား တန်းလန်း တွေ့လိုက်ကြရသည်။

"ဟူး..."



www.burmeseclassic.com

www.burmeseclassic.com



သရဲတစ္ဆေတစ်ကောင်ကို တွေ့ရသည့်အလား ရှိရာ ကောင်လေးမှာ ကြောက်လန့်လျက် သက်ပြင်းတစ်ချက်ကို အလျင်အမြန် ချလိုက်မိရှာသည်။

"ပြောစမ်းပေ့ ကောင်လေး။ မင်းကဘာယ်သူလဲ ငါတို့ရဲ့ ကျောင်းတော်ကြီးကို ဘယ်ပုံဘယ်နည်းလာခဲ့တာလဲ ပြောစမ်း ပေ့"

လူကြီး၏ ခပ်ဩဩအသံဆိုးကြီးမှာ အခန်းတွင်း၌ ဟိန်းထွက်သွားသဖြင့် ကောင်လေးမှာ ထပ်မံ တုန်လှုပ်သွားရ ပြန်သည်။

ကောင်လေးကိုယ်စား ခပ်ထွားထွား အဲ့ပွားက ပြော လိုက်သည်။

"သူ…ထမင်းဆိုင်က ထွက်အပြေးမှာလူတွေဝိုင်းလိုက် လို့ ကျွန်တော်နဲ့ ပေစီ ခေါ်လာခဲ့တာပါခင်ဗျာ"

"ဩော်…ဒီလိုကိုး။ဒီမှာကောင်လေးမင်းနာမည်ဘယ်သူ လဲ၊ ဘာကြောင့် ထမင်းဆိုင်က ထွက်ပြေးလာတာလဲ၊ နောက်ပြီး မင်းဘယ်ကို သွားမလို့လဲ …အဲဒါပြောစမ်းပေ့"

ဦးနက်တူး၏အမေးကြောင့် ကောင်လေးက စဉ်းစား ကာ တစ်ခုချင်း ဖြေသည်။

"ကျွန်တော့်နာမည် မောင်မြတ်နိုး"

"အင်း…"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထမင်းဆိုင်မှာ ထမင်းဝင်စားပြီး ပိုက်ဆံ မပေးနိုင်လို့ ထွက်ပြေးတာပါ"

"အင်း ... နောက်ဆုံးမေးခွန်း ကျန်သေးတယ်"

"ဟုတ်ကဲ့ ကျွန်တော် ဘယ်သွားရမှန်း မသိပါဘူး ခင်ဗျာ"

"ဟော..."

မောင်မြတ်နိုးဆိုသူ ကောင်လေး အဖြေကြောင့် ဦးနက်တူးသာမက မောင်အံ့ပွားနှင့် ပေစိတို့နှစ်ယောက်လည်း ပြိုင်တူလိုလို အံ့အားသင့်သွားကြသည်။

ပြီးမှ ဦးနက်တူးက သူ့မျက်လုံးများကို ပြူးပြဲလျက်

"ဘာကွ ... မင်းမှာ သွားရမယ့်နေရာမရှိဘူး ဟုတ်လား ...ဒါဖြင့် မင်း ဘယ်ကလာတာလဲ"

မောင်မြတ်နိုးက ...

"ကျွန်တော်တို့ မိသားစုက မြစ်ဝကျွန်းပေါ်ဒေသ ရွာလေးတစ်ရွာကပါ မိဘတွေကို ခါးပြတွေ သတ်တာကြောင့် အားကိုးမရှိတဲ့အဆုံး ရန်ကုန်ကို တက်လာခဲ့တာပါခင်ဗျာ"

"ဩော် ... ဒီလိုကိုး ဟန်ကျတာပေါ့ကွာ ဒီလိုဆို တို့ရဲ့ ကျောင်းတော်ကြီးမှာ ကျောင်းသားတစ်ယောက် ထပ်တိုးပြီလို့ ဆိုရပေမှာပေါ့"

ထိုအခိုက် ပေစိက တစ်စခန်းထသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဆာပြီ ဆရာကြီး"

"ပေါ ... ဘာကွ ဒါဖြင့် ထုံးစံအတိုင်း မင်းတို့ ရလာတာ စားပွဲပေါ် တင်လိုက်လေ"

ဘာပြောမှန်းမသိသဖြင့် မောင်မြတ်နိုးက သူတို့အားလုံး အခြေအနေကို အကဲခတ်ကြည့်နေမိသည်။

ပေစိက သူ့ခါးကြားမှ တစ်စုံတစ်ရာကို လှစ်ခနဲ ဆွဲထုတ်လျက် စားပွဲပေါ် တင်လိုက်သည်။

လက်ပတ်နာရီတစ်လုံး ဖြစ်သည်။

နောက် အံ့ပွားက သူ့နောက်ကျောမှ ဝှက်ထားသည့် ပစ္စည်းတစ်ခုကို ထုတ်ယူကာ စားပွဲပေါ် တင်လိုက်ပြန်သည်။

သားရေအိတ်တစ်လုံးဖြစ်သည်။

"ဟာ ရာတန်တွေ အထပ်လိုက်ကွ ... ဘယ်ဆိုးလို့လဲ ဒါကြောင့်လဲ ဆရာကြီးက မင်းကို အားထားနေတာကွ အံ့ပွားရ ဟားဟား ဟီးဟီး"

ဦးနက်တူးက သဘောကျသွားကာ စားပွဲပေါ်မှ နာရီနှင့် ပိုက်ဆံအိတ်ကို ဆွဲယူလျက် အနီးရှိ သားရေအိတ်အနက်ကြီးထဲ ထည့်လိုက်သည်။

ဖစ်ပိတ်ပြီးနောက် သူက သွားအဖြဲသားဖြင့် ...

"ကျွေးမယ် ကျွေးမယ် ကောင်လေးသုံးယောက်မင်းတို့ စားဖို့ အသင့်ပြင်ကြကွ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဦးနက်တူးကအိုးကြီးတစ်လုံးမှအဖုံးကို ဖွင့်လိုက်သည်။

ရုတ်ချည်းကြက်သားမဆလာနံ့က အခန်းတွင်း၌ကြိုင် လှိုင်သွားသည်။

ကောင်လေးသုံးယောက် သွားရည်တမြားမြား ကျကုန် ကြသည်။

"ဂလောင် ... ဂလောင်"

"ရှမ် ... ဂလမ်"

ဦးနက်တူးက သံပန်းကန်ပြားသုံးချပ် အတွင်းသို့ ပလာတာနှင့် ကြက်သားဟင်းရည်များကို ထည့်နေသည်။

ထိုအခိုက် အံ့ပွားက မေးသည်။

"ဆရာကြီး တခြားကောင်တွေ ရောက်မလာကြသေး ဘူးလားဟင်"

"အေးကွ ... မလာကြသေးဘူး စောပါသေးတယ်လေ"

"ဩော် ... ဩော်"

"ကဲ ... စားကြကွာ ... စားကြ"

သူတို့က တစ်ပန်းကန်စီ ဆွဲစားကြသည်။

"ကောင်လေး ... မင်းက ကျောင်းသားသစ်ဖြစ်သွားပြီ ... နောက်ပညာတွေသင်ရဦးမယ် ... မင်းလဲ စားနိုင်ခွင့်ရှိတယ် စားကွ သိလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်...ဟုတ်ကဲ့"

မောင်မြတ်နိုးက မဝံ့မရဲ ပြောလိုက်သည်။

သူတို့ စားသောက်နေရိုက် အပြင်ဘက်မှ တံခါးခေါက်သံများ ထွက်ပေါ်လာသည်။

"ဟော...သူတို့လာကြပြီဟေ့"

ပြောပြောဆိုဆို ဦးနက်တူးက ခေါင်းကြည့်ပေါက်မှ ကြည့်ကာ တံခါးဂျက်ကို ဖွင့်ပေးလိုက်သည်။

"ဂလောက်..."

အသက်ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ခန့် လူငယ်ကလေး သုံးယောက် တပြိုင်နက် တိုးဝင်လာကြသည်။

"မှတ်ကြီး၊ ဗလနဲ့ မဲလုံးတို့ပါလား မင်းတို့ စောစောပြန်လာပုံထောက်တော့ အလုပ်ဖြစ်လာပြီထင်တယ်"

သူတို့က မည်သည့်စကားမျှ မဆိုပေ။

မောင်မြတ်နိုးတို့လူစုကို တစ်ချက် ဝေ့ကြည့်ပြီးလျှင် သူတို့ အိတ်ကပ်အသီးသီးတွင် ဝှက်ယူလာသည့် ပစ္စည်းများကို စားပွဲပေါ် တင်ပေးလိုက်ကြသည်။

ဖောင်တိန်၊ ဆွဲကြိုးတစ်ကုံးနှင့် ရွှေဘီးတစ်ချောင်း ဖြစ်၏။

"အေး ကောင်းကွာ၊ မင်းတို့ တော်တယ်ဟေ့ ...ကိုင်း ...ထိုင်ကြ တစ်ခါတည်းစားကြနော်"


www.burmeseclassic.com

www.burmeseclassic.com



အားရသည့်လေသံကြီးနှင့်ဆိုကာ ဦးနက်တူးက ထုံးစံ အတိုင်းပစ္စည်းများကိုသားရေအိတ်အနက်ကြီးအတွင်းသို့ထည့် သည်။

နောက် ဇစ်ပိတ်သည်။

ကိစ္စပြီးသောအခါ နောက်ထပ် ပန်းကန်သုံးချပ်တွင် ပလာတာနှင့် ကြက်သားဟင်းများကို ထည့်ကျွေးသည်။

ကလေးများမှာ ဆာလွန်းသဖြင့် ခေါင်းမဖော်စတမ်း စားသောက်နေကြသည်။

ဤသို့ဖြင့် တစ်သုပ်ပြီးတစ်သုပ် အခန်းတွင်းသို့ ကလေး ငယ်များ ဝင်ရောက်လာကြရာ ညနေစောင်း ခြောက်နာရီခန့် အကြာတွင် လူပေါင်း ဆယ့်ငါးယောက်တိတိ အခန်းတွင်း၌ ရှိနေ ကြောင်း မောင်မြတ်နိုး သတိပြုလိုက်မိသည်။

"ဒေါက်...ဒေါက်"

သို့ရှိစဉ် တံခါးခေါက်သံနှင့်အတူ ခပ်ပိန်ပိန်ရှည်ရှည် လူငယ်တစ်ဦး အခန်းတွင်းသို့ ဝင်လာခဲ့ပြန်သည်။

"ဟာ...ပိန်တာရိုးမင်းတစ်ယောက်တည်းနောက်အကျ ဆုံးပါလားကွ...ဘယ့်နှယ်လဲ အဆင်ပြေခဲ့ရဲ့လား"

"ကျွန်...ကျွန်တော်...ဟို...ဟိုဒင်း"

ဦးနက်တူးအမေးကို ပိန်တာရိုးဆိုသူမှာ မည်သို့ ပြန် ပြောရမှန်း မသိအောင် ဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com


ပြီးမှ ၎င်းက ...

"ဒီ ... ဒီလိုဆရာ ကျွန်တော် သိမ်ကြီးဈေးတစ်ဝိုက်မှာ လုပ်ရှားဖို့ ကြိုးစားနေတာပါပဲ၊ ဒါပေမယ့် ဘာကြောင့်မှန်း မသိ ဒီနေ့ကျမှ ရာဇဝတ်အုပ် ဦးဘတုတ်တို့အဖွဲ့က အဲဒီ နယ်မြေ တစ်ဝိုက်မှာ တစ်နေ့လုံး လှည့်ပတ်နေလို့ အလုပ်မဖြစ်ခဲ့ပါဘူး" ဟုပြောလိုက်သည်။

"ဘာ...ဘာကွ"

ပိန်တာရိုး မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သည့် အမူအရာများ ပေါ်လာသည်။

နောက်...သူက အသနားခံသည်။

"ဒီ...ဒီတစ်ခါတော့ ခွင့်လွှတ်ပြီး ချမ်းသာပေးပါခင်ဗျာ... နောက်နောင် ဒီလိုမဖြစ်စေရပါဘူး ဆရာကြီး"

"ဟားဟားဟားဟား...ဟီးဟီးဟီး"

ဦးနက်တူးက နက်ကျောကျော အသံဆိုးကြီးနှင့် သဘောကျစွာ ဟစ်အော်ရယ်မောလိုက်သဖြင့် အခန်းတွင်းရှိ လူအားလုံးအထူးတုန်လှုပ်သွားကြသည်။

ထို့နောက် ဦးနက်တူးက နံရံတွင် ချိတ်ဆွဲထားသည့် ကြာပွတ်တစ်ချောင်းကိုလျှပ်တစ်ပြက် လှမ်းဆွဲယူလိုက်သည်။

ထိုအခါကျမှ နံရံတွင် အစီအရီ ချိတ်ဆွဲထားသော ကြာပွတ်အမျိုးမျိုးကို မောင်မြတ်နိုးတစ်ယောက် တွေ့မြင်သတိ


www.burmeseclassic.com

ပြုမိပေတော့သည်။

အခန်းတွင်းရှိ မျက်စိအားလုံးမှာ ဗိန်တာရှိုးနှင့် ဦးနက်တူးတို့ထံတွင် စုပြုံရောက်ရှိသွားကြသည်။

"ဒီမှာ ဗိန်တာရှိုး ထုတ်ပြန်ထားတဲ့ ဥပဒေသကိုလည်း မင်းသိပါတယ် ... ပစ္စည်းမပါရင် ဒဏ်ပေးခံရမယ်ဆိုတာ"

"ဟုတ် ... ဟုတ်ပါတယ်ဆရာကြီး ... ဒါ ... ဒါပေမယ့် ဒီတစ်ကြိမ်တစ်ခါတော့ ..."

"ဟာ ...ကြာတယ်ကွာ ...ကိုင်း"

"ရှမ်း ..."

"အား ..."

"ရှစ် ..."

"အ ..."

ရုတ်ချည်းပင် အခန်းတွင်း၌ ကြာပွတ်၏ ဝေ့ယမ်းမြည်ဟီးသံ၊ ဗိန်တာရှိုး၏ မရိုမသေ ဟစ်အော်သံများက မိုးမွှန်သွားတော့သည်။

ဦးနက်တူး၏ ငါးချက်မြောက် ရိုက်ချက်အပြီးတွင် ဗိန်တာရှိုးခမျာ ကျောပြင်တွင် သွေးအစ္ဆိုသားဖြင့် ကြမ်းပြင်၌ လူးလိမ့်အော်ဟစ်နေရှာ၏။

မောင်မြတ်နိုးမှာ ရက်စက်လှသည့်မြင်ကွင်းကို မကြည့်လိုတော့၍ သူ့မျက်လုံးများကို မှိတ်ထားလိုက်မိရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် မောင်အံ့ပွားက ဝိန်တာရိုးကို ဆွဲထူလျက် ကွပ်ပျစ်တစ်ခုအပေါ် ပွေ့တင်သိပ်ပေးထားလိုက်၏။

မကြာမီ လူငယ်ကလေးများအားလုံး ဝိန်တာရိုးအဖြစ်ကိုမေ့သွားကာ ကျားထိုးသူထိုး၊ ဖယ်တောက်သူတောက် စကားပြောသူပြော နောက်ပြောင်သူ နောက်ပြောင်ဖြင့် အခန်းတွင်း၌ပြန်လည် စည်ကားနေပြန်တော့သည်။

ဦးနက်တူးကား သူတို့အားလုံးကို လုံးဝရှိသည်ဟုပင် မယူဆတော့ဘဲ အိတ်အနက်ကြီးကိုဟာကာ ပစ္စည်းပစ္စယများကို တစ်ချက်ချင်း ထုတ်ကြည့်နေလေ၏။

ထိုအချိန်၌ ဦးနက်တူး၏ မျက်နှာဆိုးကြီးမှာ လောဘရောင်ကြောင့် တောက်ပြောင်နေသကဲ့သို့ သဘောကျလျက်ပြုံးရယ်လိုက်သည့်အခါ ကွမ်းချေးတက်နေသော သွားများမှာလည်း ကြိုးတို့ကြဲတဲနှင့် အရိုးစုတစ်ခုမှ သွားများအလားရှိနေတော့သည်။

မောင်မြတ်နီးမှာ အရုပ်ဆိုးဆိုး ဦးနက်တူးနှင့် လူငယ်များကို ဝေ့ဝဲကြည့်ရှုပြီးလျှင် မိမိသည်လည်း ဤနေ့ဤအချိန်အခါမှစ၍ ထိုလူငယ်များနှင့်မခြား ဦးနက်တူး၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိပြီဖြစ်ကြောင်း သဘောပေါက်မိကာ သက်ပြင်း တစ်ချက်ကို လေးတွဲစွာ ချလိုက်မိတော့သည်။

✠ ✠ ✠


www.burmeseclassic.com

## အခန်း (၂)

"ကဲဟေ့ မြတ်နိုး ... ဟောဒီ လက်ကိုင်ပဝါတစ်ထည်ကို ကြည့်စမ်း"

"ဟုတ်ကဲ့"

"များသောအားဖြင့် ရန်ကုန်သားတွေစတိုင်က ဒီလို လက်ကိုင်ပဝါမျိုးကို ခါးကြားညှပ်ကြတာများတယ်...မင်းက အဲဒါ ကို နားလည်ထားရမယ်"

"ဟုတ်ကဲ့"

"ကြည့် ... ဟောဒီမှာ ငါ့ ခါးကြားမှာ ညှပ်ထားတဲ့ လက်ကိုင်ပဝါကို ပေစိကာ လမ်းလျှောက်ရင်း မသိမသာ ယူသွား

www.burmeseclassic.com

www.burmeseclassic.com


တာ"

မောင်မြတ်နိုးက ခေါင်းညိတ်လိုက်သည်။

သူ ခေါင်းညိတ်၍မဆုံးမီမှာပင် ပေစိက ဦးနက်တူးဘေးမှ လျှပ်တစ်ပြက် လျှောက်ထွက်သွားသည်။

ပေစိ၏ လှုပ်ရှားမှုဟူ၍ လုံးဝ တွေ့မြင်ရခြင်းမရှိပေ။ သို့သော် ဦးနက်တူး ခါးကြား၌ ခပ်စောစောက ညှပ်ထားခဲ့သည့် လက်ကိုင်ပဝါကား လုံးဝ ရှိမနေတော့ပေ။

"ကဲ ... တွေ့ပြီလား"

ပေစိက ပြုံးရယ်လျက် ၎င်း၏ကော်လံလည်ကုတ်ကြားမှ လက်ကိုင်ပဝါကို ဆွဲထုတ်ပြလိုက်သည်။

"သိပ်ကောင်းကွာ"

မောင်မြတ်နိုး သဘောကျသွားသည်။

ဦးနက်တူးက ခေါင်းညိတ်လျက် ...

"ကဲ ... နောက်တစ်မျိုးကြည့် ဒီတစ်ခါ မဲလုံးအလှည့်ပေါ့ကွာ"

မဲလုံးက ခေါင်းညိတ်လျက် သူရိယသတင်းစာ တစ်စောင်ကို ဆွဲယူကာ အမှတ်မထင် လိပ်နေသည်။

မောင်မြတ်နိုး မျက်ချည်မပြတ် ကြည့်နေ၏။

ဦးနက်တူးက ထင်းရှူးသေတ္တာတစ်လုံးပေါ် တက်ပြီးလျှင် လက်ပြလိုက်သည်။

ဤတွင် မဲလုံးက သတင်းစာလိပ်နှင့် ဦးနက်တူး၏ နှာ


www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုင် အနေအထားမှ ဘေးထွက်သွားသည်။

ဤကိစ္စအတွက် မောင်မြတ်နိုးတစ်ယောက် မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်ရသည်။

သို့သော် မဲလုံးက သူ့ရှေ့သို့ လာရပ်လျက် သတင်းစာလိပ်ကို ပြလိုက်သောအခါ ထိုသတင်းစာလိပ်၌ ဖောင်တိန်တစ်ချောင်း ညပ်နေသည်ကို အံ့ဩစဖွယ် တွေ့မြင်လိုက်ရပေတော့၏။

"ဟာ...လက်စသတ်တော့ဖောင်တိန်နှိုက်နည်းပေကိုး"

မောင်မြတ်နိုးက အံ့ဩစွာ ရေရွတ်လိုက်သည်တွင် ဦးနက်တူးက တဟဲဟဲရယ်မောလျက်...

"ဟား ဟား ဒါက ရန်ကုန်မြို့ရဲ့ဘတ်စ်ကား အတက်အဆင်းတွေမှာ အမှတ်မထင်အလွယ်တကူနှိုက်ယူနည်းပေပေါ့ ... ဒီမှာဟေ့ မောင်မြတ်နိုး မင်းဖတ်ရမယ့် အဌာရသသတွေကို ငါတို့အားလုံးတစ်ယောက်ပြီးတစ်ယောက် တစ်နေ့နည်းနည်းစီ သင်ကြားပြသပေးမယ် ဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့ခင်ဗျာ"

"အင်း...အရေးကြီးတာကမင်းရဲ့ဉာဏ်ပညာထက်မြက်မှု၊ မင်းရဲ့ခန္ဓာကိုယ်လှုပ်ရှား လျင်မြန်မှု၊ အကင်းပါးမှုတွေက အောင်မြင်အောင် အထောက်အကူ ပြုမှာဖြစ်တယ်"

"ဟုတ်...ဟုတ်ကဲ့"

"ကဲ...ကောင်းပြီမင်းဒီနေ့အဖို့ပညာရအောင် အံ့ဩဗြီးတို့



www.burmeseclassic.com

www.burmeseclassic.com



လူစုနဲ့ လိုက်သွားပေတော့ ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး"

စကားအဆုံးတွင် အဲ့ပွားက စားပွဲပေါ်တွင် စုပုံထပ်ထားသည့် ဦးထုပ်များအနက် တစ်လုံးကို ယူဆောင်းကာ နှစ်လုံးကို မောင်မြတ်နိုးနှင့် ပေစိထံ လှမ်းပစ်ပေးလိုက်၏။

"ကဲ... သွားကြစို့"

ပေစိက ခေါင်းဆတ်ပြသောအခါ သူတို့ သုံးယောက်သား မှောင်မည်းလှသည့် အခန်းတွင်းမှ တပြိုင်နက် ထွက်လိုက်ကြသည်။

လမ်းပေါ်တွင်ကား နံနက်ခင်း နေရောင်ခြည်က လင်းလက်စွာ တောက်ပလျက်ရှိသည်။

မောင်မြတ်နိုးက လေ့ကားမှဆင်းရင်း လမ်းပေါ်မှ လှုပ်ရှားသွားလာနေကြသော လူများကို ကြည့်လိုက်သည်။

လူအများတို့သည် အကြောင်းကိစ္စအသီးသီးဖြင့် လှုပ်ရှားသွားလာလျက် ရှိနေကြသည်။

မိမိတို့မှာ ထိုသူများအား တစ်နည်းတစ်ဖုံ အနှောင့်အယှက်ပေးရမည့်သူများ ဖြစ်နေပါလားဟူသော အသိဝင်လာသည့်အခါ မောင်မြတ်နိုးမှာ အထူးပင် တုန်လှုပ်သွားမိရှာတော့သည်။

သို့ရာတွင် မိမိ၏ ဆိုးရွားလှသည့် ဘဝပျော်အရ ဖြစ်သည့်ဘဝ၌ ဖြစ်သလို ရုန်းကန်လှုပ်ရှားရတော့မည် ဖြစ်

www.burmeseclassic.com



ကြောင်း ချက်ချင်းပင် သဘောပေါက်လိုက်မိပေတော့သည်။

လမ်းပေါ်ရောက်သောအခါ အံ့ပွားက သူတို့ကို လသာလမ်းဘက်သို့ ခေါ်ဆောင်သွားခဲ့သည်။

လမ်းတစ်လျှောက် ဈေးသည်များ၊ လမ်းသွားသူများ၊ ဈေးဝယ်သူများ စသဖြင့် ပျားပန်းခတ်မျှ ရှုပ်ထွေးလျက်ရှိသည်။

သို့သော် အံ့ပွားက ထိုမျှရှုပ်ယှက်ခတ်နေသော လူစုကို တိုးဝှေ့ကာ တရွေ့ရွေ့သွားနေသောကြောင့် ပေစီနှင့် မောင်မြတ်နိုးတို့ အမောတကော လိုက်နေကြရသည်။

အံ့ပွားက ချိုင်းနားတောင်းခေါ်တရုတ်ဈေးတန်းကိုဖြတ်၍ ကမ်းနားဘက်သို့ မနားတမ်း လျှောက်လျက်ရှိသည်။

ကမ်းနားလမ်းထိပ်အရောက်၌ ရုတ်တရက် ရပ်ကာ သူက ဦးထုပ်ကို ချွတ်လိုက်သည်။

"ရော့ဟေ့ အလုပ်မလုပ်ခင် အဆာပြေစားထားကြ"

အံ့ပွားပစ်ပေးသည့် ပေါက်စီတစ်လုံးစီကို စားသောက်လိုက်သောအခါ သူတို့ဝမ်းဗိုက် ဆာလောင်မှုများအသင့်အတင့်ပြေပျောက်သွားကြ၏။

"ဟဲ ဟဲ ဟဲ ဝက်သားပေါက်စီ စားပြီးရင် အချိုတည်းကြပေါ့ကွာ ရော..."

ပြောပြောဆိုဆို ပေစီက လက်ထဲမှ ပေါက်စီအကျန်ကို ပါးစပ်ထဲသို့ အကုန်အစင် ထိုးထည့်ပြီးနောက် ၎င်း၏ ဦးထုပ်ကို ဟ၍ မုန့်အချိုကို ထုတ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်နိုးတစ်ကိုက် ကိုက်ကြည့်သည်။

"ဟ ...တယ်ကောင်းပါလား"

"ကောင်းမှာပေါ့ကွ ...အဲဒါ အီကြေးဆိုတာလေ"

သူတို့ စားသောက်နေခိုက် မိုးဖွဲကလေးများ ကျလာသဖြင့် အံ့ပွားက ...

"လာဟော့ ကမ်းနားလမ်းဘက်က တိုက်ပျက်ကြီး တစ်ခုမှာ မိုးသွားခိုကြမယ်"

ထို့ကြောင့် တစ်လမ်းကျော်ရှိ တိုက်ပျက်ကြီးတစ်ခုသို့ သူတို့အပြေးအလွှား သွားကြသည်။

သို့ရှိစဉ် တိုက်ပျက်ကြီး ပလက်ဖောင်းသို့ အော်စတင်ကားတစ်စီး ရုတ်တရက်ထိုးဆိုက်လိုက်သဖြင့် သူတို့အားလုံး ဖရိုဖရဲ ဖြစ်သွားကြသည်။

"တောက် ...ဒီကောင်လေးတွေဟာ ကားတစ်စီးလုံးရပ်တာတောင် သတိမထားနိုင်ကြဘူးလား ဟင်း"

ကားပေါ်မှ သက္ကလပ်ဦးထုပ် ဆောင်းထားသူ၏ အပြောကြောင့် အံ့ပွားက ခြေလှမ်းပြင်နေရာမှ လှည့်ကြည့်လိုက်သည်။

"ဟိုက် ...မြန်မြန် သုတ်ခြေတင်ကြဟေ့ ...အဲဒါ ဘုန်းကြီးလမ်း ဂါတ်တဲက ရာဇဝတ်အုပ် ဆရာဘတုတ်ဆိုတာပဲ ... မိရင်တော့ အချုပ်ထဲရောက်မှာ သေချာတယ်"

"ဟင် ဟုတ်လား"

"အဲဒါကြောင့် ပြေးဟေ့"



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် တိုက်ပျက်ကြီးဆီ ဦးတည်လျက်ရှိရာမှ သိမ်ကြီးဈေး လူစည်ကားရာသို့ မိုးရွာနေသည့်ကြားမှ ပြေးလွှား ကြပြန်၏။

"ဟဲ့ သောက်ခွေး"

"ပလုတ်တုတ်တုတ်"

လူအုပ်များအကြားသို့ သုံးယောက်သားတိုးဝင်ရာအချို့ မှာ လန့်ဖျပ်လျက် အထက်ပါအတိုင်း ဟစ်အော်လိုက်ကြသည်။

သို့ရှိစဉ် အံ့ပွား၏လက်များ လျှပ်တစ်ပြက် လှုပ်ရှားလိုက် သည်ကို မောင်မြတ်နိုး သတိပြုမိလိုက်သည်။

မကြာမီ အချိန်တွင် အံ့ပွားက ဆွဲကြိုးတစ်ကုံးကို မောင်မြတ်နိုး၏ အင်္ကျီအိတ်ကပ်အတွင်းသို့ လှမ်းပစ်လိုက်ရာ တန်းဝင်သွားသည်။

"ခါးပိုက်နှိုက်ဟေ့ ခါးပိုက်နှိုက်"

"လုပ်ကြပါဦး ... ကျွန်မဆွဲကြိုးဖြတ်သွားပြီ"

"ဒီကောင်လေးပဲ ဖြစ်မယ် သူ့ ဒီနားက ဖြတ်သွားတာ ဖမ်းလိုက်ကြပါ"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံများကြောင့် မောင်မြတ်နိုး ကြောင်သွားကာ ရပ်လိုက်မိ၏။

လူအများက အံ့ပွားကို ဝိုင်းဖမ်းလိုက်ကြစဉ် ပေစိက မောင်မြတ်နိုးလက်ကို တွဲခနဲဆွဲကာ ...

"လာ ဟေ့ကောင် တို့ဘူတာကြီးဘက် ပြေးကြစို့"



www.burmeseclassic.com

www.burmeseclassic.com


"ဟင် ... ဟို ... ဟိုမှာ အုံ့ပွားကို ..."

"လာစမ်းပါကွာ ..."

အုံ့ပွားအတွက် စိုးရိမ်နေရှာသော မောင်မြတ်နိုးကို ပေစိက လက်ဆွဲကာ ထိုနေရာမှ ချက်ချင်းထွက်ခွာလျက် ဘူတာကြီးဘက်သို့ အပြေးအလွှား သွားကြပြန်သည်။

မောင်မြတ်နိုး စိတ်တွင်ကား လူအများ ဖမ်းဆီးခြင်းခံရသည့် အုံ့ပွားအဖြစ်ကို တွေးတောကာ စိတ်မအေးနိုင်အောင်ဖြစ်နေရသည်။

ဘူတာကြီးအနီး ရောက်သည်တွင် စည်းရိုးများအောက်မှ ငုပ်လျှိုလျက် မီးရထားတွဲပျက်များ ရှိရာသို့ လျှောက်လာခဲ့ကြ၏။

"မင်းကွာ ... ဟို ... ဟိုမှာ အုံ့ပွားတစ်ယောက်တည်း လူတွေက ဝိုင်းဖမ်းနေတာ"

"ဟေ့ကောင်မြတ်နိုး ... အဲဒီအတွက် မစိုးရိမ်စမ်းပါနဲ့ကွာ ... ပြစမ်း ကြည့်ရအောင်"

ပြောပြောဆိုဆို ပေစိက မြတ်နိုးအိပ်ကပ်ထဲသို့ သူ့လက်ဖြင့် ထိုးနှိုက်လိုက်သည်။

ပေစိလက်ပြန်ထွက်လာသောအခါ ဆွဲကြိုးတစ်ကုံးပါရှိလာသည်။

"ဟာ ... အလယ်က လော်ကတ်အသီးက နီနီရဲရဲ ပတ္တမြားတစ်လုံးပဲ ဒါဆို ဒီနေ့အဖို့ ငါတို့သုံးယောက်အဖွဲ့ တာဝန်ကျေပြီ


www.burmeseclassic.com

www.burmeseclassic.com



ဆိုရမှာပဲကွ"

မောင်မြတ်နိုးက ဆွဲကြိုးကို တအံ့တဩကြည့်ရင်း

"ဒီဆွဲကြိုးက ငါ့အိမ်ကပ်ထဲကို ဘယ်နည်းဘယ်ပုံ ရောက်လာတာလဲဟင်"

"ဟား ဟား ဟား ဟား"

ကြောင်ငေးငေးနှင့် တအံ့တဩပြောလိုက်သည့် မောင်မြတ်နိုး စကားကြောင့် ပေစိက သူ့မျက်လုံးများ ပိတ်သွားသည် အထိ သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

"ဒါ ရယ်စရာလားကွ ... ငါက မသိလို့မေးတာပဲ"

ကျွဲမြီးတိုသွားသည့် မောင်မြတ်နိုးကြောင့် ပေစိက ရယ်မောခြင်းကို ရပ်တန့်လိုက်၏။ ပြီးမှ သူက ...

"မင်းကလည်းကွာ အံ့ပါ့အံ့ပွားက ဆွဲကြိုးဖြတ်ပြီးတာနဲ့ ပိုင်ရှင်မသိခင် မင်းရဲ့အိတ်ကပ်ထဲရောက်အောင် ပစ်ထည့်လိုက် တာကွ"

"ဟင် ... ဟုတ်လား ငါဖြင့် အဲဒါ သိတောင် မသိလိုက်ဘူး"

"အေး ... အဲဒါကြောင့် အံ့ပွားအတွက် မစိုးရိမ်နဲ့လို့ ပြော တာပေါ့"

"အို ... သူ့ကို လူတွေ ဝိုင်းဖမ်းဆီးတာ တို့အမြင်ပဲဟာ ... ဘာကြောင့် မစိုးရိမ်ရမှာလဲ"

ပေစိက ခေါင်းညိတ်ပြသည်။ ပြီးမှ သူက ...

"သူ့ကို ဖမ်းပေမယ့် ပစ္စည်းက သူ့ဆီမှာမှ မရှိတာ လက်



www.burmeseclassic.com

www.burmeseclassic.com



ပူးလက်ကြပ် မမိတော့ မကြာခင် အံ့ပွား ရောက်လာပါလိမ့်မယ် ... ဒါကြောင့် သူ့အတွက် မပူပါနဲ့လို့ ငါပြောတာပေါ့ မြတ်နိုးရ"

"ခြော် ... ဒီလိုကိုး ဒါဖြင့် ဒီနေရာဟာ မင်းတို့ရဲ့စုရပ်နေရာပေါ့ ဟုတ်လား"

"အေး ... ဟုတ်တယ် အစကတည်းက ငါပြောပြထားမယ် ... အရေးအကြောင်းရှိရှိ ဒါမှမဟုတ် ပစ္စည်းနိုက်ရင်းမလွတ်ပုံပေါ်ရင် ပေဟာဒီ တွဲပျက်တွေပေါ်လာပြီး တစ်နေရာရာမှာ ပုန်းနေ ငါဖြစ်ဖြစ် အံ့ပွားဖြစ်ဖြစ် ရောက်လာလိမ့်မယ်သိလား"

"အင်း အင်း"

သဘောပေါက်စွာဖြင့် မောင်မြတ်နိုး ခေါင်းညိတ်လိုက်သည့်အခိုက် ဘုတ်ာကြီး ခြုံစည်းရိုးကို ငုံ့လျှိုးလျက် ဝင်လာနေပြီဖြစ်သည့် အံ့ပွားကို မမျှော်လင့်ဘဲ လှမ်းမြင်လိုက်ကြရသည်။

"ဟာ ... ဟိုမှာ"

"ဟော့ကောင်း အံ့ပွား"

လှမ်းခေါ်ကာ သူတို့နှစ်ယောက်ကို အံ့ပွားက အဝေးမှ ပြုံးပြလျက် လက်မြှောက် နှုတ်ဆက်၏။

ထိုအခါကျမှပင် စိုးရိမ်စိတ်များ ပြေပျောက်က မောင်မြတ်နိုးတစ်ယောက် စိတ်လက်ပေါ့ပါးသွားရသည်။

အံ့ပွားတစ်ယောက် နီးလာသောအခါ ပေစိက လှမ်းမေးသည်။

"ဘယ်လိုလဲဟေ့ အခြေအနေ ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

အံ့ပွားက သွားအဖွေးသားဖြင့် ...

"ထုံးစံအတိုင်းပေါ့ကွာ ငါက မဟုတ်ကြောင်း အသနား ခံပြီး ငိုယိုပြောပြရတာပေါ့"

မောင်မြတ်နိုးက နားထောင်နေသည်။

"သူတို့အားလုံးငါ့တစ်ကိုယ်လုံးအနှံ့ ပိုင်းရှာကြပေမယ့် ပစ္စည်းမှ မတွေ့တာ ... မိန်းမကြီးတစ်ယောက်က ကလေးတစ် ယောက်ကိုမဟုတ်မဟတ်စွပ်စွဲကြတာကောင်းသလား ... သနား ပါတယ်ဆိုပြီး မုန့်ဖိုးတောင် ပေးလိုက်သေးတယ် ... လာ ... ဖယ် ယာလမ်း (ယခု ပန်းဆိုးတန်းလမ်း) ဘက်မှာ ကုလား ဘယာကြော် သွားစားကြမယ်"

သို့သော် ပေစိက ...

"ဟော့ကောင် ဦးမိုးကြိုးတို့ကို မကြောက်ဘူးလားကွ"

"အန် ..."

ပေစိအပြောကြောင့် အံ့ပွားတစ်ယောက် တွန့်သွားရ သည်။

ဤတွင် မောင်မြတ်နိုးက ...

"ဦးမိုးကြိုးဆိုတာက ဘယ်သူလဲဟင်"

ထိုအခါ အံ့ပွားက ...

"ဦးမိုးကြိုးဆိုတာ ဦးနက်တူးလို လက်ထောက်တစ် ယောက်ပေါ့ကွာ ... မင်းတို့ ငါတို့ရတဲ့ပစ္စည်းနဲ့ ငွေကြေးကို အလွဲ သုံးစားလုပ်တာတို့ ဖြုန်းတာတို့ ဖုက်ထားတာတို့ကို တိတ်ဆေး


www.burmeseclassic.com

www.burmeseclassic.com



ဆိတ် နောက်ယောင်ခံ လိုက်လံစုံစမ်းနေတဲ့လူလေ"

"အလိုလေး…"

"သူ့မှာလည်းအဖွဲ့ရှိတယ်ကိုယ့်လူ…တို့ ဘာလုပ်တယ် ဆိုတာ သူတို့က သိပြီးသား"

"အန်…ဒါဖြင့် မလွယ်လှပါလားကွာ"

ပေစိက ခေါင်းညိတ်လျက်…

"နောက်ပြီး သူတို့လက်ထဲက ထွက်ပြေးလွတ်မြောက်ဖို့ မကြိုးစားနဲ့ ကိုယ့်လူ အဲဒီလိုဆိုလို့ကတော့ မိတာနဲ့ ဆရာကြီးဆီ ကို ပို့တော့တာပဲ…အဲဒီရောက်ရင် မသေရုံတမယ်သာမှတ်"

"ဟိုက်…ဆရာကြီးဆိုတာ သတ်သတ်ရှိသေးလား"

အံ့ပွားနဲ့ ပေစိတို့က ပြိုင်တူလိုလို ဆတ်ခနဲ ခေါင်းညိတ် လိုက်ကြသည်။ ပြီးမှ အံ့ပွားက…

"ဒီလူစုဟာ ပေါ့သေးသေးလူစု မဟုတ်ဘူးကွ…ရက် စက်တာနဲ့အမျှ ဉာဏ်ရည်ဉာဏ်သွေးကတော့ အပြည့်ဆိုရမယ် …မင်းအခုနေနဲ့ မကြာခင် ဦးမိုးကြိုးတို့ ဆရာကြီးဆိုတာတွေကို တွေ့ရပါလိမ့်မယ်လေ"

အံ့ပွားအပြောကြောင့် မောင်မြတ်နိုးတစ်ယောက်မှာ မိမိ လွတ်မြောက်ရေးအတွက် လွယ်ကူခြင်းမရှိသည်ကို သဘော ပေါက်လိုက်မိသည်။

သို့သော် မည်သို့ပင် ဖြစ်စေကာမူ တစ်နေ့နေ့တွင်ထို ဒုစရိုက်လူစုထံမှ လွတ်မြောက်အောင် ပြေးမည်ဟု သန္နိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com


ချမှတ်လိုက်သည်။

ထိုနေ့က တိုက်ခန်းသို့ ပြန်ရောက်သောအခါ ရလာသော ဆွဲကြိုးကြောင့် ဦးနက်တူးက ဖော်ရွေသကဲ့သို့ အားလုံးကိုလည်း ဆွဲကြိုးပြကာ ပြောလိုက်သည်။

"အားလုံးကြည့်ကြပေါ့ ... မင်းတို့ အုပ်စုထဲမှာ အံ့ပွား၊ ပေစိန်နဲ့ မြတ်နိုးတို့အဖွဲ့ ရရှိလာတဲ့ ဟောဒီဆွဲကြိုးဟာ တန်ဖိုးရှိဆုံးပဲ"

တစ်ခန်းလုံး တိတ်ဆိတ်နေသည်။

"ဒီတော့ အံ့ပွားတို့အတွက် ဆုလာဘ်ပေးဖို့ ဆရာကြီးထံ ငါထောက်ခံတင်ပြပေးမယ် ... ဒါကြောင့် ဒီလိုအဖိုးတန်ပစ္စည်းရဖို့ မင်းတို့အားလုံး ကြိုးစားကြပါ ... ဟုတ်လား"

ကလေးငယ်များအားလုံးက နားလည်ကြောင်း ခေါင်းညိတ်လိုက်ကြသည်။

ပြီးလျှင် ဦးနက်တူးက ထုံးစံအတိုင်း တစ်နေ့တာ ရရှိလာသော ပစ္စည်းများကို အိတ်အနက်ကြီးအတွင်းသို့ သွင်းပြီးနောက် စားသောက်ဖွယ်ရာများကို ကျွေးမွေးနေတော့သည်။

✠✠✠


www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၃)

မောင်မြတ်နိုးတစ်ယောက် ထိုဒုစရိုက်အိမ်ခန်းကြီးသို့ ရောက်ခဲ့သည်မှာ နှစ်လတင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပေ၏။

ယခုအခါ မောင်မြတ်နိုးမှာ မသိမသာ ခိုးဝှက် အလစ်သုတ်ခြင်း၊ ခါးပိုက်နှိုက်ခြင်းစသည့် အတတ်ပညာအချို့ကို ကျွမ်းကျွမ်းကျင်ကျင် မဟုတ်သော်လည်း အတန်အသင့် တတ်မြောက်နေပြီဖြစ်သည်။

ဦးနက်တူးက ...

"ဟေ့ မြတ်နိုး ... မင်းကို သင်ပေးတဲ့ ပညာရပ်တွေများလှပြီ ... ဒီတော့ လောလောဆယ် ငါ့စိတ်ကြိုက်တစ်ကွက်လောက်


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာကွာ ... ငါ့စိတ်ကြိုက်မတွေ့ရင်တော့ မင်း သေဖို့သာ ပြင်ပေတော့"

သူ့အပြောကြောင့် နံရံတွင် ချိတ်ထားသည့် ကြာပွတ်များကိုကြည့်ကာ မောင်မြတ်နိုးမှာ ကျောချမ်းသွားရသည်။ ပြီးမှ သူက ...

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန် ... ကျွန်တော် ရေတစ်ခွက် လောက် သောက်ပါရစေ ... ပြီးမှ ပြပါရစေခင်ဗျာ"

"အေး ... ကောင်းပြီ"

ကျွန်လူငယ်များက သူနှင့် ဦးနက်တူး အခြေအနေကို စောင့်ကြည့်နေကြသည်။

မောင်မြတ်နိုးက ဦးနက်တူးအနီးရှိ စားပွဲပေါ်မှ ဖန်ရေည တကောင်းကိုငှဲ၍သောက်လိုက်သည်။

ထို့နောက် မူလ နေရာဖြစ်သည့် ဦးနက်တူးရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကဲ ... ဘယ်လိုလဲဟေ့"

ဦးနက်တူးက မောင်မြတ်နိုးကိုကြည့်၍ မေးလိုက်သည်။

လူအားလုံးက မောင်မြတ်နိုးကို လှမ်းကြည့်ကြစဉ်က မောင်မြတ်နိုးက ခပ်တည်တည်ပင်။

"ကျွန်တော် ဆရာကြီးစိတ်ကြိုက် ပြကွက်တစ်ကွက်ကို ပြပြီးပါပြီခင်ဗျာ"

"ဟ ... ဘာလဲကွ ... ဘာမှ မပြရသေးပါလား"



www.burmeseclassic.com

www.burmeseclassic.com


ဦးနက်တူးက အံ့ဩရာမှ ဒေါသခက်ထန်စွာဖြင့် အော်ပြောလိုက်သည်။

မောင်မြတ်နိုးက မည်သို့မျှ မဆိုပေ။

ပြီးလျှင် ၎င်း၏လက်မှ ဖက်ကိုင်ထားသည့် အရာဝတ္ထုတစ်ခုကို လျှပ်တစ်ပြက် ထုတ်ပြလိုက်၏။

"ချွင် ... ချွမ် ... ချလွမ်"

"ဟိုက် ... အိုး"

ဦးနက်တူးသာမက လူငယ်အားလုံး အံ့အားသင့်သွားကြသည်။

အဘယ်ကြောင့် ဆိုသော မောင်မြတ်နိုးလက်ထဲမှ တချွင်ချွင်မြည်နေသည့်အရာမှာ ဦးနက်တူး၏ ခါးကြား၌ အစဉ်အမြဲ ဂရုတစိုက် ချိတ်ဆွဲထားလေ့ရှိသည့် သော့တွဲကြီးဖြစ်သောကြောင့်ပင်တည်း။

ထိုသော့တွဲကြီးထဲမှ သော့များတွင် အဖိုးတန်ပစ္စည်းများ ထည့်သိုသည့် အိတ်နက်ကြီးကို ခပ်သည့်သော့သည်လည်း အပါအဝင်ဖြစ်ရာ ဦးနက်တူးမှာ မျက်ဖြူလန်မတတ် အထူးအံ့ဩနေပေတော့သည်။

"ဟားဟားဟားဟား ... တော်တယ်ဟေ့ ... တော်တယ်ကွာ ၄ါ့လိုလူဆီက အဖိုးတန် သော့တွဲကိုတောင် မင်းကညင်ညင်သာသာ နှိုက်ယူနိုင်ပြီး ကောင်းပြီ ဒီနေ့အဖို့ရာ မင်းတို့အားလုံး တာဝန်ကျေကြပါစေ ... ညဘက်မှာ တို့ရဲ့ဆရာကြီးက ဆုလက်ဖြန့်ဖြူး


www.burmeseclassic.com

www.burmeseclassic.com

အဖြစ် မင်းတို့အားလုံးကို ကျင်းပပေးမယ့်အပြင် သူကိုယ်တိုင် လည်းတက်ရောက်လာမှာဖြစ်တယ်"

အားလုံးက တိတ်ဆိတ်နေကြသည်။

"အားလုံး ဒီနေ့ ခပ်စောစောပြန်လာခဲ့ကြပါဟုတ်လား"

ထို့နောက် အရှေ့ပေါက်မှလည်းကောင်း၊ တိုက်ခန်း၏ အနောက်ဘက်မှလည်းကောင်း လူငယ်ကလေးများအားလုံး တစ်ဖွဲ့စီ ထွက်ခွာသွားကြလေတော့သည်။

ထိုနေ့က ကံအားလျော်စွာပင် အံ့ပွား၊ ပေစီနှင့် မောင်မြတ်နိုးတို့ သုံးယောက်စလုံး ပစ္စည်းကိုယ်စီ ရရှိလိုက်ကြသည်။

အံ့ပွားက ပတ်ကားဖောင်တိန်တစ်ချောင်း၊ ပေစီက လက်ပတ်နာရီတစ်လုံး၊ မောင်မြတ်နိုးက ငွေတော်တော်များများ ပါသည့် ပိုက်ဆံအိတ်တစ်လုံးဖြစ်သည်။

"တို့ ဒီနေ့ စောစောပြန်လို့ရပြီပေါ့ ဒါပေမယ့်ကွာ ကျွေးမွေးမည့်စံမှာဆိုတော့ စောစောရောက်ရင် ဝိုင်းလုပ်ကြရမှာ သေချာတယ်"

"ဒီတော့..."

"ဘီအေကွင်း (ယခု အောင်ဆန်းကွင်း) ဘက်ကို လမ်းလျှောက်ကြရအောင်"

"အေး...အဲဒါကောင်းတယ်"

သူတို့ သုံးယောက်သား စိတ်လက် ပေါ့ပါးစွာ လမ်းလျှောက်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအခိုက် သူတို့အနီးမှ မြင်းရထားတစ်စီး ဖြတ်သွားလျက် ရထားပြတင်းမှ မျက်နှာတစ်ခုကို အံ့ပွားက အမှတ်မထင် တွေ့မြင်လိုက်သဖြင့် အလန့်တကြား ရေရွတ်လိုက်သည်။

"ဟိုက်...ဦးမိုးကြိုး"

အံ့ပွား ရေရွတ်သံကြောင့် ပေစီနှင့် မောင်မြတ်နိုးတို့ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားလျက် မြင်းရထားဆီ လှမ်းကြည့်လိုက်မိကြသည်။

သို့ရာတွင် ရထားပြတင်းပေါက်မှာ ပိတ်သွားလျက် အဝေးသို့ တဖြည်းဖြည်း ရောက်ရှိသွားပြီဖြစ်သည်။

အံ့ပွားက...

"ကဲပေ့ ... ဦးမိုးကြိုးက တို့ကို တစ်မျိုးထင်နေဦးမယ် ... ပင်ပန်းကာမှ ပင်ပန်းရော စောစောပြန်ကြရင် ကောင်းမယ်"

"အေး...ဟုတ်တယ် နို့မို့မလွယ်ဘူး"

ပေစီကလည်း ထောက်ခံသဖြင့် သူတို့အားလုံး စောစောပင် ဦးနက်တူးရှိရာ အခန်းသို့ ပြန်ခဲ့ကြတော့သည်။

"အေး ... အတော်ပဲ မင်းတို့ရခဲ့တဲ့ ပစ္စည်းတွေကို စားပွဲပေါ်တင်ပြီး ဒီမှာ ဝိုင်းကူလုပ်ကြစမ်းပေ့"

"ဟုတ်...ဟုတ်ကဲ့"

"ဟုတ်ကဲ့ခင်ဗျာ"

"ကောင်းပါပြီခင်ဗျာ"

သူတို့ သုံးယောက်စလုံး ဦးနက်တူးနှင့်အတူ ဟင်းအိုး


www.burmeseclassic.com

www.burmeseclassic.com


ထမင်းအိုးများကို နေရာချရသည်။ ပန်းကန်များကို ဆေးကြော ကြရသည်။

အားလုံး ပြီးစီးသောအခါ မှောင်စပြုသဖြင့် လျှပ်စစ်မီး ဖွင့်အပြင် ဦးနက်တူးက စတွန်းကင်းမီးအိမ်တစ်လုံးကိုပင် ထပ်မံ ထွန်းညှိလိုက်သေး၏။

သို့နှင့် ကလေးငယ်များ တစ်သုတ်ပြီး တစ်သုတ်ဖြင့် လူ ကုန်ရောက်လာကြတော့သည်။

ရရှိလာသည့် ပစ္စည်းအားလုံးကို သိမ်းဆည်းပြီးနောက် ဦးနက်တူးက မိန့်ခွန်းချွေပြန်၏။

"မင်းတို့အားလုံး ဆာနေမှန်း ငါသိပါတယ် ... ဒါပေမယ့် လေးစားတဲ့အနေနဲ့ ဆရာကြီးလာတဲ့အထိ စောင့်နေကြပါဦး"

လူငယ်ကလေးများကတိတ်ဆိတ်စွာဖြင့် မျက်စိသူငယ် နှင့် ကြည့်နေကြသည်။

ဦးနက်တူးက ဆက်ပြောသည်။

"အေး ... ဂုဏ်ပြုခံရမယ့်သူကို ဂုဏ်ပြုမှာ ဖြစ်သလို အပြစ်ပေးရမယ့်သူတွေကိုလည်းဦးမိုးကြိုးတို့အဖွဲ့ထောက်ပြမှာ ဖြစ်တယ်"

"ဟင်"

"အို"

"အီး"

တစ်ချို့သော လူငယ်လေးများထံမှ အထိတ်တလန့်


www.burmeseclassic.com

www.burmeseclassic.com


ရေရွှတ်သံအချို့ထွက်ပေါ်လာသည်။

ဦးမိုးကြိုးဟူသည် ၎င်းတို့အားလုံးအတွက် ငရဲစေတမန်ပင်ဖြစ်ကြောင်း မောင်မြတ်နိုး နားလည် မှတ်ယူလိုက်မိသည်။

"ဒေါင် ... ဒေါင်"

"ဒေါင် ... ဒေါင်"

"ဒေါင် ... ဒေါင်"

အဝေးကင်းတဲဆီမှ ည (၁၁) နာရီ သံချောင်းခေါက်သံကို မသဲမကွဲ ကြားရသည်။

လူအားလုံးက ဆာတောင်နေသည့်ကြားမှ တိတ်ဆိတ်စွာဖြင့် ငြိမ်ငြိမ်သက်သက် ရှိနေကြသည်။

ထိုအချိန်၌ လှေကားမှ ခပ်မှန်မှန်တက်လာသည့် ခြေသံများကို ကြားကြရပြီးလျှင် အခန်းတံခါး ချက်ချင်း ပွင့်သွားပြီးနောက် လူတစ်စု ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ကြရသည်။

လူတစ်စုဆိုသည်ထက် လူသုံးဦးဆိုက မမှားပါချေ။ ထိုသုံးယောက်မှာ ဦးမိုးကြိုး၊ ကျားဘီလူး၊ အရိုးခြောက် စသည်ဖြင့် ဖြစ်ကြလေ၏။

ထိုသူသုံးယောက်က အခန်းတွင်းရောက်သည်နှင့် နက်တူးကိုပင် ဂရုမစိုက်ဘဲ ကလေးငယ်များအား စူးရှဝင်းပြောင်သော မျက်လုံးအစုံဖြင့် အကဲခတ်ကြည့်ရှုလိုက်ကြ၏။

ယင်းသို့ရှိစဉ် လမ်းပေါ်၌ ကားရပ်သံ၊ ကားတံခါးဖွင့်သံ၊


www.burmeseclassic.com

www.burmeseclassic.com


လေ့ကားပေါ်နင်းတက်လာသည့်အသံများကို အဆင့်ဆင့်ကြား ကြရပြီးလျှင် အခန်းဝ၌ ဝတ်ရုံနက်ကြီး ခြုံလွှမ်းထားသူ တစ်ဦး ဘွားခနဲ ပေါ်ပေါက်လာတော့သည်။

ဦးနက်တူနှင့်တကွ မိုးကြိုး၊ ကျားဘီလူး၊ အရိုးခြောက်တို့ သုံးဦးကပါ ဦးညွှတ်ဂါရဝပြုလိုက်ကြ၏။

ပြီးမှ ဦးနက်တူးက ပြောသည်။

"တို့ရဲ့ခေါင်းဆောင် ဆရာကြီးဦးတာတေလံကြွရောက် လာပြီမို့ အားလုံး မတ်တတ်ထပြီး အရိုအသေပြုကြပါဟေ့"

ထို့ကြောင့် မောင်မြတ်နိုးတို့ ကလေးငယ်အားလုံး မတ် တတ်ရပ် အရိုအသေ ပြုကြရသည်။

ချက်ချင်းပင် ဆရာကြီး တာတေလံက အသံသြသြကြီး နှင့် ပြောသည်။

"မင်းတို့အားလုံးရဲ့ ဘဝလုံခြုံရေးကို ငါနဲ့ တကွ ဟောဒီ ပုဂ္ဂိုလ်တွေက တာဝန်ယူထားတယ်၊ ပြီးတော့ မင်းတို့အတွက် နေ့စဉ် စားသောက်ဖို့ သင့်တော်တဲ့အဝတ်အစားဝတ်ဖို့ကအစ စီစဉ်ထားတာ မင်းတို့သိပါတယ် ဒါကြောင့် ကိုယ့်တာဝန် ကိုယ် ကျေကြပါ၊ စည်းကမ်းကို လိုက်နာကြပါ၊ တာဝန်မကျေပွန်ရင် စည်းကမ်းမလိုက်နာရင် ဘယ်လိုပြစ်ဒဏ်ခံရမယ်ဆိုတာ အားလုံး သိပြီးမို့ အထူးပြောစရာ မလိုပါဘူး ကိုင်း ... ကိုင်း ဂုဏ်ပြုညစာ စားသောက်ဖို့ ပြင်ကြပါတော့"

မျက်နှာရှည်လမျော၊ နှာခေါင်းပွ၊ မျက်လုံးပြူး၊ လည်


www.burmeseclassic.com

www.burmeseclassic.com


တိုင်ပုရသည့်အထဲတွင် ခါး၌ ဘုကြီးနှင့် ဝတ်ရုံနက် ခြုံလွှမ်းထားသော ခေါင်းဆောင်ပုဂ္ဂိုလ်ကြီး တာတောလံအား မောင်မြတ်နိုးမှာ ကြောက်လွန်းမက ကြောက်လန့်လျက် ငေးမောကြည့်ရှုနေဆဲသာ ဖြစ်သည်။

"ဟေ့ကောင် မြတ်နိုး ... ဘာကြောင်တောင်တောင် လုပ်နေတာလဲ ... မင်းရဲ့ပန်းကန်ကို ဆွဲယူလေ"

"ဟုတ် ... ဟုတ်ကဲ့"

ဦးနက်တူး၏ ခပ်ထန်ထန်စကားကြောင့် မောင်မြတ်နိုးမှာ အကြည့်ပြောင်းလျက် အစားအသောက် ပန်းကန်ကို ဆွဲယူစားသောက်လိုက်ရသည်။

စားသောက်ပြီးသောအခါ ဦးနက်တူး၊ ဦးမိုးကြိုး၊ ကျားဘီလူး၊ အရိုးခြောက်တို့ စုပေါင်းတိုင်ပင်ကာ မောင်မြတ်နိုး အပါအဝင် လူငယ်သုံးယောက်အား အဖိုးတန်ပစ္စည်းရရှိအောင် စွမ်းဆောင်နိုင်မှုအတွက် အဝတ်အစား တစ်စုံစီ နှင့် ဦးထုပ် တစ်လုံးစီကို ဆရာကြီး တာတောလံကိုယ်တိုင် ဆုအဖြစ် ပေးအပ်ချီးမြှင့်လိုက်သည်။

ထို့နောက် အခန်းအတွင်း၌ ပကတိ ပြန်လည်ငြိမ်သက်သွားပြန်တော့သည်။

မကြာမီ ကျားဘီလူးက နေရာမှ ရုတ်တရက် ထလိုက်၏။

လူငယ်လေးများအားလုံး အထူးကြောက်လန့်ငြိမ်သက်လျက် ဖက်ပုနေကြသည်။


www.burmeseclassic.com

ဦးမိုးကြိုးက လူအားလုံးကို တစ်ယောက်ချင်း ဝေ့ဝဲကြည့်ရှုပြီးနောက် ဩဘာကို ဆတ်ခနဲ လက်ညှိုးထိုးလိုက်သည်။

"ဟိုကောင် ဩဘာ ထမ်း"

"ဗျာ ... ကျွန် ... ကျွန်တော်"

"ဟေ့ကောင် လိမ်ဖို့ မကြိုးစားနဲ့ ... မင်းတို့ ဖျံကျတယ်ဆိုတာ ငါတို့ အိပ်နေသလောက်ရှိတယ် မှတ်ထား"

ဩဘာ ပါးစပ်ပိတ်သွားရသည်။ ပြီးမှ ဦးနက်တူးက

"မင်းဟာ ကျုံးကြီးလမ်းထိပ်က မုန့်ဟင်းခါးဆိုင်ကို သွားပြီး လက်စွပ်တစ်ကွင်းကို အပ်ခဲ့တယ် မဟုတ်လား ပြောစမ်း"

"မ ... မဟုတ် ..."

"ထွက်ခဲ့စမ်းဟေ့"

ဩဘာက ငြင်းချက်ထုတ်မည်အပြု ဆရာကြီး တာတေလံက ပတ်တောပိတ် ပြောလိုက်သည်။

ထို့နောက် ပြင်းထန်သော ကြာပွတ်ရိုက်ချက်၊ ဩဘာ၏ မချိမဆံ့ အော်ဟစ်သံများမှာ ရေပွက်သကဲ့သို့ ရှိချေတော့၏။

"ဟေ့ ... ဒီကောင့် ပါးစပ်ထဲကို အဝတ်စို့စမ်း ... သူ့အသံကို အောက်ဘက်လမ်းထဲ ပတ်တရောင်လှည့်လာတဲ့ ပုလိပ်တွေ ကြားသွားမှဖြင့် ..."

"ဟုတ် ... ဟုတ်ကဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

သို့ဖြင့် ဩဘာ ပါးစပ်ထဲသို့ ဝိုင်းဝန်း၍ အဝတ်စို့နေကြ



www.burmeseclassic.com

www.burmeseclassic.com


ပြန်၏။ ဆရာကြီး တာတေလံက ကြာပွတ်ဖြင့် ရိုက်နှက်ပြန်၏။

ထိုစဉ် မောင်မြတ်နိုးက ရုတ်တရက် ထရပ်လိုက် သဖြင့် ရိုက်ရန် ရွယ်ထားသော ဆရာကြီးတာတေလံ၏ ကြာပွတ်မှာ လေထဲမှာ ရပ်တန့်သွားတော့သည်။

"တော်ပါတော့ ဆရာကြီး...ညြဘာ ကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်"

"ဟေ..."

"အလို..."

"ဟင်..."

"ဟာ..."

လူကြီးအားလုံး အာမေဋိတ်သံ ထွက်သည်အထိ အထူး အံ့အားသင့်သွားကြသည်။ မောင်မြတ်နိုးက ဆက်ပြောသည်။

"ကျွန်တော်တို့အားလုံးဟာ ကလေးငယ်တွေ ဖြစ်ကြတာမို့ မလိမ္မာမလိမ္မာ တစ်ကြိမ်တစ်ခါ မှားယွင်းတာမျိုးကို တတ်နိုင်သမျှ ခွင့်လွှတ်ဖို့ တောင်းပန်ပါရစေ အဲဒီလိုဆိုရင် ကျွန်တော်တို့က လူကြီးမင်းတို့အတွက် အလုပ်ကို ပိုမို ကြိုးစားပြီး လုပ်ကြမှာပါခင်ဗျာ"

ကလေးငယ်များ အားလုံးက မှန်ကန်ကြောင်း ခေါင်း ညိတ်ထောက်ခံလိုက်ကြသည်။

ဆရာကြီး တာတေလံက...

"ဟေ...တယ်ဟုတ်ပါလား ဒီကောင် ဘယ်သူ့ပဲ သူ့ကို


www.burmeseclassic.com

အခုရင် မမြင်ဘူးပါလား နက်တူးရဲ့"

ဟု ဆိုလိုက်သည်။

ဦးနက်တူးက ပျာပျာသလဲဖြင့် ...

"သူက ရောက်တာမကြာသေးပါဘူး ဆရာကြီး"

"လူစွာလေးပါလား နာမည်က ..."

"မြတ်နိုးတဲ့ ဆရာကြီး"

"ဟား ဟား ဟား နာမည်က မာမာကျောကျော မရှိ သလောက် လူက မာကျောလှပါလား ပညာပေးမှ ထင်တယ် ဟေ့"

ဦးမိုးကြိုးတို့လူစု အကြိုက်တွေ့သွားပုံရသော်လည်း ကလေးများမှာ မျက်လုံးမျက်ဆန် ပြူးကုန်ကြသည်။ သို့သော် မောင်မြတ်နိုးက ကြောက်စိတ်မရှိဟန်ဖြင့် ရဲရဲဝံ့ဝံ့ပင် ရှေ့သို့ ထွက်ခွာလျက် အရိုက်အနက်ခံရန် အသင့်အနေအထား နေပေး လိုက်သည်။

"အာဂပဲဟေ့"

ဆရာကြီးတာတေလံက ကြာပွတ်ကို ရွယ်ရင်း ရေရွတ် လိုက်သည်။

ပြီးလျှင် မည်သို့ဖြစ်သည်မသိအောင်ပင် ကြာပွတ်ကို ချကာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့သည်။

လူအားလုံး ကြောင်သွားကြ၏။ ထို့နောက် ဆရာကြီး တာတေလံက ...



www.burmeseclassic.com

www.burmeseclassic.com


"ကြိုက်သွားပြီ ... ကြိုက်သွားပြီဟေ့ ဒီမှာ နက်တူး ဒီကောင်လေးကို ဒီနေ့ကစပြီး အဖွဲ့တစ်ဖွဲ့မှာ ခေါင်းဆောင်အဖြစ် ခန့်ထားလိုက်ပါ သိလား"

"ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး"

"နက်တူး ..."

"ဗျာ ဆရာကြီး"

"တစ်ပတ်အတွင်း စုဆောင်းရရှိတဲ့ ပစ္စည်းအားလုံးကို မိုးကြိုးတို့ဆီ လွှဲပေးလိုက်"

"ဟုတ် ... ဟုတ်ကဲ့"

ဦးနက်တူးက သူ့သားရေအိတ်အနက်ကြီးကို ဦးမိုးကြိုးတို့လူစုထံ လွှဲအပ်လိုက်သည်။

"ကောင်းပြီ ဒီညအဖို့ရာ ဒါပါပဲ ကဲ သွားကြစို့ဟေ့ မိုးကြိုး"

"ဟုတ်ကဲ့ ဆရာကြီး"

ပြီးလျှင် အခန်းဝမှ သူတို့အားလုံး ထွက်ခွာပျောက်ကွယ်သွားကြသည်။

ထိုအခါကျမှ မောင်မြတ်နိုးတို့လူစု လဲကျနေသော ဩဘာနားသို့ စုရုံးရောက်ရှိသွားကြကာ ပြုစုနိုင်ကြပေတော့သည်။

***


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုနေ့က မောင်မြတ်နိုး ခေါင်းဆောင်ကာ ဖိုးခွေးနှင့် တင်မောင်တို့နှစ်ယောက် လိုက်ပါလျက် လုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းခဲ့ကြသည်။

သူတို့က ရပ်ထားသောကားများ၊ ရောင်းချနေသည့် ဈေးဆိုင်များ၊ လမ်းသွားလမ်းလာများ၏ အခြေအနေကို မျက်စိ ရှင်ရှင်နှင့် ဂရုထားကာ ကြည့်ကြသည်။

သို့သော် ၎င်းတို့အတွက် အမဲကောင်ဟူ၍ လုံးဝ မတွေ့ ရှိပေ။

"ဟော ... ဟော ဟော့ကောင်တွေ ဟို ပိုးထည်တိုက်က


www.burmeseclassic.com

www.burmeseclassic.com


ထွက်လာတဲ့ မိန်းမကြီးကို ကြည့်စမ်း၊ လည်ပင်းမှာ ရွှေဘယက်ကြီး ကာဝင်းလို့"

"ဟုတ်တယ်မြတ်နိုး"

"ဟုတ်တယ်ကွ"

ဖိုးခွေးနှင့်တင်မောင်က ခေါင်းညိတ် ထောက်ခံလိုက်ကြသည်။

"ကဲ ... မင်းတို့ လူစုခွဲပြီး နေရာယူကြ ငါ လုပ်ရှားမယ်"

ပြောပြောဆိုဆို မောင်မြတ်နိုးက လူအုပ်ကြားသို့ တိုးဝင်သွားကာ တစ်ဖက် ပိုးထည်တိုက်မှ မိန်းမကြီးနား တိုးဝေ့ကပ်သွားသည်။

တစ်ဖန် လျှပ်တစ်ပြက်ဆိုသကဲ့သို့ မိမိ၏ လက်ကို လှုပ်ရှားလိုက်ရာ ရွှေဘယက်ကြီးက လက်ထဲ ပါလာသည်။

ဒိတ်ခနဲ ရင်ခုန်မိခြင်းနှင့်အတူ မောင်မြတ်နိုးက ရှာခနဲ လှည့်ထွက်ပြေးလိုက်သည်။

"ဒုတ် ..."

"အား ..."

"အမလေးဗျ ကုန်ပါပြီ ကုန်ပါပြီ ကျုပ်ပစ္စည်းတွေ မှောက်ကုန်ပါပြီ"

ယင်းသို့ ပြေးထွက်စဉ် ကပ္ပိယကြီးတစ်ဦးထမ်းလာသည့် ဆိုင်းထမ်းကြီးကို ဝင်တိုက်မိရာ အလှူခံလာသော အိုးစုရှု ပစ္စည်းများ လမ်းပေါ်တွင် ပြန့်ကျဲသွားသကဲ့သို့ ထိပ်ပြောင်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တပွဲသဘင်ကြီးမှာလည်း လမ်းပေါ်၌ ဝရုန်းသုန်းကား လဲကျသွား ရှာတော့သည်။

"ဟာ..."

"ဟင်..."

"အို..."

"အလို..."

မာလကာသီး၊ သခွော်သီး၊ အုန်းသီး၊ ငှက်ပျောသီး၊ သစ်တော်သီးစသည့်အသီးအနှံများနှင့် ဆန်၊ ကြက်သွန်၊ ဘူးသီး၊ ခရမ်းသီးများကိုလည်း တက်နင်းမိကာ လမ်းသွားလမ်းလာအချို့ လဲကျကုန်တော့သည်။

အချို့ကလည်း ပစ္စည်းများကိုကြည့်ကာ တအံ့တသြ ရေရွတ်လိုက်ကြသည်။

အမှန်စင်စစ် ၎င်းတို့ ရေရွတ်ခြင်းမှာ ပြန့်ကျဲနေသော ဘုစုခရုများကြားတွင် ရွှေရောင်ဝင်းဝါနေသည့် ဘယက်ကြီးကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်ပေတော့၏။

"အလို...ဟင်...ဒါ...ဒါကျွန်မပစ္စည်း"

"ဟာ...ဘယက်ကြီး"

မိန်းမကြီးကလည်း ထိုအခါကျမှ ဘယက်ကြီးကို တွေ့ကာ တအံ့တသြ ရေရွတ်လိုက်သကဲ့သို့ ကပွဲယကြီးကလည်း တပြိုင်နက် ရေရွတ်လိုက်သည်။

လဲကျနေသူအချို့က ကောက်ယူရန် ကြိုးစားသော်



www.burmeseclassic.com

www.burmeseclassic.com


လည်း ပိုင်ရှင်ဖြစ်သူ မိန်းမကြီးက ဦးစွာ ကောက်ယူပြီး ဖြစ်နေတော့သည်။

အခြေအနေအားလုံးက ကမောက်ကမ ဖြစ်နေပုံကြောင့် မဟာန်တော့သည့်အဆုံး မောင်မြတ်နိုးက ထွက်ပြေးရန် ခြေလှမ်းပြင်လိုက်သည်။

သို့သော သန်မာသော လက်ချောင်းများက ၎င်း၏ကုတ်ပိုးအား မပြေးနိုင်အောင် ချုပ်ကိုင်ထားပြီး ဖြစ်နေလေ၏။

"ကဲ...မင်း ဘယ်ပြေးမလဲ မင်းရဲ့လုပ်ရပ်ကို ငါ အစအဆုံး မြင်ခဲ့ပြီးပြီ ဘာ မုန်လာဥ လုပ်ချင်သေးလဲ ဟား ဟား ဟား ငါ့နာမည် ရာဇဝတ်အုပ် ဘတုတ်တဲ့ကွ...ဘုန်းကြီးလမ်းဂိတ်တဲမှာ ဘတုတ်ဆိုရင် မသိသူမရှိဘူးတော်ပါသေးရဲ့ဗျာ...ကျုပ်ကလည်း မိန်းမ မှာလိုက်လို့ ပိုးထည်တစ်စ ဝင်အကြည့် ဒီကိစ္စကို အမှတ်မထင် ပက်ပင်းမိလိုက်ပေလို့ပေါ့"

"အို...ဒီလိုလား ကျေးဇူးတင်ပါတယ် ရာဇဝတ်အုပ်မင်းရယ်"

မိန်းမကြီးနှင့် ရာဇဝတ်အုပ်တို့ အပြန်အလှန် စကားပြောနေစဉ်မှာပင် ကပ္ပိယကြီးနှင့် လမ်းသွားလမ်းလာ အချို့က ဆိုင်တန်းအတွင်းသို့ ပြန့်ကျဲနေသည့် ပစ္စည်းများ ပိုင်းဝန်းကောက်ထည့်ပေးနေကြသည်။ ထိုအချိန်၌ အခြေအနေကို လှမ်းကြည့်မြင်တွေ့နေရသည့် ဖိုးခွေးနှင့် တင်မောင်တို့မှာ လွတ်ရာလွတ်ကြောင်း တစ်ချိုးတည်း သုတ်ခြေတင် ထွက်ပြေးသွားကြတော့


www.burmeseclassic.com

www.burmeseclassic.com


သည်။

"ကဲ ... ကဲ အမှုဖွင့်ရအောင် ဒီက အစ်မကြီးရော ပေါ့ဒီကဖိုးသူတော်ကြီးပါဂါတ်တဲကိုခဏလိုက်ခဲ့ကြပါဦး သိပ်မဝေးလှပါဘူးဗျာ"

"အန် ..."

ရာဇဝတ်အုပ်အပြောကြောင့် မိန်းမကြီးက ခေါင်းညိတ်လိုက်သော်လည်း ဖိုးသူတော်ကြီးမှာ လွန်စွာစိတ်ပျက်သွားလျက်ရေရွတ်လိုက်သည်။

ပြီးမှ ရာဇဝတ်အုပ် ဘတုတ်က ...

"မပူပါနဲ့ ကပ္ပိယကြီး အပြန်ကျရင် ခင်ဗျားရဲ့ကျောင်းအရောက် ကားနဲ့ လိုက်ပို့ပေးပါ့မယ်လေ"

"ဪဒီလိုလား"

သို့နှင့် ရာဇဝတ်အုပ် ဘတုတ်၊ မောင်မြတ်နိုး၊ မိန်းမကြီးနှင့် ကပ္ပိယကြီးတို့ လေးဦးသားမှာ စုရုံး စုရုံးဖြစ်နေသော လူများကြားမှ တိုးဝှေ့၍ ဘုန်းကြီးလမ်းဂါတ်တဲဆီသို့ ချီတက်ခဲ့ကြတော့သည်။

ဆယ်မိနစ်ခန့်ရှိသောအခါ ဘုန်းကြီးလမ်းဂါတ်တဲအတွင်းသို့ရောက်ရှိလာရာ ပုလိပ်ဝန်ထမ်းများမှာ ဆိုင်းထမ်းကြီးနှင့် ကပ္ပိယကြီး ပါဝင်နေသည်ကို တွေ့ရသည်တွင် နားမလည်နိုင်အောင် အူကြောင်ကြောင် ဖြစ်ကုန်ကြသည်။

"ကဲ...ထိုင်ကြပါ...ကပ္ပိယကြီးလည်းထိုင်ပါကောင်းလေး


www.burmeseclassic.com

www.burmeseclassic.com


မင်းက ရပ်နေစမ်း"

မောင်မြတ်နိုးက ဖြစ်ချင်ရာဖြစ်ဟူသည့် သဘောဖြင့် မျက်နှာကို တင်းကာ ငြိမ်သက်စွာ ရပ်နေလိုက်၏။

"မင်းရဲ့နာမည်"

"မောင်မြတ်နိုး ... မောင်မြတ်နိုး"

"ဟင် ..."

"ဟုတ်ပြီ ... မင်းရဲ့အဖေ အမေ နာမည်"

"ဦးဖူးမိုင် ဒေါ်မေလှကြိုင်"

"ဟာ ..."

မောင်မြတ်နိုးက ရာဇဝတ်အုပ်အမေးကို မဆိုင်းမတွ ဖြေလိုက်တိုင်း ကပ္ပိယကြီးမှာ အထက်ပါအတိုင်း တအံ့တဩ ရေရွတ်နေသည်သာ။

"မင်းရဲ့နေရပ်ဇာတိကို ပြောစမ်း"

"မအူပင်ခရိုင် ကုက္ကိုစုကျေးရွာ"

"အို ... အီး"

ကပ္ပိယကြီးက မရှိမဆဲ့ မျက်လုံးပြူး၊ မျက်ဆန်ပြူး ရေရွတ်လိုက်သောကြောင့် ဒေါ်ပွသွားသည့် ရာဇဝတ်အုပ်က ခပ်ထန်ထန်နှင့် ...

"ဘာတုန်းဗျ ကပ္ပိယကြီး မေးခွန်းတစ်ခုမေးတိုင်း ခင်ဗျားက တဟင်းဟင်း တဟီးဟီးနဲ့ လုပ်နေတာ အလုပ်ကို နှောင့်ယှက်နေတာလား"


www.burmeseclassic.com

www.burmeseclassic.com



"မ…မဟုတ်…"

"လုပ်မနေနဲ့ ဒါဆို ကျုပ်က ခင်ဗျားကို သက်သေအဖြစ် ကနေ ဝတ္တုရားနှောင့်ယှက်မှုနဲ့ တရားစွဲပြီး တရားခံလုပ်ပစ်လိုက်မယ် ဘာမှတ်နေသလဲ ဟင်း…"

အခြောက်တိုက်ကြီးကြိမ်းဝါးလိုက်သော ရာဇဝတ်အုပ်ကြောင့် ဘယက်ပိုင်ရှင် မိန်းမကြီးပင် မသိမသာ တုန်လှုပ်သွားရ၏။

ပြီးမှ ကပွိုယကြီးက လက်ကာလျက် ပျာပျာသလဲ ပြောလိုက်ရသည်။

"ဒီ…ဒီလိုပါ ရာဇဝတ်အုပ်မင်းရယ်"

"ဒီလိုဆိုတာ ဘယ်လိုလဲ ရှင်းရှင်းပြောဗျာ"

"ဒီ … ဒီပုံအတိုင်းဆိုရင် ဒီ … ဒီ ကလေးဟာ ကျုပ်ရဲ့တူကလေးပါဗျာ"

"အလို…"

"ဟင်…"

"ဟာ…"

ကပွိုယကြီးစကားကြောင့် ရာဇဝတ်အုပ်မင်းနှင့် ဘယက် ပိုင်ရှင်မိန်းမကြီးတို့သာမက မောင်မြတ်နိုးပင် မယုံနိုင်အောင် အံ့အားသင့်ကာ အထက်ပါအတိုင်း တအံ့တသြ ရေရွတ်လိုက်မိတော့သည်။

"ဟုတ်ပါတယ် ဒီကလေးဟာ ကျုပ်ညီကမွေးတဲ့ ကလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com


တူအရင်းခေါက်ခေါက်ပါ ရာဇဝတ်အုပ်မင်း"

ကပ္ပိယကြီးက ဒုတိယအကြိမ်မြောက် ထပ်မံ၍ အခိုင်အမာဆိုပြန်သည်။

"ဘာ ဘယ်လို ကျုပ်ဖြင့် ခင်ဗျားပြောတာ နားမလည်နိုင်အောင်ပါပဲ ... ဒါဖြင့် ခင်ဗျားနဲ့ ဒီကောင်လေး ဘာဖြစ်လို့ မသိကြတာလဲ အဲဒါ ပြောပြစမ်းပါ"

ရာဇဝတ်အုပ်မင်း အမေးကြောင့် ကပ္ပိယကြီးက အောက်ပါအတိုင်း ပြောပြလိုက်သည်။

"ကျုပ်က လူပျိုပေါက်အရွယ်တည်းက ကျုပ်ဆရာ ဖိုးသူတော်ကြီးကို အားကိုးပြီး ရန်ကုန်တက်လာခဲ့တာ အဲ ကျုပ်ရဲ့ညီဖူးခိုင်ကတော့ ရွာက မလှကြိုင်ဆိုတဲ့ ကွမ်းတောင်ကိုင်မလေးနဲ့ အကြောင်းပါပြီး ကုတ္တိုရွာမှာပင် ကျန်ခဲ့လေရဲ့ ကျုပ် ရန်ကုန်ရောက်ပြီး သုံးနှစ်လောက်အကြာမှာ ကျုပ်ညီက လူကြုံနဲ့ပေးလိုက်တဲ့ စာတစ်စောင် ဖတ်ရတယ်ဗျာ"

"ဘာတဲ့လဲ ဆိုစမ်းပါဦး"

"သူတို့မှာ သားယောကျ်ားလေးတစ်ယောက် ဖွားမြင်ကြောင်း၊ လင်မယားနှစ်ယောက် ချစ်မဝနိုင်အောင် မြတ်နိုးတာကြောင့် မောင်မြတ်နိုးလို့ ရှားရှားပါးပါး အမည်ပေးထားကြောင်း ဒီကလေး ကြီးပြင်းလာတဲ့အခါ သူ့ဦးကြီးဖြစ်တဲ့ ကျုပ်ဆီကို မရောက် ရောက်အောင် အလည်လာခိုင်းပါ့မယ်ဆိုတဲ့ အကြောင်း တွေ စုံအောင်ပါလေရဲ့"


www.burmeseclassic.com

"ဩော်ဒီလိုကိုးမမျှော်လင့်တဲ့အဖြစ်နဲ့မှ တူဝရီးစုံတတ်ကြပေတယ် အင်း ... တယ်လဲ ဆန်းကြယ်လှတဲ့ ကံအကြောင်းတရားပါလားရှင်"

ဘယက်ပိုင်ရှင် မိန်းမကြီးက စာနာနားလည်ဟန်ဖြင့် မှတ်ချက်ချသည်။

ထိုအတွက် ရာဇဝတ်အုပ်မင်းမှာ ဘာဆက်မေးရမှန်း မသိအောင် ဖြစ်နေတော့၏။ ပြီးမှ ၎င်းက မောင်မြတ်နိုးအား ကြည့်ကာ ...

"ဟော့ကောင်လေး ကပ္ပိယကြီးပြောတာ အမှန်ပဲလား မင်းသိသလောက် မင်းအဖေအမေအကြောင်းနဲ့ မင်းအကြောင်းကို ပြောပြစမ်း"

"ဟုတ်ကဲ့ခင်ဗျ"

ထို့နောက် မောင်မြတ်နိုးက အောက်ပါအတိုင်း ပြောပြလေတော့သည်။

"ကပ္ပိယကြီးပြောတာ မှန်ပါတယ် ကျွန်တော် လူမှန်းသိတဲ့အရွယ်ရောက်တော့ ရန်ကုန်မှာ ဦးကြီးဖြစ်တဲ့ ကပ္ပိယကြီး အကြောင်းအဖေနဲ့ အမေက ခဏခဏ ပြောပါတယ်"

"ပြီးတော့ရော ..."

"လွန်ခဲ့တဲ့ ခြောက်လခန့်က ကျွန်တော်တို့အိမ် ဓားပြတိုက်ခံရပြီး ဓားပြတွေက အိမ်ကို မီးနဲ့ရှို့ခဲ့တာကြောင့် အဖေနဲ့ အမေသေသွားကြတယ် ... ပစ္စည်းတွေယူသွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော..."

ကပ္ပိယကြီးက မယုံနိုင်ဟန်ဖြင့် တအံ့တသြဖြစ်ကာ ရေရွတ်လိုက်သည်။ မောင်မြတ်နိုးက ဆက်ပြောသည်။

"အဲ ... မိဘတွေမရှိတဲ့အဆုံးမှာ ကျွန်တော်ဟာ ရွာမှာ နေချင်စိတ် မရှိတော့တာနဲ့ ဦးကြီးနဲ့လည်း တွေ့ချင်တာက တစ်ကြောင်း၊ ဘဝကို စွန့်စားရှန်းကန်ချင်တာလည်း တစ်ကြောင်းကြောင့် ရန်ကုန်ကို တစ်ဦးတည်း စွန့်စားပြီး တက်လာခဲ့တာပါ"

"အို ... ဒီလိုဆို မင်းရဲ့အဖေ ဖူးခိုင်ဆုံးပြီ ပေါ့နော် လူကလေး"

ဇိုသံပါကြီးနှင့် ဝမ်းပန်းတနည်း မေးလိုက်မှုကြောင့် မောင်မြတ်နိုးက ကပ္ပိယကြီးကို ခေါင်းညိတ်ပြလိုက်၏။

"တောက် ... ဖြစ်မှဖြစ်ရလေကွာ"

တစ်ဖန် မောင်မြတ်နိုးက ဆက်ပြောပြန်သည်။

"ကျွန်တော်ဟာ သင်္ဘောစီးလာပြီး ရန်ကုန်အရောက် ပိုက်ဆံမရှိတော့တာနဲ့ ထမင်းဆိုင်အချို့မှာ အသနားခံပြီး စားသောက်ရပါတယ် ... နောက် ပန်းကန်ဆေး၊ ထင်းခွဲ၊ ရေခပ်၊ ကြံ့ရာအလုပ် လုပ်ပေမယ့် မဟန်လှပါဘူး ... ဒီနေ့ အဖို့ရာမှ သိပ်ပြီး ဆာလာတာနဲ့ ကြံ့ရာမရာဖြစ်လို့ အခုလို မဆင်မခြင် ပြုမူမိပါတယ်"

မိန်းမကြီးက သနားကြင်နာဟန်ဖြင့် မောင်မြတ်နိုးကို ကြည့်နေရှာသည်။



www.burmeseclassic.com

ရာဇဝတ်အုပ်မင်းက မောင်မြတ်နိုး ထပ်မံပြောလာမည့် စကားများကို စောင့်မျှော် နားဆင်နေသည်။

"ဒီကိစ္စအတွက်ဒီကဒေါ်ဒေါ်ကကျွန်တော်အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ ... ကျွန်တော့် အပြုအမူအတွက် ရှိခိုး တောင်းပန်ပါရစေ ..."

"အို..."

မောင်မြတ်နိုးက ဆောင့်ကြောင့်ထိုင်ချကာ အဒေါ်ကြီး ကို ဦးချ ကန်တော့လိုက်သည်။

မိန်းမကြီးမှာ မမျှော်လင့်သည့် အပြုအမူကြောင့် ကြောင်သွားရာမှ ချက်ချင်းပင် မောင်မြတ်နိုးကို ဆွဲထူပေးပြီး လျှင် ...

"ကဲ ဒီမှာ ရာဇဝတ်အုပ်မင်း သနားစရာကောင်းပြီး တစ်ကြိမ်တစ်ခါ မလိမ္မာရှာတဲ့ ကလေးမိုက်ကို ကျွန်မကလည်း ဖွေမယူသလို ရာဇဝတ်အုပ်မင်းကလည်း အမှုမလုပ်ဖို့ ကျွန်မက မေတ္တာရပ်ခံပါတယ် ... ဒီကလေးဟာ ရပ်ရည်ကအစ အပြော အဆို အမူအရာ ယဉ်ကျေးတယ်ဆိုတာ ရာဇဝတ်အုပ်မင်း ကိုယ် တိုင် အတွေ့ပါလေ"

ရာဇဝတ်အုပ်ဘတုတ် ခေါင်းညိတ်လိုက်လေသည်။ မိန်းမကြီးက ဆက်ပြောသည်။

"ကျွန်မဟာကြည့်မြင်တိုင်အရပ်က ဆန်စက်သူဌေးကြီး ဦးချမ်းသာရဲ့ဇနီး ဒေါ်သာယာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သူဌေးကြီးဦးချမ်းသာကို ကျွန်တော် သိတာပေါ့ဗျာ"

"ဒီတော့ ပောဒီ ကပ္ပိယကြီး တူဝရီးကို ကျွန်မအိမ် ခေါ်သွားပါရစေ ... ပြီးတော့မှ ပြောဆိုတိုင်ပင်ပြီး ဒီကလေးကို ကျွန်မတို့ မွေးစားချင်ပါတယ်ရှင့်"

"အို ... ဒါဆိုရင် ကျွန်တော်က ဘာအမှုလုပ်စရာလိုလို့လဲ ... ကဲ ကဲ ကောင်းပါပြီဗျာ ဒါဆို သွားနိုင်ကြပါပြီ"

ထို့ကြောင့် မောင်မြတ်နိုး၊ ကပ္ပိယကြီးနှင့် ဒေါ်သာယာတို့ သုံးယောက်သားသည် ရာဇဝတ်အုပ်ဘတုတ်အား ကျေးဇူးတင်စကား ပြောဆိုနှုတ်ဆက်ပြီးလျှင် မြင်းရထားတစ်စီးကို ငှား၍ ကြည့်မြင်တိုင်အရပ်သို့ ထွက်ခွာခဲ့ကြလေ၏။

✠✠✠

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပြီးနောက် ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါ စတိုင်ကျ ဝတ်စားထားသော မောင်မြတ်နိုးတစ်ယောက် သစ်သီးခြင်းကြီးတစ်ခြင်းထမ်းလျက် ရွှေတိဂုံစေတီတော်အနီးရှိ ဇရပ်ကြီးသို့ ရောက်ရှိလာခဲ့သည်။

"ဟော ... တူလေး မောင်မြတ်နိုးပါလား"

"ဦးကြီး ..."

တူဝရီးနှစ်ယောက် မျက်နှာချင်းဆိုင်ရပ်ကာ လှိုက်လှိုက်လှဲလှဲ ကြည့်လိုက်ကြသည်။

"ဒါဦးကြီးရဲ့ဆရာတော်အတွက် သစ်သီးတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩ ... ဩ မင်းရဲ့ မွေးစားဖခင်နဲ့ မိခင်တို့က ပေးခိုင်းလိုက်တာလားကွယ့်"

"မှန်ပါတယ် ဦးကြီး သူတို့က လိုအပ်မယ့်ပစ္စည်းရှိရင်လည်း အားမနာပါနဲ့ မှာပါလို့ ပြောလိုက်ပါတယ်"

"ဩ ... ဩ ကျေးဇူးတင်ပါတယ်ကွယ့် ငါ့တူလေးကို အခုလို လူတစ်လုံးသူတစ်လုံး ဖြစ်အောင် စောင့်ရှောက်တာနဲ့တင် အဲဒီ ပုဂ္ဂိုလ်တွေရဲ့ ကျေးဇူးဟာ ကြီးလှပါပြီလေ"

ထို့နောက် ကပ္ပိယကြီးက မောင်မြတ်နိုး၏ နေရေး ထိုင်ရေး အဆင်ပြေမှု ရှိမရှိ အဓသေးစိတ်မေးမြန်းသည့်တွင် မောင်မြတ်နိုးက ဤသို့ ပြောပြလေသည်။

"အားလုံးအဆင်ပြေပါတယ် ဦးကြီး သူတို့က ကျွန်တော့်ကို သားအရင်းအချာ တစ်ယောက်လို သနားညှာတာပြီး ချစ်ခင်ကြသလို သူတို့ရဲ့ တစ်ဦးတည်းသော သမီးလေး မြကြာယံကလည်း အစ်ကိုအရင်းတစ်ယောက် သဘောထားပါတယ်"

"ဟေ ... သူတို့ဆီမှာ သမီးလေးတစ်ယောက်ရှိတယ် ဟုတ်လား ငါ လိုက်ခဲ့တဲ့နေ့က မတွေ့ရပါလား"

"ဟုတ်တယ် သူက ကွန်ဗင့်ကျောင်းတက်တော့ ဟိုမှာ ကျောင်းအိပ်ကျောင်းစား နေရတယ်ဆိုတာပဲ"

"ဩော် ... ဩော် ဒီလိုကိုး"

"ဒါနဲ့ ဦးကြီးရဲ့ဆရာဖြစ်သူ ဖိုးသူတော်ကြီးဆိုတာ တွေ့ရပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ ... ဆရာ ဖိုးသူတော်ကြာပေါ်က ကောလာသ တောင်ကိုဂန္ဓာရီအမိဋ္ဌာန်ခရီးထွက်သွားတာအခုဆိုရင် သုံးရက် ရှိနေပြီလေ"

ထိုအခိုက် လေပြင်းများ တိုက်ခတ်လာရာ သစ်ပင်ကြီး ငယ်မှ သစ်ရွက်ခြောက်များ ဝေ့ဝဲ လွင့်ပျံလာ၏။

"လာဟေ့ မောင်မြတ်နိုး မကြာခင် မိုးရွာလိမ့်မယ် ထင် တယ် ဇရပ်ကြီးဆီး သွားကြရအောင်"

"ဟုတ်ကဲ့..."

"ဇရပ်ကြီးဆီရောက်မှ မင်းနဲ့ ဦးကြီး အရေးကြီးတဲ့ကိစ္စ တိုင်ပင်ပြောဆိုကြတာပေါ့ကွာ"

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း ဦးကြီးကို ပြောစရာရှိ နေပါတယ်"

"ကောင်းပြီ လာ ဒါဖြင့် သွားကြစို့"

ကပ္ပိယကြီးက တူဖြစ်သူ လက်ကိုဆွဲ၍ ဇရပ်ကြီးဆီသို့ လျှောက်လာရင်း ပတ်ဝန်းကျင် လူရိပ်လူခြေကို အကဲခတ် လေ့လာကြည့်သည်။

ထိုအချိန်၌ မိုးဖွဲကလေးများ ကျလာသဖြင့် ထိုနေရာ တစ်ပိုက်မှာ လူသွားလူလာအထူးပြတ်လျက်ပကတိတိတ်ဆိတ် နေပေတော့၏။

ဇရပ်ကြီးတွင် ထိုင်မိကြသောအခါ ကပ္ပိယကြီးက ဦးစွာ စတင်မေးမြန်းသည်။



www.burmeseclassic.com

www.burmeseclassic.com


"မင်းအဖေ မသေခင်က မင်းကို ဘာတွေမှာခဲ့သလဲ မောင်မြတ်နိုး အဲဒါ ပြောစမ်း"

၎င်းတွင် မောင်မြတ်နိုးက ပြောသည်။

"ပြောပါတယ် မကြာခဏ ဆိုသလိုပါပဲ အဖေနဲ့ အမေဟာ အခုလက်ရှိ ရွာကလေးကို အကြောင်းကြောင်းကြောင့် မမျှော်လင့်ဘဲ ရောက်ရှိခိုလှုံနေထိုင်တဲ့အကြောင်း"

"အင်း ... အင်း ပြီးတော့ရော"

"ဒါ့အပြင် မင်းရဲ့ဦးကြီးဖြစ်တဲ့ ကပ္ပိယကြီးဆီမှာ ရတနာမြေပုံတစ်ခုကို လျှို့ဝှက်အပ်ထားတဲ့အကြောင်း"

ကပ္ပိယကြီးက ခေါင်းညိတ်ပြတယ်။ ပြီးမှ မောင်မြတ်နိုးက ဆက်ပြော၏။

"ဒီတော့ ကျွန်တော် အရွယ်ရောက်တာနဲ့ ဦးကြီးဆီကို သွားပါ အဲဒီလိုဆိုရင် ရတနာမြေပုံပေးပြီး ဦးကြီးကိုယ်တိုင် မလိုက်ပါနိုင်တောင် ခရီးလမ်းညွှန်လိမ့်မယ်တဲ့"

"အေးဟုတ်တယ်အဲဒါအမှန်ပဲကွယ့် ... ဒါနဲ့ နေစမ်းပါဦး မင်းရဲ့မိဘတွေ ဓားပြလက်ချက်ကြောင့် အသတ်ခံရတဲ့အတွက် အရွယ်မရောက်သေးပေမယ့် မင်းက စွန့်စားပြီး ဦးကြီးထံ လာတာ ထားပါတော့"

ကပ္ပိယကြီးက စကားရပ်လျက် သူ့ခါးကြားမှ ဆေးဒေါင်းကို ယူ ရှိုးဖွဲ့ကာ ငုံလိုက်၏။ ပြီးမှ ၎င်းက ...

"ဒါပေမယ့် ရန်ကုန်အရောက်မှာ မင်းဖေဖေ့ကို တွေ့


www.burmeseclassic.com

www.burmeseclassic.com


အောင်မရှာဘဲ မကောင်းတဲ့ အကျင့်စာရိတ္တကို ကျင့်သုံးတာက ဘယ်လိုလဲ တို့ရဲ့မျိုးရိုးဂုဏ်သိက္ခာကို ထိခိုက်သလို တို့ အမျိုး အဆွေထဲမှာလည်း ဒီလို မကောင်းတဲ့ အကျင့်စာရိတ္တရှိသူ တစ်ယောက်မှ မရှိဘူးကွ"

မျက်နှာကြီး နီလာကာ ခပ်ထန်ထန် ပြောနေသော ဦးကြီးဖြစ်သူကို ကြည့်လျက် မောင်မြတ်နိုးက ခေါင်းညိတ်လိုက်သည်။

ပြီးမှ သူက ပြောသည်။

"ကျွန်တော့်မှာလဲဒီလိုအကျင့်ဆိုးမျိုး မရှိပါဘူးဦးကြီးရာ အခုလိုဖြစ်ရတာက..."

မောင်မြတ်နိုးက ရန်ကုန်မြို့က ရောက်စဉ်မှစ၍ တွေ့ကြုံရသော အဖြစ်သနစ်များနှင့် ဦးနက်တူးတို့ ဖမ်းဆီးစေခိုင်းထားပုံများကို ခရေစေ့တွင်းကျ ရှင်းပြလိုက်တော့သည်။

"ဟိုက် ... ဒီလိုလား၊ ဒါကြောင့် မင်းအနေနဲ့ ငါ့ကို တွေ့အောင် မရှာနိုင်တော့တာကိုး"

"အဖေပြောပြတာက ရွှေတိဂုံစေတီအနီးက ဇရပ်ကြီး တစ်ဆောင်တဲ့၊ လိပ်စာကလဲ အတိအကျ မရှိလေတော့ ကျွန်တော် ရှာပေမယ့် လွယ်လွယ်တွေ့နိုင်မှာ မဟုတ်ပါဘူး"

"အေး ... ဒါတော့ မှန်တယ်၊ ဒီနားမှာကလဲ ဇရပ်တွေက အများသားကလားကွယ်"

"သူတို့က ကျွန်တော်တို့ ကလေးတွေကို မျက်ခြည်


www.burmeseclassic.com

www.burmeseclassic.com



မပြတ်ကြည့်နေတာမို့အသာငြိမ်နေရတာပါ။ တကယ်လို့အခြေ အနေပေးတာနဲ့ ဦးကြီးကို ရှာဖွေဖို့ ကျွန်တော် ဆုံးဖြတ်ထားပြီး သားပါ"

"အင်း…အင်း…ကြည့်စမ်း…ကြည့်စမ်းကံတရားကတို့ တူဝရီးနှစ်ယောက်ကို မဖျော်လင့်ဘဲ ပိုးထည်တိုက်တစ်တိုက်ရှေ့ မှာ ဆုံစေတာ ထူးတဲ့ကံတရားလို့သာ ဆိုရပေမှာပဲ"

ကပ္ပိယကြီးက တူဖြစ်သူ လူမမယ်လေးကို သနားကြင် နာသည့်အကြည့်နှင့် ကြည့်ရင်း ပြောလိုက်၏။

မောင်မြတ်နိုးက …

"ကံတရား ဆန်းကြယ်ပုံက ဒါတင်မကသေးဘူး ဦးကြီး အမှုက လွတ်အောင် ကူညီတဲ့အပြင် သားအဖြစ် မွေးစားမယ့် ပုဏ္ဏားလ်နဲ့ပါ ကြုံရတယ်လို့"

"အဟေး…ဟေး…ဟေး…ဟုတ်ပါရဲ့ကွာ၊ ဆန်းတယ်… ဆန်းတယ် သိပ်ကိုဆန်းတယ်…ဟဲ…ဟဲ…ဟဲ…ဟဲ"

မိုးသံတဖျောက်ဖျောက် ကျနေသည်နှင့်အပြိုင် တူဝရီး နှစ်ယောက်၏ရယ်သံက ထွက်ပေါ်လာ၏။

ထိုအခိုက် ကပ္ပိယကြီးက တစ်စုံတစ်ရာ သတိရလာ လျက်…

"နေပါဦးကွ မောင်မြတ်နိုးရဲ့မင်းကို ဒီပုံဒီနည်း လူတင် က ခိုင်းစားတဲ့အကြောင်း ဘာဖြစ်လို့ ရာဇဝတ်အုပ်မင်းနဲ့ တွေ့ချိန် မှာ မပြောပြရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်နိုးက ပြုံးသည်။

ပြီးမှ ဤသို့ဆိုသည်။

"ပြောချင်တာပေါ့ ဦးကြီးရာ၊ ကျွန်တော့် အပြင် ကျွန်တော်လိုဒုက္ခရောက်နေတဲ့ကလေးတွေအကြောင်းပြောပြ ချင်တာပေါ့"

"အင်း…"

"ဒါပေမယ့်…ကျွန်တော်ကိုပုလိပ်ဖမ်းမိသွားပြီဆိုတာနဲ့ ဖော်ကောင်လုပ်ရင် မမိနိုင်အောင် ရှောင်တိမ်းမယ့် အစီအစဉ် တွေလုပ်ကြမှာဘဲ"

"အေး…ဒါလဲဟုတ်တာပဲ"

"နောက်ပြီး … ပုလိပ်ဘက်က ဖမ်းမမိခင် နိုင်းစားတဲ့ ကလေးတွေကို နာကျင်အောင် ညှဉ်းပန်းနှိပ်စက်မှာလဲ စိုးရိမ်မိ တာကြောင့် ကျွန်တော် အဲဒီအကြောင်းကို မပြောဘဲ ရာဇဝတ် အုပ်မင်းကို သင့်သလို ကြည့်ပြောခဲ့တာပါ ဦးကြီး"

မောင်မြတ်နိုး ရှင်းပြမှုကြောင့် ကပ္ပိယကြီး နားလည် သွားအောင် သက်ပြင်းတစ်ချက်ကို လေးတွဲ့တွဲ့ ချလိုက်တော့ သည်။

"အေးကွာ … ဒီအတိုင်းဆိုရင် ကျန်ခဲ့တဲ့ ကလေးတွေ လွတ်မြောက်အောင် တစ်ခုခု ကြံဦးမှ ဖြစ်မယ်ထင်တယ်"

"မှန်တာပေါ့…မကြာခင် နည်းလမ်းရှာပြီး ကျွန်တော်တို့ ကြိုးစားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် ...ငါ့ဆရာဖိုးသူတော်ကြွာပေါ်ရောက်လာရင်လဲ ပြောပြပြီး အကြံဉာဏ်တောင်းရမယ်"

ထိုနေ့က ... မောင်မြတ်နိုးတစ်ယောက် ညနေစောင်းမှပင် ဇရပ်ကြီးမှ ပြန်လည်ထွက်ခွာသွားခဲ့လေ၏။

✠✠✠


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

ကြံတောသချိုင်းအနီးကျွန်းတောလမ်းမှ တိုက်ပျက်ကြီး တစ်ခုအတွင်းတွင် လွန်စွာ မှောင်မည်းလျက်ရှိသည်။

သို့ရာတွင် အမှောင်ထုကို အကာအကွယ်ယူကာ မြင်းလှည်းတစ်စီး ထိုးဆိုက်လာလျက် မြင်းလှည်းပေါ်မှ လူအချို့ လျင်မြန်စွာ ဆင်းသက်လာကြ၏။

အမှန်စင်စစ် ... ထိုသူများမှာ ဦးမိုးကြိုး ဦးဆောင်သည့် ကာလေးငယ်များဖြစ်သည်။

ဦးမိုးကြိုးက လေသံဖြင့် အမိန့်ပေးသည်။

"သွားကြ ... ငြိမ်ငြိမ်ဆိမ်ဆိမ် တိတ်တိတ်ဆိတ်ဆိတ်နဲ့


www.burmeseclassic.com

www.burmeseclassic.com


တိုက်ပျက်ကြီးထဲကိုသွားကြအသံထွက်တဲ့ကောင်အသေပဲမှတ်"

လူငယ်များအားလုံး တိုက်ပျက်အတွင်း ဝင်ရောက်ပြီး မကြာမီ မြင်းရထားက ထွက်ခွာသွားသည်။

နောက် ... အရှေ့မနောင်း မြင်းရထားတစ်စီးထပ် ရောက်လာပြန်သည်။

ထိုမြင်းရထားကို ဦးစီးလာသူမှာ အရိုးခေါင်းဖြစ်သည်။

ရှေးနည်းအတိုင်း ကလေးငယ်များ တိတ်ဆိတ်စွာဖြင့် တိုက်ပျက်ကြီးအတွင်းဝင်ကြပြန်သည်။

တတိယမြင်းရထားကို ဦးဆောင်လာသူကား ကျား ဘီလူးပင် ဖြစ်လေတော့သည်။ လူအားလုံး တိုက်ပျက်ကြီး အတွင်း စုရုံးမိသောအခါ အမှောင်အတွင်း၌ ဝတ်ရုံမည်းနှင့် ဆရာကြီး ဦးတာတေလံ ထွက်ပေါ်လာကာ မိန့်ခွန်းခြွေ တော့သည်။

"အဲဒါပဲကွ ... သတိမမူ ဂူမမြင်ဆိုတာ တတ်နိုင် သလောက် လျင်မြန်ပါးနပ်မှု ရှိကြပါလို့ ငါအမြဲ မှာကြားနေတာ"

မှောင်မည်းမည်းတွင် ခြင်ကြီးများ အတုန်းအရုန်း ကိုက် ခဲနေသော်လည်း ကလေးငယ်များမှ မလှုပ်ရဲဘဲ ငြိမ်သက်စွာ နားထောင်နေကြရ၏။

ထို့နောက် ဆရာကြီးအသံ ဆက်လက်ထွက်ပေါ်လာပြန် သည်။

"အရင်တုန်းက ပေစီကို ပတ္တာရောင်အဖွဲ့က မသင်္ကာမှုနဲ့


www.burmeseclassic.com

www.burmeseclassic.com

ဖမ်းသွားချိန်၊ နောက် ... တင်မောင်ကို စတော့ဂိတ်ရုံး တံတား အောက်မှာပတ္တရောင်ပုလိပ်အဖွဲ့က မသင်္ကာမှုနဲ့ ဖမ်းဆီးသွားတဲ့ အချိန်၊ အဲဒီအချိန်မှာ မင်းတို့ဟာ ဒီလိုပဲ ဒုက္ခခံပြီး လုံခြုံအောင် လျှို့ဝှက်ခိုအောင်းခဲ့ကြရတယ် မဟုတ်လား"

ကလေးငယ်များက မှောင်ထဲ၌ပင် ခေါင်းညိတ်ပြလိုက် ကြရသည်။

"အခု ... မြတ်နိုးဆိုတဲ့ ကောင်ရဲ့မသေသပ်မှုကြောင့် သူ့ကို ရာဇဝတ်အုပ်မင်းကိုယ်တိုင် ဖမ်းမိသွားခဲ့ပြီ"

တိတ်ဆိတ်လျက်သာရှိဆဲ။

"သူက ...တို့ဒုစရိုက်ဂိုဏ်းအကြောင်းကို ဘယ်လိုပြော မယ်မသိသလို ပုလိပ်ဘက်ကလဲ ဘယ်လိုစစ်မေးမယ် မသိသေး ဘူး။ တကယ်လို့သာ မြတ်နိုးဆိုတဲ့ကောင်က ဖော်ကောင်လုပ်ရင် ... တို့က ဒီကောင်လေးကို သတ်ပစ်ရမယ် ... ကြားလားဟေ့ မိုးကြိုး၊ ကျားဘီလူး၊ ပိန်တာရိုးနဲ့ နက်တူး"

"ဟုတ် ...ဟုတ်ကဲ့ကြားပါတယ် ဆရာကြီးခင်ဗျား"

"မဖြစ်ဖြစ်တဲ့နည်းနဲ့ ဒီကောင့်ကို သတ်ပစ်ရမယ် သိလား"

လေးယောက်သား ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းညိတ်လိုက်ကြသည်။

"ကဲဟေ့ ...နတ်တူး ...ရှေ့ထွက်စမ်း"

"ဗျာ"


www.burmeseclassic.com

www.burmeseclassic.com


"ထွက်ဆိုထွက်"

ဦးနက်တူးတစ်ယောက် တုန်လှုပ်လျက် ရှေ့ထွက်လာရာ ကလေးငယ်များမှာ ထိတ်လန့်လျက်သာ ကြည့်နေမိကြသည်။

"နက်တူး ... မင်းမှာ အပြစ်ရှိသလားဟေ့"

"မ ... မရှိပါဘူး ဆရာကြီး"

"ကောင်းပြီ ဒါဆိုရင် ... ဝိန်တာရီးက ဟိုပစ္စည်းကို ပြလိုက်စမ်း"

ဝိန်တာရီးကနေရာမှထကာ သံဗူးပြားလေးတစ်ခုကို ဆရာကြီးတာဝေလံသို့ပေးလိုက်သည်။

"ဒီဘူးကိုမင်းတို့ဘယ်ကရတာလဲကွ"

"နက်တူးရဲ့အခန်းအခုတ်နံရံထဲကပါ ဆရာကြီး"

"ဆ ... ဆရာကြီး ကျွန် ... ကျွန်တော် ... မ ... မဟုတ်"

သံဘူးကလေးကို မြင်သည်နှင့် ဦးနက်တူး မျက်နှာမှာ လူသေကောင်အလား သွေးဆုတ်ဖြူလျော်ကာ ပါးစပ်မှလည်း အမြှုပ်အမောက် မတည့်အောင်ပင် အသံဗလံများ ဗလုံးဗထွေး ထွက်နေရှာသည်။

ဆရာကြီးတာဝေလံက ဘူးကို ဖွင့်ပြီးလျှင် ပြန်ပိတ်လျက်...

"ဒီအထဲမှာ အဖိုးတန်ကျောက်မျိုးစုံ အလုံးနှစ်ဆယ်ခု တွေ့ရတယ် ဒါတွေဟာ ငါ့ဆီ မအပ်ဘဲ ချန်ထားခဲ့တာ မဟုတ်


www.burmeseclassic.com

www.burmeseclassic.com


လား"

ဦးနက်တူးတစ်ယောက် ပါးစပ်ပိတ်လျက် မျက်ရည်တ တွေတွေ စီးကျနေရှာသည်။

"ကောင်းပြီလေ ... ငါ့ကို ဖျံကျရင် ငါက ဘယ်လိုဆုံးမ တတ်တယ်ဆိုတာပြရမှာပေါ့ ... ကဲ ... ကြားပါတယ်"

"ဝှစ်"

"အခ"

"ဘုန်း"

စကားအဆုံးတွင် ခားရောင်တစ်ချက် လက်သွားကာ ဦးနက်တူးမှာ မရှိမဆန့် တစ်ရှုန်းသာ ထွက်နိုင်လျက် တိုက်ပျက်ကြီး ကြမ်းပြင်တွင် လဲကျပြီးသက်သွားလေ၏။

"အားလုံး ကြည့်ထားကြ၊ အဲဒါ ငါ့ကို သစ္စာဖောက်ခြင်း အတွက် သင်ခန်းစာလို့မှတ်"

ပြီးလျှင် ... ဆရာကြီးတာတေလံအမိန့်ဖြင့် မိုးကြိုး၊ ကျား ဘီလူးနှင့် ပိန်တာရှိုးတို့ သုံးယောက်က အမှောင်တွင်းမှာပင် နက်တူး၏အလောင်းကိုကြဲတောသုသာန်ဆီသို့ သယ်ဆောင် သွားကြလေ၏။

ဆရာကြီးတာတေလံက လူငယ်လေးများအား စူးစူး ဝါးဝါး ကြည့်ပြီး ပြောပြန်သည်။

"ကောင်းပြီ ... မင်းတို့အားလုံး မနက်ဖြန်ကစပြီး ဘာမှ လုပ်စရာမလိုဘူး။ မြတ်နိုးဆိုတဲ့ကောင်ရဲ့ကိစ္စကို စုံစမ်းပြီးခိုတ်ချ


www.burmeseclassic.com

www.burmeseclassic.com



ရတယ်ဆိုမှ အရင်အတိုင်း လှုပ်ရှားရမယ်၊ ကြားကြလား"

"အားလုံးကြည့်ထားကြ အဲဒါ ငါ့ကို သစ္စာဖောက်ခြင်း အတွက် သင်ခန်းစာလို့မှတ်"

သို့သော် ဆရာကြီးက ဆက်ပြောပြန်၏။

"အေး ဒါပေမယ့် ဒီတိုက်ပျက်ထဲမှာ စည်းကမ်းရှိရှိ ငြိမ်ငြိမ်သက်သက်နဲ့ သေသေဝပ်ဝပ်နေကြရမယ် ပတ္တရောင်ပုလိပ်တွေ သဲလွန်စရအောင် အသံထွက်တဲ့လူ အသံပေးတဲ့လူဆိုရင် ခပ်စောစောက မင်းတို့တွေ့တဲ့ နက်တူးရဲ့လမ်းစဉ်အတိုင်း သွားရမယ်ဆိုတာ သိထားကြ"

ကလေးငယ်များအားလုံးက သိရှိနားလည်ကြောင်း ခေါင်းညိတ်ပြကြသည်။

မကြာမီ ဦးမိုးကြိုး၊ ကျားဘီလူးနှင့် ဗိန်တာရိုးတို့ သုံးဦးသား ပြန်လည်ရောက်ရှိလာသည်။

"ဘယ်နယ့်လဲဟေ့"

"သုဘရာဇာကြီး ဦးတာတီးဆီ အပ်ပြီး ကျွန်တော်တို့ကိုယ်တိုင် တွင်းတူးမြှုပ်နှံခဲ့ပါတယ် ဆရာကြီး"

"အေး ကောင်းတယ်"

"အပြင်မှာ ပတ္တရောင်ပုလိပ်တွေ အခြေအနေဘယ်လိုရှိလဲကွဟင်"

ထိုအခါ ဗိန်တာရိုးက...

"အားလုံးရှင်းပါတယ် ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com

ကျားသီလူးက…

"ဒါပေမယ့် ညတစ်ချက်တီးချိန်မှာ ပဋ္ဌာနရောင် မှန်မှန်လှည့်တတ်တာမို့ အတတ်နိုင်ဆုံး အသံမထွက်ကြဖို့ သုဘရာဇာကြီး ဦးတာတီးက သတိပေးလိုက်ပါသေးတယ် ဆရာကြီး"

"အေးကောင်းပြီ နောက်နေ့မှ သုဘရာဇာကြီးကို ငါကိုယ်တိုင် ဂုဏ်ပြုလက်ဆောင် ပေးရမယ်"

ဧည့်သည်များအကြား၌ စကားပြောဆိုခြင်းများ ရပ်တန့်သွားကာ တိုက်ပျက်ကြီးအတွင်း၌ လွန်မင်းစွာ တိတ်ဆိတ်နေပေတော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၇)

"အလို ... အလို ပန်းပင်တွေကို သားကိုယ်တိုင် ရေလောင်းနေတာကိုး ပင်ပန်းပါတယ် သားရယ် မာလီရှိသားပဲ ဥစ္စာ"

မောင်မြတ်နိုးက ရေပိုက်ကို ကိုင်ရင်း ပြုံးပြလိုက်သည်။ ပြီးမှ ပြောပြ၏။

"ရပါတယ် ဒေါ်ဒေါ် မာလီဦးကုလားကြီးက သူ့မိန်းမ နေမကောင်းလို့ အိမ်ကို ခဏပြန်သွားတာမို့ပါ"

ထိုအခိုက် တိုက်ဆင်ဝင်အောက်သို့ သူဌေးကြီး ဦးချမ်းသာ ထွက်လာလျက် ရပ်တန့်ကြည့်ရှုနေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟော့ ဟုတ်သားပဲသားရဲ့ မလုပ်ပါနဲ့ကွာ ဒါတွေကို လုပ်စရာမလိုပါဘူး အရေးကြီးတာက ဆန်စက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေကိုသာ မင်းဉာဏ်မီသလောက် လေ့လာကြည့်ရှုပါကွယ်"

"ဟုတ်...ဟုတ်ကဲ့ဦး"

မောင်မြတ်နိုးက ရိုကျိုးစွာပြောလိုက်စဉ် ဖြူဝင်းရှေ့ဦးမြင်းရထားတစ်စီး ရပ်လာကာ အသက်ဆယ့်သုံးနှစ်အရွယ်ခန့်ရှိ မိန်းကလေး တစ်ဦးဆင်းလာသည်။

"အို...သမီးလေး"

"ဟင်...သမီးပါလား"

သူဌေးကြီးရော သူဌေးကတော်ပါ ဖနီးမောင်နံ နှစ်ယောက် စလုံး အံ့ဩ ဝမ်းသာမှုကိုယ်စီနှင့် သမီးချောလေးအား ကြိုဆိုလိုက်ကြသည်။

မောင်မြတ်နိုးက ရေပိုက်ကို ကိုင်ထားရင်း မိသားစုသုံးဦးကိုကြည့်နေလိုက်သည်။

"သမီးမြကြာယံ သမီးမောင်လေးကို နှုတ်ဆက်လိုက်ဦးလေ"

"ဩ...ဟုတ်ပါရဲ့"

မြကြာယံက ရှုန်းလဲ့သည့်အကြည့် တောက်ပသည့် အပြုံးနှင့် မောင်မြတ်နိုးကို လှမ်းကြည့်ပြုံးပြကာ လက်မြှောက်နှုတ်ဆက်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင်မြတ်နိုးကလည်း ပြန်လည်၍ လက်ဖြောက်နှုတ်ဆက်လိုက်သည်။

လွန်ခဲ့သည့်ရက်ပိုင်းတွင်ကျောင်းပိတ်၍ပြန်လာသဖြင့် မြကြာယံနှင့် မောင်မြတ်နိုးတို့ တွေ့ဆုံဖူးပြီဖြစ်ရာ မစိမ်းလှတော့ပေ။

"ကျောင်းဖွင့်တာမှ မကြာသေးဘူး ဘာကြောင့် တစ်ယောက်ထဲ ပြန်လာရတာလဲ သမီးရယ်"

"မဟုတ်ဘူးမာမီ လေတိုက်ပြီး သမီးတို့ အဆောင်နောက်ဘက်မှာ အနည်းငယ်ပြိုကျသွားတာမို့ ကျောင်းအုပ်ဆရာကြီး ကိုယ်တိုင်က ပြန်ခွင့်ပြုတာကြောင့်ပါ မာမီရဲ့"

"အို ... ဒီလိုဆိုရင် တယ်လီဖုန်းနဲ့ဆက်ပြီး ကားမှာလိုက်ရောပေါ့ သမီးရဲ့"

"ဒယ်ဒီကိုယ်တိုင် မောင်းရမှာဆိုတော့ မအားမလပ်ဖြစ်နေမလားလို့ ဒါကြောင့် မြင်းရထားငှားပြီး လာခဲ့တာပါ"

"ဟဲ ဟဲ ဟဲ ကိုင်း တို့သမီးလေး မိဘပေါ် ဘယ်လောက် သိတတ်သလဲ သိပြီလား မိန်းမ"

သူဌေးကြီးရော သူဌေးကတော်ပါ နှစ်ဦးသား ပီတိအပြုံးဖြင့် ကိုယ်စီပြုံးလိုက်ကြသည်။

"လာ လာ မောင်မြတ်နိုးရေ မိသားစု စုံစုံလင်လင်နဲ့ ညစာ စားကြစို့လား သားရေ"

"အေးကွယ် ရေပိုက်ကြီးချပြီး အိမ်ထဲဝင်ခဲ့တော့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com


သူဌေးကြီး လင်မယား၏ ဖော်ရွေမှုများကြောင့် မောင်မြတ်နိုး ရင်ထဲ၌ ဖော်ပြခြင်းငှာ မစွမ်းနိုင်သည့် ပီတိအဟုန် ရိုက်ခတ်ခြင်း ဖြစ်မိရလေ၏။

“ထမင်းစားပွဲတွင်လည်း မြကြာယံမှလည်းကောင်း၊ သူဌေးကြီးလင်မယားကလည်းကောင်း ဟင်းကောင်းများ မကြာခဏထည့်ပေးနေသဖြင့် မနည်းကုန်အောင် စားသောက်ရသည်။

စားသောက်ပြီးသောအခါ မိသားစုအားလုံး ဧည့်ခန်းတွင် ထိုင်ရင်း ရောက်တတ်ရာရာ စကားပြောကြသည်။

အထူးသဖြင့် မြကြာယံက သူမ ကျောင်းတက်စဉ် ကြုံရသည့် အတွေ့အကြုံများကို ဟာသနှော၍ ပြောကြားသည်က များသည်။

သူဌေးကတော်ကြီးကမူ သူမအလှည့်တွင်မမျှော်လင့်ပဲ သားတစ်ယောက် ရရှိပုံကို ပိုးထည်တိုက်ရှေ့၌ မောင်မြတ်နိုးနှင့် အမှတ်မထင် ဆုံရပုံ အကြောင်းအား ပြန်လည်ပြောပြလေ၏။

စကားဆုံးသောအခါ သူဌေးကြီးဦးချမ်းသာက ...

“မောင်မြတ်နိုး လူကလေးရဲ့မိဘတွေကို ဓားပြတွေက လုယက်ချိန်မှာ မင်းက ဘယ်မှာ ရှိနေသလဲကွယ်”

“ကျွန်တော်က အာရုဏ်ဆွမ်းချက်ဖို့ သစ်သီးဝလံအချို့ကို ဘုန်းကြီးကျောင်းသွားပို့နေလို့ပါ ဦး ...”

“အင်း တော်ပါသေးရဲ့ ကံသီပေလို့ပေါ့ ကံဇယ်ဝယ်


www.burmeseclassic.com

www.burmeseclassic.com


ပြောရမှာပေါ့လေ"

ထို့နောက် ရောက်တတ်ရာရာ စကားများကို ပြောဆိုကြပြန်သည်။

မြကြာယံက…

"ဘာပဲဖြစ်ဖြစ် မောင်မြတ်နိုးရယ် ဘဝရေစက်ကြောင့် အစရလို မောင်လေးတစ်ယောက် ကောက်ရတယ်လို့ပဲ ယူဆတယ် ဒီတော့ တို့မိသားစုနဲ့ အေးအတူပူအမျှ နေထိုင်ပါ ခွဲခွာသွားဖို့ လုံးဝ မစဉ်းစားပါနဲ့နော်"

"စိတ်ချပါ မြကြာယံ ဒီမိသားစုနဲ့ နေရတာ ကျွန်တော့်အဖို့ ကံထူးတယ်ဆိုရမှာ ဖြစ်သလို အင်မတန်မှလဲ ဝမ်းသာပျော်ရွှင်ခြင်း ဖြစ်မိတာ အမှန်ပါ"

ထို့နောက် သူဌေးကတော်ကြီးက…

ဒါနဲ့ သမီးက ကျောင်းကို ဘယ်တော့ပြန်ရမှာလဲကွယ်"

"တစ်ရက် နှစ်ရက်လောက်နေရင် အဆောင်ပြုပြင်ပြီးဖြစ်မှာပါလို့ ကျောင်းအုပ်ဆရာကြီးက ပြောတယ် မာမီ"

"အေးအေး ကျောင်းပြန်ပို့တဲ့နေ့ကျရင် ရောက်ဖူးတယ်ရှိအောင် မောင်မြတ်နိုးကိုလည်း သမီးရဲ့ဒက်ဒီနဲ့အတူ ထည့်လိုက်မယ် ဟုတ်လား"

"အိုး…သိပ်ကောင်းပေါ့ မာမီ အဲဒီနေ့ကျရင် ကျောင်းကိုလိုက်ခဲ့နော် မောင်မြတ်နိုး"

"ဟုတ်ကဲ့မမ"


www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် နောက်နှစ်ရက်ခန့် အကြာတွင် မြကြာယံ တက်သည့်ကျောင်းသို့ သူဌေးကြီး ဦးချမ်းသာ ကိုယ်တိုင် တားမောင်း လိုက်ပို့ရာ မောင်မြတ်နိုး တစ်ယောက်လည်း လိုက်ပါခဲ့လေ၏။

သို့သော်အပြန်၌ကျောင်းဝင်းထဲမှကားကိုကွေ့အထွက် ပုဏ္ဏရိပ်ပင်များအေား၌ ထိုင်နေသည့်လူနှစ်ဦးက ၎င်းတို့ကို အမှတ်မထင် တွေ့မြင်သွားခဲ့ပေသည်။

အမှန်စင်စစ် ထိုလူနှစ်ယောက်မှာ ဦးမိုးကြိုးနှင့် ကျားဘီလူးတို့ပင် ဖြစ်ပါပေတော့၏။

✻✻✻


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

"ဟော ... မောင်မြတ်နိုး လာဟေ့"

"ဟုတ်ကဲ့ ... ဦးကြီး"

"လက်ထဲက ဘာတွေများပါလိမ့်"

"ဦးသူတော် နဲ့ ဦးကြီးတို့အတွက် လှူဖွယ်ပစ္စည်းတွေပါ သူဌေးကြီးလင်မယားက လှူခိုင်းလိုက်လို့လေ"

"အေးကွယ် သာဓု သာဓု သာဓု ဒါနဲ့ ဦးကြီးရဲ့ဆရာ ဖိုးသူ တော်ကြာပေါ်က အခုထိ ရောက်မလာသေးဘူးကွယ့် ဘယ် ဒေသများ ခရီးဆက်နေပြန်ပြီလဲ မသိပါဘူး"

"ဟုတ်တယ်နော် ကျွန်တော်ဖြင့် တစ်ခါမှ မတွေ့ဖူးသေး



www.burmeseclassic.com

ဘူး"

"မကြာခင် တွေ့ရမှာပေါ့ကွယ်"

ပြီးလျှင် မောင်မြတ်နိုးယူလာသော လှူဖွယ်ပစ္စည်းများကို စားပွဲခုံပေါ်တင်ပြီးနောက် တူဝရီးနှစ်ယောက် ငါးရံ့ခြောက်ဖုတ် ဆီဆမ်း၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းအိုးတို့နှင့် အေးအေးဆေးဆေး စကားပြောဖြစ်ကြသည်။

ကပ္ပိယကြီး ရေနွေးကြမ်းတစ်ခွက်ကို မှုတ်သောက်ပြီးလျှင်...

"ဒီမှာ မောင်မြတ်နိုး မင်းရဲ့အဖေနဲ့ အမေတို့အကြောင်း စုံစုံစေ့စေ့ မင်းမသိချင်ဘူးလားဟင်"

ဟုတ် ရုတ်တရက် မေးလိုက်လေ၏။

"ဗျာ အဖေနဲ့ အမေ အကြောင်းဟုတ်လား သူတို့ဟာ ရွာကလေးတစ်ရွာမှာ လယ်ယာစိုက်ပျိုးပြီး အေးအေးချမ်းချမ်း နေထိုင်ကြတယ် ဒါပဲလေ ဒါထက် ဘာများ ထူးဆန်းစရာရှိနေသေးလို့လဲ ဦးကြီး"

"ဟား ဟား ဟား ဟား"

ကောက်ကာ ငင်ကာ ရယ်မောလိုက်သည့် ကပ္ပိယကြီးကြောင့် မောင်မြတ်နိုးမှာ ကြောင်သွားရသည်။

ပြီးမှ ၎င်းက ပြော၏။

"အဲဒီရွာမရောက်ခင် မင်းအဖေ ဖြတ်သန်းခဲ့ရတဲ့ အနေအထား မင်းအမေရဲ့ဘဝ စသည်ဖြင့်ပေါ့လေ မင်းကြားချင်ရဲ့လား



www.burmeseclassic.com

www.burmeseclassic.com


အဲဒီ အကြောင်း မင်းအဖေကငါ့ကို အပြည့်အစုံ ပြောခဲ့သလို မင်းကိုလဲ တဆင့်ပြန်ပြောပြဖို့ ငါ့ကိုမှာကြားထားတယ် မောင်မြတ်နိုး ရဲ့"

"ဟင် ဟုတ်လား ... အဖေနဲ့ အမေရဲ့ ဘဝမှာ လျှို့ဝှက် ဇာတ်ကြောင်းတွေ ရှိနေတယ်ဆိုလို့ ကျွန်တော်ဖြင့် တော်တော် အံ့ဩမိတာ အမှန်ပါပဲ"

"ဩော် အဲဒီအကြောင်းကိုပြီးတော့ပြောပြပါ့မယ် လော လောဆယ် မင်းသိရင် အံ့ဩသွားမယ့် ကိစ္စတစ်ခုကို ဦးကြီး ပြော ပြမယ်"

"ဟင် ... ဘာအကြောင်းပါလိမ့်"

"တလောက ငါ့မိတ်ဆွေပုလိပ်အရာရှိ အင်စပက်တာ ကိုမြသာဆိုတာ သူတို့မိသားစု ဘုရားဖူးရင်း ဖရပ်ကြီးကိုရောက် လာကြတယ် လာရင်းကိစ္စကတော့ ဆရာဖိုးသူတော်ကြာပေါ်နဲ့ တွေ့ဖို့ဆိုပါတော့"

"ဟုတ်ကဲ့"

မောင်မြတ်နိုးက ထောက်ပေးရင်း ကပ္ပိယကြီးက ဆက် လက်ပြောဆိုလာမည့် စကားကို နားစွင့်နေမိသည်။

ကပ္ပိယကြီးက ဆက်ပြောသည်။

"သူနဲ့ တွေ့တော့ ငါက ဘာရယ်မဟုတ်ဘူး မင်းတို့ ကလေးငယ်တွေကိုမတရားအနိုင်ကျင့်စေခိုင်းတဲ့ ဒုစရိုက်ဂိုဏ်း အကြောင်းကို ပြောပြလိုက်မိတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟင်…ဒီတော့…"

"သူက စိတ်ဝင်စားပြီး ဆက်မေးတော့ ငါကလဲ သိသလောက်ပြောပြလိုက်တယ်"

မောင်မြတ်နိုးက စိတ်ဝင်တစား နားစွင့်နေသည်။

"အဲ နောက်တစ်နေ့မှာ သူတို့ ပုလိပ်အဖွဲ့ဟာ ရန်ကုန်တစ်မြို့လုံးကိုဗိုက်စိပ်တိုက်ရှာဖွေတော့ကြံ့တောသုသာန်အနီးက ကျွန်းတောလမ်း တိုက်ပျက်ကြီးအတွင်းမှာ ကလေးအယောက် နှစ်ဆယ်ကျော်ကိုတွေ့ခဲ့ရသတဲ့ကွယ့်"

"အို… ဒါဆို ကျွန်တော်နဲ့ ဘဝတူတွေ လွတ်မြောက်ကြပြီပေါ့နော်"

"အေး ကလေးတွေကို မိပေမယ့် သူတို့ကို မတရားခေနိုင်းတဲ့ လူကြီးတွေတော့ တစ်ယောက်မှ မမိဘူးတဲ့ကွ"

"ဟာ နာတာပဲ ဦးကြီးရာ ဒါနဲ့ အဲဒီကလေးတွေကိုပုလိပ်ဘက်က ဖမ်းဆီးအရေးယူသလားဟင်"

"အင်စပက်တာ ကိုမြသာက အကျိုးအကြောင်းသိပြီးဖြစ်လို့ အရေးမယူပါဘူး၊ သူတို့လေးတွေကို လောလောဆယ်ပုလိပ်ဘက်က စောင့်ရှောက်ထားပြီးမိဘဆွေမျိုးရှိတဲ့သူတွေကိုမိဘဆွေမျိုးနဲ့တွေ့အောင် ဆောင်ရွက်ပေးပြီး တချို့ကိုတော့စိတ်ချရတဲ့ တစ်ခြားစီးပွားရေးလုပ်ငန်းတွေမှာ ပညာသင်နိုင်အောင် လုပ်ဆောင်ပေးမယ်တဲ့"

"အင်မတန် ဝမ်းသာစရာပါပဲ ဦးကြီးရာ ဒါပေမယ့်ခုစ


www.burmeseclassic.com

www.burmeseclassic.com


ရိုက်ခေါင်းဆောင် ဆရာကြီး တာတေလံနဲ့ အဖွဲ့ကတော့ ကျွန်တော့်ကိုအခဲကြေမှာမဟုတ်ဘူး။ ကျွန်တော်ပုလိပ်ဘက်ကို ဖွင့်ပြောလို့သာ သူတို့ အခုလို ခံရတယ်လို့ထင်မှာ"

"အေး ... ဟုတ်တယ် မင်းတွေးတာ မှန်ပါတယ် ငါက အဲဒါကို မစဉ်းစားမိတာ ဆိုးတာပဲ"

"ဘာပဲဖြစ်ဖြစ်လေ အခုလို ကျွန်တော့်လို ကလေးငယ်တွေ မတရား ဖမ်းဆီး နှိပ်စက်ခံရတဲ့ ဘဝဆိုးက လွတ်ကင်းသွားတယ်ဆိုရင် ကျေနပ်လှပါပြီလေ"

နှစ်ဦးသား စကားပြတ်သွားကာ ရေနွေးကြမ်း ငါးရံ့ခြောက်ဖုတ်နှင့် လက်ဖက်များကို စားသောက်ကြသည်။

ထို့နောက် ကပ္ပိယကြီးက ...

"တစ်နေ့နေ့မှာ အင်စပက်တာကိုမြသာနှင့် မင်းကို တွေ့ပေးရမယ် မောင်မြတ်နိုး"

"ဟုတ်ကဲ့ ခင်ဗျာ"

စကားပြောသံများ ခေတ္တ ရပ်သွားသောအခါ ရွှေတိဂုံစေတီတော်မှ ဆည်းလည်းကလေးများ လှုပ်ခတ်သံကို သာယာနာပျော်ဖွယ် ကြားကြရသည်။

ထို့နောက် ကပ္ပိယကြီးက ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်ပြန်သည်။

"အခုတလော အိပ်မက်တွေထဲမှာ တောတောင်မြစ်ကမ်းပါးနှင့် ချုံနွယ်ပိတ်ပေါင်းတွေချည်း မြင်မက်နေတယ် မောင်


www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးရေ"

"အို...ဟုတ်လားကျွန်တော်ညကအိပ်မက်မက်တဲ့အထဲမှာ တောကြီးမျက်မည်းအတွင်းက လှိုဏ်ဂူလိုလို ဝင်္ကပါလိုလို ချောက်ကမ်းပါးကြီးတစ်ခုအတွင်း ထူးထူးဆန်းဆန်း ကျရောက်သွားခဲ့တယ်"

"ဟာ...တိုက်ဆိုင်လှချည်းလားကွယ်"

ပြီးလျှင် မောင်မြတ်နိုးက...

"ဒါနဲ့ ဦးကြီး ကျွန်တော့်အဖေနဲ့ အမေတို့ရဲ့ဖြစ်စဉ်ကို ပြောပြမယ်ဆို"

"ဟုတ်ပါရဲ့ ပြောပြရမှာပေါ့ ကိုင်း ... ကိုင်း နားထောင်ပေတော့"

ဤသို့ဖြင့် ကပ္ပိယကြီးသာဂိက အောက်ပါ ရှည်လျားသော အကြောင်းအရာကို ပြောပြလေတော့၏။

✠✠✠



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၉)

"ဟူး…ဟူး…ဟူး…ဟူး"

"ဝိုး…ဝိုး"

"ဝုန်း…"

လေများက ဟူးဟူးရားရား ပြင်းပြင်းထန်ထန် တိုက်နေသကဲ့သို့ ကောင်းကင်ယံ၌ လျှပ်စီးများလက်ကာ ပင်လယ်လှိုင်းများကလည်း ဒေါ်မာန်ပွားနေသည့်မြွေနဂါးကြီးများအလား ဆင့်ကဲဆင့်ကဲ ရိုက်ခတ်လျက်ရှိသည်။

ယင်းသို့ ဆိုးရွားလှသည့် ရာသီဥတုကြားမှာပင် စက်လှေ့နက်ကြီးနှစ်စင်းသည် ကပ်လျက်သား အနေအထားမှ


www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးနှင့်တစ်ဦး ပစ်ခတ် ခုတ်ထစ် တိုက်ခိုက်နေကြသည်မှာ ကြောက်ခမန်းလိလိ အနေအထား ဖြစ်ဖံနေတော့သည်။

"ဟေး...ချဟ"

"အသေခုတ်သတ်"

"ဝုစ်"

"အ"

"ကဲကွာ"

"အား"

တိုက်ခိုက် ထိုးခုတ် အော်ဟစ်မှုများမှာ မိုးသံ လေသံ လှိုင်းသံနှင့်အတူ ဧရဲပွက်သည့်အလား ရှိနေတော့၏။

သို့သော် ပြင်းထန်သော လှိုင်းများကြောင့် စက်လှေ နစ်စင်း လူးလွန့်နေရာ တိုက်ခိုက်မှုများ သိသိသာသာ ထိရောက်မှု မရှိပါချေ။

တစ်ကြိမ်တွင် ကြီးမားသည့် လှိုင်းလုံးကြီးများ အဆင့်ဆင့် ဖြစ်ပေါ်လာမှုကြောင့် စက်လှေကြီးနစ်စင်း အရှိန်ပြင်းစွာ လူးလွန့် ရိုက်ခတ်မိသွားတော့သည်။

"အား"

"အမလေးဗျ"

"ဝုန်း...ဝုန်း"

"အီး"

"ဗျန်း"


www.burmeseclassic.com

www.burmeseclassic.com


စက်လှေအပိုင်းအစများ လေထဲသို့ ပလူပျံအောင် လွင့်စင်သွားသကဲ့သို့ နစ်ဖက်စလုံးမှ တိုက်ခိုက်နေသူများလည်း အသံနက်ကြီးများ ဟစ်အော်ကာ ပင်လယ်ရေပြင်သို့ ကျရောက်သွားကြပေသည်။

ကံကောင်းသည်မှာ ပင်လယ်ဓားပြဖူးခိုင် ကျရောက်ရာ လက်တစ်ကမ်းတွင် ပျဉ်ချပ်ကြီးတစ်ချပ် မျောပါနေခြင်းဖြစ်သည်။

သို့အတွက် ဖူးခိုင်က ထိုပျဉ်ချပ်ကြီး ဆွဲယူ တွဲခိုကာ ဝမ်းလျားမှောက် လိုက်ပါခဲ့သည်။

၎င်း၏ ဘဝတွ ပင်လယ်ဓားပြများ ကံကြမ္မာကိုကား ခန့်မှန်းနိုင်ခြင်း မရှိပါတော့ချေ။

"ဘုရား...ဘုရား...ဒီဘဝတော့ ဒီမျှနဲ့ပဲ ငါ့ခန္ဓာကိုယ်ဟာ ပင်လယ်ထဲမှာ ဆုံးရှုံးရတော့မယ် ထင်ပါရဲ့"

အိမ်လုံးမက တောင်လုံးမျှ ကြီးမားလှသည့် လှိုင်းများအတွင်း ငုပ်ချည် ပေါ်ချည် မျောပါနေရင်း ဖူးခိုင်တစ်ယောက် ဤသို့ပင် တွေးလိုက်မိသည်။

တစ်ခါတစ်ရံ မိဘများက ဖူးခိုင်တို့ ညီအစ်ကိုကို ကလေးကျီစယ်သမှုပြုနေပုံ၊ နောက် ... အစ်ကိုကြီး ဖြစ်သူ ကပ္ပိယသာင်က ညီဖြစ်သူ သူ့ကို ချစ်စနိုး ပွေ့ဖက်နမ်းရှုံ့နေပုံ၊ ပင်လယ်ဓားပြဘဝတွင် တိုက်ခိုက်သတ်ဖြတ်မှုအမျိုးမျိုးကြုံရပုံများအား နှုတ်ရုပ်ပြသကဲ့သို့ ထင်းထင်းကြီး ပြန်လည် မြင်ယောင်နေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါသေတော့မယ် ထင်ပါရဲ့ ဟုတ်ပါတယ် ဒီလောက် ရာသီဥတု ဆိုးရွားပြီး ပြင်းထန်တဲ့ လှိုင်းလေကြားမှာ ငါ့အသက်ဟာ လုံးဝ ရှင်နိုင်စရာ မရှိပါဘူး။ ဒါကြောင့်သာ ငါ့ရဲ့ အတိတ်ကားချပ်တွေ ပြန်ပြီး မြင်ယောင်လာတာဖြစ်မယ်"

ပျဉ်ချပ်ကို ဖက်တွယ်ထားရာမှ ကြာသောအခါ ညောင်းညာကိုက်ခဲလာသဖြင့် ကိုယ်ဟန်အနေအထား ပြောင်းရွှေ့ပြီး ကောင်းကင်ယံသို့ မော့ကြည့်မိသည်။

"ဒလိန်း ... ဒလိန်း"

"ဂျိန်း"

ထိုအခါ လျှပ်စီးများပြင်းထန်သည့် မိုးစက်မိုးပေါက်များ နှင့်အတူ မိုးကြိုးတစ်ချက် ပစ်လိုက်သည်ကို ကြားရသေး၏။

"အို ... မဖြစ်ဘူး မဖြစ်ဘူး"

ထို့ကြောင့်ပင် ဖြစ်ချင်ရာဖြစ်ဟူသည့် သဘောဖြင့် မျက်စိများကို မှိတ်ထားလိုက်ရာ မကြာမီ အိပ်ပျော်နေသကဲ့သို့ မိန်းမောသွားရသည်။

"မောင်တော် ... မောင်တော် ဘာမှ မပူပါနဲ့ နမတော် လာပါပြီလေ မောင်တော်ကို နမတော် ကယ်မှာပေါ့"

အထက်ပါ အသံများက လေလှိုင်းထဲမှတစ်ဆင့် ဖူးနိုင် နားအတွင်းထဲသို့ ဝင်ရောက်လာသည်ဟု မှတ်ထင်ရ၏။ သူ လှမ်းကြည့်သည်။ သို့သော် တိမ်ညို့ တိမ်မည်းများမှအပ မည်သည့်အရာဝတ္ထုမှ တွေ့မြင်ရခြင်း မရှိပါပေ။



www.burmeseclassic.com

www.burmeseclassic.com


ရေပြင်သို့ ဖူးခိုင် လှမ်းကြည့်မိပြန်သည်။ ပြင်းထန် ကြီးမားသော လှိုင်းလုံးများမှ လွဲ၍ အခြားအရာကိုတွေ့မြင်ရခြင်းမရှိ။

"မပူနဲ့ မောင်တော် နမတော် လာပါပြီ၊ လာပါပြီ၊ မောင်တော့်ကို မျှော်နေတာပါ"

သို့ရာတွင် အထက်ပါအသံကမူ ဖူးခိုင်၏ နားအတွင်းသို့ တိုးဝင်လာနေဆဲသာ ဖြစ်၏။

"ဘယ်ကအသံပါလိမ့် ဘယ်သူတွေကများ ပြောနေတာပါလိမ့်"

ဤသို့ပင် ဖူးခိုင်တွေးမိသည်။

တစ်ချက်တွင် လှိုင်းလုံးကြီးများကြားမှ ရွှေရောင်အလင်းတန်းကြီးတစ်ခု ဝင်းကနဲ ပြိုးပြိုးပြက်မျှမြင်လိုက်ရသည်။

အဖြေ ရှာမရနိုင်သည့် တွေဝေစိတ်ဖြင့် ဖူးခိုင် တစ်ယောက် လှိုင်းလုံးကြီးများအတွင်းသို့သာ အာရုံစိုက် ကြည့်နေလိုက်မိသည်။

ထိုသို့ ကြည့်နေရင်း မည်သို့ဖြစ်သည်မသိအောင်ပင် လှိုင်းနှင့်လေများက ရုတ်ချည်း ငြိမ်သက်သွားတော့၏။

ကောင်းကင်ယံသည်လည်း ဝင်းပ ကြည်လင်လျက် ရှိသည်။

"မောင်တော် ... မောင်တော်"

လေလှိုင်းအတွင်းမှ ခေါ်သံကြောင့် ဖူးခိုင် ခေါင်းစောင်း အကြည့်၌ ရေထဲမှ ဘွားခနဲ ရွှေရောင်အဆင်းဖြင့် တစ်ခုတစ်ရာ


www.burmeseclassic.com

အနီးကပ် ပေါ်ထွက်လာခဲ့သည်။

"အား ... အမလေးဗျ နဂါး ... နဂါး နဂါးကြီးဗျ အီး ... ဟီး"

ဖူးခိုင်က ရေထဲမှ ပါးပြင်းထောင် ထနေသော နဂါးကြီးကို ကြည့်ကာ ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

သို့ရာတွင် နဂါးကြီးထံမှ ထူးဆန်းသော အသံသာသာ တစ်သံ ထွက်ပေါ်လာခဲ့သည်။

"မကြောက်ပါနဲ့ မောင်တော် နမတော်က မောင်တော့်ကို ကယ်မလို့လာတာပါလေ"

"အို ... ကြောက် ... ကြောက်တယ်"

ဖူးခိုင်က အကြောက်အကန် အော်ဟစ်နေရာ နဂါးကြီးက ဖူးခိုင်ကိုယ်ခန္ဓာကို ရစ်ပတ်ကာ ကောင်းကင်ယံသို့ ထိုးတက်သွားတော့သည်။

"အား ..."

နေရောင်ခြည်ထိုးသဖြင့် ခန္ဓာကိုယ် တစ်ကိုယ်လုံး ပူလောင်နေသကဲ့သို့ မျက်စိများလည်း ကျိန်းစပ်နေခြင်းကို ဖူးခိုင် သတိပြုမိလိုက်သည်။

ထိုအခါကျမှပင် လှိုင်းဒဏ် လေဒဏ်ကြောင့် မိမိ သတိလစ် မေ့မြောသွားကာ ကယောင်ချောက်ချားများမြင်မက် နေခြင်းအဖြစ်ကို ဖူးခိုင် တွေးဆလိုက်မိသည်။

မိမိမှာ ပင်လယ်ပြင်၌ ရက်ပေါင်း မည်မျှအထိ မျောပါ နေခြင်းအဖြစ်ကို မသိနိုင်အောင်ရှိသော်လည်း အခုအခါ


www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ယံ၌ မိုးသားများ ကင်းစင်ကာ နေရောင်ပင် ထိုးလျက် ရှိနေပေသည်။

တစ်ဖန် ပင်လယ်ရေပြင်မှာလည်း မုန်တိုင်းမထန်တော့ ဘဲ သင်ဖြူးကဲ့သို့ ပျံ့ပြောသည့်အဖြစ်ကိုမြင်ရသည်ကြောင့် ဖူးနိုင် မှာ မိမိ မသေနိုင်တော့ကြောင်း ခန့်မှန်းသိရှိရလျက် လွန်စွာ ဝမ်း မြောက်ဝမ်းသာ ဖြစ်မိရသည်။

ပို၍ ဝမ်းသာရသည်မှာ ရေစီးကြောင်း၏ တစ်ဖက်ခြမ်း တွင် ကျွန်းတစ်ကျွန်း၏ ကမ်းရိုးတန်းနှင့်တကွ သစ်တောအုပ်၏ အရိပ်အရောင်များကို ရုတ်တရက်ကို လှမ်းမြင်လိုက်ရသော ကြောင့် ဖြစ်သည်။

"အို ... အီး ... ဟိုမှာ ... ဟိုမှာ ... ကျွန်း ... ကျွန်းဗျ ဟုတ်ပြီ အဲဒီကို ရောက်မှ ဖြစ်မယ်"

ဖူးနိုင်က အထက်ပါအတိုင်း အရူးတစ်ယောက်ကဲ့သို့ ဒေသွးရူးသွေးတန်း အော်ဟစ်ပြီးလျှင် ရေစီးကြောင်းမှ ပျဉ်ချပ် ဖဲ့ထွက်နိုင်စေရန် အစွမ်းကုန် လက်ဖြင့်လည်းကောင်း ခြေဖြင့် လည်းကောင်း လှုပ်ခတ်တော့သည်။

၎င်း၏ ကြိုးစားမှုကြောင့် မကြာမီ ပျဉ်ချပ်မှာ ရေစီး ကြောင်းမှလွတ်သွားကာကျွန်း၏ကမ်းစွယ်သို့တရွေ့ရွေ့ရောက် ရှိလာခဲ့သည်။

ထိုအခိုက် လေအချို့က ခပ်ညှင်းညှင်း တိုက်ခတ်လာ လျက် ထူးဆန်းသောအသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာ


www.burmeseclassic.com

www.burmeseclassic.com



သည်။

"နမတော် ... ရည်ရွယ်ချက် အောင်မြင်ပါပြီ၊ မောင်ကြီး လည်း အသက်ချမ်းသာပါပြီ ဝမ်းမြောက်ပါတော့"

"ဟင်"

ဖုးခိုင်မှာ ဒင်းမိန်းမေသွားခိုက် ကယောင်ချောက်ချား မြင်မက်သကဲ့သို့ ယခုအခါ လေထုထဲမှ အသံသာကို ထပ်မံကြား ရသည့်အတွက် မယုံနိုင်အောင် ဖြစ်သွားရသည်။

ပြီးလျှင် လူသူ အရောက်အပေါက် မရှိသော ကျွန်းကြီး ဖြစ်၍ သရဲ၊ တစ္ဆေ၊ နာနာဘာဝများ စတင်ကာ ခြောက်လှန့်နေပြီ လောဟု တွေးတောလိုက်မိသည်။

သို့သော် သတ္တိအပြည့်ဖြင့် တိုက်ရည်ခိုက်ရည် ကောင်း သော ပင်လယ်ဓားပြတစ်ယောက်အနေဖြင့် မည်သည့်အရာမျှ ကြောက်လန့်ရန် မလိုဟု မှတ်ယူလိုက်၏။

ကျွန်းစပ်အရောက် ပျဉ်ချပ်ကို ဆွဲတင်ပြီးသောအခါ ဖုးခိုင်က သဲသောင်ပြင်ပေါ်၌ ပက်လက်လန်ကာ အညောင်းဆန့် ရင်း ခေတ္တ မှိန်းနေလိုက်သည်။

ကျွန်းပေါ်မှ ကျေးငှက်သာရကာများ၏ ဘာသာဘာဝ တွန်ကျူးမှုများက သာယာလှစွာ ဖုးခိုင်နားအတွင်း ရောက်ရှိလာ ခဲ့သည်။

"တကယ့်ကို သာယာလှပါပေ့"

သူက ဤသို့ ရေရွတ်ရင်း ကံအားလျော်စွာ မိမိ အသက်

www.burmeseclassic.com

www.burmeseclassic.com


မမျှော်လင့်ဘဲ ရှင်သန်ပြီး သေမင်းထံမှ လွတ်မြောက်ခဲ့ပြီ ဖြစ်ကြောင်း တွေးလိုက်မိသည်။

ယခုအခါလှိုင်းကြမ်းလေကြမ်းအသံဆိုးကြီးများအစားကျွန်း၏ သာယာနာဖွယ် ကျေးငှက် မြူးတူးသံ အပင်အရွက်များတို့သို့လေတိုးသံများကအစားထိုးဝင်ရောက်လာခဲ့ပြီဖြစ်သည်။

ယင်းသို့ တွေးနေခိုက် ဝမ်းဗိုက်ထဲမှ လှိုက်ခနဲ ဗိုခနဲ ဖြစ်သွားမှုကို ဖူးနိုင် ခံစားလိုက်ရသည်။

အမှန်စင်စစ်ရက်ပေါင်းများစွာအစာဝတ်မွတ်မှုဒဏ်ကရင်းအား နှိုးဆော်နေခြင်းဖြစ်သည်။

ထိုမျှ ပြင်းထန်စွာ ဆာလောင်မှုကြောင့် ဖူးနိုင်မှာ သဲသောင်ပြင်၌ ပက်လက်လှန်လျက်သား အိပ်မောကျသွားပေတော့သည်။

❋❋❋

မည်မျှကြာအောင် အိပ်မောကျသွားသည်ကို မသိပေ။ မိမိ သတိရသောအခါ ရေစက်ရေပေါက်အချို့က မိမိပါးစပ်အတွင်းမှ လည်ချောင်းအတွင်းသို့ စီးဆင်းကျရောက်လာသည်ကို သတိပြုလိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူက ဖျတ်ခနဲ မျက်လုံးများကို ဖွင့်လိုက်သည်။

"ဟင်"

တစ်စုံတစ်ဦးအမှတ်မထင်မြင်တွေ့လိုက်ရသဖြင့် ဖူးခိုင်တစ်ယောက် အထူးအံ့အားသင့်သွားရသည်။

"လူကလေး ဘယ့်နှယ့် သတိရလာပြီလားကွယ်"

အသက်ငါးဆယ်ခန့် မွန်မွန်ရည်ရည် ဥပဓိရုပ်ရှိသည့် မိန်းမကြီးက ဖူးခိုင်ကိုကြင်နာသည့်အကြည့်နှင့် ငုံ့ကြည့်ကာ နစ်လိုဖွယ် မေးမြန်းလိုက်သည်။

"ဗျာ ... ကျွန် ... ကျွန်တော်"

"စကားမပြောပါနဲ့ဦးကွယ် ... လူကလေးမှာ အာဟာရမရှိလို့ အားမရှိသေးပါဘူး"

"ဟင် ... မေမေ သူ ... သူ ... သတိရလာပြီလားဟင်"

မိန်းမကြီး၏ စကားအဆုံး၌ ခပ်လှမ်းလှမ်းမှ အမေဝတကောမေးလိုက်သည့် အသံသာလေးကြောင့် ဖူးခိုင် မျက်လုံးများ စွေစောင်းကြည့်လိုက်မိသည်။

"အာ"

သူ့ပါးစပ်ဟကာ အာမေဋိတ်သံ ထွက်ပေါ်သွားရသည်။ အဘယ့်ကြောင့်ဆိုသော်လူသူမရောက်မပေါက်သည့်ကျွန်းပေါ်တွင် ရွှေဝါရောင် အသားအရည်နှင့် နတ်သမီးလေးတစ်ပါးအလား လှပသော မိန်းမပျိုတစ်ယောက်ကို လှမ်းမြင်လိုက်ရ


www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ဖြစ်သည်။

"ဟင်...ဟုတ်လား"

ခေတ္တအကြာမှာပင် မိန်းမလှလေးက ဖူးခိုင် အိပ်ရာအနီးသို့ ရောက်ရှိလာသည်။

ဖူးခိုင်က သူမကို မျက်တောင်မခတ် ကြည့်နေမိသည်။

သူမက...

"မမေ ... ယခုနေ ဒီအားဆေးကို တိုက်ရရင် ကောင်းမယ်ထင်တယ်"

"အေးအေး...ပူနေသေးတယ် မဟုတ်လားကွယ့်"

"မှုတ်တိုက်ရမှာပေါ့ မမေ"

"အေးအေး"

ထို့နောက် အငွေ့တထောင်းထောင်း ထနေသော ဆေးဖွန်းကို လှပသော နှုတ်ခမ်းလွှာ နှစ်ခုကြားမှ ထွက်လာသည့် လေဖြင့် အေးမြရန် မှုတ်နေ၏။

ဖူးခိုင်မှာကား မယုံနိုင်ဖွယ် ကံကောင်းလှသည့် သူ့အဖြစ်ကို တွေးမိကာ ငြိမ်ငြိမ်သက်သက်သာ ရှိနေမိတော့သည်။

ထို့နောက် မိန်းမလှလေးကိုယ်တိုင် ဆေးတိုက်ရှာသည်။

ဆေးစက်များသည် ပါးစပ်အတွင်းသို့ စတင်ကျရောက်စဉ် ခါးသက်သို့ အတန်ကြာ၍ ဖန်၏။ ထို့နောက် တဖြည်းဖြည်း ချိုမြမြ ဖြစ်လာကာ ဝမ်းတွင်းအရောက်တွင် တရှိန်းရှိန်း ခံစားရ


www.burmeseclassic.com

လျက် အင်အားများ သိသိသာသာ တိုးလာသည်ဟု မှတ်ယူရသည်။

"ဒီဆေးကုန်ရင် သိသိသာသာ အားအင် တိုးလာမှာ သမီးရဲ့ကုန်အောင်သာ တိုက်ပေတော့"

"ဟုတ်ကဲ့ မေမေ"

ဖိုးခိုင်ကမူ မိန်းမလှလေးနှင့် မွန်ရည်သော မိန်းမကြီးထံ မျက်လုံးများ ကစားရင်း ခွန့်ပေးသည့် ဆေးများကို မျိုချနေရ၏။

ဤသို့ဖြင့် အတန်ကြာသောအခါ မိန်းမလှလေးနှင့် မိန်းမကြီးနစ်ယောက်မှ လေးယောက်၊ လေးယောက်မှ ရှစ်ယောက်မြင်လာကာ မျက်လုံးအကြည့်များဝေဝါးလျက် မိန်းမောကာ နစ်နစ်မြိုက်မြိုက် အိပ်ပျော်ခြင်းသို့ တစ်ဖန် ရောက်ရှိ ပြန်လေတော့၏။

✠✠✠



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၀)

ကျောက်စွယ် ကျောက်ထွင့်များနှင့် ကောက်ကွေ့သော ဝက်ပါဆန်ဆန် လမ်းမြောင်အဆုံးရှိ ကျောက်ဂူကြီးအတွင်းတွင် ဖူးနိုင်မှာ သဘောကောင်းလှသည့် သားအမိနှစ်ဦးနှင့် မမျှော်လင့်ဘဲ ဆုံစည်းနေထိုင်မှု ဖြစ်ခဲ့ရပေသည်။

ထို့နောက် သားအမိနှစ်ဦး၏ ထူးဆန်းလှသည့် အောက်ပါ အကြောင်းအရာကိုလည်း မယုံနိုင်ဖွယ် ကြားသိရပေသည်။

ရွှေကြိုးကြာ စက်လှေပိုင်ရှင် ဦးကျော်ထက်မှာ မြိတ်မြို့မှ ငါးလုပ်ငန်းပိုင်ရှင်၏ တစ်ဦးတည်းသော သမီးချော မလေးမေနှင့် လက်ထပ်သည်မှာ တစ်နှစ်နီးပါးခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်၌ မလေးမေမှာ ထူးဆန်းစွာပင် နဂါးနှင့် ပတ်သက်သော အိပ်မက်များကို ထူးထူးခြားခြား မက်သဖြင့် ခင်ပွန်းဖြစ်သူအား ပြန်လည်ပြောပြပေသည်။

သို့ရာတွင် အိပ်မက်ကိစ္စအားလုံး လုံးဝ ယုံကြည်မှု မရှိသည့် ဦးကျော်ထက်က အမှုမထားခဲ့ပေ။

သို့နှင့် တစ်နေ့တွင် ဖနီးသည်၏ပူဆာမှုကြောင့် ရွှေကြိုး ကြာစက်လှေနှင့်အတူ ပင်လယ်ပြင်သို့ ငါးဖမ်းခရီးထွက်လာခဲ့ ကြရာ ပင်လယ်ထဲအရောက် မမျှော်လင့်ဘဲ မုန်တိုင်းတိုက်ခတ် ခြင်းဒဏ်ကို ခံရတော့သည်။

သုံးရက်သုံးညခန့် အပြင်းအထန် မုန်တိုင်းတိုက်ခြင်း ဒဏ်ကို အလူးအလဲခံရပြီးနောက် လေးရက်မြောက်၌ မုန်တိုင်း ငြိမ်သက်သွားခဲ့သည်။

ဤသို့ရေပြင်ငြိမ်သက်သွားသော်လည်းပင်လယ်ရေစီး ကြောင်း၌ အခြား လှေတစ်စီး၏ အပျက်အစီး အစအနများ မျော ပါလျက်ရှိသည်ကို တွေ့ရသည်သာမက မကြာမီ ရေလုံသော သစ်သားစည် တစ်လုံး မှင့်လျက်သား မျောပါလာသည်ကိုပါ အမှတ်မထင် တွေ့ရှိကြရသည်။

ဦးကျော်ထက်အမိန့်ဖြင့် ဆယ်ယူသောအခါ သစ်သား စည်အတွင်း၌ အိပ်မောကျနေသည့် တစ်နှစ်အရွယ် မိန်းကလေး တစ်ဦးအား အမှတ်မထင် တွေ့ရှိရတော့၏။

ပို၍ ထူးဆန်းသည်မှာ ထိုကလေးငယ်၏ လည်ပင်း၌


www.burmeseclassic.com

www.burmeseclassic.com


နဂါးတစ်ကောင် ခွေလျက် ပါးပျဉ်ထောင်နေသည့်သဏ္ဍာန် လက်ရာမြောက် ရွှေဆွဲကြိုးတစ်ခုကို တွေ့ရခြင်းပင်။

မလေးမေကမူ မိမိတို့တွင် ကလေးမွေးဖွားခြင်း မရှိသဖြင့် နတ်နဂါးများက ယခုကဲ့သို့ သမီးလေးကို ပေးခြင်းဟု ပြောဆိုလျက်ရှိသည်။

ဦးကျော်ထက်ကိုယ်တိုင်လည်းကလေးကိုမြင်မြင်ချင်း ချစ်မိသည်ဖြစ်ရာ သမီးကလေးအဖြစ် စောင့်ရှောက်မွေးမြူထားခဲ့သဖြင့် မေလှကြိုင်ခေါ် နဂါးမယ်လေးမှာ စိတ်ချမ်းသာစွာ ကြီးပြင်းခဲ့ရသည်။

မေလှကြိုင် ဆယ့်သုံးနှစ် သမီးအရွယ်တွင် ပူဆာလွန်းသောကြောင့် ရွှေကြိုးကြာစက်လှေကြီးဖြင့် ပင်လယ်ခရီးသို့ ထွက်လာခဲ့ကြပြန်၏။

ဤတစ်ကြိမ်တွင်လည်း ရေးနည်းတူစွာ ပင်လယ်ပြင်အရောက်မုန်တိုင်းမိရုံမျှမက လှိုင်းဒဏ် လေဒဏ်ကြောင့် ငုပ်လျှိုးနေသော ကျောက်စွယ် ကျောက်တန်းများနှင့် တိုက်မိကာ စက်လှေကြီး အစိတ်စိတ် အမွှာမွှာကွဲကာ လူအားလုံး ပင်လယ်ပြင်၌ ကူးခတ်ကာ အသက်ချမ်းသာရာရရေးအတွက် ရုန်းကန်ကြိုးစားနေကြရတော့သည်။

ကံအားလျော်စွာ ဆိုသကဲ့သို့ ဒေါ်လေးမေနှင့် မေလှကြိုင်တို့မှာ အသက်ကယ်လှေတစ်စင်းဖြင့် မျှောခဲ့ရာမှ ရက်ပေါင်းအတော်ကြာသည်တွင် ထိုလူမနေသည့်ကျွန်းကြီး၏


www.burmeseclassic.com

www.burmeseclassic.com

အတွင်းပိုင်းကျောက်ဂူအထိအသက်ကယ်လှေက ရောက်ရှိရပ်နားသဖြင့် သားအမိ နှစ်ဦး အသက်ရှင်သန်ခဲ့ရပေသည်။

ဤသို့ဖြင့် ကျွန်းကြီးပေါ်မှ အသီးအနှံများ စားသောက်ရင်း အချိန်ကာလအားဖြင့် ဆယ်နှစ်တိုင်တိုင် ရှိခဲ့ပြီ ဖြစ်ကြောင်းများပင်တည်း။

ဒေါ်လေးမေ၏ ပြောပြမှု ဇာတ်ကြောင်းအပြီးတွင် ဖုးနိုင်ကလည်း သူ့ဇာတ်ကြောင်းကို မချွင်းမချန် ပြန်ပြောင်းပြောပြသည်။

မြစ်ဝကျွန်းပေါ် ဇာတိဖြစ်သော မိဘနှစ်ပါးမှာ တံငါလုပ်ငန်းဖြင့် အသက်မွေးသည်ဖြစ်ရာ မိမိတို့ ညီအစ်ကိုသည်လည်း မိဘများနှင့်တန်းတူ ဒိုးတူဘောင်ဘက် ဆိုသကဲ့သို့ တံငါလုပ်ငန်း ကူညီလုပ်ကိုင်ရကြောင်း၊ သို့သော် ညီအစ်ကို နှစ်ဦးစလုံးက သူတစ်ပါးအသက်ကို မသတ်လိုသည်ကြောင့် အခက်တွေ့ရကြောင်း။

ထို့ကြောင့် ညီအစ်ကိုနှစ်ယောက် မိဘများအလစ်တွင် ရန်ကုန်မြို့သို့ ထွက်ပြေးလာရာမှ မိမိအစ်ကိုမှာ ဖိုးသူတော်ကြီး တစ်ဦးထံ၌ တပည့်ခံ၍ ကပ္ပိယကြီးအဖြစ်သို့ ရောက်စဉ် မိမိမှာ မမျှော်လင့်ဘဲ တစ်နေ့တွင် လူကြီးတစ်ဦးနှင့် ခင်မင်မှုဖြစ်ရကြောင်း။

အမှန်စင်စစ် ထိုပုဂ္ဂိုလ်ကြီးမှာ ပင်လယ်ဓားပြကြီးဖြစ်ကြောင်း စက်လှေပေါ်အရောက်မှ သိရသဖြင့် အသိနောက်ကျခဲ့


www.burmeseclassic.com

ရခြောင်း၊ ပေါက်သည့်နဖူး မထူးဟု မှတ်ယူကာ ပင်လယ်ပြင်၌ ငါးနှစ်နီးပါးခန့် ပင်လယ်ဓားပြခေါင်းဆောင်၏ လက်ထောက်အဖြစ် ကျင်လည်ခဲ့ရာမှ ပင်လယ်ဓားပြအချင်းချင်း တိုက်ခိုက်သတ်ဖြတ်ရာမှ ဤနေရာသို့ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ခြင်း စသည်များပင် ဖြစ်ပေတော့၏။

"အင်း ... ဒေါ်ဒေါ်တို့ အဖြစ်အပျက်က ဆန်းသလို မင်းရဲ့အဖြစ်ကလည်းတစ်မျိုးတစ်ဖုံထူးခြားလှပါလားမောင်ဖူးခိုင်ရယ်"

"မှန်ပါတယ်ဒေါ်ဒေါ် ကျွန်တော်တို့ဟာ ကံဆုံချင်လို့ ဒီကျွန်းပေါ်မှာ မမျှော်လင့်စွာ လာဆုံရတာ ထင်ပါရဲ့နော်"

မောင်ဖူးခိုင်က ဤသို့ဆိုရင်း မေလှကြိုင်ကို အမှတ်မထင်ကြည့်မိရာအကြည့်ချင်းဆုံလျက် မေလှကြိုင်မျက်လုံးများ အရောင်တောက်သွားသည်ကို သတိပြုမိလိုက်ရသည်။

ပြီးမှ ဖူးခိုင်က ...

"ဒါနဲ့ ဒေါ်ဒေါ်တို့ ဒီကျွန်းကို ရောက်တော့ လူရယ်လို့ တစ်ယောက်မှ မတွေ့ရဖူးလားဟင်"

"ဟင့်အင်း ... ဆယ်နှစ်အတွင်းမှာ တောတိရစ္ဆာန် အချို့ကလွဲရင် လူဆိုလို့ မတွေ့ရပါဘူးကွယ်၊ အင်း ... မုန်တိုင်းတွေကျပြီး ရက်မကြာခင်မှာတော့ လူသေအချို့ကမ်းစပ်ကို မျောလာတတ်တာတွေ့ရတယ်"

"ဟုတ်ကဲ့ ဒါဆိုရင် အတော်ခေါင်ပြီး အင်မတန် လူသူအရောက်အပေါက်မရှိတဲ့ ကျွန်းဖြစ်လိမ့်မယ်"

www.burmeseclassic.com

သူတို့ ပြောသမျှကို မေလှကြိုင်က မီးပုံအတွင်း ထင်းချောင်းများ ပစ်ထည့်ရင်း နားထောင်နေရှာသည်။

မည်သည်ကို သဘောကျသည်မသိပေ ဤသို့ နားထောင်ရင်း တစ်ခါတစ်ရံ ပါးချိုင့်လေးများပေါ်သည်အထိ တစ်ဦးတည်းပြုံးနေတတ်သည်။

ဖူးခိုင်တစ်ယောက် နေထိုင်ကောင်း၍ အားအင်ပြည့်ဖြိုးလာပြီဖြစ်ရာ ယခင်က သစ်သီးများကိုသာ စားသုံးရရှာသည့် သားအမိနှစ်ယောက်မှာ ဖူးခိုင်ရှာလာသည့် ကျွန်းအတွင်းမှ သားကောင်များကြောင့် စားသောက်ရသည်မှာ ပို၍ အဆင်ပြေမှု ဖြစ်လာရသည်။

ဖိုမတို့၏ သဘာဝအရ ကျွန်းကြီးအတွင်း၌ နေထိုင်ကြရသည့် ဖူးခိုင်နှင့် မေလှကြိုင်တို့မှာလည်း ခင်မင်ရင်းနှီးရာမှ ဖွင့်မပြောသော်လည်း တစ်ဦးနှင့်တစ်ဦး နှစ်သက်လျက် ရှိနေကြပြီ ဖြစ်သည်။

တစ်နေ့တွင်အမဲလိုက်ရာမှ တောဝက်သေတစ်ကောင်ကို ထမ်းလာသည့် ဖူးခိုင်က ရောက်မဆိုက် စကားပြောသည်။

"အတင်းထွက်ပြေးတဲ့ တောဝက်နောက်ကို လိုက်ရင်း ကျွန်တော်ဖြင့် ချောက်ကြီးတစ်ခုထဲကို ကျသွားတာ သေပြီအောက်မေ့ရော"

"ဟင်…ဟုတ်လား"

"အို…ဟုတ်လားအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com


"အောက်ဘက်မှာဆိုတာ မှောင်ပိန်း နေတာပဲ၊ ကျွန်တော်လည်း လွတ်မြောက်ရေးအတွက် ကျောက်ထွင့်နဲ့ ကျောက်နံရံတွေကို ကုတ်ကပ်တက်ရာက အထက်တစ်နေရာ အရောက်ကျောက်ကလပ်ကြီးရဲ့ဘေးကျောက်အတွင်းတစ်ခုကို လှမ်းပြီးကုတ်မိတယ်"

မေလှကြိုင်က ထိုနေရာအရောက်တွင် ဖြတ်မေးလိုက်သည်။

"အဲဒီတော့ ဘာဖြစ်သလဲအစ်ကို"

"အဲဒီမှာ ကျောက်တုံးတစ်တုံးက လိမ့်ထွက်သွားပြီး ကျောက်ကလပ်အစွန်းနဲ့ ပြင်းပြင်းထန်ထန် တိုက်မိတော့ ရွှေရောင်လက်သွားရာမှ ရွှေတုံးကြီးဖြစ်ကြောင်း သိရတော့တယ်"

ဒေါ်လေးမေက မထူးဆန်းသလို ဖွဲ့ပြုံး ပြုံးသည်။ ပြီးမှ သူမက...

"မောင်ဖုးခိုင်ရယ် ဒီလို တောခေါင်ခေါင် လူသူမရှိတဲ့ ကျွန်းကြီးမှာ မင်းရဲ့ ရွှေတုံး အဲ ... ရွှေတွင်းတွေ့တယ်ထားဦး ဘာများ ဝမ်းသာစရာ ရှိလို့လဲ ... ယ် ဘာအသုံးကြမှာလဲကွယ်"

မေလှကြိုင်ကလည်း...

"မေမေပြောတာ မှန်တယ်၊ အဲဒီ ရွှေတုံးတွေ ရလို့ကော ဘာလုပ်မလဲ အစ်ကို၊ ဒီကျွန်းပေါ်မှာ အသက်ရှင်ရေးဟာ အစားအသောက်သာ ဖြစ်တော့မပေါ့"

ဤတွင် ဖုးခိုင်က ပြုံး၍...


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... အစ်ကိုက မမျှော်လင့်ဘဲ တွေ့လာမိတာကို ပြောတာပါ ဒါပေမယ့် ဒီလိုတော့ ရှိပါတယ်"

"ဘယ်လိုပါလိမ့်"

"ဘာများလဲဟင်"

"ကျွန်တော်တို့ဟာ ဒီကျွန်းကနေ ကယ်တင်ရှင်ပေါ်လာပြီး မမျှော်လင့်ဘဲ လွတ်မြောက်ခဲ့ရင် ..."

သူ့စကားမဆုံးမီ သားအမိနှစ်ယောက်က ပြုံးလိုက်ကြသည်။ ပြီးမှ မေလှကြိုင်က ...

"အခုဆိုရင် ညီမတို့ရောက်တာ ဆယ်နှစ်ကျော်ကျော်ရှိခဲ့ပြီ သက်ရှိလူဆိုတော့ တစ်ဦးတစ်လေမှ မရောက်လာတာမို့ ကယ်တင်ရှင်ဆိုတာကို တွေးတောင် မတွေးမိအောင်ပါပဲလေ"

"ဒါလည်းမှန်ပါတယ်လေ"

မေလှကြိုင်တို့ သားအမိပြောသည်မှာ မှန်နေသဖြင့် ဖူးခိုင်က ဆက်မပြောတော့ပေ။

စကားပြောခြင်းကိုရပ်တန့်ကာ သူက တောဝက်ကြီးကို စတင် ဖျက်နေတော့သည်။

ထိုနည်းတူစွာ သားအမိ နှစ်ယောက်ကလည်း တောဝက်သားကို မီးကင်ရန် တံစို့များကို အသင့်ပြင်ဆင်နေကြသည်။

ထိုခဏတွင် တိတ်ဆိတ်နေလျက် မီးဖိုအတွင်းမှ ထင်းချောင်းများ တဖျစ်ဖျစ် မီးလောင်သံကသာ လွှမ်းမိုးလျက်ရှိသည်။

ထိုအခိုက် ဖူးခိုင်က တစ်စုံတစ်ရာ သတိရလာခြင်းကာ



www.burmeseclassic.com

www.burmeseclassic.com


ကောက်ကာငင်ကာဖြင့် အမောတကော ပြောလိုက်ပြန်သည်။

"အို ... ပြောဖို့မေ့ကျန်နေတယ်"

"ဘာများပါလိမ့်"

"ဘာပြောမလို့လဲဟင်"

"ဒီလို ဒီလို ကျွန်တော်ဟာ ရွှေရောင်ဝင်းသွားတဲ့ ကျောက်တုံးကြီးကိုငေးအကြည့်၊ ကျောက်တွင်းရဲ့အတွင်းပိုင်းက ရုတ်တရက် တရှိန်ရှိန် မြွေတွန်သံတွေဟာ တစ်ပြိုင်နက် ပေါ်ထွက်လာတာများပလွေအများကြီးတစ်ပြိုင်နက် စုပေါင်းမှုတ်သလိုမျိုး ပါပဲဒေါ်ဒေါ်ရာ ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

"အိုး ... ခစ် ... ခစ် ... ခစ် ... ခစ် ... ဒါများကြောက်စရာမှတ်လို့အစ်ကိုရာ"

ဒေါ်လေးမေက မည်သို့မျှ မဆိုသော်လည်း မေလှကြိုင်က လုံးဝ ကြောက်လန့်ခြင်းမရှိသကဲ့သို့ ပြောလိုက်ရာ ဖူးခိုင်တစ်ယောက် အံ့အားသင့်သွားရတော့သည်။

သို့အတွက် သူက ...

"ဟင် ... ညီမကလည်း ဒီတောတောင်ထဲမှာဆိုတာ အင်မတန် အဆိပ်ပြင်းတဲ့ မြွေတွေသာ နေတတ်တာကလား မကြောက်ဘဲ ဘယ်မှာ ရှိပါ့မလဲ"

ထိုအခါဒေါ်လေးမေက ...

"မင်းပြောတာ မှန်ပါတယ် မောင်ဖူးခိုင်၊ သို့ပေမယ့် မင်းရဲ့ညီမက နတ်နဂါး အစောင့်အရှောက်ခံ နတ်နဂါးအနွယ်


www.burmeseclassic.com

www.burmeseclassic.com


တော်မို့လားမသိဘူး၊ တို့ဒီကျွန်းကိုရောက်ကတည်းက မြွေဆိုလို့ တစ်ကောင်တစ်မြီးမှတောင် တွေ့မြင်ရခြင်း မရှိပါဘူး"

"အင်း ... ဒါကြောင့် သူ့က ဒီလိုပြောတာကိုး"

"ဒါအပြင် ဘယ်လိုသားရဲတိရစ္ဆာန်မျိုးမှလည်း ဒေါ်ဒေါ်တို့ သားအမိကို အန္တရာယ်ပြုတာ မရှိဘူးကွယ်"

"ဟုတ်လား ဒါဆိုရင် တော်တော် ထူးခြားတာ အမှန်ပဲ ဒေါ်ဒေါ်"

မေလှကြိုင်ကမူ မည်သို့မျှ မဆိုဘဲ မိခင်နှင့် ဖူးခိုင်တို့ ပြောဆိုမှုကို ပြုံးလျက် နားထောင်နေ၏။

တစ်ညတွင် ဖူးခိုင်တစ်ယောက် အိပ်မောကျနေခိုက် ဒေါ်လေးမေ၏ အရေးတကြီး နှိုးသံကို ကြားလိုက်သဖြင့် အလူးအလဲ ထလိုက်ရသည်။

"ဘာ ... ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

"ဟို ... ဟိုဒင်း ... သမီးလေး ပျောက်နေတယ် မောင်ဖူးခိုင် သူ ဘယ်အချိန်က ထသွားမှန်းမသိဘူး လုပ်ပါဦးကွယ်"

"ဗျာ"

ဖူးခိုင် မနေသာတော့ ဝါးစုးမိုန်းကို ဆွဲယူကာ ကျောက်ဂူအတွင်းမှ ဒရောသောပါး ထွက်ခဲ့တော့၏။

အပြင်ဘက်တွင် လက ပြည့်ဝန်းစွာ သာနေသောကြောင့် ကျွန်းအတွင်းပိုင်း၌ အလင်းရောင် ယှက်ဖြာကာ အထင်း အသင့် မြင်တွေ့နေရပေသည်။


www.burmeseclassic.com

www.burmeseclassic.com


"အင်း…သူ့ကို ဘယ်မှာ လိုက်ရှာရမှန်းလဲ မသိပါဘူး"

စိတ်ပျက်လက်ပျက် ရေရွတ်ရင်း ဖူးခိုင်ခြေလှမ်းများ ကြဲ့သလို လှမ်းမိသည်။

ထိုအခါ ယခင်ရက်ပိုင်းက တောဝက်လိုက်ရာတွင် ကျသွားခဲ့သော ချောက်ကမ်းပါးကြီးဘက်သို့ အလိုလို သွားနေမိပြီးသား ဖြစ်နေပေသည်။

ထိုနေရာသို့ နီးကပ်လာသောအခါ မြွေတွန်သံများကို ကြားလိုက်ရသဖြင့် ဖူးခိုင်မှာ ခေါင်းနပန်းများ ကြီးထွားသွားရသည်။

မြွေတွန်သံမှာ အကောင်ပေါင်း မရေမတွက်နိုင်အောင် များပြားလှသည်ဟု ဖူးခိုင် ထင်မှတ်မိ၏။

ချောက်ကမ်းပါးကြီးနှင့် နီးမှန်းမသိ နီးလာသည်တွင် လုံးဝ မမျှော်လင့်သည့်အချင်းအရာကို ဖူးခိုင် မြင်တွေ့ရလေ၏။

အကြောင်းသော်ကား ဖြူ၊ နီ၊ ဝါ၊ ပြာ၊ နက် စသည့် အရောင်မျိုးစုံမြွေများသည်လည်းကောင်း၊ ကြီး၊ ငယ်၊ ရှယ်၊ လတ် အရွယ်အစား အမျိုးမျိုးသော မြွေများသည်လည်းကောင်း သစ်ပင်၊ မြေပြင်၊ ကျောက်တွင်း၊ ကမ်းပါးယံများ၌ မိန်းမောသကဲ့သို့ ရပ်တန့်နေသည့် မေလှကြိုင်အား ဂါရဝပြုသကဲ့သို့ အသံမျိုးစုံ တွန်ကျူးနေကြသောကြောင့် ဖြစ်ပေတော့၏။

"အလို…အလို"

သူကြည့်နေခိုက်မှာပင် မေလှကြိုင်၏ အသွင်သဏ္ဌာန်


www.burmeseclassic.com

www.burmeseclassic.com


ပျောက်ကွယ်သွားလျက် ရွှေရောင်နဂါးတစ်ကောင် ရစ်ခွေနေသကဲ့သို့မြင်တွေ့ရရာ ဖူးခိုင်နှုတ်မှ အထက်ပါအတိုင်း တအံ့တဩ ရေရွတ်မိသွားသည်။

"ဟုတ်ပြီ ... ဟုတ်ပြီ၊ မေလှကြိုင်ဟာ တကာယ်ကို နဂါး ဝင်စားတဲ့ မိန်းကလေး ဖြစ်မှာပါ၊ ပြီးတော့ သူ့မိဘအမည်နဲ့ ဇာတိ ရပ်ရွာ မသိဘဲ၊ ရေထဲ မျောပါလာရာမှ ဒေါ်ဒေါ်တို့က မွေးစားလိုက်တာတဲ့၊ ဇေကန္တ ဒီကျွန်းက နဂါး အစောင့်အရှောက်တွေက မေလှကြိုင်ကို လူရောင် ဖန်ဆင်းပြီး လူ့လောကကို လွှတ်လိုက်တာ ထင်တယ်"

ဖူးခိုင်က အမျိုးမျိုး တွေးတောရင်း မေလှကြိုင်သဏ္ဍာန်ကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ရွှေရောင်နဂါးသဏ္ဍာန်မှ တစ်ဖန် မေလှကြိုင်သဏ္ဍာန်ကို ပြန်မြင်ရပြီးနောက် သူမက အေးအေးသက်သာရေရွတ်နေသော်လည်း ဖူးခိုင်မှာ အတိုင်းသားကြားနေရသည်။

"အို ... အသင်တို့ အသင်တို့ကို ကျွန်ုပ် စောင့်ရှောက်သကဲ့သို့ အကျွန်ုပ်နှင့် ပတ်သက်မှုများကိုလည်း အထူးစောင့်ရှောက်ကြပါကုန်လော့ ... မှာကြားစရာ အထူးရှိ၍ ဤနေရာသို့ အကျွန်ုပ် လာခဲ့ခြင်းဖြစ်သည်။

"ရှီ...ရှီ...ရှီ"

"ရှီ...ရှီ"

ဩဘာပေးသကဲ့သို့ မြွေတွန်သံများက တစီစီ တရှီရှီ


www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်နေသည်။

သူမက ဆက်ပြောသည်။

"အသင်တို့သည် ကျွန်းပိုင်ဘဏ္ဍာများကို စောင့်ရှောက်ပါလော့၊ မသမာသူများ လက်သို့ ကျရောက်ခြင်း မရှိပါစေနှင့်။ အကယ်၍ နောက်နောင် ဤကျွန်းသို့ ကျွန်ုပ်၏ အမှတ်အသားပါ လူတစ်ဦးဦး ရောက်လာခဲ့သော် ထိုသူ၏ ကိစ္စများ အောင်မြင်ရန် အလို့ငှာ သင်တို့မှ အထူး စောင့်ရှောက်ကြပါကုန်လော့"

"ရှီး…ရှီး"

"ရှီ…ရှစ်…ရှစ်"

မေလှကြိုင် စကားအဆုံးတွင် မြွေများက နားလည်သကဲ့သို့ တွန်သံများ ပေးလိုက်ကြပြန်၏။

"ဝေါ…"

"ရှဲ…ရှဲ…ရှဲ"

"ဖလပ်…ဖလပ်"

ထိုခဏ၌ မည်သို့ဖြစ်သည်မသိအောင် တောအုပ်တစ်ခုလုံး လေကြမ်းများတိုက်ခတ်လျက် သစ်ပင်များ ယိမ်းထိုးကာ သစ်ကိုင်းချင်းပွတ်သံ၊ သစ်ရွက်များ လှုပ်ခတ်သံတို့က ကြောက်ခမန်းလိလိ ထွက်ပေါ်လာပေတော့သည်။

သို့သော် အချိန်အနည်းငယ်မျှအကြာတွင် လေတိုက်ခြင်း ရုတ်တရက် ရပ်သွားကာ မေလှကြိုင်ကို ချောက်ခြမ်းပါး ထိပ်၌ ကျောက်ရုပ်တစ်ရုပ်အလား မလှုပ်မယှက် ရပ်တန့်နေ

www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့လိုက်ရပေ၏။

"မေ ... မေလှကြိုင် ညီမလေး ..."

သို့သော် မေလှကြိုင်က တုတ်တုတ်မျှ မလှုပ်။

"ညီမလေး မေလှကြိုင်"

သူက ချောက်အတွင်း ကျမည်စိုးသဖြင့် အမောတကော ခေါ်ကာ ပြေးပွေ့လိုက်ရသည်။

"ဟင် ... အစ်ကို"

"ညီမ"

သူမက မျက်တောင်များ ပုတ်ခတ် ပုတ်ခတ်လုပ်လျက် ချောက်ကမ်းပါးကြီးကို ငုံ့ကြည့်လိုက်သည်။

ပြီးမှပင် ...

"ဒီနေရာကို ညီမ ဘယ်ပုံဘယ်နည်း ရောက်လာတာလဲ ဟင်"

"အစ်ကိုလဲ မသိဘူး မင်း အိပ်ယာထဲက ပျောက်သွားကြောင်း ဒေါ်ဒေါ်ပြောလို့ လိုက်မိလိုက်ရာ လိုက်လာတာလေ"

ဤသို့ ပြောရင်း ကျောက်တွင်းနှင့် ကျောက်နံရံများကို လည်းကောင်း၊ သစ်ပင်နှင့် မြေပြင်သို့ လည်းကောင်း ဖူးနိုင် ကြည့်မိရာ ထူးဆန်းစွာပင် မြွေဆို၍ တစ်ကောင်တစ်မြီးမှ မရှိသည့် အဖြစ်ကို အံ့သြဘနန်း တွေ့မြင်ရလေတော့သည်။

"ကဲ ... လာလာ ညီမ ပြန်ကြစို့ ... အချိန်မတော် တောနက်ထဲမှာဆိုတော့ သတ္တဝါကြီးတွေရဲ့ ရန်ကို ကြောက်သင့်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"အင်း…အင်း"

ထို့ကြောင့် သူမ၏ နူးညံ့သော ပခုံးကလေးအား ဖက်တွယ်ကာ ကျောက်ဂူရှိရာသို့ နှစ်ဦးသား မှန်းဆလာခဲ့ကြသည်။

သို့ရာတွင် ခြေလှမ်းအနည်းငယ် လှမ်းမိချိန်၌ ကျောက်ဂူဘက်မှ သေနတ်သံကို ထူးခြားစွာ ကြားလိုက်ကြရပေသည်။

"ဒိုင်း…ဒိုင်း"

"ဟင် … မေမေ … မေမေ … မေမေတစ်ယောက် ဒုက္ခရောက်ရှာပြီထင်တယ် မြန်မြန်သွားမှ …"

"အိုး … ဟုတ်ပါရဲ့သေနတ်သံပဲ … ပင်လယ်ဓားပြတွေ ကျွန်းပေါ်ကို မမျှော်လင့်ဘဲ ရောက်လာတာ ထင်တယ်"

ပြောပြောဆိုဆို နှစ်ဦးသား ပြေးကြသည်။

ထိုသို့ ပြေးရင်း ဖူးခိုင်မှာ ဆင်ခြေလျှော ကျောက်လမ်းမှ ခြေချော်ကာ အောက်ဘက်သို့ ဒလိမ့်ကောက်ကွေး ကျရောက်သွားရသည်။

"အား…"

သို့သော် မေလှကြိုင်က ဖူးခိုင်ကို လုံးဝ စောင့်ခြင်းမရှိဘဲ သူမတစ်ဦးတည်း ကျောက်ဂူဘက်သို့ လျင်မြန်စွာ ပြေးဝင်သွားသည်ကို ဖူးခိုင် ရိပ်ခနဲ တွေ့မြင်လိုက်ရ၏။

များမကြာမီ တစ်ကျွန်းလုံး လေကြမ်းများ သဲသဲလှုပ် တိုက်ခတ်ကာ သစ်ပင်များ ယိမ်းထိုးလျက် ရှိပြန်သည်။

ဖူးခိုင်က ဆင်ခြေလျှော ကျောက်လမ်းမှ ကုတ်တွယ်


www.burmeseclassic.com

www.burmeseclassic.com



တက်သည်။ သို့သော် လေကြမ်းကြောင့် မကြာခဏ အောက်ဘက်သို့ပြန်လည်လျှောကျသွားသည်သာ။

အကြိမ်ပေါင်းများစွာ ကြိုးစားသော်လည်း အောင်မြင်ခြင်း မရှိသဖြင့် ဖူးခိုင် မောဟိုက်နေသည်။

"အင်း ... ဒီအတိုင်းဆိုရင် ခက်ပြီ၊ ပင်လယ်ဓားပြဆိုးတွေနဲ့ တွေ့ပြီး မေလှကြိုင် ဒုက္ခရောက်ရှာရော့မယ်"

သူ တွေးပူနေဆဲမှာပင် ကျောက်ဂူဘက်မှ သေနတ်သံများ အဆက်မပြတ် ထွက်ပေါ်လာသကဲ့သို့ မချိမဆန့် ညည်းညူရေရွတ်သံများကိုလည်း သဲ့သဲ့မျှ ကြားရလေ၏။

"ဒိုင်း ... ဒိုင်း"

"အား ... အံမာလေးဗျ"

"ကြောက် ... ကြောက်ပါပြီဗျ"

"ကဲကွာ ... ကဲ ... ကဲ"

"ဒိုင်း"

အသံဗလံများကား စုံလွန်းလှတော့၏။

"ဝရော ... ဝေါ ... ဝေါ"

"ဝုန်း ..."

ကျွန်းအတွင်းရှိ တောတောင်ကြီးငယ်များတို့ ကျောက်ဂူဘက်ရှိ တောတိုးပြေးလွှားသံများကလည်း နေရာအသီးသီးမှ အလျှိုလျှိုပေါ်ထွက်လျက်ရှိသည်။

"အင်း ... ကျောက်လမ်းပေါ် မတက်နိုင်ရင် ဒုက္ခအော့



www.burmeseclassic.com

www.burmeseclassic.com


ရောက်ပြီပေါ့"

ဖုးနိုင် ဤသို့ ရေရွတ်လိုက်စဉ် သစ်ပင်တစ်ပင်ထက်မှ ကြီးမားနိုင်ခန့်သည်နှင့်အမျှ ရှည်လျားလှသည့် နွယ်ကြိုးတစ်ချောင်းကို လေနှင့်အတူ အောက်ဘက်သို့ ကျလာခဲ့၏။

"အို...ဟုတ်ပြီ ဒီနွယ်ကြိုးနဲ့ ခိုလွှဲသွားမှ"

ပြောပြောဆိုဆို ဖုးနိုင်က နွယ်ကြိုးကို ဆွဲ၍ ပေါ့ပါးစွာ ခိုလွှဲလိုက်တော့သည်။

"ဗိုး...ဗိုး"

ထို့ကြောင့်ပင် ချက်ချင်းလိုလို မြေညီညီ ကျောက်လမ်းပေါ်သို့ ရောက်ရှိခဲ့သည်။

"တော်ပါသေးရဲ့"

ဖုးနိုင်က ဝမ်းသာမှုနှင့် တစ်ကိုယ်တည်း ရေရွတ်ပြီးနောက် ကျောက်ဂူရှိရာ ဝက်ပါလမ်းအတိုင်း ခြေကုန်သုတ်လေ၏။

ယင်းသို့ အစွမ်းကုန် ပြေးလွှားနေစိုက် လေတိုက်ခတ်ခြင်း ရပ်တန့်သွားကာ တစ်ကျွန်းလုံး အသံဗလံများ လုံးဝ တိတ်ဆိတ်သွားသည်ကို သတိပြုမိသည်။

သို့သော သူက ပြေးအားကို မလျော့ဘဲ ဆက်လက်ပြေးလွှားဆဲ။

မကြာမီ ကျောက်ဂူနှင့် နီးလာခဲ့ရာ ကျောက်ကြမ်းပြင်၌ ဒေါ်လေးမေ အလောင်းအား ပွေ့ဖက်ကာ ငိုကြွေးနေသည့်


www.burmeseclassic.com

www.burmeseclassic.com

မေလှကြိုင်ကို တွေ့မြင်လိုက်ရသည်။

ထို့ပြင် ကျောက်ဂူကြမ်းပြင်၌ အတုံးအရုံး လဲကျသေဆုံးနေကြသည့် လူခုနစ်ဦး၏ အလောင်းများကိုလည်း ဖူးခိုင် ထပ်မံ တွေ့မြင်လိုက်ရသည်။

ထူးဆန်းသည်မှာ ထိုလူသေအလောင်းများမှာ မြွေဆိပ်သင့်သူများကဲ့သို့ တစ်ကိုယ်လုံး ပြာနှမ်းနေလျက် မျက်နှာ အမူအယာများမှာလည်း အထူးတလည်ကြောက်လန့်ဖွယ် အရာဝတ္ထု တွေ့မြင်ရသူများကဲ့သို့ ရှုံ့မဲ့လျက်ရှိသည်ကို တွေ့မြင်ရသည်။

"ဒေါ်...ဒေါ်လေးတစ်ယောက် ဘယ်လိုဖြစ်ရတာလဲ ညီမရယ် ဟင် ... ပြောစမ်းပါဦး"

မေလှကြိုင်က မျက်ရည်စများနှင့် မော့ကြည့်ပြီးမှ ဖြေသည်။

"ပင်လယ်ဓားပြ လူဆိုး၊ လူကြမ်းတွေက ကျောက်ဂူထဲ အမှတ်မထင် ဝင်ရင်း လူရိပ်တွေ့ရာမှာ မစူးစမ်းဘဲ သတ္တဝါ တစ်ကောင်ကောင်ထင်ပြီး မေမေ့ကို သတ်ပစ်လိုက်တာ နေမှာပေါ့ ဟင်း ဟင်း ... ဒါကြောင့်လဲ သူတို့အားလုံး အသေဆိုးနဲ့ သေကုန်ကြတာပေါ့လေ"

ဖူးခိုင်က မေလှကြိုင်၏ ထူးခြားမှုများကို အတန်အသင့် ရိပ်မိနေသောကြောင့် ပင်လယ်ဓားပြအားလုံး မည်သူ့လက်ချက်ဖြင့် သေဆုံးကြောင်း မေးမြန်းမှုမလုပ်ဘဲ ဆိတ်ဆိတ်နေလိုက်၏။

ပြီးမှ ရင်းက ...


www.burmeseclassic.com

"လာ...ညီမ ဒီလူဆိုးတွေ ဘာနဲ့လာတယ်ဆိုတာ ကျွန်းရဲ့ ကမ်းခြေကို သွားကြည့်ရအောင်လား"

"အင်း...အင်း"

ပင်လယ်ဓားပြအချို့ ကျန်ရှိက ခုခံရန် ဖွးခိုင်က အလောင်းတစ်ခုမှ ဓားရှည်တစ်ချောင်းနှင့် မားစကက် သေနတ် တစ်လက်အပြင် ကျည်ဆံဘူးကိုပါ ဖြုတ်ယူခဲ့သည်။

သို့ရာတွင် ၎င်းတို့ လျှောက်လာကြခိုက် အန္တရာယ် ပေးမည့်သူဟူ၍ လုံးဝ မတွေ့ရပါချေ။

ကျွန်းစပ်သို့ ရောက်သောအခါ ပင်လယ်လေကြောင့် လှိုင်းလုံးအချို့က ကမ်းပါးသို့ တဝုန်းဝုန်း ရိုက်ခတ်လျက်ရှိသည်။

"ဟော...ဟိုမှာတွေ့ပြီ"

သဲသောင်အနီး ဆူးရစ်ခြုံတန်းကြီးအတွင်းတွင် အဖြူရောင်အရာဝတ္ထုတစ်ခု တွေ့မြင်ရသဖြင့် ဖွးခိုင်က လက်ညှိုးထိုးပြလိုက်သည်။

အမှန်စင်စစ် ယင်းအရာမှာ အသက်ကယ်လှေတစ်စင်းသာ ဖြစ်ပေသည်။

"ဒီလူတွေဟာ တစ်စုံတစ်ရာသော ဘေးအန္တရာယ်ကြောင့် စက်လှေပျက်ပြီး အသက်ကယ်လှေတစ်စီးနဲ့ အမှတ်မထင် ဒီကျွန်းကို ရောက်လာတာ ဖြစ်မယ် ညီမ"

"အင်းလေ...တကယ်တော့ ဒီကျွန်းဟာ သူတို့အဖွက် သေမင်းကျွန်းဆိုတာ မသိကြဘူးပေါ့ အဟင်းဟင်းဟင်း"


www.burmeseclassic.com

 www.burmeseclassic.com 

မေလှကြိုင်က ဤသို့ပြောရင်း ရယ်မောလိုက်ရာ ထိုခဏ၌ သူမ၏မျက်လုံးအရောင်များအထူးလင်းလက်တောက်ပလျက်ရှိကြောင်း ဖူးခိုင် သတိပြုမိလိုက်သဖြင့် ၎င်း၏ ခန္ဓာကိုယ်တွင် ကြက်သီးများပင် ထသွားသည်အထိ ကြောက်လန့်ခြင်းဖြစ်မိသေး၏။

ဖူးခိုင်က ရေတက်၍ လှေမျောမသွားစေရန် သစ်ပင်တစ်ပင်မှ တွဲကျနေသော နွယ်ကြိုးရှည်ကြီးတစ်ချောင်းကို ဆွဲယူကာ အသက်ကယ်လှေအား အခိုင်အခန့် ချည်နှောင်လိုက်သည်။

"ကဲ...ကျောက်ဂူကို ပြန်ပြီး ဒေါ်ဒေါ့်အလောင်းကို မြှုပ်နှံဖို့ လုပ်ကြရအောင် ညီမ"

"ဟုတ်တယ် အစ်ကို"

နှစ်ယောက်သား လက်ချင်းတွဲကာ ကျွန်း၏ ညအမှောင်နှစ်ယောက်သား လျှောက်ခဲ့ကြသည်။

"လှေပေါ်မှာ ပစ္စည်းအချို့တော့ တွေ့ရတယ် ဘာပစ္စည်းတွေလဲဆိုတာ မနက်ကျမှ ကြည့်ကြတာပေါ့"

မေလှကြိုင်က ခေါင်းညိတ်ပြသည်။

သူမအနေနှင့် မိခင်ဖြစ်သူအတွက် မချိတင်ကဲ ခံစားနေရမည်ဖြစ်ကြောင်း ဖူးခိုင် အလိုလို နားလည်နေသည်။

လမ်းလျှောက်လာရင်း ဖူးခိုင် တွေးမိသည်။

နဂါးမယ် လူဝင်စားမလေးအား မွေးစားမိသည့်အတွက် စက်လှေသူဌေးကြီး ဦးကျော်ထက်နှင့် သူဌေးကတော် ဒေါ်လေး


www.burmeseclassic.com

www.burmeseclassic.com


မေတို့ ကြမ္မာဂြိုဟ်ဆိုးဝင်ခြင်းများလေလောဟု၍။

မည်သို့ပင်ဖြစ်စေ ထိုမိန်းမလှလေးအား သူ့အနေနှင့် ချစ်ကြိုက်မိပြီးဖြစ်ရာ အစစ စောင့်ရှောက်ကာ ရာသက်ပန် ဘဝ ခရီးဖော်အဖြစ် ပေါင်းသင်းမည်ဟု ဖူးခိုင် ဆုံးဖြတ်ချက် ချလိုက် မိသည်။

သူတို့က ညတွင်းချင်းပင် ဒေါ်လေးမေ အလောင်းကို ကျောက်သလွန်ကြီးအောက်ခြေတွင် ခက်ခက်ခဲခဲ မြှုပ်နှံသင်္ဂြိုဟ် လိုက်သည်။

ပင်လယ်ဓားပြအလောင်းများကိုကား ရှိမြဲအတိုင်းပင် ထားလိုက်ကြသည်။

နံနက်မိုးလင်းသည်တွင် ကျွန်းအတွင်းပိုင်းရှိတတ်သမျှ ရက်ရှည်ခံမည့်အသီး တော်တော်များကို ခူးသကဲ့သို့ ဖူးခိုင်က လည်း ကြိုးကြိုးစားစား အမဲလိုက်ရင်း ရလာသည့် အမဲကောင် များ၏အသားကို တံစိုထိုးကင်ကာ ကြပ်တင်သည်။

ထိုသို့ပြုလုပ်ရခြင်းမှာ အသက်ကယ်လှေဖြင့် ပင်လယ် ခရီး စွန့်စားထွက်ခွာရာတွင် မိမိတို့နှစ်ဦး စားသုံးရန်ဖြစ်ကြောင်း ဖူးခိုင်က ရှင်းပြပြီးဖြစ်သည်။

မေလှကြိုင်ကလည်း ဤကျွန်းမှ ထွက်ခွာလျက် တစ်နေရာရာတွင် အခြေချရန် သဘောတူသည်။

နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် အသားကြပ်တင်နှင့် သစ်သီးဝလံ တော်တော်များများ စုဆောင်းမိပြီးဖြစ်သည့်


www.burmeseclassic.com

www.burmeseclassic.com


အတွက် လှေပေါ်တင်ကြသည်။

ထို့နောက်အသက်ကယ်လှေကိုကြိုးဖြတ် ရေချပြီးလျှင် သူတို့နှစ်ဦးက ကျွန်းကြီးအားနှုတ်ဆက်သည့်အကြည့်နှင့် ကြည့်ကာ ပင်လယ်ခရီးကို စတင်လိုက်တော့၏။

✠✠✠

"အေး...အဲဒါပဲကွ မင်းရဲ့အဖေနဲ့အမေရဲ့ထူးခြားဖြစ်စဉ်က..."

စကားအဆုံးတွင် ကပ္ပိယကြီးသာဂိက ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ မောင်မြတ်နိုးမှာ မျက်ရည်များလည်လျက်မှ

"သူတို့က ဘယ်နည်းဘယ်ပုံ ရန်ကုန်မြို့တော်လာပြီး ဦးကြီးနဲ့ တွေ့တာလဲဟင်...အဲဒါလည်း ပြောပြပါဦးဗျာ"

မေးသွားဟန်ဖြင့် ကပ္ပယကြီးသာဂိက ရေနွေးကြမ်းနစ်ခွက်ကို ဆင့်ငှဲ၍ သောက်ချလိုက်၏။ ပြီးမှ ၄င်းက...

"ဒီမှာ မင်းကို ပြောစရာ ကျန်သေးတယ်ကွ"

"ဗျာ...ဘာများကျန်ရပါလိမ့်"

ႏ


www.burmeseclassic.com

"သူတို့နှစ်ဦး အသက်ကယ်လှေနှင့် အလာမှာ လှေပေါ်မှာပင်လယ်စားပြတွေရဲ့ရုတနာတွေကို တွေ့ရတယ်ဆိုပါတော့"

"အိုး…ဟုတ်လှချည်လား"

"နောက် သူတို့ကို အိန္ဒိယသွားမယ့် သင်္ဘောတစ်စီးက တွေ့ပြီး ဘုံဘေဆိပ်ကမ်းအထိ ပို့ပေးတယ်…အဲဒီကမှ တစ်ဆင့် တောလမ်းအတိုင်း မြန်မာပြည်ကို ပြန်ခဲ့ကြတာလို့ မင်းအဖေက ပြောပြတယ် မောင်မြတ်နိုး"

မောင်မြတ်နိုးမှာ မိခင် ဖခင်တို့၏ စွန့်စားခန်းများကို မျက်စိထဲ မြင်ယောင်မိကာ နှုတ်ဆိတ်နေသည်။

ထို့နောက် ကပ္ပိယကြီးသာဂိက ဆက်ပြော၏။

"အိန္ဒိယကနေ မြန်မာပြည်အထိ တောလမ်းအတိုင်း လာခဲ့ရာမှ ကြုံရတဲ့ ခရီးကြမ်းနဲ့ အန္တရာယ်အသွယ်သွယ်၊ စွန့်စားခန်း၊ အထူးအဆန်းကိစ္စတွေကိုတော့ ပြောရရင် ရှည်လျားမှာမို့ မပြောတော့ပါဘူး"

"ဟုတ်ကဲ့"

"အေး . . . ဒါပေမယ့် ဘုံဘေမြို့မှာ အသုံးအစွဲကိစ္စအတွက် သူတို့ရောင်းချတဲ့ ရွှေထည်ပစ္စည်းအချို့ကို သဲလွန်စရသွားတဲ့ လူဆိုးအချို့လိုက်လံ တိုက်ခိုက်ပုံကိုတော့ ပြောပြမယ်"

"ဟုတ်ကဲ့ ပြောပြပါဦး ဦးကြီး"

မောင်မြတ်နိုးက သိလိုက်စိတ်ဖြင့် လိုလိုလားလားဆိုသဖြင့် ကပ္ပိယသာဂိက အောက်ပါအတိုင်း ပြောပြနေသည်။


www.burmeseclassic.com

www.burmeseclassic.com


"သူတို့ဟာ မြို့စွန်နားက အုန်ရ်ဂါဆိုတဲ့ ရွာကလေးက အထွက် လူဆိုးအချို့က နောက်ယောင်ခံလိုက်ရာမှာ တောနက်ထဲရောက်မှ လူဆိုးအဖွဲ့နှစ်ဖွဲ့ဖြစ်ကြောင်း ဖူးခိုင်တို့ သိရတော့တယ်တဲ့"

"အို်း...မလွယ်ပါလား"

"လူဆိုးအဖွဲ့နှစ်ဖွဲ့ထဲမှာ မက်ရှ်တီးခန်ဆိုသူ ခေါင်းဆောင်တဲ့ လူဆိုးအဖွဲ့က ပိုပြီး အင်အားများတယ်ဆိုပဲ"

"ဟုတ်ကဲ့"

"လူဆိုးအဖွဲ့နှစ်ဖွဲ့က တောနက်ထဲမှာ ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်မယ်အလုပ် ဖကီးကြီးတစ်ဦး ရုတ်တရက်ပေါ်လာပြီး ကယ်တင်လို့ သက်သာရာရသွားခဲ့တယ် ဆိုရမယ်ကွယ့်"

မောင်မြတ်နိုးက စိတ်ဝင်တစားတိတ်တိတ်ဆိတ်ဆိတ် နားထောင်နေရှာသည်။

"မင်းအဖေပြောတဲ့အဆိုင်းဆိုရင် တကယ့်ကို မယုံနိုင်စရာပါပဲကွာ..."

"ဘာ...ဘာကြောင့်လဲဦးကြီး"

"ဟဲ...ဖကီးကြီး မွေးထားတဲ့ လူဝံကြီးနှစ်ကောင် တစ်လမ်းလုံး စောင့်ရှောက်တဲ့အပြင် အဲဒီလူဆိုးအချို့ကိုတောင် သုတ်သင်သတ်ဖြတ်သေးတယ်ဆိုပဲ"

"ဟာ...တယ်ဟုတ်ပါလား"

ကပ္ပိယကြီးက ပြုံး၍ ခေါင်းညိတ်၏။ ထို့နောက် ဆက်


www.burmeseclassic.com

www.burmeseclassic.com


ပြောသည်။

"နောက် . . . သူတို့နှစ်ဦးဟာ အကြံရပြီး ရတနာပစ္စည်းတွေကို လမ်းခရီး တစ်နေရာရာမှာ မြှုပ်နှံဖို့ အကြံရလိုက်တယ်"

"ဒါ...မှန်တာပေါ့နော်"

"အေး...အဲဒီလို ရတနာပစ္စည်းတွေ စိတ်ချရတဲ့ နေရာမှာ မြှုပ်တဲ့အချိန် ဇရာမလူဝံကြီးနှစ်ကောင်က အလိုက်သိစွာနဲ့ ကင်းစောင့်သလို လူဆိုးတွေ မကပ်နိုင်အောင် စောင့်ရှောက်ပေးသတဲ့"

"တကယ့်ကို မယုံနိုင်စရာ ထူးထူးဆန်းဆန်းလို့ ဆိုရပေမှာပဲနော်"

"ဟုတ်တယ်ကွယ့် လောကမှာ တစ်ချို့သောကိစ္စနဲ့ အကြောင်းအရာတွေဟာ ပြောပြလို့ မယုံနိုင်လောက်အောင် အလွန့်အလွန် နက်နဲ ထူးဆန်းပေတာကလား"

မောင်မြတ်နိုးက ခေါင်းညိတ်လိုက်သည်။

"ကိုင်း...ကြည့် မင်းနဲ့ငါ တူဝရီးနှစ်ယောက် မမျှော်လင့်ဘဲ ပိုးထည်တိုက်ရှေ့မှာ ဆုံစည်းရပုံကိုကြည့် . . . ပြီး ဟို မသမာလူတွေလက်ထဲ ရောက်သွားရတဲ့ မင်းရဲ့ဖြစ်စဉ် ဒါတင်လား မကသေးဘူး ဟို ဆန်စက်ပိုင်ရှင် သူဌေးလင်မယားက မင်းကို ချစ်ခင်သနားပြီး သားအရင်းလို မွေးစားသမှုပြုတာ"

"ဟုတ်ပါ့နော်"

"အဲဒါ အားလုံးဟာလည်း တကယ့်ကို မယုံနိုင်ဖွယ်


www.burmeseclassic.com

www.burmeseclassic.com


ဆန်းပြားတာပဲ မဟုတ်လားကွယ် .. ကိုင်း ကိုင်း ဆက်ပြောပြဦး မယ် နားထောင်"

"ဟုတ်ကဲ့"

"မင်းအဖေ ဖူးနိုင်က ရတနာတွေ မြှုပ်နှံပြီးတာနဲ့ အမှတ် အသားလုပ် မြေပုံဆွဲပြီး ယူလာခဲ့တယ်...အဲဒဲ မြန်မာပြည် နယ်စပ် ရောက်မှ လူဝံကြီးနှစ်ကောင်က ပြန်သွားသတဲ့"

"မဆိုးဘူးနော်"

"ဆိုးတာက လူဆိုးတွေကွယ့် ကုလားလူမိုက် လူဆိုး မက်ရှိတီးခန်ဟာ လူဝံတွေ လက်ချက်ကလွတ်အောင် ရှောင် တိမ်းပြီး မင်းအဖေ အမေတို့ကို မျက်ခြည်မပြတ် လိုက်လံစောင့် ကြည့်တယ်ဆိုပဲ"

"တော်တော် ဖွဲ့ကြီးတဲ့ လူဆိုးတွေပါလား"

"ဒါပေမယ့် မင်းအဖေက သတ္တိကောင်းဉာဏ်ကောင်း ဆိုတဲ့ အဲဒီလူဆိုးတွေကို မျက်ချည်ဖြတ်ပြီး လက်တစ်လုံးခြား ရှောင်တိမ်းနိုင်ခဲ့တယ်ပေါ့ကွာ"

"တော်သေးတာပေါ့ ဦးကြီးရာ"

"မင်းရဲ့အဖေ အမေတို့ရဲ့ ထူးခြားဆန်းကြယ်မှု စွန့်စား ခန်း အဖုံဖုံတွေကို စာနဲ့ ရေးဖွဲ့ရရင်တော့ ဆုံးမယ်တောင် မထင် မိပါဘူး"

"မှန်ပါတယ် ဦးကြီး"

"သူက ရတနာမြေပုံပေးပြီး တကယ်လို့ သားလေးကျား


www.burmeseclassic.com

www.burmeseclassic.com


လေးမွေးခဲ့ရင်တော့ ငါ့ဆီကိုလွှတ်လိုက်မယ့်အကြောင်း၊ အခုက တည်းက မောင်မြတ်နိုးလို့ နာမည်မှည့်မယ့်အကြောင်း ကြိုတင် ပြောခဲ့တယ်ကွယ့်"

"ဟင် . . . တကယ်လို့ မိန်းကလေးမွေးခဲ့ရင် ဘာယ်လို လုပ်မလဲ ဦးကြီး အဲဒါ ပြောစမ်းပါဦးခင်ဗျား"

မောင်မြတ်နိုး အမေးကြောင့် ကပ္ပိယကြီး သာဂိက ပြုံး လိုက်သည်။

ပြီးမှ သူက

"ဟဲ...ဟဲ...ဟဲ အဲဒီအခါကျရင် မြန်မာပြည် လွတ်လပ် ရေးအတွက် အင်္ဂလိပ်တွေကို လျှို့ဝှက်တော်လှန်လှုပ်ရှားနေသူ မျိုးချစ်ခေါင်းဆောင် တစ်ဦးဦးကို ရှာဖွေပြီး အဲဒီမြေပုံပေး ရုံပုံငွေ အဖြစ် လှူဒါန်းလိုက်ပါတဲ့ကွ မောင်မြတ်နိုး"

"အိုး...အိုး...ဒီလိုကိုး"

မောင်မြတ်နိုးမှာ မိခင်ဖခင်တို့၏ တွေးခေါ်မျှော်မြင်မှု နှင့် ရည်ရွယ်ချက်ကောင်းပုံတို့ကို စဉ်းစားမိကာ လေးစားခြင်း ဖြစ်မိလျက် ခေါင်းတညိတ်ညိတ် ရှိနေလေ၏။

ကပ္ပိယကြီးသာဂိက...

"ကဲ...ပြောစရာရှိတာတော့အားလုံးပြောပြီးပြီ၊ ရတနာ သွားယူဖို့ရေးမှာ မင်းရဲ့အသက်က ငယ်သေးတယ်၊ နောက် သုံးလေးနှစ်ကြာမှ သွားယူရင် ကောင်းမလားလို့ ငါစဉ်းစားတယ် မောင်မြတ်နိုး"


www.burmeseclassic.com

 www.burmeseclassic.com

မောင်မြတ်နိုးက...

"ကျွန်တော့်အသက် ဆယ့်သုံးနှစ်ကျော်လို့ ဆယ့်လေးနှစ်ထဲ ရောက်လာပါပြီ ဦးကြီး၊ ဒါပေမယ့် ကြမ်းတမ်းတဲ့ အတွေ့အကြုံကြောင့် ကျွန်တော့်ခန္ဓာကိုယ်က တော်တော်လေး ဖွံ့ထွားကြံ့ခိုင်တယ် ဆိုရမှာပါ"

"အေး...ငါလဲအဲဒီလိုမြင်ပါတယ်၊ ကဲ...ကဲနောက်တော့ အခြေအနေအရ ကြည့်စီစဉ်တာပေါ့ကွာ၊ ကဲ ... ကဲ မင်းမြင်ဖူးတယ်ရှိအောင် ရတနာမြေပုံ ကြည့်သွားဟုတ်လား"

ထို့နောက် ကပ္ပိယကြီးက သော့ခလောက်ဖြင့် သံသေတ္တာကြီးကို ဖွင့်ကာ ပိတ်ကြမ်းဖြင့် ရေးဆွဲထားသော ရတနာမြေပုံကို ထုတ်၏။

တူဝရီးနှစ်ယောက် စိမ်ပြေနပြေ ကြည့်နေစဉ်မှာ လက်နက်ကိုင်လူလေးယောက်က ရုတ်တရက် ဇရပ်ကြီးပေါ် တက်လာခဲ့တော့၏။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"နှစ်ယောက်စလုံး မလှုပ်နဲ့"

"အော်လို့ကတော့ အသေပစ်ထည့်လိုက်မယ် နားလည်ထားစမ်း"

"ဟင်"

"အို"

ဖရပ်ကြီးပေါ် ရောက်လျှင်ရောက်ချင်း သေနတ်များနှင့် ထိုးချိန်ကာ အမိန့်ပေးလိုက်သူများကို ကြည့်ကာ ကပ္ပိယကြီးနှင့် မောင်မြတ်နိုးတို့ အံ့ဩသွားကြသည်။

အထူးအံ့ဩရသူမှာ မောင်မြတ်နိုးဖြစ်သည်ညိုက မမှား


www.burmeseclassic.com

ပါပေ။

အဘယ်ကြောင့်ဆိုသော် . . . ထိုလှေလေးယောက်မှာ ဓါးကုန်းကြီး တာတေလံ၊ မိုးကြိုး၊ ကျားဘီလူးနှင့် အရိုးခေါင်းတို့ ဖြစ်နေသောကြောင့်ပင်တည်း။

"ဟား . . . ဟား . . . ဟား တို့က တို့ဂိုဏ်းကို ဖော်ကောင် လုပ်တဲ့ မင်းကို သတ်ဖို့ နောက်ယောင်ခံပြီး လိုက်တာကွ မြတ်နိုး ရ၊ အခုတော့ . . . မင်းကို မသတ်တော့ပါဘူး၊ မင်းနဲ့ ကပ္ပိယကြီး ပြောစကားကို ဇရပ်အောက်က ချောင်းနားထောင်လို့ တို့အကုန် ကြားပြီးပြီလေ...ဒီတော့"

ဆရာကြီးတာတေလံ၏ စကားတစ်ဝက်တစ်ပျက်တွင် ကျားဘီးလူးက မောင်မြတ်နိုးတို့ရှေ့ ဇရပ်ကြီး ကြမ်းပြင်တွင် ချ ထားသည့် ရတနာမြေပုံပိတ်ကြမ်းကို လှစ်ခနဲ ဆွဲယူလိုက်တော့ ၏။

ဦးမိုးကြိုးက...

"ရတနာမြေပုံဆိုပေမယ့် အမှတ်အသားတွေ တေးထား တာပါကွာ၊ လူပြိန်းအနေနဲ့ ဘယ်ရှာနိုင်မှာလဲ၊ ဒီကပ္ပိယကြီးကိုယ် တိုင် နေရာပြမှ ဖြစ်မှာပေါ့"

အရိုးခြောက်က...

"ဒါမှန်ပေတာပေါ့"

ကျားဘီလူးကအံကြိတ်လျက်...

"ဟေ့ . . . ငနာလေး၊ မင်းက ဖော်ကောင်လုပ်လို့ တို့



www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်ဂိုဏ်းပြိုပျက်သွားပြီ၊ တို့လဲ ခွေးပြေးပြေးနေရတယ်၊ အဲဒီအတွက် လက်စားချေတဲ့အနေနဲ့ မင်းရဲ့မွေးစားအဖေ အမေ ဆန်စက်သူဌေး လင်မယားကို သတ်ဖြတ်ပြီး တို့က အိမ်ကို မီးနဲ့ရှို့လိုက်ပြီကွ…"

"ဗျာ…ဘယ်လို"

မောင်မြတ်နိုးမှာ အမှတ်မထင် ကြားလိုက်ရသည့် စကားကြောင့် ရင်း၏ ဦးခေါင်းအား မိုးကြိုးပစ်ခံလိုက်ရသည့် အလား ပြင်းထန်စွာ တုန်လှုပ်သွားရရှာပေ၏။

ဆရာကြီးတာတေလ်က…

"ဟေ့…ကောင်လေး၊ တို့က သူတို့ကို သတ်ပြီး သူတို့ ပစ္စည်းတွေ ယူမလို့ကွ၊ ထို…ဒီလင်မယားသေလို့ တစ်အိမ်လုံး ပိုက်စိပ်တိုက်ရှာပေမယ့် ငွေနည်းနည်းသာ တွေ့ရတယ်၊ လက်စသတ်တော့ သူတို့ကရှိသမျှငွေအားလုံးနီးပါးစိတ်ချရတဲ့ဘဏ်မှာ အပ်ထားတာကိုး၊ ဒီတော့…ငါတို့အားလုံး ဒေါသပွကြီး ပွပြီး၊ အိမ်ပါမီးရှို့လိုက်တော့တာပေါ့ကွာ…ဟဲ..ဟဲ…ဟဲ"

"အံမလေးဗျာ"

စကားအဆုံးတွင် မောင်မြတ်နိုးမှာ မိမိ၏ မွေးစား မိဘနှစ်ပါးအတွက် ယူကြုံးမရဖြစ်ကာ ဖရပ်ကြီး ကြမ်းပြင်ပေါ်ခွေကျသွားလျက် သတိလစ်မေ့မြောသွားရှာတော့သည်။

အရှိုးခြောက်က…

"အဟီး…ဟီး…ဟီး…တော်တော်သနားစရာကောင်းတဲ့ ငနဲလေး

www.burmeseclassic.com

စိတ်ထိခိုက်ပြီး သတိလစ်သွားတာ ကောင်းတယ်၊ နို့မို့ တစ်မျိုး တစ်ဖုံ လှုပ်ရှားပြီး ထွက်ပြေးနေဦးမယ်"

ဆရာကြီးတာတေလံက ဟုတ်မှန်ကြောင်း ခေါင်းညိတ်သည်။

ဦးမိုးကြိုးက ဇရပ်ကြီးအပြင်သို့ လှမ်း၍ အကဲခတ်လိုက်သည်။

"နေစောင်းပြီ ... ငှက်အချို့တောင် အိပ်တန်းဝင်ဖို့ ကြိုးစားနေကြပြီ၊ ခဏလောက်စောင့်ပြီး သူတို့ကို သွေးဆေးကန်ဘက်က ခေါ်ထုတ်သွားရင် မကောင်းဘူးလား ဆရာကြီး"

ကပ္ပိယကြီးမှာ မည်သို့မျှ မဆိုဘဲ လူဆိုးများ ပြောနေသည်ကိုသာ ငြိမ်ငြိမ်သက်သက် နားထောင်လျက်ရှိသည်။

တစ်ဆက်တည်းပင် ကြမ္မာဆိုးသည် သူတို့ တူဝရီးနှစ်ယောက်ထံ ဝင်ရောက်လာပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိသည်။

အတန်ကြာသောအခါ မောင်မြတ်နိုး သတိရလာသည်တွင် ကပ္ပိယကြီးပါ ခေါ်ဆောင်လျက် လူဆိုးများက ဖမ်းဆီးခေါ်ဆောင်သွားပေတော့၏။

× × ×

လူသူအရောက်အပေါက် နည်းလှသည့် တာမွေသချိုင်းကြီးနှင့် မလှမ်းမကမ်းရှိ အိန္ဒိယပြန်သွားခဲ့ပြီ ဖြစ်သည့် ကုလားသူဌေးတစ်ဦး၏ တိုက်ပျက်ကြီးအတွင်းတွင် ဆရာကြီးတာတေ


www.burmeseclassic.com

www.burmeseclassic.com



လံခေါင်းဆောင်သည့်ဒုစရိုက်သမားလူဆိုးများက ကပ္ပိယသာဂိ တို့တူဝရီးနှစ်ယောက်အား ဖမ်းဆီးထားကြ၏။

ထိုသို့ ဖမ်းဆီးထားရာ၌ နှစ်ဦးက အလှည့်ကျ စောင့် ကြပ်ကာ၊ နှစ်ဦးက ရတနာရှာဖွေမည့် ခရီးစဉ်တွင် မရှိမဖြစ် လိုအပ်မည့် ပစ္စည်းများကို လိုက်လံရှာဖွေစုဆောင်း ယူငင်ကြ သည်။

ကပ္ပိယကြီးသာဂိမှာ ထွက်ပြေးရန် အကြိမ်ကြိမ်ကြံစည် ကြိုးစားမိသော်လည်း ငယ်ရွယ်သူ မောင်မြတ်နိုးအတွက်ငဲ့ကွက် ကာထိုအကြံကိုစွန့်လွှတ်လိုက်သည်။

ထို့နောက်မှပေါက်သည့်နဖူးမထူးဟု သဘောထားကာ ဆရာဖြစ်သူ ဖိုးသူတော်ကြာပေါ် ဆေးပင်ဆေးမြစ်များ ရှာဖွေ ရာတွင်လည်းကောင်း လိုက်ပါခဲ့သည့်အလျောက် ထိုခရီးလမ်း ကို မိမိအကြိမ်ကြိမ် သွားခဲ့ဖူးသဖြင့် လူဆိုးများ အလိုကျလိုက် တော့မည်ဟု ဆုံးဖြတ်လိုက်တော့၏။

ထိုရက်များအတွင်း လူဆိုးများမှာ ၎င်းတို့အား လုံးဝ နိုပ်စက်ခြင်းမပြုဘဲ ကောင်းမွန်စွာ ကျွေးမွေးသဖြင့် တော်ပေ သေးသည်ဟု ဆိုရပေမည်။

သို့သော် . . . မောင်မြတ်နိုးမှာ မိမိမွေးစား မိဘတို့၏ အရေးအကျိုးအကြောင်း လုံးဝ မသိရှိရသည့် မြကြယ်တို့အပေ တွေးကာ မစားနိုင်ရှာဘဲ တမှိုင်မှိုင် တတွေတွေ ဖြစ်နေရှာသည်။

သို့အတွက် ကပ္ပိယကြီးက ချော့မော့ရသည်။



www.burmeseclassic.com

www.burmeseclassic.com


"တူလေး မင်း ဒီလိုမှ မစားရင် တောလမ်းခရီးကြမ်းကို သွားတဲ့အခါ ခက်လိမ့်မယ်၊ စိတ်ကို ဖြေပါကွာ၊ သတ္တဝါတစ်ခု ကံ တစ်ခုတဲ့ကွ လူဆိုတာ ကံစီမံရာဖြစ်ကြတာချည်းပါပဲ ငါ့တူရာ"

"အဟတ်...ဟား...ဟား"

"ဟဲ...ဟဲ...ဟဲ"

ကပ္ပိယကြီး၏တရားစကားများမှာ ငှင်းတို့အတွက်ပြက် ရယ်ပြုစရာ သဘောမျိုးဖြင့် အရိုးခြောက်နှင့် ကျားဘီလူးတို့က ဟားတိုက်ရယ်မောလျက် ရှိနေသည်။

မောင်မြတ်နိုးက ထိုသူနှစ်ယောက်ကို မခံချင်စိတ်ဖြင့် မီးဝင်းဝင်းတောက်မျှ မျက်လုံးများနှင့် ကြည့်နေလိုက်သည်။

ထိုခဏမှာပင် ငှင်း၏စိတ်၌ အသိတစ်ခု ဝင်ရောက်လာ ခဲ့သည်။

ယင်းသည်ကား...အမှန်ပင် မိမိ၌ ခွန်အားရှိရန် လိုအပ် လှ၏။ သို့မှသာလျှင် ဦးကြီးဖြစ်သူ ကပ္ပိယကြီး ပြောသကဲ့သို့ ခရီး ကြမ်းနှင်နိုင်မည့်အပြင် အခွင့်အရေးရပါက ထိုလူဆိုးများအား အတိုင်းအတာ တစ်ခုအထိ လက်တုံ့ပြန် ခုခံနိုင်ပေမည်။

ဖြစ်ပေါ်လာသည့် အသိစိတ်ကြောင့် မောင်မြတ်နိုးမှာ ငိုင်ငေးနေခြင်းကို စွန့်လွှတ်ကာ ငှင်းတို့ကျွေးသည့် အစား အသောက်မှန်သမျှ တစ်ဝတစ်ပြဲ စားသောက်လေတော့၏။

"အေး . . . ယောက်ျားဆိုတာ ဒီလိုမှပေါ့ကွ၊ ဖြစ်သမျှ အကြောင်းအကောင်းချည်းလို့သဘောထားပြီး ပစ္စုပ္ပန်ကာလမှာ


www.burmeseclassic.com

www.burmeseclassic.com



ကြံ့သလို စားသောက်နေထိုင်ရမယ် မောင်မြတ်နိုး"

ကပ္ပိယကြီးက သဘောကျသွားကာ အားပါးတရ ပြောလိုက်သည်။

၎င်းတို့အား ဖမ်းချုပ်ထားသည့်နေရာမှာ မည်မျှရှောင်ကျသနည်းဆိုလျှင် နံနက်မိုးလင်းမှ နေကုန်သည်အထိ လူရိပ်လူယောင်ဟူ၍ မဆိုထားဘိ ခွေးလေခွေးလွင့်တစ်ကောင်တစ်လေပင် ယင်းအဆောက်အအုံကြီးနားသို့ ကပ်လာသည် သီလာသည်ဟု မတွေ့ရပေ။

ဒုစရိုက်ခေါင်းဆောင်ကြီး ဆရာကြီးတာတေလံတို့အဖွဲ့ကမူ စိတ်ခတ်တက်ကြွစွာဖြင့် ရိက္ခာများ၊ ဆေးဝါးများ၊ လက်နက်များကို အားတက်သရော စုဆောင်းလျက် ရှိနေကြပေသည်။

ယင်းသို့ဖြင့် . . . ကပ္ပိယသာဂိနှင့် မောင်မြတ်နိုးတို့ ထိုတိုက်ပျက် အဆောက်အအုံကြီး၌ ချုပ်နှောင်ဖမ်းဆီးခံထားရသည်မှာ ငါးရက်တင်းတင်း ပြည့်ခဲ့ပြီဖြစ်၏။

ခြောက်ရက်မြောက်နေ့တွင် ဆရာကြီး တာတေလံက ပြောသည်။

"မနက်ဖြန်မှာ ကျုပ်တို့ ခရီးစထွက်မယ်ဗျို့"

ထို့နောက်...ခရီးလမ်းပန်းနှင့် ပတ်သက်၍ ကပ္ပိယကြီးနှင့် မေးမြန်းတိုင်ပင်ရာ အာသံမဏိပူရမှတစ်ဆင့် ဝေသာလီလမ်းခရီး ချီတက်ရမည်ဖြစ်ကြောင်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ အလုံပိတ် လော်လီကားကြီးတစ်စီး ရောက်လာကာ တာရပတ်အုပ်ဆိုင်းထားသော ထိုကားအ နောက်ဖက်ပိုင်းတွင် ပစ္စည်းပစ္စယ အချို့နှင့်အတူ ကျားဘီလူး၊ မိုးကြိုးနှင့် အရိုးခြောက်တို့ သုံးဦးက နေရာယူလိုက်ပါသကဲ့သို့ ကပ္ပိယကြီးသာဂိနှင့် မောင်မြတ်နိုးတို့ကိုလည်း ထွက် မပြေးနိုင်ရန် ကြိုးတုတ်၍ လိုက်ပါစေခဲ့လေ၏။

၎င်းတို့သည် နေ့အခါ၌ ကားကို ခပ်မှန်မှန်သာ မောင်း နှင်သော်လည်း မောင်စပျိုးသည်နှင့် အရှိန်ကုန်မောင်းလေ့ရှိ ကြောင်း ကပ္ပိယကြီးသာဂိ သတိပြုမိသည်။

လူရှင်းသောနေရာနှင့် ညအခါများတွင်သာ ကျန်းမာ ရေးအတွက် အပေါ့အပါး ကိစ္စကို ခွင့်ပြုလေသည်။

တစ်ခါတစ်ရံ လမ်းခရီး၌ အင်္ဂလိပ်စစ်တပ်၏ မေးမြန်းမှု ကိုခံရသော်လည်း ဆရာကြီးတာတေလံနှင့် ကားမောင်းသူတို့က လိမ္မာပါးနပ်စွာ ဖြေကြားသဖြင့် အခက်အခဲမရှိ ဆက်လက်ထွက် ခွာနိုင်ခဲ့ကြသည်။

ကပ္ပိယသာဂိနှင့် မောင်မြတ်နိုးတို့က ဖြစ်သမျှ အကြောင်း အကောင်းဟု သဘောထားကာ ကားအတွင်းရှိ လူဆိုးများကို ရှိသည်ဟုပင် မထင်မှတ်ဘဲ ပျော်ပျော်ရွှင်ရွှင် ရောက်တက်ရာရာ ပြောကြသည်။

ဆာလျှင် . . . ကျွေးသည့် အစားအသောက်များကို စားသည်။



www.burmeseclassic.com

www.burmeseclassic.com


ပြီးလျှင်...ပုခက်လွှဲသကဲ့သို့ ကားက ယိမ်းနွဲ့လျက်ရှိရာ မကြာခဏ နှစ်နှစ်ခြိုက်ခြိုက် အိပ်ကြသည်ချည်းသာ ဖြစ်၏။

လူဆိုးသုံးယောက်မှာကား ရှေ့ခရီးစဉ်၌ ကြုံရမည့် အန္တရာယ်အသွယ်သွယ်နှင့် ကိစ္စဝိစ္စများ အခက်အခဲနှင့် ရရှိလာမည့် ရတနာများအကြောင်းကို တွေးတောကြံရွယ်မှုမှက ကပ္ပိယကြီးနှင့် မောင်မြတ်နိုးတို့ ထွက်မပြေးစေရေးအတွက်လည်း အရိုန်ပြည့် စောင့်ကြပ်ကြည့်ရှုနေကြရသဖြင့် အအိပ်အစားမမှန်နိုင်အောင် ဖြစ်ကြရပေ၏။

ကပ္ပိယကြီး၏ ခန့်မှန်းချက်အရ သုံးရက်ခန့်ကြာသောအခါလော်လီကားကြီးက နယ်စပ်မြို့လေးတစ်မြို့သို့ရောက်ရှိခဲ့ရာ ထိုနယ်စပ်မြို့ကလေး၏ လူရှင်းသည့် မြို့စွန်ဘက်မှ တောလမ်းအတိုင်း စတင် ခရီးနှင်လိုက်ကြသည်။

တစ်မိုင်ကျော်ကျော်ခန့် သွားမိသောအခါ ရွာသားအချို့နှင့် တစ်ခါတစ်ရံ ဆုံရတတ်၏။

သို့ပါသော် ထိုနယ်ဖက်၌ ဟင်းခတ် အမွှေးအကြိုင် ရောင်းဝယ်မှု ကုန်ကူးသည့် ကုန်သည်များ၊ ဆင်ဖမ်းမုဆိုးများ စသည် သွားလာတတ်လေ့ရှိရာ ရွာသူရွာသားများက ၎င်းတို့အား အထူးအဆန်းအဖြစ် မှတ်ယူခြင်းမရှိချေ။

နောက်ထပ် နှစ်မိုင်နီးပါး ထပ်မံသွားမိသည်တွင် မိုးချုပ်ပြီ ဖြစ်၍ ရှေ့ဆက် မသွားနိုင်ကြပေ။

ထို့ကြောင့် သူတို့အားလုံး ကျောက်တုံးကြီးငယ်များ


www.burmeseclassic.com

ပေါ်များသည့် တောစပ်တစ်နေရာတွင် မီးဖိုကြီးဖိုကာ ညအိပ်စခန်းချလိုက်ကြသည်။

"ဝေါင်း..."

"ဝူး...ဝေါ်"

ညဥ့်နက်ချိန်တွင် တောအုပ်အတွင်းမှ ညဥ့်အချိန်သွားကောင်ရှာဖွေကြသည့် ကျား၊ ကျားသစ်၊ ဝံပုလွေတို့၏ ဟိန်းသံ ဟောက်သံများ ထွက်ပေါ်လာတတ်ရာ လူအားလုံး ကြောက်လန့်တုန်လှုပ်ကြသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း မရှိကြပါပေ။

ဆရာကြီးတာတေလန်ကမူ ကြောက်အားကြီးလျက်သူ့တပည့်များအား သေနတ်ကို လက်က မချကြရန်နှင့် သတ္တဝါတစ်ကောင်ကောင် အရိပ်တစ်ခုခု အနီးအနားတွင် တွေ့ရသည်ရှိသော် လက်မနှေးစတမ်း ပစ်ခတ်ရန် မကြာခဏ သတိပေးနှိုးဆော်လျက်ရှိသည်သာ။

ကပ္ပိယသာဂိမှာ ဆရာတော် ဖိုးသူတော်ကြာပေါ်နှင့် ဤလမ်း ဤခရီးသို့ အကြိမ်ပေါင်းများစွာ သွားလာခဲ့ဖူးသူဖြစ်ရာ လုံးဝ ကြောက်စိတ်မရှိဟု ဆိုရပေမည်။

သို့ပါသော် အရွယ်ရောက်စ မောင်မြတ်နိုးအဖို့မှာ လုံးဝ အတွေ့အကြုံ မရှိသည့်အလျောက် အတန်အသင့် ချောက်ချားလျက် ရှိနေရှာပေ၏။

"ဘာမှ ကြောက်စရာရှိပါဘူးကွ...တောတွင်းတိရစ္ဆာန်


www.burmeseclassic.com

www.burmeseclassic.com


ကြီးငယ်ဟူသမျှဟာ မီးကို သိပ်ကြောက်ကြတယ်လေ...ဒါကြောင့် မီးဖိုထားလို့ကတော့ အနားကို လုံးဝ မသီရဲပါဘူး စိတ်ချလက်ချသာ အိပ်ပါ"

ဦးကြီးဖြစ်သူ ကပ္ပိယကြီးက အားပေးနှစ်သိမ့်သဖြင့် မောင်မြတ်နိုးမှာ ကျောက်တုံးတစ်တုံးကို ခေါင်းအုံးကာ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

နံနက်စောစောအချိန်၌ ရိက္ခာခြောက်အချို့ကို အဆာပြေ စားသောက်ပြီးလျှင် တောအုပ်အတွင်းသို့ စတင်ဝင်ရောက်ခဲ့ကြတော့သည်။

"ဖရှူး...ဖရှူး..."

"ကွိ...ကွိ"

"ဝေါ..."

လူအားလုံး၏ခေါင်းပေါ်မှ သစ်ကိုင်းနှင့် နွယ်များကို ခိုလွဲကာ လျင်မြန်စွာ ထွက်ခွာလျက် သစ်ပင်မြင့်ကြီးများဆီ တက်သွားသည့် ရောမသတ္တဝါကြီးကြောင့် လူဆိုးများ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြရသည်။

ကပ္ပိယသာဂိကပြုံး၍...

"ကိစ္စမရှိပါဘူး...သူက ဟိမဝန္တာ မျောက်ကြီးမျိုးပါ သူက အုပ်စုရဲ့ခေါင်းဆောင်ဆိုတော့ သူအုပ်ချုပ်တဲ့ မျောက်တွေကိုအန္တရာယ်ပေးမလားဆိုပြီး လာရောက်လေ့လာထောက်လှမ်းတာနေမှာပါ...သူက အန္တရာယ် မပြုပါဘူးလေ"


www.burmeseclassic.com

www.burmeseclassic.com

"ဟူး...ဒီလိုပုံဖြင့် တော်ပါသေးရဲ့"

"ကင်းကောင်ကြီး ကျနေတာပဲ"

"အာပါး ပိုးခနဲ ခုန်ထွက်သွားတာများ မြန်လိုက်တာ"

လူဆိုးများက တစ်ယောက်တစ်မျိုးဖြင့် ရေရွတ်လျက် ဆက်လက် ခရီးနှင်နေကြသည်။

တောလမ်းခရီးမှာ ပိုမို ကြမ်းတမ်းလာသကဲ့သို့ တောရိပ်တောင့ငွေ့ဖြင့် အေးစက်စက်ဖြစ်လာကာ တောကောင်ကြီးများ ဖြတ်သန်းသွားသည်ကိုလည်း မကြာခဏ တွေ့မြင်လာကြရ၏။ ဤတွင် ကပ္ပိယသာဂိက...

"ကျုပ်တို့ ဒီတောထဲမှာ ထွက်မပြေးနိုင်ပါ့တော့ဘူး... သားရဲ့တိရစ္ဆာန်တွေရဲ့ရန်ကလည်းရှိတော့ လွတ်လွတ်လပ်လပ် လျှောက်နိုင်အောင် ကျုပ်တို့ကို ကြိုးဖြေပေးသင့်တယ်ဗျ"

ဆရာကြီးတာတေလံက ခေါင်းညိတ်လိုက်သည်။

ပြီးမှ သူက အရိုးခြောက်အား...

"ဟုတ်တယ် ခရီးတွင်အောင် သူတို့ကို ချည်နှောင်လာတဲ့ကြိုးတွေ ဖြည်ပေးလိုက်"

"ဟုတ်..ဟုတ်ကဲ့ ဆရာကြီး"

ထိုအခါကျမှ မောင်မြတ်နီးတို့မှာ လွတ်လွတ်လပ်လပ် ခပေါ့ပေါ့ပါးပါး ခရီးနှင်နိုင်ကြတော့၏။

"ဝရော...ဝရော"

"ဖျော...ဖျော"


www.burmeseclassic.com

www.burmeseclassic.com



"အလုံး...ဒလိမ့်"

"ဝှန်း..."

နံရံနှစ်ဖက် မြင့်မားနေသည့် လမ်းမြောင်ကလေး အတိုင်း ၎င်းတို့ ခရီးနှင်ကြခိုက် ရှေ့တစ်ခေါ်လောက်တွင် အမြင့်ဘက် လမ်းတစ်နေရာမှ အရွယ်ပမာဏအမျိုးမျိုးသော ကျောက်တုံးကြီးငယ်များက အောက်ဘက်သို့ အရှိန်ပြင်းစွာ ကျလာနေသဖြင့် နေရာ၌ပင် ရပ်တန့်လိုက်ကြရသည်။

"အလို...ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ"

ဆရာကြီးတာတေလံက မျက်မှောင်ကြုံ့၍ အထက်လမ်းသို့ မော့ကြည့်ရင်း ရေရွတ်လိုက်ရာ ကပ္ပိယသာဂိက...

"အဲဒါ အပေါ်ဘက်မှာ တိရစ္ဆာန်ကြီးနှစ်ကောင် အစာလုတိုက်ခိုက်ပွဲဖြစ်နေတာ ထင်တယ်"

"ဟုတ်လား ဒါဖြင့် ဟုတ်မဟုတ် သိရအောင် မိုးကြိုးနဲ့ အရိုးခြောက်တို့ ပေဟာဒီဘက် ဓားလွယ်ရတ် လမ်းကြောင်းက အမြင့်တက်ပြီး ကြည့်ကြစမ်းဟေ့"

"ဟုတ်...ဟုတ်ကဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

သူတို့အားလုံး မိုးကြိုးနှင့် အရိုးခြောက်တို့ လမ်းမြောင် အတိုင်း တက်သွားသည်တွင် ကျောက်ထွင့်တစ်ခုအောက်မှာ ရပ်တန့်၍ကြည့်နေကြသည်။

မိုးကြိုးတို့ ပျောက်ကွယ်သွားပြီး မကြာမီ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



တာတေလံက သူ့ခါးကုန်းကြီးကို တတ်နိုင်သမျှ ဆန့်ရင်း ကပ္ပိယ သာဂိတို့ကို သတိပေးသလိုလိုနှင့် မြိမ်းခြောက်၏။

"ဒီမှာ ကပ္ပိယကြီး ခင်ဗျားဟာ တောလမ်းခရီး အတွေ့ အကြုံရှိတော့ ဘာပဲဖြစ်ဖြစ် အန္တရာယ်ရှိနိုင်မယ်ထင်ရင် ကျုပ်တို့ ကိုကြိုတင်သတိပေးပါ"

"ဟုတ်ကဲ့"

"အင်း . . . ဒါပေမယ့် ပရိယာယ်ဆင်ပြီး လွတ်မြောက် အောင် ထွက်ပြေးရင်တော့ ကျုပ်တို့ သေနတ်ထဲက ကျည်ဆန် တွေက အေးနေမှာ မဟုတ်ဘူးနော်"

ကပ္ပိယသာဂိက နှုတ်ဆိတ်နေလိုက်သော်လည်း မောင်မြတ်နိုးက မကျေနပ်သည့်အကြည့်နှင့် ကြည့်လိုက်၏။

သူ့ရင်ထဲ၌ ရန်ကုန်ရောက်သည်မှစ၍ ယခုအချိန်တိုင် သူ့ကိုဒုက္ခပေးကာ၎င်းတို့အစစအဆင်ပြေရေးအတွက် မတရား မှုပြုနေသော ထိုလူဆိုးအုပ်စုအား တတ်နိုင်လျှင် စိစိညက်ညက် ကြေသည်အထိ ပြုလုပ်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လျက် ရှိသည်။

"အံ . . . အံမလေးဗျ"

"လုပ် . . . လုပ်ကြပါဦး"

ရုတ်တရက် ဖုန်များ တလိမ့်လိမ့်ထကာ တောင်ဆင်း လမ်းမှ လျှောကျလာသည့် မိုးကြိုးတို့ နှစ်ယောက်ကြောင့် လူ အားလုံးအံ့အားသင့်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

"ဟင်..."

"အို..."

"အလို"

"ဟိုက်..."

လူအားလုံးပင် တအံ့တဩဖြစ်ကြလျက် အာမေဍိတ်သံအသီးသီး ထွက်သွားကြရသည်။

"ဟ...ဘာဖြစ်တာလဲဟေ့"

"ဟို...ဟို..."

"ဟိုမှာ..."

တောင်ဆင်းလမ်းမှ လျှောကျလာသူနှစ်ယောက်က သူတို့ဆရာကြီးအမေးကိုမဖြေနိုင်ဘဲ အပေါ်ဘက်လမ်းဆီသို့သာ ဖြိုင်တူ လက်ညှိုးထိုးပြနေကြသည်။

သို့အတွက် သူတို့အားလုံး လှမ်းကြည့်လိုက်မိကြ၏။

တွေ့ရသည်ကား လမ်းမြှောင်အထက် အမြင့်ကမ်းပါးယံမှ ငုံ့ကြည့်နေသည့် ဧရာမဦးခေါင်းကြီးကို ရုတ်ချည်းတွေ့ရသောကြောင့်ပင်တည်း။

"အလို...ခြသေ့ကြီး"

"ဟိုက် ဝက်ဝံကြီး"

"ဝေါင်း..."

"ခွီး...ဖွီး..."

www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက်မှ လူအုပ်စုကို လှမ်းမြင်ရသည့်အတွက် သတ္တဝါကြီးနှစ်ကောင်က ရန်ပွဲကိုရပ်တန့်လျက် အသီးသီး မာန်ဖီဟိန်းဟောက်လိုက်ကြသည်။

သို့သော် ဦးခေါင်းကြီးများ ချက်ချင်း ပြန်လည်ပျောက်ကွယ်သွားကြကာ ဟိန်းသံများ ထွက်ပေါ်လာလျက် ယခင့်အတိုင်း ကျောက်တုံးကြီးငယ်နှင့် ကျောက်စကျောက်နများ အမြင့်မှ ပြန်လည် ကျလာပြန်၏။

ဤတွင် ကပ္ပိယသာဂိက...

"သတ္တဝါကြီးနှစ်ကောင်ဟာ အကြောင်းတစ်စုံတစ်ရာကြောင့် အသက်လု တိုက်ခိုက်နေကြတုန်း တက်လာတဲ့ ဒီလူနှစ်ယောက်ကို တွေ့တော့ အံ့ဩပြီး ရပ်သွားရာက ပြန်ပြီး တိုက်ခိုက်နေကြတာ ဖြစ်မှာပါ"

ကျားဘီလူးက...

"ဒီလိုဆို ကျွန်တော်တို့ စောင့်မနေဘဲ ကျောက်လမ်းဘေးက ကျောကပ်ပြီး အဲဒီနေရာ ကျော်လွန်အောင် သတိနဲ့ ရွေ့သွားကြတာပေါ့"

"အေး...မင်းအကြံ မဆိုးဘူးဟေ့ အဲဒါကောင်းတယ်"

သို့အတွက် ကျောက်လမ်းကို ကျောကပ်ကာ တရွေ့ရွေ့နင်ကြပြန်၏။

ဤသို့ သွားခိုက် အပေါ်ဘက်မှ ကျောက်တုံးကျောက်ခဲနှင့် သဲမှုန်များ တသဲသဲ တဖွဲဖွဲ ကျနေရာ အထူးသတိထားကာ

www.burmeseclassic.com

www.burmeseclassic.com


ရွေ့လျားနေရပေသည်။

ထိုကြောင့် မိနစ်ပိုင်းအတွင်းမှာပင် ထိုနေရာကို ကျော်လွှန်နိုင်ခဲ့တော့သည်။

ယင်းနေရာကို ကျော်မှပင် ပွန်းပဲ့ဒဏ်ရာရရသော မိုးကြိုးနှင့် အရိုးခြောက်တို့အား ကျားဘီလူးက ဆေးအချို့ထုတ်ကာ လူးပေးရသည်။

ဆက်လက်ထွက်ခွာပြီး မကြာမီ ရေပြင်စိမ်းလဲ့၍ ကြာပန်းရောင်စုံတို့ ဖူးပွင့်နေသည့် ကျောက်ရေအိုင်ကြီးအနီးသို့ ရောက်လာခဲ့ကြ၏။

"ဟာ . . . အတော်ပဲ ရေတဝသောက်ရင်း ရေဘူးတွေ ရေဖြည့်ရမယ်"

"ဟုတ်တယ်...ရေဘူးတွေ ရေလျော့နေပြီ"

လူဆိုးများက အထက်ပါအတိုင်း ရေရွတ်ကာ . . . ကျောက်ရေကန်ကြီး၏အစပ်သို့အပြေးအလွှား ထွက်ခွာရောက်ရှိသွားကြသည်။

"ရပ်လိုက် . . . ရေကန်ထဲ မဆင်းနဲ့ အဲဒီရေကို လုံးဝမထိနဲ့"

ရုတ်တရက် အော်ဟစ်တားမြစ်လိုက်သည့် ကပ္ပိယကြီးကြောင့် ရေခပ်ရန် ပြင်သူများအားလုံး ကြောင်သွားရသည်။

ဘာလဲ ဘာကြောင့်လဲဟူသော မေးမြန်းသည့်အကြည့်နှင့် သူတို့ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကပ္ပိယသာဂိက...

"အဲဒီရေထဲမှာ အသားစား ငါးတွေရှိတယ်၊ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခု ရေနစ်မိရင်း စက္ကန့်ပိုင်းအတွင်း အသား တွေ ကုန်ပြီး အရိုးစုသာ ကျန်လိမ့်မယ်ဗျို့"

"အို...ဒီလိုကိုး"

"ဟိုက်...တော်ပါသေးရဲ့"

သို့အတွက် သူတို့ကြောက်လန့်ကာ ရေကန်စပ်မှ အဝေးတလျှင် ခွာခဲ့ကြ၏။

သို့ရာတွင် လက်တွေ့စမ်းသပ်ချင်ဟန်ရှိသည့် ကျားဘီ လူးက ရေကန်အပေါ်ဘက်၌ ပျံသန်းလာသော အတန်အသင့် ကြီးမားသည့် ငှက်ဖြူကြီးတစ်ကောင်ကို ခါးကြားမှ သေနတ်ကို ဆွဲယူကာ လက်တန်း ထိုးပစ်ချလိုက်သည်။

"ဒိုင်း..."

"ဂစ်..."

"ဖလပ်...ဖလပ်"

"ဘုတ်"

ချက်ချင်းပင် ငှက်ဖြူကြီးမှာ သေနတ်ကျည်ဆန် ထိမှန် လျက် ရေကန်အလယ်သို့ ထိုးကျသွားတော့သည်။

ကျလျှင် ကျချင်းပင် ငြိမ်သက်နေသော ကန်ရေပြင်မှာ ရေနွေးအိုးဆူကဲ့သို့ ရေမြှုပ်ရေပွတ်ဖောင်းများ ပွတ်ပွတ်ထကာ ရေစက်ရေပေါက်အချို့ပင် အပေါ်ဘက်သို့ လွင့်စင်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မသေမရှင်ငှက်ကြီးမှာ ရေထဲ၌ ပေါလောမျော ရာမှ ပလုံစီထနေသော ရေပွက်နှင့်အတူ ရေအောက်သို့ မြုပ်သွားတော့သည်။

အတန်ကြာမှပင် ရေအောက်မှအမွှေးဖြူများ ရေပေါ်သို့ တဖွားဖွား ပေါ်လာလျက် ဆူပွက်နေသော ကန်ရေပြင်လည်း တစတစ ပြန်လည်ငြိမ်သက်သွားပေတော့သည်။

"အင်း ... တွေ့ရချက် ဆန်းကြယ်မှုကတော့ ပြောပြလို့ တောင် ယုံနိုင်မှာ မဟုတ်ပါဘူးဗျာ"

အရိုးခြောက်က မျက်နှာရှုံ့မဲ့လျက် ညည်းတွားသကဲ့သို့ ပြောလိုက်လေ၏။

မိုးကြိုးကလည်း ထောက်ခံဟန်ဖြင့် ဦးခေါင်းညိတ် လိုက်သည်။ ကပ္ပိယသာဂိက...

"ဒီတောထဲမှာ နွယ်ရှင်တွေ၊ လူသားစား ပန်းပွင့်တွေ၊ အဆိပ်သီး အဆိပ်ပွင့်တွေ၊ အသားစားငါးနဲ့ ခူးယား၊ ဖက်ယား တွေအပြင် စက္ကန့်ပိုင်းအတွင်း အသားအရည်ကို ယောင်ယမ်း ဖုဖောင်စေတဲ့အင်းဆက်ပိုးမွှားတွေကလည်းအများကြီးရှိတယ် လေ"

"အို ... ကြောက်စရာပါလားဗျာ"

ကျားဘီလူးက ရှုံ့ရှုံ့မဲ့မဲ့ ရေရွတ်လိုက်၏။

ကပ္ပိယကြီးက ဆက်ပြောလေသည်။

"ဒါ့အပြင် ရက်စက်ကြမ်းကြုတ်တဲ့ သားကောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ သမန်းကျား၊ သမန်းဝံပုလွေဆိုတာမျိုးတွေပါ ရှိသေးတယ်"

"ဘာ . . . ဘယ်လို သမန်းကျား သမန်းဝံပုလွေ ဟုတ်လား"

ဒုစရိုက်ခေါင်းဆောင်ကြီး တာတေလံက တအံ့တသြမေးလိုက်သည်။

"မှန်တယ်ဗျာ . . . သမန်းကျားဆိုတာကတော့ ကျုပ်တို့မြန်မာပြည် ပုံတောင် ပုံညာတောင်ဘက်မှာ ရှိတယ်လို့ လူကြီးတစ်ချို့ပြောတာ ကြားဖူးကြမှာပါ"

လူအားလုံးက ခေါင်းညိတ်ကြသည်။

"အဲ...သမန်းဝံပုလွေဆိုတာကတော့ လူကနေ ဝံပုလွေဖြစ်သွားတာပဲ၊ ဒီကိစ္စတွေဟာ ဟောဒီ အိန္ဒိယပြည်နယ်ဘက်မှာအမှန်တကယ်ရှိနေတယ်လေ"

လူဆိုးအုပ်စု ကျောချမ်းသွားကြသည်။

ကပ္ပိယသာဂိက ကြောက်နေသူများကို ပိုမို၍ ဖိပြောလိုက်ပြန်သည်။

"ရှိသေးတယ် . . . မသွားသင့်တဲ့နေရာ၊ ဖြတ်မကျော်သင့်တဲ့နေရာ၊ နတ်ကြီးတဲ့နေရာတွေနဲ့ သူတော်စင် ဖကီးတို့ဆာဒူးကြီးတို့ တရားထိုင်၊ တရားကျင့်တဲ့နေရာတွေ အဲဒီနေဌာနတွေကို သတိထား ရှောင်ရှားသွားသင့်တယ်၊ နို့မဟုတ်ရင်ဘေးတွေပြီသာမှတ်"

www.burmeseclassic.com

"အလိုလေးလေး"

"အားပါးပါး"

"အို့...ဟိုးဟိုး"

ကပ္ပိယသာဂိအပြောကြောင့် လူအားလုံး တုန်လှုပ်စွာ ရေရွတ်လိုက်ကြသည်။

ဤသို့ဖြင့် ဆက်လက်ခရီးနှင်ကြရာ တောသည် ပိုမို မှောင်ပိန်းလာကာ သစ်ပင်များ၊ ကြိမ်တောရုံတောများကလည်း ပိုမိုသိပ်သည်းထူထပ်စွာပေါက်ရောက်လျက်ရှိသည်ကိုတွေ့မြင် ကြရသည်။

သို့အတွက် အထူးဂရုစိုက်ကာ ခရီးတွင်အောင် သွားနေ ကြရသည်။

တစ်ခါတစ်ရံ မောင်မြတ်နိုးမှာ ခြေချော်၍ လဲသွားတတ် ရာ ကပ္ပိယကြီးက မကြာခဏ တွဲခေါ်လာရပေသည်။

"ကျီ...ကျလီ"

"ကျီ.."

"ဟိုက်...ဆင်အုပ်ဗျို့ဆင်အုပ်"

တစ်ခေါ်သာသာလောက်မှ ဟစ်အော်လိုက်သည့် ဆင်အော်သံများကြောင့် ကပ္ပိယသာဂိက အလျင်အမြန် သတိ ပေးကာ တောင်တက်လမ်းမှ အမြင့်သို့ အမြန်ဆုံးတက်ကြရန် ပြောကြားလိုက်၏။

ထို့ကြောင့် ကျောက်တုံးကျောက်ခဲများအဆင့်တန် ပေါ်



www.burmeseclassic.com

www.burmeseclassic.com


များသည့်တောင်တက်လမ်းအတိုင်းသူထက်ငါဦးအောင်ကုတ်ခြစ်တက်ကြရသည်။

"ရှူး..."

"ကျီ...ကျလီ"

"ကျီ..ကျီ...ကျီ"

တောင်တက်လမ်းတစ်ဝက်သို့သူတို့ရောက်ကြသည်၌အောက်ဘက်အနိမ့်ပိုင်း စောစောက ဖြင်းတို့လာခဲ့သည့် နေရာတွင်အကောင်နှစ်ဆယ်ကျော်စန့် ဆင်အုပ်တစ်အုပ်ကိုကြောက်ခမန်းလိလိ မြင်တွေ့ရပေသည်။

ထိုဆင်အုပ်ထဲမှ အစွယ်ပြူးပြူး ဟိုင်းဆင်ကြီးတစ်ကောင် မာန်သွင်းအော်ဟစ်ကာ ညာသံပေးလိုက်သဖြင့် ဆင်သုံးလေးကောင်မှာ ဒေါမာန်အပြည့်ဖြင့် တောင်တက်လမ်းကိုကုတ်ကပ်တက်ကြသည်။

သို့ရာတွင် လမ်းမှာဖုန်နှင့်ကျောက်များရောထွေးသည့်လမ်းဖြစ်ရာကား ခြေကုတ်မမြဲဘဲ တက်လာသော ဆင်သုံးလေးကောင်မှာ ကျောက်တုံးများနှင့်အတူ အောက်ဘက်သို့ ဒလိမ့်ကောက်ကွေး ကျကုန်ပေတော့၏။

"ကျုပ်တို့အပေါ်ဘက် အတက်မြန်လို့ တော်စေသေးတာပေါ့ဗျာ၊ နောက်ပြီး ကျုပ်တို့က လေတင် သူတို့က လေအောက် ဖြစ်နေတော့ လွန့်ရတာပေါ့"

မောင်မြတ်နီးမှာတောတွင်းဗဟုသုတကြွယ်ဝလှသည့်


www.burmeseclassic.com

www.burmeseclassic.com


မိမိဦးကြီးဖြစ်သူ ကပ္ပိယသာဂီအား အထင်တကြီး လေးစားအား ကိုးစွာ ကြည့်နေမိတော့သည်။

"ဒိုင်း...ဒိုင်း"

"ရှဲ...ရှဲ"

ထိုအချိန် ခပ်လှမ်းလှမ်းဆီမှ သေနတ်သံများ ထွက်ပေါ် လာရာ ဆင်းအုပ်မှာ လန့်ဖြန့်လျက် အောက်ဘက်လမ်းကျောမှ တစ်ဖက် တောအုပ်သို့ အပြေးအလွှားထွက်ခွာကြတော့သည်။

သေနတ်များကို ပစ်ခတ်ရန် အသင့်အနေအထားဖြင့် ကိုင်ထားသည့် လူဆိုးများက သေနတ်သံ ထွက်ပေါ်လာရာသို့ လှမ်း၍အကဲခတ်ကြည့်ရှုနေကြသည်။

ဆရာကြီးတာတေလံက...

"ဘယ်သူတွေလဲမသိဘူးဟေ့"

ထိုအခါကပ္ပိယကြီးက...

"ဒီတောထဲမှာ ဆင်ပစ်မုဆိုးတွေ၊ အိန္ဒိယပြည်နယ် ဘက်က ဒုစရိုက်သမားတွေလည်း သွားလာလေ့ရှိတယ်ဗျ"

ဟုပြောလိုက်၏။

ကျားဘီလူးက ...

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ လူစု သတိရှိဖို့တော့ လိုတယ်"

ဆရာကြီးတာတေလံက ...

"မှန်တယ် .. ဘယ်သူ ဘယ်ဝါ ဖြစ်ဖြစ် ရင်ဆိုင်မိတာနဲ့


www.burmeseclassic.com

လက်ဦးဖို့လိုတယ်"

ဟုပြော၏။

တစ်နေရာ၌တောင်ကြောကိုပတ်ခွေစီးဆင်းလာသည့် စမ်းချောင်းတစ်ခုကို တွေ့ရရာ ထိုစမ်းချောင်းတွင် ရေတစ်ဝ သောက်ကြကာ ရေဘူးများကို ရေဖြည့်ကြ၏။

ချောင်းရေမှာ တောင်ကြောကို ရစ်ပတ်စီးဆင်းလာ ခြင်းဖြစ်ရကား ကျောက်စက်ရေတမျှ လွန်စွာ အေးမြလွန်းလှပေ သည်။

"ကျုပ်တို့ ဒီစမ်းချောင်းနဲ့ မနီးမဝေးမှာတင် ဒီညအဖို့ စခန်းချရင် ကောင်းမယ်ထင်တယ်"

ဆရာကြီး တာဝေလံအမေးကို ကပ္ပိယသာဂိက ခေါင်း ညိတ်ပြသဖြင့် ထိုညအဖို့ စမ်းချောင်းအနီး၌ပင် စခန်းချဖြစ်သွား တော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ရှိ–ရှိ"

"ရှိ"

"ဟိုက် ..မြွေတွန်သံဗျို့"

ဝေလီဝေလင်းအချိန်မှာပင် အဆက်မပြတ် မြွေတွန်သံ ကြားရသဖြင့် လူအားလုံး နိုးနေကြသည်။

မိုးကြိုးက...

"ဘာဖြစ်လို့ဒီလိုတွန်နေတာလည်းမသိဘူး"

အရိုးခြောက်က...

"ဟုတ်တယ်...တစ်ခုခုတော့တစ်ခုခုပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယသာဂိကမှ မည်သို့မျှ ထင်မြင်ချက်ပေးခြင်း မရှိ
။

သို့နှင့် ဝန်းကျင်တစ်ခိုမြူနှင်းများကြဲကာ အလင်းရောင်
း တစ်စတစ်စ ပေါ်လာခဲ့သည်။

"ခရီးဆက်ရအောင်"

ဆရာကြီးတာတေ်လံက နိုးဆော်သဖြင့် မိမိတို့ကျောပိုး
တ်များကို ကိုယ်စီလွယ်ကာ နေရာမှ ထွက်ခွာကြရပြန်၏။

နံနက် မိုးသောက်ချိန်ဖြစ်သောကြောင့် တောတောင်
ာ်လည်း လွန်စွာ သာယာသကဲ့သို့ ကျေးငှက်သာရကာတို့၏
းတူးသံ၊ သားကောင်ငယ်များတို့၏ ဘာသာဘာဝ ဟစ်ကြွေး
တို့က လွန်စွာ နားဝင်ချိုဖွယ် ကောင်းလှတော့သည်။

လမ်းသွားရင်းမှပင် နံနက်စာအဖြစ် ရိက္ခာခြောက်များ
စားသောက်သွားကြရသည်။

ဤသို့ စားသောက်ရင်း မိုးကြိုးက...

"ဆရာကြီး...နောက် ဘယ်နစ်ရက်လောက်သွားရမှန်း
သိသေးဘူး၊ ဒီပုံတိုင်းဆိုရင် ကျွန်တော်တို့မှာ ပါလာတဲ့ ရိက္ခာ
ဟာက်နိုင်ပါ့မလား"

ဟု ဆို၏။

ဆရာကြီးတေလံက...

"အင်း ... မင်းပြောတာ မှန်တယ်၊ ဒီတော့ ရိက္ခာဖြည့်ဖို့
တွက် လမ်းခရီးမှာ တွေ့ရတဲ့ သားကောင်းတချို့ကို ပစ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com


ဟု အမိန့်ပေးသည်။

အမှန်ပင်လည်း လမ်းခရီး၌ ဖြတ်သန်းသွားလာသည့် သားကောင်ငယ်များ ပေါများလှပေရာ ဆရာကြီးတာတေလ် အမိန့်ပေးမှုမှာ မှန်သည်ဟု ကပ္ပိယကြီး မှတ်ချက်ချမိ၏။

တစ်နေရာ၌ အဝါရောင် မှိုပွင့်ကြီးများကို ပန်းခင်းကြီး တစ်ခုပမာ မျက်စိတဆုံး တွေ့မြင်ရရာ လူဆိုးများ ရင်သပ်ရှုမော ကြည့်နေမိကြသည်။

ကပ္ပိယသာဂိက...

"အဲဒါအဆိပ်သင့်မှိုတွေပါ၊ ကြည့်ပါလား ဒါကြောင့် သူ့ရဲ့ အနီးဝန်းကျင်မှာ သတ္တဝါကြီးငယ် မတွေ့ရသလို၊ အဲဒီ မှိုခင်းရဲ့ အပေါ်ဘက်မှာလည်း ဘယ်ကျေးငှက်တိရစ္ဆာန်မှ ပျံသန်းတာ မတွေ့ရတာ၊ ဒါဟာ အဆိပ်ငွေ့ပျံ့နေလို့ပဲ"

လူအားလုံး ခေါင်းတညိတ်ညိတ် ရှိကြကာ ထိုနေရာကို ကွင်းရှောင်၍ ဆက်လက် ခရီးနှင်ကြပြန်သည်။

သို့သော် ခရီးထွက်၍မကြာမီ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသည့် အန္တရာယ်ဆိုးတစ်ခုကို ရင်ဆိုင်တွေ့ကြုံကြရ တော့သည်။

အကြောင်းသော်ကား သစ်ပင်မြင့်ကြီးတစ်ပင်ပေါ်တွင် ပုန်းလျှိုးကွယ်လျှိုး စောင့်နေဟန်တူသည့် ကြီးမားသော ကျားသစ်နက်ကြီးတစ်ကောင်က လူအုပ်၏ နောက်ဆုံးမှ ပိုက် ပါလာသည့် အရိုးခြောက်ထံ လွှားခနဲ ခုန်အုပ်လိုက်ခြင်းကြောင်း


www.burmeseclassic.com

www.burmeseclassic.com

တ်တည်။

"ဗိုး..."

"ဒိုင်း..."

"ဝေါင်း"

သို့သော် ရိပ်ခနဲ ဝေ့လိုက်ပုံရသည့် ကျားဘီလူးက လက်ထဲမှ သေနတ်နှင့် လျှပ်တစ်ပြက်လှည့်ကာ တန်းထိုးပစ်ချ လိုက်သည်။

ထို့ကြောင့် ချွန်ထက်သော အစွယ်နှင့် ကျားသစ်နက် ကြီးမှာကျည်ဆန်အားကြောင့်တွန်းကန်လိုက်သည့်အလားလေ ထဲ၌ တစ်ပတ်လည်သွားကား နာကျင်စွာ ဟစ်အော်သံနှင့်အတူ တစ်ဖက်ချောက်ကြီးအတွင်းသို့ ထိုးကျခဲ့ပေသည်။

"ဟူး...တော်ပါသေးရဲ့ဗျာ၊ ကျားဘီလူးလျင်သလို လက် ကလည်းမြန်၊ လက်မှန်းကလည်းတည့်ပေလို့ပေါ့၊ နို့မို့မလွယ်ဘူး အီး..."

မိုးကြိုးက...

"သေနတ်ကျည်ဆန်ကြောင့် မသေနိုင်ပေမယ့် ချောက် ကြီးအောက် ကျတဲ့အရှိန်ကြောင့် ဒီကောင်ကြီး မချသေမှာပါ"

မောင်မြတ်နိုးမှာ နဖူးတွေ့ဒူးတွေ့တွေ့မြင်လိုက်ရသည့် သတ္တဝါဆိုးကြီးကြောင့် အနည်းငယ် တုန်လှုပ်မိသည် မှန်သော် လည်း ယခင်ကလောက် ကြောက်စိတ်မရှိတော့ဘဲ တောတွင်း ခရီးသွားခြင်းကို ပျော်သလိုပင် ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိ…ရှိ"

"ရှိ…"

ထိုအခိုက် နံနက်ပိုင်းက ကြားရသော မြွေတွန်သံ ရုတ်တရက် ထွက်ပေါ်လာပြန်သဖြင့် အားလုံး တိတ်ဆိတ်ကာ နားစွင့်နေမိကြသည်။

ဤတွင် မျက်စိရှင်သော မောင်မြတ်နိုးက…

"အလို..ဟောဟိုက အရွက်မရှိတဲ့ သစ်ပင်ကြီးကို ကြည့်လိုက်စမ်းဗျို့..ဘာကောင်ကြီးလဲ မသိဘူး"

ဟု အော်ပြောလိုက်သည်။

မိုးကြိုးက…

"ဟုတ်ပါရဲ့ အထက်ပိုင်းကို သေသေချာချာ ကြည့်မှ မြင်ရတာကလား၊ လူ့ကိုယ်လုံးလောက်ရှိတဲ့ မြွေကြီးဗျို့ ဟော… ဟော ဖောက်ထိုးကြီးဗျ"

အနီးကပ်ကြည့်ရှုကြသောအခါ အမှန်ပင်လည်း မြွေကြီးမှာ မိုးကြိုးပြောသကဲ့သို့ သစ်ကိုင်းတစ်ကိုင်းတွင် အမြီးချိတ်ကာ ဖောက်ထိုးကြီးနှင့် မလှုပ်မယှက်ရှိနေသည်ကို တွေ့ကြရ၏။

တစ်ဖန် ၎င်း၏ပါးစပ်မှ အဆက်မပြတ်ပင် တရှဲရှဲမြည်သံ တွန်းကျူးနေသည်။

"ဧကန္တ စားပြီးတဲ့ အစာကြောင့် ဒီနေရာမှာ လာပြီးအိပ်စာချနေတာဗျ"

ကပ္ပိယကြီး၏ မှတ်ချက်ကြောင့် ခါးကုန်းကြီး တာတေလံ

www.burmeseclassic.com

တ...

"ဘာလဲဗျ..အစာချတယ်ဆိုတာ"

"အစာချတယ်ဆိုတာ စားသောက်ပြီး သားကောင်းတွေရဲ့အရိုးတွေကိုဒီနေရာမှာလာပြီးအံချတာလေ၊ဒါကြောင့်ဖောက်ထိုးဖြစ်နေတာပေါ့"

"အဆန်းပါလား"

သို့အတွက် တတ်နိုင်သမျှအနီးသို့ တိုးကပ်ကြည့်နေကြသည်တွင် ကပ္ပိယကြီးပြောသကဲ့သို့ပင် သစ်ပင်ခြေရင်း၌ တောင်ပို့ငယ်တစ်ခုအလား အံချထားသည့် ထိုးထိုးထောင်ထောင်အရိုးပုံ တွေ့မြင်ကြရပေတော့သည်။

ကပ္ပိယကြီးက ဆက်ပြောသည်။

"သွားကြစို့ ... သူက မလှုပ်နိုင်လို့သာပေါ့၊ လှုပ်နိုင်ရင် ကျုပ်တို့ ဘယ်လောက် မြန်အောင် ထွက်ပြေးပြေး လွတ်နိုင်မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် နည်းတဲ့ကိုယ်လုံး မဟုတ်သလို ရှည်ကလည်း ရှည်တာကိုး"

"ဟုတ်တယ် ...ဟုတ်တယ်၊ ကြည့်ရင်းကြည့်ရင်း ပိုပြီး ကြောက်စရာ ကောင်းလာတယ်၊ သွားကြပါစို့ဗျာ"

အရိုးခြောက်က တုန်တုန်ရည်ရည်နှင့် ပြောလိုက်ရှာသည်။

သို့အတွက် ထိုနေရာမှ ဖယ်ခွာကာ ခရီးနှင်ကြသည်တွင် တစ်နေရာ၌ တောင်ဆိတ်တစ်ကောင်ကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com


"ပစ်ဟေ့..ပစ်"

"ဒိုင်း..."

ခါးကုန်းကြီး၏ အမိန့်ပေးသံအဆုံးတွင် ကျောက်တုံးအကွယ်မှလှည့်ပြေးရန်ပြင်သော တောင်ဆိတ်ဖားကြီးကိုလက်မြန်မြန်ဖြင့် ကျားဘီလူးက ပစ်ခတ်လိုက်တော့၏။

"ဟဲ..ဟဲ..ဟဲ"

တောင်ဆိတ်ဖားကြီးမှာ ချက်ကောင်းထိမှန်သွားပုံဖြင့် တစ်ချက်မျှသာ အော်ဟစ်နိုင်ကာ နေရာမှာပင် ဘုန်းဘုန်းသားလဲကျလျက်အသက်ထွက်သွားတော့သည်။

"လုပ်ဟေ့ . . . ဗိုင်းဖျက်ကြကွာ၊ ဒီနေရာမှာတင် ရပ်နားပြီး ဆိတ်သားကို မီးကင်စားကြစို့"

ဆရာကြီးတာတေလံ၏ အမိန့်အရ ဆိတ်သေကို ဖျက်သူက ဖျက်ကြ၍ ထင်းရှာသူက ရှာကာ၊ ချက်ချင်း မီးပုံကြီးတစ်ပုံကိုအမြန်ဆုံးဖိုလိုက်ကြသည်။

ခေတ္တအကြာ၌ အနီးပတ်ဝန်းကျင်တစ်ဝိုက်အထိ မွှေးကြိုင်သင်းပျံ့သော ဆိတ်သားနံ့က ကြိုင်လှိုင်သင်းပျံ့သွားတော့သည်။

မောင်မြတ်နိုးမှာ ငယ်ရွယ်သူဖြစ်သည့်အလျောက် လူဆိုးများနှင့်အတူ တောင်ဆိတ်သားကင်ကို မြိန်ယှက်စွာ ထပ် စားသောက်သော်လည်း ကပ္ပိယကြီးသာဂိကမူ လုံးဝစားသောက်ခြင်းမရှိဘဲ ၎င်းတို့ယူဆောင်လာခဲ့သည့် ရိက္ခာများထဲမှ


www.burmeseclassic.com

www.burmeseclassic.com


မုန့်ခြောက်အနည်းငယ်ကိုသာ စားသောက်ခြင်းအမှု ပြုလေသည်။

"ကောင်းလိုတဲ့အသား"

"အင်မတန် အရသာ ရှိပေတာပဲ"

"လတ်လတ်ဆတ်ဆတ်ဆိုတော့ ပိုချိုတာပေါ့နော်အဟီး"

"ဒီလောက်ကောင်းမှန်းမသိပါဘူးကွာဟဲ...ဟဲ...ဟဲ...ဟဲ"

မောင်မြတ်နိုးက တိတ်ဆိတ်စွာ စားနေသော်လည်း လူဆိုးများကမူ တစ်ယောက်တစ်ပေါက် နှစ်သိမ့်စွာ ရေရွတ်လျက်ရှိနေကြ၏။

စားသောက်ကြပြီးနောက် ကျန်ရှိသော အသားများကို ကြပ်ကင်ကာ အသီးသီး ကျောပိုးအိတ်ထဲသို့ထည့်ကြ၏။

အလင်းရောင်သည်လည်း တောအုပ်အတွင်း တဖြည်းဖြည်း မှေးမှိန်စပြုလာရာ ထိုအခါကျမှ ကပ္ပိကြီးက တစ်စုံတစ်ရာ ပြောလိုက်သည်။

"ခင်ဗျားတို့အားလုံး တစ်ဝတစ်ပြဲ စားသောက်ထားတော့ ဗိုက်လေးနေမှာကို တွေးမိပါတယ်၊ ခင်ဗျားတို့ ငြိမ်နေလို့ မဖြစ်ပေဘူး"

"ဗျာ...ဘာဖြစ်လို့လဲ"

"ဘာလဲဗျ..ကပ္ပိယကြီးရဲ့"


www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းမေးမြန်းသဖြင့် ကပ္ပိယကြီးက ပြောသည်။

"တောင်ဆိတ်သားအနံ့ဟာညှီသလိုမီးနဲ့ကင်လိုက်ရင်း အင်မတန်မွှေးတာ ခင်ဗျားတို့လည်း အသိပဲလေ၊ အခုဆိုရင် ဒီအမွှေးနံ့ဟာ အနီးဝန်းကျင်တစ်ဝိုက် ပျံ့နှံ့သွားပြီလေ"

"ဒီတော့ ဘာဖြစ်သလဲ"

ခါးကုန်းကြီး၏အမေးကို ကပ္ပိယကြီးက ပြောပြသည်။

"ဒီတော့ . . . တောကောင်ကြီးတွေဟာ ဆိတ်သားအနံ့ကြောင့် ညဘက်မှာ သူထက်ငါ အလုအယက် လာကြလိမ့်မယ်၊ အဲဒါဆို အားလုံးမလွယ်ပေဘူး"

"အိုး..."

"ဟင်း..."

"ဟိုက်..."

"အား..."

လူဆိုးများ တုန်လှုပ်သွားကြသည်။

"ဒီလိုဆို ဘယ်လိုလုပ်မလဲ၊ ဒီနေရာက ထွက်ခွာသွားကြမလားဟင်"

အရိုးခြောက်က ကြောက်အားလန့်အား မေးလိုက်သဖြင့် ကပ္ပိယကြီးက ဤသို့ဆို၏။

"မကြာခင် မှောင်တော့မယ်၊ ဒီနေရာက ထွက်လို့မဖြစ်ဘူး၊ ဒီတော့ မလှမ်းမကမ်းက ဝါးတောကိုသွားပြီး၊ ဝါးတက်တော်



www.burmeseclassic.com

များများခုတ်ကြပါ၊ နောက်...ကြိမ်ပင်အချို့ကိုလည်း ခုတ်ယူလာခဲ့ကြ"

သူတို့က ဆက်မပေးတော့ပေ။

ခါးကုန်းကြီးမှအပ အားလုံးက ထွက်သွားကြကာ မကြာမီ ကြိမ်နှင့်ဝါး အတော်များများကို ခုတ်ယူလာခဲ့ကြ၏။

ဂုင်းတို့ ရောက်လျှင်ရောက်ချင်း ကပ္ပိယကြီးက ခါးတောင်းမြှောင်အောင်ကျိုက်ကာ အနီးရှိ သစ်ပင်များထဲမှ ပင်စည်ကြီးများလျက် မြင့်မားလှသည့် သစ်ပင်ကြီးတစ်ပိုင်ကို ရွေးချယ် တက်ရောက်သွားသည်။

အသင့်ယူဆောင်လာသော ကြိုးခွေများကို ထုတ်ကာ ဝါးများကို ချည်၍ သစ်ပင်ပေါ် တင်ပေးကြရသည်။

သစ်ပင်ကြီးနှစ်ပင်ကို ဝါးတန်းလက်ယုက်ထိုးကာ လင့်စင်တစ်ခု ပြုလုပ်ပြီးနောက် ကပ္ပိယသာဂိက ကြိမ်ကြိုးများနှင့် ခိုင်ခံ့အောင် တုတ်နှောင်၏။

လင့်စင်အပြီး၌ သစ်ပင်အောက်သို့ဆင်းလာကာ ဝါးလုံးများကု ဆက်လက်ခိုင်ခံ့သော ဝါးလှေကားတစ်ခုကို အမြန်ဆုံး ပြုလုပ်ပြန်၏။

ထိုသို့ လုပ်ဆောင်နေမှုများကိုကြည့်ကာ လူဆိုးများမှာ ကပ္ပိယသာဂိ၏ စွမ်းရည်ကို အထူးအံ့သြနေမိကြသည်။

"ကဲ..အားလုံးပြီးပြီ၊ မိုးလည်း ချုပ်လာပြီ၊ ကျန်ရှိတဲ့ဝါးတွေကို အဆစ်လုံအောင် ပေါဒီလို ဖြတ်ကြ၊ မြန်မြန်နော်"



www.burmeseclassic.com

ထို့ကြောင့် ကပ္ပိယကြီးပြသည့်အတိုင်း ခါးကြားမှ ဓားများကိုထုတ်ကာ အဆစ်ပိတ်များရသည်အထိ ခုတ်ပိုင်းကြ၏။

လူအားလုံးသို့ ဝါးလှေကားမှတစ်ဆင့် သစ်ပင်ပေါ်တက်နိုက်းလိုက်ပြီးနောက် ကပ္ပိယသာဂိက အချိန်တော်တော်ကြာကြာလောင်းကျွမ်းနိုင်မည့် ထင်းတုံးကြီးများကိုရှာလျက် မီးပုံအတွင်းသို့ အတော်များများ စုပြုံထည့်ထားခဲ့၏။

နောက်ဆုံးမှပင် လှေကား၏ တက်ရောက်ကာ လင့်စင်ပေါ်အရောက် ဝါးလှေကားကိုဖြုတ်လျက် အမြင့်ရှိ သစ်ကိုင်းတစ်ကိုင်းပေါ် ချိတ်ဆွဲတင်ထားလိုက်သည်။

"ခင်ဗျားတော်တယ်ဗျာ ကပ္ပိယကြီး"

ခါးကုန်းကြီးက ပထမဦးဆုံးအနေနှင့် ချီးကျူးလိုက်သည်။

၎င်းချီးကျူးလောက်အောင်လည်း လင့်စင်မှာ လူအားလုံး၏ ဒဏ်ကို ခံနိုင်ရုံမျှမက စိုးစဉ်းမျှပင် ယိမ်းယိုင်မှု မဖြစ်သောကြောင့်ပင်တည်း။

မောင်မြတ်နိုးမှာ အမြင့်တက်ခြင်း၏အရသာကို ခံစားမိကာ သဘောကျလျက် ပျော်ရွှင်သကဲ့သို့ ဖြစ်ရသည်။

အမှောင်က တစ်စတစ်စ မင်းမှုးလာခဲ့ပေပြီ။

"ဖျစ်...ဖျစ်"

"ဖလောက်"



www.burmeseclassic.com

www.burmeseclassic.com



အောက်ဘက် မီးပုံကြီးမှ အရှိန်ရနေသည့် ထင်းခြောက်များ တဖျစ်ဖျစ် မြည်သံကသာ ခပ်သဲ့သဲ့ ထွက်ပေါ်နေသည်။

တစ်ဦးနှင့်တစ်ဦး မည်သူမျှ စကားမပြောမိကြဘဲ အမှောင်တွင်းမှ မီးမုံဆီသို့သာ စိုက်ကြည့်နေမိကြ၏။

ထိုအခိုက် ကပ္ပိယသာဂိက ပြောသည်။

"တကယ်လို့ အရေးအကြောင်းရှိလာရင် အောက်ဘက်က မီးပုံထံကို အဆစ်ပိတ်ထားတဲ့ ဝါးတွေထည့်ရမယ် ... ဒီတော့ အလဟာသဖြစ်မသွားအောင် လက်မှန်းတည့်တည့် ထည့်ဖို့ လိုတယ်ဗျ"

"အို ဒီလိုကိုး ... ဒါကြောင့် ဝါးတွေ ယူလာတာပါလား"

ထိုအခါကျမှ သဘောပေါက်ကာ ကျားဘီးလူးက ဤသို့ ရေရွတ်လိုက်၏။

အမှန်စင်စစ် ထိုသူများသည် လူ၏အသက်ကို ဖက်ရွတ်မျှပင် ပမာမထားဘဲ ဒုစရိုက်မှုအမျိုးမျိုးကို ကျူးလွန်သူများဖြစ်သည် မှန်သော်လည်း တောတွင်း အတွေ့အကြုံ တောတွင်းဗဟုသုတ နည်းပါးသူများဖြစ်ရာ ပီဘိ သနားဖွယ်ပါတကားဟူ၍ ကပ္ပိယကြီးစိတ်ထဲမှ မှတ်ချက်ချမိရာ အမှောင်ထဲမှာပင် ပြုံးလိုက်မိလေ၏။

ထို့နောက် ကပ္ပိယကြီး အကြံပေးသည့်အတိုင်း လူနစ်ယောက် အလှည့်ကျ ကင်းစောင့်လျက် ကျန်လူများ အိပ်စက်စေလိုက်သည်။

www.burmeseclassic.com


ကင်းတာဝန်ကျသူများမှာ အရိုးခြောက်နှင့် မိုးကြိုးတို့ဖြစ်သည်။

ညဉ့်နက်သည်ထက် ညဉ့်နက်လာသောအခါ အခြားသူများ အိပ်ကုန်လျှင် မိုးကြိုးနှင့် အရိုးခြောက်တို့သာ တောတောင်အတွင်းမှ ညဉ့်အရာစာထွက်သည့် တောကောင်များ၏ ဘာသာဘာဝ အော်မြည်သံများကိုသာ နားစွင့်နေမိကြသည်။

ပုရစ်၊ ပုဇဉ်းရင်ကွဲ၊ ဖားနှင့် ညဉ့်ငှက်အချို့၏ အော်မြည်သံ တစ်ခါတစ်ရံ ခွေးများအုပ်စုလိုက် အော်မြည်သံ၊ ဝံပုလွေဟိန်းသံ စသည်တို့ကို ကြားနေရသည်။

ထိုမျှမက ရန်ဖန်ရန်ခါ သားကောင်တွေ့သော သတ္တဝါကြီးများ၏ မာန်ဖီသံများလည်း ထွက်ပေါ်လာတတ်ပေ၏။ အရိုးခြောက်က...

"အေးကွာ ငါတော့ ဒီတောထဲ လိုက်လာတာ များပြီထင်တယ်...မြို့ပေါ်မှာ ဘယ်သူနဲ့ဖြစ်ဖြစ် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်တိုက်ခိုက်ပြီး ဆိုးရဲပေမယ့် တောထဲမှာက အမျိုးမျိုးအဖုံဖုံ ကြောက်နေရတာကလား"

မိုးကြိုးက...

"မင်းပြောတာ မှန်ပါတယ်...တို့ရမယ့် ရတနာက နည်းမှာ မဟုတ်ဘူးလေ...ဒီတော့ ရောက်လက်စနဲ့ စွန့်စားရမှာပေါ့ကွာ"

၎င်းတို့ တီးတိုးပြောနေစဉ် အောက်ဘက်ရှိ မီးပုံမှ ထင်း


www.burmeseclassic.com

www.burmeseclassic.com


တုံးကြီးများကို မီးစွဲကာ အရှိရစ ပြုလာပေသည်။

"ဖျစ် . . ဖျစ်"

"ဖျစ် . . ဖျစ် . . ဖျစ်"

"ဟော . . . မီးပုံကြီးက အားကောင်းလာပြီ . . . မီးညွန့်တွေ တောင် ထွက်လာပြီ"

"ဆိတ်သားကင် တစ်ဝစားထားသော ဗိုက်လေးပြီး မျက်လုံးတွေတောင် မဖွင့်ချင်တော့ဘူး"

"ဟုတ်ပါရဲ့နော်"

ထိုအချိန်၌ အိပ်နေသူများထံမှ ဟောက်သံပင် ထွက်ပေါ်လျက်ရှိသည်။

"ဂီး . . ."

"ဂစ် . . . ဂစ်"

ယင်းသို့ရှိစဉ် ညငှက်တစ်ကောင်က လင့်စင်အနီး၌ လှည့်ပတ်ပျံသန်းရင်း စူးစူးရှရှ အော်ဟစ်လျက်ရှိနေ၏။

ထိုငှက်အော်သံကြောင့် ကပ္ပိယသာဂိ အိပ်ရာမှ နိုးလာခဲ့သည်။

သူက မျက်စိများကို လက်ဖမိုးနှင့် ပွတ်လျက် ညအမှောင်တွင်းသို့ နားစွင့်နေလိုက်၏။

"ချွတ် . . . ချွတ်"

"ဝရုန်း"

"ဝရော . . . ဝရော"


www.burmeseclassic.com

www.burmeseclassic.com


"ဖျော..."

ရုတ်တရက်ဆိုသကဲ့သို့ စောစောက တိတ်ဆိတ်နေသည့် အခြေအနေ ပြောင်းသွားကာ ထူးခြားသော အသံမျိုးစုံ သစ်ပင်အောက်ဘက် မြေပြင်၌ သောသောညံသွားလေသည်။

"ထကြဗျို့ထကြ"

ကပ္ပိယသာဂိက အော်နိုးသဖြင့် မောင်မြတ်နိုးနှင့်တကွ ခါးကုန်းကြီး၊ ကျားဘီလူးတို့ပါ လန့်နိုးလာကြသည်။

"ဝုန်း..."

"ဝရုန်း...ဖရော"

"ဝေါင်း..."

ကြီးမားသော တောသတ္တဝါကြီးများ၏တိုက်ခိုက်မှုအား မီးပုံမှ အလင်းရောင်ဖြင့် တစ်ခါတစ်ရံ မြင်တွေ့လိုက်ရာ လွန်စွာ အသည်းယားဖွယ် ကောင်းလှတော့၏။

အချို့သော သားကောင်ကြီးများက အဆင်သင့်ဝင်တိုက်ရန် စောင့်ဆိုင်းလျက်ရှိရာ အမှောင်အတွင်း၌ ထိုသားကောင်များ၏ မျက်လုံးများမှာ လက်နှိပ်ဓာတ်မီးတော်တော်များများ ထိုးထားသည့်အလား ဝင်းဝင်းတောက်လျက် ရှိနေတော့သည်။

"ကဲ...ကဲ..ဝါးဆစ်ပိတ်တွေကို မီးပုံထဲ ပစ်ချတော့"

ကပ္ပိယသာဂိ၏ စကားအဆုံး၌ ကျားဘီလူးက ဝါးပိုး တစ်လုံးကိုဦးစွာ ဆွဲယူလျက် ချိန်ပြီးနောက် မီးပုံအတွင်းသို့ပစ်ချ


www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

ထို့နောက် တစ်လုံး။

တစ်ဖန် နောက်တစ်လုံး။

ဤသို့ဖြင့် ဝါးဆစ်ပိတ် ငါးလုံးတိတိ ပစ်အချတွင် ပထမအလုံး စတင်ပေါက်ကွဲတော့၏။

"ဖောင်း..."

ထိုပေါက်ကွဲသံကြောင့် သတ်ပုတ်နေသည့် တိရစ္ဆာန်ကြီးများ လန့်ဖျန့်ကာ လွှင့်စင်ထိုးထားသော သစ်ပင်ကြီး၏ ပင်စည်ကို ဝင်ရောက် တိုက်မိကြ၏။

ထို့ကြောင့်အလွန့်အလွန် ပင်စည်ကြီးမားသည့်သစ်ပင်ကြီးပင် တုန်ခါသွားရသဖြင့် လင့်စင်ပေါ်မှ လူအားလုံး အထူးတုန်လှုပ် ချောက်ချားသွားကြရသည်။

"ဖောင်း..."

"ဖောင်း..."

ဝါးဆစ်များက အဆက်မပြတ် ပေါက်ကွဲလျက် ရှိနေတော့သည်။

ထိုမျှကြောက်မက်ဖွယ်အသံဆိုးများထွက်ပေါ်နေလင့်ကစား သတ္တဝါကြီးများမှာ အစားမာန်တက်လျက် ဆက်လက်သတ်ပုတ်နေဆဲသာ ဖြစ်သည်။

"ထည့်...ထည့်ဝါးဆစ်တွေထပ်ထည့်"

ကပ္ပိယသာဂိက ပြောလိုက်သဖြင့် ကျားဘီလူးက ငါးလုံး



www.burmeseclassic.com

www.burmeseclassic.com


များကို မီးပုံတည့်တည့်သို့ ပစ်ချနေရသည်။

အသားနံ့ရသော သားကောင်ကြီးအချို့မှာ သစ်ပင်ကြီးပေါ်သို့ ကုတ်တက်ရန် ကြိုးစားလျက် ရှိနေကြပေသည်။

အရိုးခြောက်က ညည်းတွားသည်။

"တကယ့်ကို ကြောက်စရာ ကောင်းလှပါလားဗျာ"

မောင်မြတ်နိုးကမူ ကြောက်စိတ်ထက် သူ့ဘဝ၌ ဦးစွာမြင်တွေ့ရသည့် မြင်ကွင်းဖြစ်ရကား စိတ်ဝင်တစား ကြည့်နေရှာလေ၏။

"အဲဒါ ခင်ဗျားတို့အိတ်တွေထဲမှာ ထည့်ထားတဲ့ အသားကြပ်ကင်အနံ့ကြောင့်ပေါ့...ကျုပ်တို့အောက်ဘက်မှာသာ စခန်းချလိုက်တော့ ဘုရားခေါ်ပြီးသားပဲ"

"မှန်ပါတယ် ကပ္ပိယကြီး"

ကပ္ပိယကြီးစကားကို ခါးကုန်းကြီး တာတေလံက ထောက်ခံရင်း အောက်ဘက်မှ သားရဲကြီးများ ဟိန်းဟောက်မာန်ဖီ သတ်ပုတ်တိုက်ခိုက်နေမှုကို ကြည့်နေသည်။

တောတိရစ္ဆာန်ငယ်များ၏ တောတိုး ပြေးလွှားသံများကလည်း ကမ္ဘာပျက်သည့်အလား နေရာအနှံ့အပြားမှ ပေါ်ထွက်လာလေသည်။

"တောက် ... ဒီလောက်တောင် သောင်းကျန်းနေတဲ့သတ္တဝါတွေ ကျုပ် လက်ယားလာပြီ သေနတ်နဲ့ ပစ်လိုက်ရင်ကောင်းမယ်ထင်တယ်"


www.burmeseclassic.com

မိုးကြိုးက တစ်စခန်း ထလာပြန်သဖြင့် ကပွိယကြီးက ပြောလာရပြန်သည်။

"ခင်ဗျား ပိုင်ပိုင်နိုင်နိုင် ပစ်ခတ်လို့ သေသွားရင်တော့ အကြောင်းမဟုတ်ဘူး..မသေဘဲ ဒဏ်ရာရသွားခဲ့မှ အဲဒီသတ္တဝါဟာ တစ်နေရာမှာ ခိုနေပြီး ကျုပ်တို့အဆင်း အပြိုးနဲ့ တိုက်မိုက်မှာ သေချာတယ် ကိုယ့်လူ"

"ဟုတ်တယ် ပေါ့ကောင် လုံးဝ မပစ်နဲ့"

ခါးကုန်းကြီးက သူ့တပည့်ကို ဟန့်တားလိုက်သဖြင့် မိုးကြိုးမှာ အောက်ဘက်သို့ ထိုးချိန်းထားသော သေနတ်ကို ဖယ်လိုက်သည်။

ဤသို့ဖြင့် ရှုပ်ခတ်နေသည့် သတ္တဝါကြီးများမှာ အရက် တက်ချိန်နီးသည်တွင် နေရာအသီးသီးသို့ အလျိုလျို ပြန်လည် ထွက်ခွာသွားကြပေတော့၏။

"ကဲ...ရှင်းကုန်ပြီ အိပ်မယ်ဆိုရင် အိပ်လို့ရပါသေးတယ်"

ကပွိယသာဂိက ထိုသို့ဆိုသဖြင့် အားလုံး အိပ်ရေးပျက် နေကြသည်ဖြစ်ရာ လင့်စင်တွင် ခေါင်းချကာ စိတ်ချလက်ချ အိပ်စက်လိုက်ကြပေတော့၏။

✠✠✠



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကောင်းကင်းယံတစ်ခို တိမ်ညိုမည်းတို့ ညိုမှိုင်းအုံ့ဆိုင်း နေကြသည်။

သို့သော် မိုးတို့၏ ရှေ့ပြေးတမာန်ဖြစ်သည့် လျှပ်ပန်း လျှပ်နွယ်တို့က နယ်ရှစ်ခွင်အနှံ့မှ ပြိုးပြိုးပျက်ပျက် လင်းလင်း လက်လျက်ရှိနေသည်။

လေများသည် ချက်ချင်းလိုပင် ဟူးဟူးရားရားတိုက်ခတ် လာကာ မိုးတိမ်များ ဟိုမှသည်မှ လင်းလက်လျက်ရှိသည်။

ထိုမိုးသားအောက်ခံ တောတန်းတစ်နေရာတွင် လူငယ်တစ် ယောက်သည် အားကိုးရာမဲ့သူကို ရှုမဲ့လျက် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုသူ၏ မျက်နှာအား လျှပ်စီးအလင်းရောင်ဖြင့် ကြည့်လိုက်သောအခါ အမှန်စင်စစ် ထိုသူမှာ ကပ္ပိယသာဂိ ဖြစ်နေတော့သည်။

ဆိုးရွားလှသည့်ရာသီဥတုအောက်မှာပင် ကပ္ပိယသာဂိသည် တောတောင်းတစ်လျှောက် အဓိပ္ပါယ်မဲ့စွာ လျှောက်လျက်ရှိသည်။

ထိုအခိုက် ကျား၊ ဆင်၊ ကျားသစ်၊ ဝက်ဝံ စသည့် သားကောင်ကြီးများကလည်း တောတန်းတစ်ဖက် တောအုပ်အတွင်းမှ ရုတ်တရက် ပေးလာကာ ကပ္ပိယသာဂိအား စားမည့်ဝါးမည့် အနေအထား အသီးသီး မာန်ဖီဟိန်းဟောက်လျက် ရှိနေကြသည်။

"အလို..ဘုရားဘုရားဘုရားကယ်တော်မူပါ့အရှင်မြတ်စွာဘုရား"

ကပ္ပိယသာဂိတစ်ယောက် ဤသို့ ရေရွတ်လိုက်သောအခါ လေများ ပိုသည်းလာကာ မိုးကြိုးတစ်ချက်ပင် ပစ်ချလိုက်သေးလေ၏။

"ဂျိန်း...ဒလိမ်း"

ထိုခဏ သည်တောအုပ်အစပ်သို့ ဖြာဝေသော အလင်းတန်းတစ်ခု ကျရောက်သွားခဲ့သည်။

ထိုအလင်းတန်း ကျရောက်ရာနေရာသို့ ကပ္ပိယသာဂိ အမှတ်မထင်ကြည့်လိုက်မိ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဟင်...အလို"

သူ လုံးဝ အံ့သြသွားရသည်။

အဘယ်ကြောင့်ဆိုသော်ထိုအလင်းတန်းကျရောက်ရာ နေရာတွင် လူတစ်ယောက်ကိုတွေ့လိုက်ရခြင်းဖြစ်ကာ ထိုသူမှာ သူ့အနေနှင့် လုံးဝမမျှော်လင့်သည့် ဆရာဖြစ်သူ ဖိုးသူတော်ကြာ ပေါ် ဖြစ်နေသောကြောင့်ပင်တည်း။

"ဆရာ...ဆရာ"

"လာလော့ တပည့်...လာလော့"

ဖိုးသူတော်ကြာပေါ် ခေါ်သဖြင့် ကပ္ပိယသာဂိက ထိုနေ ရာသို့ ခပ်မှန်မှန် လျှောက်လာခဲ့စဉ် သားရဲသတ္တဝါကြီးများက ခုန် အုပ်ရန် အသင့်ပြင်နေကြသည်။

သို့ရာတွင် ဖိုးသူတော်ကြာပေါ်က လက်ထဲမှ တစ်စုံတစ် ရာဖြင့် ပစ်ပေါက်လိုက်သောအခါ ပြိုးပြိုးပြက်မျှ အလင်းရောင် များထွက်ပေါ်လာလျက် သတ္တဝါကြီးများကြောက်လန့်အော်ဟစ် ကာ ခြေဦးတည့်ရာ ထွက်ပြေးကုန်တော့သည်။

ကပ္ပိယသာဂိက သက်ပြင်းတစ်ချက်ချရင်း သတ္တဝါများ ပြေးလွှားရာသို့ ပျောက်ကွယ်သွားကြသည်အထိ ကြည့်နေမိ သည်။

"လာလော့ တပည့် လာလော့"

ထိုစဉ် ဆရာဖိုးသူတော်ကြာပေါ်ထံမှ ခေါ်ငင်သောအသံ ထွက်ပေါ်လာပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com


သို့အတွက် ကပ္ပိယသာဂိက ဖိုးသူတော်ကြာပေါ်ထံ ဆက်လက် လှမ်းသွားမိပြန်သည်။

ယင်းအချိန်၌ လေပြင်းများ လုံးဝရပ်တန့်သွားကာ ဆရာဖြစ်သူ အသံက သူ့နားအတွင်းတွင် ဟိန်းနေပေ၏။

"ကပ္ပိယတပည့်ကြီး မည်သည့်ဘေးဒုက္ခအန္တရာယ်ကိုမျှ မမှုလင့်၊ ယခု သင်ကြုံသည့် ဘေးဒုက္ခများမှာ ခေတ္တခဏသာဖြစ်ကြောင်း နားလည်သင့်၏"

"မှန်ပါ့ ဆရာသခင်"

ကပ္ပိယကြီးက တစ်စုံတစ်ရာ ပြောရန် ကြိုးစားသည်။ သို့သော် အာခေးထည့်ထားသကဲ့သို့ မည်သည့်အသံမျှ ထွက်ပေါ်လာခြင်း မရှိပေ။

"မစိုးရိမ်လင့် ... မစိုးရိမ်လင့်"

ဆရာ့စကားကြောင့် ကပ္ပိယကြီးက နားလည်ပါကြောင်း ပြန်လည် ခေါင်းညိတ်ပြလိုက်သည်။

ပြန်ကြည့်လိုက်သည်တွင် နေရာ၌ ဆရာဖိုးသူတော်ကြာပေါ် လုံးဝမရှိတော့ပေ။ ထူးခြားစွာ ပျောက်ကွယ်သွားတော့သည်။

"ဆရာ .. ဆရာ .. ဆရာ"

"ဆရာ .. ဆရာ"

✠✠✠


www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၄)

"ဦးကြီး...ဦးကြီး"

"ဦးကြီး..."

နားထဲ၌အသံများ သဲ့သဲ့ကြားရ၏။

အသံများဝေးနေရာမှ နီးလာကာ မိမိခန္ဓာကိုယ်ကို ကိုင်လှုပ်နေကြောင်း ခံစားမိသည်နှင့် ကပ္ပိယကြီးသာဂိက မျက်လုံးများကို ဖွင့်လိုက်သည်။

ဖြာဝေသော အလင်းရောင်ကြောင့် မျက်လုံးပြာသွားရသည်။ ထို့ပြင် ဆိတ်သားကင်နံ့ကလည်း ရုတ်ချည်းပင် ခေါင်းအတွင်းသို့ တိုးဝင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီး...နေအခတော်မြင့်နေပြီ သူတို့အားလုံး ဆာကြပြီ ဖြစ်လို့မနေနိုင်တော့ဘဲ အောက်ကိုဆင်းပြီး အသားတွေ ကင်စား နေကြပြီလေ"

"ဟော . . . ဟုတ်လား မိုးလင်းကာနီးမှ အိပ်တော့ တော်တော်ကို အိပ်ပျော်သွားတာပါကွာ"

ကပ္ပိယသာဂိက အိပ်ယာမှ ကမန်းကတမ်းထရင်း ပြန် ပြောလိုက်သည်။

ပြီးလျှင် အောက်ဘက်က လူစုကို ဇွေ့ဝဲကြည့်ရှုလိုက် လေ၏။

"ကဲ...လာလာ...တို့အောက်ဘက်ဆင်းကြရအောင်"

"ဟုတ်ကဲ့"

မောင်မြတ်နိုးကို အရင်ဆင်းစေလျက် ကပ္ပိယကြီးက နောက်မှ လိုက်ဆင်းသည်။

မြေပြင်သို့ မောင်မြတ်နိုး ခြေချပြီး၍ မကြာမီ သေနတ် သံများကို ရုတ်တရက် ကြားလိုက်ရတော့သည်။

"ဒိုင်း..."

"ဒိုင်း..."

"ချွင်း..."

"ဟိုက်..."

ပထမကျည်ဆန်တစ်တောင့်မှာ အသံသာကြားရသော်လည်း ဒုတိယကျည်ဆန်ကား ကပ္ပိယသာဂိ ခေါင်းပေါ်ဝင်တွာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော် မြင့်လျက်မှ သစ်ပင်ကြီး၏ ပင်စည်သို့ ပွတ်ကပ်ထိမှန်သွားရာ သစ်စများ ဖွာခနဲ ကြဲထွက်သွားသည်။

ထို့ကြောင့် ကပ္ပိယသာဂိမှာ ခပ်ဖြည်းဖြည်း ဆင်းနေရာမှ အလျင်အမြန် အောက်ဘက်သို့ လျှောချလိုက်ရပေ၏။

"ဟော့...ပစ်တယ်ကွ သေနတ်တွေ အသင့်ပြင်ထား...နေရာအနှံ့ကို မျက်စိရှင်ရှင်နဲ့ ကြည့်..."

ခါးကုန်းကြီးတာတေလံက ပြူးတူးပျာတာအမိန့်ပေးလိုက်သည်တွင် လူဆိုးများမှာ ကာင်လက်စ အသားကင်များကို ပင်မီးပုံတွင်းပစ်ချကာ ဝရုန်းသုန်းကား ကိုးယို့ကားယားဖြစ်ကုန်ကြတော့သည်။

"ဒိုင်း..."

နောက်ထပ် သေနတ်သံတစ်ချက် ထပ်မံ ထွက်ပေါ်လာပြီးနောက်ငြိမ်သက်သွားစဉ် သစ်ပင်ကြီးပင်စည်အနောက်ဘက်၌ပုန်းကွယ်နေသည့် ကပ္ပိယသာဂိက...

"ဒီတောထဲမှာ အိန္ဒိယပြည်နယ်ဘက်က ထွက်ပြေးတိမ်းရှောင်လာတဲ့ ဝရမ်းပြေးတွေ၊ ရာဇဝင်လူဆိုးတွေ၊ လမ်းခါးပြတွေ အများသားကလား၊ ဒါကြောင့် ကျုပ်တို့ ဒီနေရာက အမြန်ဆုံးရွှေ့မှ ဖြစ်လိမ့်မယ်ဗျို့"

ကျားဘီလူးက...

"သူတို့ အင်အား ဘယ်လောက်ရှိတယ်ဆိုတာစောင့်ကြည့်ရင် ကောင်းမယ်ထင်တယ် ဆရာကြီး"


www.burmeseclassic.com

www.burmeseclassic.com


စောဒကတက်နေသော ကျားဘီလူးအား ခါးကုန်းကြီး ကမျက်စောင်းထိုးကြည့်လိုက်ပြီးလျှင်…

"မင်းအဘ…ငါတို့က ဗြောင်မြင်ကွင်းမှာ သူတို့က လျှို့ ဝှက်ပစ်ခတ်နေတာ ကြာရင် ခက်မှာပေါ့ ကဲ ကဲ ကဲ ကပ္ပိယကြီး ပြောသလို တို့အားလုံး ဒီနေရာက ခွာကြစို့"

ထိုအချိန်၌ မီးပုံထဲ၌ ကျန်နေခဲ့သော အသားကင်အချို့ မီးလောင်သဖြင့် တူးစော်နံနေရာ ထိုအနံ့ဆိုးကြောင့် လူအားလုံး မခံမရပ်နိုင်ဖြစ်ကာ ထိုနေရာမှ ချက်ချင်းပင် ဖွတ် ထွက်လာခဲ့ကြ သည်။

"ဒိုင်း…ဒိုင်း"

ယင်းသို့ ထွက်ပြေးခဲ့ကြစဉ် ရမ်းသန်းပစ်ခတ်လိုက် သည့် သေနတ်သံတစ်ချက်နှင့်အတူ ကျည်ဆန်များက ၎င်းတို့ ခေါင်းပေါ်မှ တရှီရှီ ဖြတ်သန်း ပြေးလွှားကြကုန်လေ၏။

အရိုးခြောက်က သူ့သေနတ်ဖြင့် သေနတ်သံလာရာသို့ ပြေးရင်းလွှားရင်း ထိုးပစ်မည်ပြုရာ ဆရာကြီးတာတေလံက ဟန့် တားလိုက်၏။

"ဟေ့ကောင်…မပစ်နဲ့ တို့ရှိတဲ့နေရာကို သိသွားဦးမယ် …အခုဆိုရင် တို့က ကြိုက်တဲ့နေရာကိုပြေးနိုင်တယ် မဟုတ်လား ကွ"

"ဟုတ်ကဲ့"

အရိုးခြောက်မှာ မကျေမနပ်ဖြင့် ချိန်ရွယ်ထားသည့်


www.burmeseclassic.com

www.burmeseclassic.com


သေနတ်အား ချလိုက်ရရှာသည်။

သူတို့ဆက်ပြေးကြပြန်သည်။

ဤသို့ပြေးရင်း နာရီဝက်ခန့်ကြာသောအခါ ကျောက်ဂူကြီးတစ်ခုအနီးသို့ ရောက်ရှိလာကြသည်။

"ဟာ...ကျောက်ဂူကြီးက ရေညှိတွေ တက်ပြီး ကတ္တီပါဘောလုံးကြီးလို ဖြစ်နေပါလား"

"ဟုတ်ပါရဲ့ ရေညှိတွေဟာ နှစ်ပရိစ္ဆေဒ အတော်ကြာကတည်းက ပေါက်ရောက်နေတာ ဖြစ်ရမယ်"

"ကျောက်ဂူထဲမှ အပြာရောင်အလင်းတန်းက မီးချောင်း ထွန်းထားသလို ထိန်နေတာပဲဗျာ"

ခါးကုန်းကြီးတာတောလံကမူ တစ်စုံတစ်ရာ မဆိုဘဲ အရုပ်ဆိုးသည့် မျက်နှာကြီးအား မျက်မှောင်ကုတ်ထားသည်။

အမှန်စင်စစ် ၎င်းအနေဖြင့် တစ်စုံတစ်ရာကို စဉ်းစားနေခြင်းပင် ဖြစ်သည်။

ပြီးမှ ၎င်းက...

"သိပြီ သိပြီ လက်စသက်တော့ မြေပုံထဲမှာ ပါတာပဲ အပြာရောင်အလင်းတန်းများရှိသည့် ရေညှိစိမ်းကျောက်ဂူကြီး ဆိုတာက..."

မတတ်သာသည့်အဆုံး ကပ္ပိယသာဂိက...

"မှန်ပါတယ် မြေပုံထဲမှာ ပထမစခန်းအဖြစ် ကြက်ခြေခတ်ထားတဲ့ နေရာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မယုတ်မလွန် ပြောလိုက်ရသည်။

"အတော်ပဲ ... တို့ ဒီမှာ စခန်းတစ်ထောက်နားကြမယ်၊ အခုန ပစ်ခတ်တဲ့ သေနတ်သမားတွေလာရင်လည်း ဂူထဲကနေ ခံပစ်လို့ ရတာပေါ့"

"အဲဒါကောင်းတယ် ဆရာကြီး"

မိုးကြိုးကလည်း ထောက်ခံလိုက်သည်။

သို့ဖြင့် လူအားလုံး ရေညှိစိမ်းကျောက်ဂူကြီးရှေ့သို့ ရောက်ရှိလာခဲ့ကြသည်။

ကပ္ပိယသာဂိက အတွေ့အကြုံရှိသူပီပီ သတိပေးလိုက်သည်။

"အရမ်းမဝင်ကြနဲ့ ... အထဲမှာ သတ္တဝါဆိုးတွေ၊ အဆိပ်ပြင်းထန်တဲ့ မြွေဆိုးတွေ ရှိနိုင်တယ်လေ"

ကျားဘီလူးက ...

"ဟာ .. မှန်တာပေါ့ ကျွန်တော်ကြားဖူးတာက ကျောက်ဂူကြီးတွေထဲမှာ သတ္တဝါကြီးတွေ ခိုအောင်းနေတတ်ကြတယ်တဲ့ ကပ္ပိယကြီး"

ဆရာကြီးတာတေလံက ...

"ဒီအတိုင်းရပ်နေလို့ ဘယ်ဖြစ်မလဲ ကိုင်း ... ဒီလိုပုံဖြင့် ဘာဆက်လုပ်ကြမလဲ"

ကပ္ပိယသာဂိက ...

"လွယ်ပါတယ် ... ကျုပ်တို့မှာ လိုရမယ်ရ ခုံးဖို့တစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်ကို မီးတုတ်သုံးချောင်းစီပါတယ် မဟုတ်လား၊ အဲဒီ မီးတုတ်တွေ မီးရှို့ပြီး ဂူထဲပစ်ပေါ့"

"ဟုတ်ပြီ...ဟုတ်ပြီ...ဒီလိုတော့လဲအလွယ်သားပါလား ကဲ...စမယ်ဟေ့..မီးတုတ်တွေကိုထုတ်"

ထို့နောက် မီးတုတ်များကို ကျောက်ဂူအတွင်းသို့ သူ့ထက်ငါ ပစ်သွင်းကာ ကျောက်ဂူဝမှ ဖယ်ခွာလျက် ကျောက်ဂူ နံဘေးသို့ ပြေးကပ်ကြ၏။

သို့ရာတွင် ကပ္ပိယသာဂိကမှ တူဖြစ်သူ မောင်မြတ်နိုး အား ကျောပိုးကာ ပင်စည် အတန်အသင့် ကြီးမားသည့် သစ်ပင် ကြီးတစ်ပင်သို့ ခက်ခက်ခဲခဲ ကုတ်ကပ်၍ တက်လေ၏။

ကျောက်ဂူကြီးအတွင်း၌ မီးရောင်များ ထိန်လင်းသွားပြီး မကြာမီ မသဲမကွဲ ဟစ်အော်သံများနှင့် လှုပ်ရှားသံများကို ခပ်သဲ့ သဲ့ကြားလိုက်ရသည်။

လူအားလုံး နားစွင့်နေမိကြသည်။

မျက်စိနှင့်နားကို အစွမ်းကုန် ဖွင့်လှစ်ထားရှိကြသည်။

မကြာလှပေ။

"ဝူး..."

"ဝေါ..."

"ခွီး...ခွီး"

"ရှီ...ရှီ...ရှီ"

ရုတ်တရက် တူရိယာပေါင်းစုံ တီးခတ်လိုက်သကဲ့သို့


www.burmeseclassic.com

အသံပေါင်းစုံ ဆူညံစွာ ထွက်လာကာ မိကျောင်းမကျ ဖွတ်မကျ ရောမ တွားသွားသတ္တဝါကြီးများ၊ အမောက်များပါသည့် နဂါး သဏ္ဍာန်မြွေကြီးများ၊ စားပွဲဝိုင်းခန့်ရှိ ကမ္ဗလာလိပ်ကြီးများ၊ အမွေး အမျှင် ထူထပ်သိပ်သည်းကာ အစွယ်တစ်ချောင်းသာ ရှိလျက် မျက်လုံးလည်း တစ်လုံးတည်းရှိသည့် ထူးဆန်းသတ္တဝါကြီးများ၊ အကောင်တစ်ထောင်ထက် မနည်းသော လင်းနို့ငှက်ကြီးများ၊ လင်းဆွဲများ၊ ဖွတ်ကြီးများသည် ကျောင်ဂူအဝသို့ စုပြုံတိုးဝှေ့ကာ အပြင်ဘက်သို့ အလုအယက်ထွက်နေကြလေ၏။

သတ္တဝါများမှာ စုံသလောက် များပြားလွန်းလှရကား ခါးကုန်းကြီးတာတေလံတို့ လူစုမှာ အလွန့် အလွန် ကြောက်လန့်ကာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေကြတော့သည်။

"အံမာလေးဗျန့်"

"ဗုဒ္ဓေါ..."

"ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပါပြီဗျာ"

"ဟိုက်..များလှချည့်လား"

ကျောက်ဂူအပြင်ဘက် အရောက်၌ သင့်ရာ သင့်ရာသို့ ခွဲထွက်သွားကြသော သတ္တဝါကြီးများရှိသကဲ့သို့ တစ်ကောင်နှင့် တစ်ကောင် တိုးမိတိုက်မိရာမှ သတ်ပုတ်တိုက်ခိုက်နေကြသည့် သတ္တဝါကြီးများလည်းရှိရာ အလွန်တရာ ကြက်သီးထဖွယ် မြင် ကွင်းဟု ဆိုရပေမည်။

မြွေကြီးများမှာကား ခန္ဓာကိုယ်နှင့် မလိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အလျင်အမြန်ဆုံးနှုန်းဖြင့် တောအုပ်အတွင်း စောလျင်စွာ ထွက်ပြေးပျောက်ကွယ်သွားကြကုန်သည်။

တွားသွားသတ္တဝါကြီးများကမူ နေးကွေးနေသည့် ကမ္ဘာလိပ်ကြီးများအား ကျော်နင်းခလုတ်တိုက်၍ သွားနေသဖြင့် အချို့ကမ္ဘာလိပ်ကြီးများမှာ ပက်လက်လန် လဲကုန်သည်။

သို့သော် အခြား သတ္တဝါများက တိုက်မိပြန်သဖြင့် နဂိုအတိုင်း ပြန်ဖြစ်ကာ ထွက်ပြေးကြသည်မှာလည်း ဝိဘိရယ်စရာကောင်းလှပေတော့၏။

ထိုမျှ ရယ်စရာမြင်ကွင်းကိုပင် တာတေလံတို့ လူဆိုးအုပ်စုမှာ ကြည့်၍ မရယ်နိုင်ကြပါပေ။

သူတို့အဖို့ သတ္တဝါပေါင်းစုံကို တစ်စုတစ်ဝေးတည်း အသည်းယားဖွယ် ယခုတစ်ကြိမ်သာ မြင်ဖူးသည်ဖြစ်ရာ ကြောက်ခမန်းလိလိ မြင်ကွင်း တုန်လှုပ်စွာဖြင့်လည်းကောင်း ကြောက်လန့်ခြင်းကြီးစွာဖြင့်လည်းကောင်း မမှိတ်မသုန် ကြည့်နေမိကြသည်သာ။

အထူးကံကောင်းသည်မှာ သတ္တဝါကြီးများသည် ကျောက်ဂူဝတူရှုဆီသို့သာ ဦးတည်ထွက်ပြေးကြခြင်း ဖြစ်သောကြောင့် ကျောက်ဂူနံဘေး၌ ခိုနေကြသည့် လူဆိုးအုပ်စု သက်သာရခြင်းဖြစ်သည်။

မောင်မြတ်နိုးတို့ တဲ့ဝရိုးမှာ မြင့်မားသော သစ်ပင်အုပ်မှ အန္တရာယ်ကင်းကင်းနှင့် သတ္တဝါများ ဗလုံးဗထွေးပြေးကြသည့်



www.burmeseclassic.com

မြင်ကွင်းကို အေးအေးသက်သာ ကြည့်နိုင်ကြပေသည်။

သို့ရာတွင် တစ်ချိန်၌ ရောမမြွေကြီးနှစ်ကောင်က သူ့ထက်သူ သစ်ပင်ပေါ်သို့အရင်ရောက်ရန် လုတက်ကြရာမှ တစ်ကောင်နှင့်တစ်ကောင် လုံးထွေး သတ်ပုတ်ကုန်တော့သည်။

"မောင်မြတ်နိုးရေ . . . မင်းမှာရှိသေးတဲ့ မီးတုတ်တစ်ချောင်းကို ဟောဒီ မီးခြစ်နဲ့ မီးရှို့စမ်းကွာ မြန်မြန်လေး မြန်မြန်လေး"

"ဟုတ်...ဟုတ်ကဲ့"

ကပ္ပိယကြီး လှမ်းပေးသည့် မီးခြစ်နှင့် မီးတုတ်ကို မောင်မြတ်နိုးက အမြန်မီးရှို့ပြီး လှမ်းပေးလိုက်သည်။

"ကိုင်းကွာ"

ဤတွင် ကပ္ပိယသာဂိက လုံးထွေးသတ်ပုတ်နေသည့် သတ္တဝါကြီးနှစ်ကောင်အပေါ် တောက်လောင်နေသော မီးတုတ်ကို ပစ်ချလိုက်သည်။

"ဝုန်း..."

"ဝုန်း..."

သိပ်မကြာလှပါပေ။

မြွေသတ္တဝါဆိုးကြီးနှစ်ကောင်မှာ မီးအပူရှိန်ကြောင့် ကြောက်အားလန့်အားဖြစ်လျက် ခြေဦးတည့်ရာ တောတိုးလျက် အလျင်အမြန် ထွက်ခွာသွားသောကြောင့် တဝေါဝေါ အသံကြီးမှာ မြည်ဟိန်းထွက်ပေါ် သွားပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး..တော်ပါသေးရဲ့ကွာ"

"ဟုတ်ပါ့ ဦးကြီး . . . နို့မို့ ဒီကောင်ကြီးနစ်တောင်တကျွန်တော်တို့ရှိရာ အပင်ပေါ်ကို တက်လာမှာလေ"

"ဒါပေါ့..ဒါပေါ့"

အောက်ဘက်၌ ကျနေသည့် မီးတုတ်က ဆက်လက်လောင်နေဆဲဖြစ်ရာ သတ္တဝါများမှလည်း ထိုမီးတုတ်ကိုကွေ့ရှောင်၍ ပြေးလွှားနေကြပေ၏။

ခေတ္တမျှ စောင့်ကြည့်လိုက်သောအခါ မဆိုစလောက်သတ္တဝါအနည်းငယ်မျှလွဲ၍ ရှင်းလင်းကုန်တော့၏။

မောင်မြတ်နိုးက...

"ဦးကြီး...ကျွန်တော်တို့ဆင်းကြတော့မလား"

"နေဦးကွ . . . စိတ်ချရအောင်နေမှပေါ့"

"ဟုတ်ကဲ့..."

မောင်မြတ်နိုးက ခေါင်းညိတ်ရင်းသတ္တဝါကြီးများထွက်ပြေးရာဆီသို့ အမှုမဲ့အမှတ်မဲ့ လှမ်းကြည့်လိုက်လေသည်။

ဤတွင် အဝေးတောင်ကုန်းထက်မှ ဖြူဖြူအရိပ်သဏ္ဍာန် လှမ်းမြင်လိုက်ရသဖြင့် ကပ္ပိယသာဂိအားလက်တို့ကာပြောလိုက်လေ၏။

"ဦး..ဦးကြီး..ဟို..ဟိုမှာ..ဘာလဲ"

"ဟေ..."

ကပ္ပိယသာဂိက မောင်မြတ်နိုး လက်ညှိုးထိုးပြရာဆီသို့



www.burmeseclassic.com

www.burmeseclassic.com


လှမ်းကြည့်လိုက်သည်။

"အို..."

သူ့အနေဖြင့် မြင်ကွင်းကိုကြည့်ကာ ပိုမိုအံ့သြခြင်းဖြစ်ရပြန်တော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုတောင်ကုန်းပေါ်မှ ဖြူဖြူ အရိပ်သဏ္ဍာန်မှာ ဆရာဖိုးသူတော်ကြာပေါ် သို့မဟုတ် အခြားသူတော်စင်တစ်ဦးဦးနှင့် ခပ်ဆင်ဆင်တူနေသောကြောင့်ပင် ဖြစ်လေ၏။

တစ်ဆက်တည်းမှာ ယခု နံနက်စောစော မက်သည့် အိပ်မက်၌ ဆရာဖိုးသူတော်ကြာပေါ် ပုံရိပ်ကို အထင်အရှား တွေ့ရသည်အားလည်း ပြန်လည် တွေးတောမိပြန်ကာ လွန်စွာ ထူးဆန်းလှပေသည်တကားဟု စိတ်ထဲမှ မှတ်ချက်ချလိုက်မိပေ၏။

ကြည့်နေရင်းမှပင် ထိုအဝေးတောင်ကုန်းပေါ်မှ ဖြူဖြူ သဏ္ဍာန်သည် သစ်ပင်အုပ်များကြားသို့ တိုးဝင်ကာ ရုတ်ချင်း ပျောက်ကွယ်သွားတော့သည်။

ဤမြင်ကွင်းကြောင့်ပင် ကပ္ပိယသာဂိမှာ ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ဖြစ်သွားရရှာပေ၏။

"အားလုံးရှင်းသွားပြီ...ဆင်းလာတော့ဗျို့ကပ္ပိယကြီး"

အောက်ဘက်မှ ကျားဘီလူးက လှမ်းခေါ်နေသဖြင့် ထိုအခါကျမှ ဆင်းဖို့သတိရကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်းပင် မောင်မြတ်နိုးကိုကျောပိုးကာ အောက်ဘက်သို့ ခက်ခက်ခဲခဲ ဆင်းရပြန်ချေ၏။

"အင်း…တောတွင်းခရီးဆိုတာ တကယ်သွားလာကြည့်မှ တကယ် အန္တရာယ်များမှန်း သိရတော့တာပါပဲ"

ခါးကုန်းကြီးတာဓတေလံက သံဝေဂရသကဲ့သို့ သဘောပေါက်စွာ ပြောကြားလိုက်သည်။

၎င်းကဲ့သို့ ဒုစရိုက်ခေါင်းဆောင်ကြီးက ယခုလို ရေရွတ်လိုက်သည့်အတွက် ကပ္ပိယသာဂိ စိတ်ထဲ၌ ရယ်ချင်သလိုလို ဖြစ်သွားမိသည်။

အောက်ရောက်သည့်တွင် ကျောက်ဂူအဝမှ ရ၀်၍ အတွင်း၌ သတ္တဝါအရိုးကျန်နိုးနိုး ကြည့်မိကြသေးသည်။

"အထဲမှာ ရှင်းနေပြီဗျ"

"သေသေချာချာ ကြည့်ပါဦး"

အရိုးခြောက်နှင့် မိုးကြိုးတို့ အချီအချ ပြောနေစဉ် ကပ္ပိယကြီးသာဂိက ရဲရဲတင်းတင်းပင် ဂူအတွင်းသို့ ဝင်ရောက်သွားသဖြင့် လူအားလုံး တကောက်ညီလက်ညီ လိုက်ဝင်ခဲ့ကြသည်။

ထိုအချိန်၌ ၎င်းတို့ ပစ်သွင်းခဲ့သော မီးတုတ်များ မီးသေနေပြီဖြစ်သော်လည်း ကျောက်ဂူအတွင်း၌ကား ပြာလဲ့လဲ့စိမ်းဖန့်ဖန့် အလင်းတန်းများက နေရာအနှံ့မှာ ဖြာဝေလင်းချင်းနေသည့်အတွက် ခန်းမကြီးတစ်ခုအတွင်း မာကျူရီမီးများ ထွန်းထားသကဲ့သို့ ရှိနေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

"အထဲမှာတော့ အလင်းရောင်က ဖြာနေတာပဲဗျို့ ခက်တာက ကြမ်းပြင် စိုစွတ်နေတဲ့ ကိစ္စပဲ"

ဆရာကြီးတာတေလံက ဤသို့ဆိုသဖြင့် ကပ္ပိယကြီးသာဂိက...

"လွယ်ပါတယ်ဗျာ.. အပြင်ဘက်က သစ်ရွက်ခြောက်တွေကို သယ်ခိုင်းပြီး နေရာအနှံ့ မီးပုံရှို့ မကြာခင် အပူရှိန်ကြောင့်ဖြစ်ဖြစ်၊ လေသလပ်လို့ဖြစ်ဖြစ် ကျောက်ဂူကြမ်းပြင် ခြောက်သွားမှာပေါ့ဗျ"

"အိုး...အိပ်ဟုတ်တာပေါ့ဗျာ..ကဲကဲ လုပ်ကြစမ်းဟေ့"

ဤသို့ဖြင့် ဂူအပြင်ဘက်မှ သစ်ရွက်ခြောက်များကို ကောက်ကြ၏။ မီးရှို့ကြ၏။

အကြိမ်ကြိမ်ပြုလုပ်ပြီး၍ လှဲကျင်းလိုက်သောအခါတွင် ကျောက်ဂူကြမ်းပြင်မှာ ခြောက်သွေ့လျက် လူအားလုံး နေချင်စဖွယ် အနေအထား ဖြစ်သွားတော့သည်။

မိုးကြိုးက ပြာလဲ့လဲ့ အလင်းတန်းများရှိရာသို့ လိုက်လံကြည့်ရှုပြီးလျှင်...

"ဆရာကြီး မဟုတ်ကာမှလွဲရော ကျောက်စိမ်းသို့မဟုတ် နီလာကျောက်တစ်မျိုးမျိုး ရောစွတ်နေတယ်လို့ ကျွန်တော် ထင်တယ်"

ဟု ၎င်း၏အယူအဆကို ပြောလိုက်၏။

ကျားဘီလူးက...


www.burmeseclassic.com

www.burmeseclassic.com


"ဒီလောက်ကြီးတဲ့ ရောမကျောက်ဂူကြီးဟာ ဘယ်တုန်းလာ တွင်းထွက်ကျောက် ဖြစ်ရမှာလဲ မိုးကြိုးရာ ဟဲ ဟဲ ဟဲ ဟဲ"

ထို့နောက် ကျောက်ဂူဝနှင့် မနီးမဝေးတွင် မီးပုံကြီး တစ်ပုံဖိုကာ ၎င်းတို့အိတ်များထဲမှ ရိက္ခာခြောက်များကို ထုတ်ယူစားသောက်လျက် အနားယူနေကြသည်။

ဆရာကြီးတာတေလံနှင့် မိုးကြိုးတို့က မီးပုံအနီးတွင် ရတနာမြေပုံကို ထုတ်ကာ လေ့လာလျက် ရှိနေကြပေသည်။

"ဒီကျောက်ဂူက ပထမစခန်းတဲ့...ဒုတိယစခန်းကဒီဂူရဲ့ မြောက်ဘက် လှိုဏ်ကြီးတဲ့ကွ"

"ဒါကရော ဆရာကြီး"

"အဲဒါက ရတနာတွေ မြှုပ်နှံထားရာ ကျွဲဒညင်းပင်သုံး ပင်ရဲ့အလယ် ဖိုနံလောက်ဆိုင်သုံးခုရဲ့ဗဟိုအချက်အချာ နေရာလေ"

"အို...ဒီလိုကိုး"

"တဖြည်းဖြည်းတော့ ကောက်လုနီးပါပြီလေ"

"ရောက်လုနီးလေ အန္တရာယ်တွေက ပိုများလာလေပဲ ဆရာကြီး"

ဆရာကြီးက ခေါင်းညိတ်လျက်...

"အေး...အဲဒါတော့ မှန်တယ်ကွ...အထူး သတိပြုထားကြရမှာပေါ့လေ...ဒီမှာ ကပ္ပိယကြီး"

ပြောပြောဆိုဆို ကျောက်တုံးတစ်တုံးကို ခေါင်းအုံး၍ မှိန်း


www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကပ္ပိယကြီးအား လေသံခပ်မာမာနှင့် တစ်ဆက်တည်း ခေါ်လိုက်၏။

"ဗျာ...ဘာပါလိမ့်"

"ဒီမှာ ကျုပ် တစ်ခါတည်းပြောထားမယ်...ရတနာထားရာ စုရပ်ကိုအေးအေးသက်သာ လိုက်လံပြသပါ...အဲဒီလိုဆိုရင် ခင်ဗျားတို့ တူဝရီးကို ထိုက်သင့်တဲ့ ဝေစုပေးမယ်"

"ဟုတ်ကဲ့"

"ဒီလိုမဟုတ်ဘဲ ကူလီကူမာလုပ်လို့ကတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲကို ကျည်ဆန်တွေ ပစ်မြှုပ်ရမှာပဲ နားလည်လား"

"ကောင်းပါပြီလေ"

ကပ္ပိယသာဂိက ကြောက်ရွံ့ဟန်မပြဘဲ အိမ်ခြေ့ရရတည် ငြိမ်စွာ ပြောလိုက်လေ၏။

မောင်မြတ်နိုးမှာ လူငယ်လေးတစ်ယောက်ဖြစ်သည့် အားလျော်စွာ တစ်လျှောက်လုံး ပင်ပန်းခဲ့သည့်အလျောက် မီးပုံနှင့် မလှမ်းမကမ်း၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိနေရှာပေသည်။

ကပ္ပိယသာဂိမှာ ဒုက္ခမျိုးစုံ ရောပြွန်းခံစားခဲ့ရကာ ယခု အချိန်အထိအရွယ်ငယ်သော်လည်းလူဆိုးများ၏အနိုင်ကျင့်ခေါ် ဆောင်မှုကြောင့် သားရဲပေါ်သော တောလမ်းခရီးကြမ်းတွင် ရောနှောလိုက်ပါလာရသည့် တူကလေးအားကြည့်ကာ မျက်ရင် ကဲ ရင်ထုမနာ ဖြစ်မိရှာပေ၏။

www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်၌ ကျောက်ဂူအပြင်ဘက်တွင် တစ်စတစ်စ မှေးမှိန်လာရာ ညနေစောင်းအချိန်သို့ ရောက်နေပြီဖြစ်ကြောင်း သတိပြုမိတော့သည်။

ထို့ကြောင့် ကပ္ပိယသာဂိ၏ အကြံပေးချက်အရ သစ်ကိုင်းခြောက်၊ သစ်တုံးစသည့် အစေတာ်များများကို စုဆောင်းကြကာ ညဘက်၌ မီးပုံကို မပြတ် ဖိုကြ၏။

ကင်းစောင့်အဖြစ် ဆရာကြီးတာတေလံနှင့် မိုးကြိုးတို့ ကိုယ်တိုင် တာဝန်ယူကြသည်။

ကျန်လူများမှာ နွေးထွေးသော မီးပုံ၏ အရှိန်ဖြင့် စိတ်ချလက်ချ အိပ်စက်ကြတော့သည်။

ငှက်ဖြူကြီးတစ်ကောင်က ကျောက်ဂူအတွင်းဘက်သို့ ဝိုးစနဲ ပျံသန်းလာကာ မီးပုံကို ကျော်လျက် ကပ္ပိယသာဂိအနီးတွင် နားလိုက်၏။

ထိုအခါ ငှက်ဖြူကြီးမှာ အသွင်ပြောင်းသွားလျက် ဆရာဖြစ်သူ ဖိုးသူတော်ကြာပေါ်ဖြစ်သွားကာ...

"တပည့်ကြီးဘာမှမပူနဲ့ လျှိုကြီးအနီးမှာ ဆရာစောင့်နေမယ် သိလား"

ဟူ၏။

ထို့ကြောင့် ကပ္ပိယသာဂိက တစ်စုံတစ်ရာ ပြောရန် နေရာမှ ထလိုက်သည်။

သို့သော် ဆရာဖိုးသူတော်ကြာပေါ်မှာ ငှက်ဖြူကြီး


www.burmeseclassic.com

www.burmeseclassic.com


အသွင် ပြန်လည် ပြောင်းသွားပြီးလျှင် ကျောက်ဂူအပြင်သို့ လျှင်မြန်စွာ ပိုးခနဲ ပျံသန်းထွက်ခွာသွားတော့၏။

"ဆရာ...ဆရာ"

"ဆရာ..."

အိပ်ယာမှ လန့်နိုးကာ အသံကျန် ဟစ်အော်နေသည့် ကပ္ပိယသာဂိကြောင့် ကင်းစောင့်သူများရော အိပ်ပျော်နေသူများပါ လန့်နိုးကုန်ကြသည်။

"ဘာဖြစ်တာလဲဗျ ကပ္ပိယကြီး"

"ကျုပ် အိပ်ပျော်ပြီး အိပ်မက်တွေမက်လို့ ကယောင်ကတမ်း ဖြစ်သွားတာပါလေ"

"အဲ့ပါရဲ့ဗျာ ရုတ်တရက် ဟစ်အော်တော့ ကျုပ်တို့ဖြင့် လန့်သွားရတာပဲ"

ခါးကုန်းကြီးတာတေလံက မကျေမနပ် ပြောလိုက်ပြီး လျှင်း ၎င်း၏ ဆေးတံကြီးအား မီးညှိဖွာရှိုက်နေရာ တောတွင်းမှ မျောက်ဝံတစ္ဆေကြီးတစ်ကောင်အလား ကြောက်မက်ဖွယ် ကောင်းလှပေသည်တကားဟု ကပ္ပိယသာဂိ စိတ်ထဲ၌ မှတ်ထင် လိုက်မိပေ၏။

ထိုအချိန်၌အဝေးဆီမှ ခွေးအ,များအူသံနှင့်အတူ အမျိုး အမည်မသိရသည့် သတ္တဝါကြီးများ၏ ကြောက်မက်ဖွယ် ဟစ် အော်လိုက်သော အသံဆိုးကြီးများကိုကြားလိုက်ကြရသည်။

"အု...ဂု...ဂု"


www.burmeseclassic.com

www.burmeseclassic.com


"အူး...ဝူး...ဝူး"

"ဝေါင်း...အီ"

"ဝူး...ဟန်း"

"ဟိုက်...ဘာကောင်တွေအော်တာလဲဗျ...တကယ့်ကို အသည်းတုန် အူတုန်စရာပါပဲလားဗျာ"

မိုးကြိုးက ကပ္ပိယကြီးသာဂိကို လှမ်းမေးရင်း ပခုံးနှစ်ဖက်ကိုကျုံ့ပြလိုက်သည်။

ခါးကုန်းကြီးတာတေလံလည်း ရှုံ့မဲ့လျက်...

"ဟုတ်ပါရဲ့ဗျာ... တကယ့်ကို ကြောက်စရာ လန့်စရာ အသံဆိုးကြီးပါပဲ...အဲဒါ ဘာကောင်များဖြစ်နိုင်မလဲ"

ကပ္ပိယသာဂိက...

"ကျုပ်လည်းမသိဘူးဒီနေရာဟာအခုဆိုရင်ဟိမဝန္တာနဲ့ အတော်နီးလာတာမို့ အအေးဓာတ်ပိုလာတာသာ ကြည့်ပေတော့အမျိုးအမည်မဖော်ပြနိုင်တဲ့ထူးထူးဆန်းဆန်းတောသတ္တဝါကြီးများတွေလည်း ရှိနိုင်တာပေါ့ဗျာ"

ကပ္ပိယကြီး၏မယုတ်မလွန်အဖြေကြောင့် ခါးကုန်းကြီးတာတေလံတို့နှစ်ယောက် အမျိုးမျိုး တွေးတောမိကြကာ ကျောက်ဂူအပြင်ဘက်သို့ ကြောက်စိတ်နှင့် လှမ်းကြည့်နေကြသည်။

အဝေးမှ အသံများက ဆက်လက် ထွက်ပေါ်လာခြင်း မရှိတော့ပေ။


www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံ ကျားဟိန်းသံနှင့် ခြသေ့်ဟောက်သံများ သာထွက်ပေါ်လာတတ်၏။

ကပ္ပိယသာဂိက အသံဗလံများကို ခေတ္တမျှ နားစွင့်ထောင်သည်။

ပြီးလျှင်ပြန်လည်အိပ်ပျော်သွားပြီဖြစ်သည့် မောင်မြတ်နိုးအနီး၌ လဲလျောင်းအိပ်စက်လိုက်တော့သည်။

❋❋❋


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ရေညှိစိမ်းဂူကြီးမှ နံနက်စောစောပိုင်းတွင် ထွက်ခွာလာခဲ့ကြရာ အမေအေးမာတင်လွန်ကဲလွန်းသဖြင့် ခရီးမတွင်နိုင်အောင် ဖြစ်ကြရသည်။

"မြောက်ဘက်ရှုးရှုးကို သွားရမယ့်လို့ ရတနာမြေပုံက ညွှန်းထားတယ်...ဒါကြောင့် ကျုပ်တို့လမ်းမမှားအောင် ဂရုစိုက်ဖို့လိုတယ်ဗျ"

ရတနာမြေပုံကို အလွတ်ကျက်မှတ်မိဟန်ရှိသည့် ကပ္ပိယသာဂိက သတိပေးနှိုးဆော်လိုက်သည်။

"ကပ္ပိယကြီးပြောတာ မှန်ပါတယ်...ဒါကြောင့် အရှေ့



www.burmeseclassic.com

www.burmeseclassic.com


မြောက်ရူးရူးဖြစ်တဲ့ပေဟာပဲ ဟိုတောင်ဆင်းလမ်းအတိုင်းလိုက်ကြရင် ကောင်းမယ်ထင်တယ်"

"ဟုတ်တယ် ဆရာကြီး အောက်ဘက်မှာ ချောင်းရှိနိုင်တယ် . . . အဲဒီလိုဆိုရင် ကျွန်တော်တို့ ရေဘူးတွေ ရေဖြည့်နိုင်တာပေါ့"

"မှန်တယ်"

ထို့ကြောင့် တောင်ဆင်းလမ်းအတိုင်း လျှောက်ကြရာ အောက်ဘက်သို့ မရောက်မီ ထူးဆန်းသည့် အခြင်းအရာတစ်ခုကို တွေ့မြင်ကြရပြန်တော့၏။

ယင်းသည်ကား အောက်ဘက်ရှိ သစ်ပင်ကြီးငယ်များမှာ လေမတိုက်ပါဘဲလျက် သိမ့်သိမ့်ခါလျက် လှုပ်ရှားယိမ်းယိုင်နေသောကြောင့်ဖြစ်သည်။

"အလို..."

"ဟင်..."

"ဟာ..."

"ဟိုက်..."

တွေ့ရသည့်မြင်ကွင်းကြောင့် အားလုံး ထိတ်လန့်ကာ အာမေဋိတ်သံအသီးသီး ထွက်ပေါ်သွားကြသည်။

သို့သော် ခေတ္တခဏသာဖြစ်၍ ကြည့်နေရင်းမှာပင် သစ်ပင် သစ်ကိုင်းသစ်ခက်များပြန်လည်တည်ငြိမ်သွားသည်ကို မြင်ကြရပြန်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

"ဘာပါလိမ့်"

"ဘယ်လိုဖြစ်တာပါလိမ့်"

သို့ရှိစဉ်အခိုက် ၎င်းတို့လှေစုအား ကျောပေးကာ မြူးတူး ဆော့ကစားရင်း တစ်ဖက်သို့ထွက်သွားကြသည့် လှနှစ်ရပ်နီးပါး ခန့်မြင့်ကာ အမွှေးအမျှင် ထူလပျစ်နှင့် ကြောက်မက်ဖွယ် ရောမ လှုပ်ကြီးနှစ်ကောင်ကို မယုံနိုင်ဖွယ် လှမ်းမြင်နိုင်ကြရသည်။

"ဟာ...လှုပ်ကြီးတွေရုတ်တရက်လှည့်ကြည့်ရင်းသူတို့ မမြင်နိုင်အောင် ထိုင်လိုက်ကြဗျို့"

"ဟုတ်တယ်"

ကပ္ပိယသာဂိ၏ သတိပေးသံကြောင့် လူအားလုံး ထိုင် လိုက်ကြရာအနီးအနားၖ္ဒအလေ့ကျပေါက်နေသောမြက်ပင်နှင့် နွယ်ပင်များက ၎င်းတို့အား ကာရံထားသကဲ့သို့ ရှိနေတော့၏။

ကြီးမားလှသော လှုပ်ကြီးနှစ်ကောင်မှာ မားမားကြီး လျှောက်သွားနေရာမှ အတန်ကြာသောအခါ အနီမှိုင်းတစ်နေ ရာ၌ ပျောက်ကွယ်သွားတော့သည်။

"ဟူး..သွားကြပြီ...ဒီတော့ ကျုပ်တို့ခရီးကို ဆက်ကြစို့"

ကပ္ပိယသာဂိက ပြောလိုက်သဖြင့် အားလုံးထကြကာ ခရီးဆက်ခဲ့ကြပြန်သည်။

တဖြည်းဖြည်း နေအတန်မြင့်လာသဖြင့် အအေးဓာတ် လျော့ပါးသွားသောကြောင့် ခရီးအတော်တွင်သည်ဟု ဆိုရပေ မည်။


www.burmeseclassic.com

"ဟော . . ဟိုမှာ စမ်းချောင်းလေးတစ်ခုဗျို့"

"ရေဆာတာနဲ့ အတော်ပဲ"

ကွေ့ကောက်နေသည့် စမ်းချောင်းကလေးတစ်ခုကို တွေ့ရသောအခါလူအားလုံးဝမ်းမြောက်ဝမ်းသာ ရေသောက်ကြ၏။

ရေဘူးများတွင် ရေဖြည့်ထည့်ကြသည်။

ချောင်းမှာ အနည်းငယ် ကျဉ်းမြောင်းသည်မှန်သော်လည်း ရေနက်သည်နှင့်အမျှ ရေစီးအားက သန်လွန်းလှသည်။

ရေစီး၌ ကလေးငယ်တစ်ဦး သာသာခန့်ရှိသည့် အရောင်မျိုးစုံ ငါးကြီးများက လူးပျံကာ ရေပေါ်ခုန်တက်လျက်ရှိသည်။

"ဟာ . . . ငါးကြီးတွေဗျာ . . . ဖမ်းရရင်ကောင်းမယ်ထင်တယ်"

အရှိုးခြောက်က ဤသို့ဆိုသဖြင့် မိုးကြိုးနှင့် ကျားဘီလူးတို့ကလည်း ခေါင်းညိတ်ကြသည်။

သို့သော် ကဗွိယသာဂိက . . .

"ငါးဖမ်းတာနဲ့ ရရင် မီးဖိုပြီး ကင်ရဦးမှာနဲ့ဆိုရင် ဒီနေရာမှာ မိုးချုပ်သွားနိုင်တယ် . . . ဒါကြောင့် ဘယ်လိုလုပ်မလဲ . . . ခင်ဗျားတို့ စဉ်းစားကြပါလေ"

ဟု ပြောလိုက်လေ၏။

ဆရာကြီးတာတေလံက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မှာ ရိက္ခာတွေ အများကြီးရှိသေးတာပဲ ... ငါးဖမ်းနေစရာ မလိုပါဘူး ... ကပ္ပိယကြီးပြောသလို ခရီးဆက်ထွက်ကြမယ်"ဟု ဆို၏။

သို့နှင့် စမ်းချောင်းအနီးမှ ဆက်ထွက်ပြီး စမ်းချောင်းစီးဆင်းရာ အောက်ခြေအတိုင်း လျှောက်ခဲ့ကြသည်။

"ဝုန်း...

"ဗွမ်း..."

"ဝုန်း...ဝုန်း...ဝရုန်း..."

စမ်းချောင်းတစ်နေရာ၌ မိကျောင်းကြီးသုံးကောင်က ငါးကြီးများကို ထိုးဟပ်စားသောက်နေသကဲ့သို့ ငါးကြီးများက လည်း လွတ်မြောက်ရန် အသုဒ်ကြီးစား ရုန်းကန်လျက်ရှိသည်။

ထို့ပြင် လူတစ်ကိုယ်နီးပါး ကြီးမားသည့် ဖွတ်ကြီးအချို့ ကလည်း ကုန်းပေါ်မှ ခုန်ပျံနေသော ငါးကြီးများကို ထိုးသုတ်ရန် ပြင်နေကြသည်။

"တော်ပါသေးရဲ့ ဆရာကြီးရာ ... ကျွန်တော်တို့ လူစု ငါးဖမ်းနေတုန်း ဒီကောင်ကြီးတွေသာ ရောက်လာရင် မလွယ်ဘူးနော် ...အံမာလေး"

ပြောရင်ကြက်သီးထလာကာ တွန့်လိမ်သွားသည့် အရိုးခြောက်ကိုကြည့်ကာ လူအားလုံးပြုံးလိုက်မိကြသည်။

ပြီးလျှင် ထိုနေရာကိုရှောင်ကွင်းလျက် ဆက်လက်ထွက်ခွာခဲ့ကြပြန်သည်။



www.burmeseclassic.com

"ဟာ . . . ဟိုမှာ ကြည့်စမ်း ဦးကြီး သစ်ပင်ကြီးတွေက နွယ်ပင်တွေ ကျနေလိုက်တာ သွယ်တန်းနေတာပဲ ကြည့်လို့ ကောင်းတယ်နော်"

"အေး..ဟုတ်တယ်နော်"

မောင်မြတ်နိုး ညွှန်ပြသည့်အတိုင်းပင် သစ်ပင်ကြီးများမှ တွဲလောင်းကျနေသော နွယ်ပင်များမှာ ရေတွက်၍ မရနိုင်အောင် အပြိုင်းအရိုင်းသွယ်တန်းနေသည့်အတွက် ကပ္ပိယသာဂိက ထောက်ခံသကဲ့သို့ ပြောလိုက်၏။

သို့သော် နွယ်ပင်နွယ်တန်းများ၏အလွန်၌ကား မြေပြင်သည် ပျောက်ကွယ်လျက် ရှိနေပေ၏။

"အိုး...အဲဒါ ဒုတိယစခန်းဖြစ်တဲ့ လျှိုကြီးဖြစ်ရမယ်ဗျ"

"မှန်းလိုက်လေ ကပ္ပိယကြီးရယ် . . . မြောက်စူးစူးအရပ်က လျှိုကြီးဆိုတာ မဟုတ်လား"

"အင်း . . . ဒီပုံအတိုင်းဆိုရင် ရတနာတွေ မြှုပ်နှံထားရာ ကျွဲဒညင်းပင်ကြီး သုံးပင်ဆိုတာ သိပ်မဝေးတော့သလို ခက်ခက်ခဲခဲ ရှာရမှာလဲ မဟုတ်တော့ပါဘူးဗျာ"

ကပ္ပိယကြီးသာဂိ စကားကြောင့် လူဆိုးအားလုံး အားတက်သွားကြကာ လောဘအရောင်ဖြင့် ၎င်းတို့၏ မျက်လုံးများ အရောင်ဝင်းပြောင်သွားကြသည်။

"မှန်တယ် မှန်တယ် ဒါပေမယ့် ဒီနေ့အဖို့ မိုးချုပ်တော့မယ် . . . စခန်းချဖို့ နေရာကောင်းကလေးများ ရှေးချယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယကြီးရဲ့"

ခါးကုန်းကြီးတာတေလံက လိုက်လိုက်လျောလျော ပြောလိုက်သဖြင့် ကပ္ပိယသာဂိက ခေါင်းညိတ်လိုက်သည်။

ထို့နောက်အနီးအနားတစ်ဝိုက်သို့ဝေ့ဝဲကြည့်ရှုရာ မှိုပွင့်သဏ္ဍာန်ကျောက်ထွင့်ကြီးတစ်ခုကို တွေ့လိုက်ရသည့်အတွက် လက်ညှိုးထိုးပြလိုက်သည်။

"ကျောက်ဂူတို့ ဘာတို့လဲ ဒီဝန်းကျင်မှာ မရှိတာမို့ ပေါ့ ဟို မှိုပွင့်သဏ္ဍာန် ကျောက်ကလပ်ကြီးကသာ ကျုပ်တို့အတွက် တစ်ညတာဝေပါလေ့အဏ်မိုးအဏ်အကာအကွယ် ပေးနိုင်လိမ့်မယ် ဗျာ"

ခါးကုန်းကြီးက...

"ကောင်းတယ် လာကြပေ့ အခုနေ မြင်မြင်ထင်ထင် ရှိနိုက်အောက်ဘက်က အမှိုက်သရိုက်တွေ သွားဖယ်ရအောင်"

"ဟုတ်ကဲ့ ဆရာကြီး"

"ဟုတ်ကဲ့"

အနီးရောက်သည်၌ အုံ့ဩဖွယ် ကောင်းလှအောင်ပင် မှိုပွင့်ကြီးအောက်ခြေ၌ တစ်စုံတစ်ယောက် အမှိုက်လှဲထားသည့် အလား ပြောင်ချောနေသည်ကို တွေ့မြင်ကြရသည်။

"ကောင်းလိုက်တာ...ကိုင်းကိုင်း ဒီမှာ နားကြပေစော့"

ဒုစရိုက်ခေါင်းဆောင် ခါးကုန်းကြီး၏ ခွင့်ပြုချက်ရသည်နှင့် ပြောင်တလင်းခါနေသော ကျောက်သားထက်တွင် အခင်းသီး


www.burmeseclassic.com

လွယ်ပိုးထားသော အိတ်များ ပစ်ချလျက် လဲလိုက်ကြတော့သည်။

သို့ရှိစဉ် တဖုတ်ဖုတ် မြည်သံများကြောင့် လူအားလုံး လန့်ဖြန့်သွားရသည်။

နောက်မှပင် မလှမ်းမကမ်းမှ အဝါနှင့်အနီရောင် ယှက်သန်းနေသည့် စားချင့်စဖွယ် အသီးများအား ငှက်အုပ်ကြီးက ထိုးဆိတ်ခြင်းကြောင့် ကြွေကျခြင်းဖြစ်ကြောင်း သိရသဖြင့် စိတ်သက်သာသွားကြရသည်။

အသီးသီးနေသည့် သစ်ပင်ကြီးမှာ ထိုနေရာတစ်ပိုက်၌ အကြီးဆုံးအမြင့်မားဆုံးဖြစ်သဖြင့် ကပ္ပိယသာဂိက မျက်လုံးအစုံမှိတ်၍ အာရုံပြုကာ စိတ်ထဲမှ ရေရွတ်တမ်းတလိုက်၏။

"အရှင် ရုက္ခစိုး . . . အရှင့်အနေဖြင့် ကျန်းမာချမ်းသာလျက် သာသနာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်နိုင်ပါစေသတည်း၊ ကျွန်ုပ်တို့သည် မည်သူ့အားမျှ ထိခိုက်နာကျင်စေရန်သော်လည်းကောင်း၊ ပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း မပြုခဲ့ မကြံခဲ့ကြပါ၊ သို့ရာတွင် ယခုအခါ ကျွန်ုပ်တို့မှာ ဒုစရိုက်သမားများလက်၌ကျရောက်လျက်ရှိပါသည်။ ထိုဒုက္ခမှ ကင်းရှင်းလွတ်မြောက်နိုင်စေရန် ရုက္ခစိုးမင်းမှ ကယ်တင်စောင့်ရှောက်တော်မူပါလော့"

ဓရင်းတိုင်တည်ပြီး၍ မျက်လုံးများ ပြန်ဖွင့်လိုက်သောအခါ မိုးကြိုးက မေးသည်။

"ဒါ...ဘာလုပ်တာလဲဗျ...ကပ္ပိယကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခြော် ... တောစောင့်နတ် တောင်စောင့်နတ်တွေကို အန္တရာယ်ကလွတ်မြောက်အောင်တိုင်တည်ထားပါကျုပ်တို့ဒီည အိပ်ရမှာက လုံးဝ အကာအရံရှိတဲ့နေရာမှ မဟုတ်တာ"

"ခြော်...ဒီလိုကိုးဟုတ်ပုံများ ကျောက်ဂူတစ်ခုတွေ့ရင် အကောင်းသား"

ကျားဘီလူးက...

"ဟုတ်ပါ့ ... မှိုပွင့်သဏ္ဍာန်ကျောက်ပြားကြီးက အပေါ်မှာ မိုးခနေပေမယ့် ဘေးဘက်မှာ အကာအရံမှမရှိတာ သတ္တဝါဆိုး တွေများ ရောက်လာခဲ့ရင်တော့ ..."

သူက စကား တစ်ဝက်တစ်ပြက်မှာပင် ရပ်တန့်လိုက်သည်။

ညနေစောင်း၍ မှောင်ရိပ်များ ကြီးစိုးလာသောအခါ ထုံးစံအတိုင်းပင် သားကောင်များ ချဉ်းကပ်မလာနိုင်စေရန် မီးပုံကြီး ဖိုကြ၏။

"ကဲ ... ဒီညဦးပိုင်းတော့ ကျားဘီလူးနဲ့ အရိုးခြောက်တို့ စောင့်ကြ ... မိုးလင်းပိုင်းမှာ တို့ကို နှိုးပေတော့"

လူဆိုးကြီးတာတေလ်က တာဝန်ခွဲတမ်းချလိုက်သည်။

အတန်ကြာသောအခါ ကင်းသမားများမှလွဲ၍ ကျန်လူအားလုံးမှာ မောပန်းလွန်းသောကြောင့် အေးစိမ့်နေသည့်ကြားမှပင် မီးပုံအနီး၌ အိပ်စက်လိုက်ကြလေ၏။

www.burmeseclassic.com

## အခန်း (၁၆)

"ထလော့အသင်လူသား...ထလော့"

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

နစ်နစ်မြိုက်မြိုက်အိပ်မောကျနေသည့်ကပ္ပိယသာဂိမှာ မိမိနား၌ ပီပီပြင်ပြင် ကြားရသော အသံကြောင့် မျက်လုံးများကို ဖွင့်လိုက်၏။

ထိုအခါ ကင်းစောင့်နေသော ကျားဘီလူးနှင့် အရိုးခြောက် တို့မှာ ကျောက်နံရံကို မှီလျက် တခေါခေါ ဟောက်ကာ အိပ်ပျော်နေသည့် အဖြစ်ကို တွေ့မြင်ရသည်။

"ကျွန်ုပ်သည် သင်တိုင်တည်သမျှပြုသည့် အပင်မှ



www.burmeseclassic.com

www.burmeseclassic.com


ရက္ခစိုးမင်းဖြစ်လျက် သင့်ရန်သူများ မနိုးစေရန် အိပ်ငွေ့ချထား ပြီးဖြစ်သည်။ မကြာမီ သင်တို့အား လွတ်မြောက်ရာသို့ ပို့ဆောင် မည့် ပုဂ္ဂိုလ်များရောက်လာပါလိမ့်မည် ခေတ္တစောင့်ဆိုင်းလော့"

အသံက ရုတ်တရက် ပျောက်ကွယ်သွားသဖြင့် ကပ္ပိယ သာဂိမှာ ယုံရမလို၊ မယုံရမလို ဒွိဟ ဖြစ်သွားရသည်။

သို့ရာတွင် အနီးအနား၌ အခြားသူတစ်စုံတစ်ယောက် မျှမရှိရကား . . . ရက္ခစိုးမင်း၏ သတိပေးချက်အမှန်ဖြစ်ကြောင်း မှတ်ချက်ချလိုက်တော့သည်။

ထို့ကြောင့်ပင် မောင်မြတ်နိုးကို ကမန်းကတန်း လက်တို့ ၍ နှိုးရ၏။

မည်သို့ဖြစ်သည် မသိအောင်ပင် မောင်မြတ်နိုးက လည်း ရုက်ချင်းထထိုင်လျက် ၎င်းအား အကြောင်းသားကြည့်နေ သဖြင့် ဆက်လက် မအိပ်တော့ရန်နှင့် မည်သည့်အရာကိုတွေ့ သည်ဖြစ်စေ ထိတ်လန့်လျက် မအော်မိစေရန် သတိပေးစကား ကိုတီးတိုးပြောလိုက်ရသည်။

မောင်မြတ်နိုးက ထိုအခါကျမှ သဘောပေါက်လျက် ခေါင်းညိတ်ပြရှာ၏။

အတန်ကြာမျှ တူဝရီးနှစ်ယောက် အမှောင်ထုအတွင်း သို့ ဝေ့ဝဲစူးစိုက်ကြည့်ရှုနေမိကြသည်။

လေသည် ခပ်ညှင်းညှင်းတိုက်ခတ်သကဲ့သို့ လေပ်ခါ တစ်ရံ သစ်ကိုင်းများ ပွတ်တိုက်မှုကြောင့် တကျွိကျွိ မြည်သံများ


www.burmeseclassic.com

မှအပ အခြားအသံဆို၍ လုံးဝမကြားရပေ။

ကပ္ပိယသာဂိက လိုရမည်ရ သဘောမျိုးဖြင့် ယခင်က လွယ်ခဲ့ရသည့် ရိက္ခာခြောက်နှင့် ဆေးဝါးအချို့ပါသော အိတ်များကို ၎င်းကိုယ်တိုင် လွယ်လျက် မောင်မြတ်နိုးအားလည်း လွယ်စေလိုက်သည်။

၎င်းတို့ ထပ်မံ၍ အမှောင်တွင်းသို့ ကြည့်လိုက်မိကြပြန်သည်။

ထိုအခါ … လေမတိုက်ပါဘဲလျက် နွယ်ပင်ကြီးများအချို့ လှုပ်လာသည်ကို တွေ့မြင်ရသဖြင့် မောင်မြတ်နိုးက ကြောက်စိတ် နှင့် ကပ္ပိယကြီးအနီး တိုးကပ်လာသည်။

"မကြောက်နဲ့ မအော်နဲ့နော်"

ခါးကုန်းကြီးတို့ လှုပ်ရှားနေအထားကို အကဲခတ်ကြည့်ရှုရင်း မောင်မြတ်နိုးကို သတိပေးရသည်။

သို့ပါသော် … ဒုစရိုက်ဂိုဏ်းသား လေးဦးမှာကား တုတ်တုတ်မျှပင် မလှုပ်ဘဲ တခေါခေါ ဟောက်လျက် နှစ်မြိုက်စွာ အိပ်ပျော်လျက် ရှိနေကြသည်သာ။

ပြီးလျှင် နွယ်ပင်ကြီးများဆီသို့ ဆက်လက်ကြည့်ရှုမိကြပြန်သည်။

"ဝိုး…"

"ဝိုး…"

နွယ်ရှင်အချို့ လှုပ်ယမ်းသွားကြောကာ တဝိုးဝိုး မြည်သံ



www.burmeseclassic.com

www.burmeseclassic.com


နှင့်အတူ လျှိုကြီးအတွင်း ခုန်လွှားထွက်လာသည့် အရိပ်ကြီးတစ်ခုကို မယုံနိုင်ဖွယ် လှမ်းမြင်လိုက်ရသည်။

မောင်မြတ်နိုးက အံ့ဩစိတ်နှင့် ပါးစပ်ဟသွားရာ ကပ္ပိယကြီး ကပျာကယာ ပိတ်လိုက်ရသည်။

ထိုအရိပ်ကြီးနှစ်ခုက ကွတတ အနေအထားနှင့် ကျောက်မှိုပွင့်ကြီးဆီသို့ လျှောက်လာသည်တွင် ထိုသတ္တဝါကြီးနှစ်ကောင်မှာ နေ့လည်ပိုင်းက ၎င်းတို့မြင်တွေ့လိုက်ရသည့် လူဝံကြီးနှစ်ကောင်ဖြစ်ကြောင်း ကပ္ပိယသာဂိ တွက်ဆလိုက်မိတော့သည်။

၎င်းတို့အား ကယ်တင်မည့်သူဟူ၍ ရက္ခစိုးမင်းပြောခဲ့သည်မှာ ထိုလူဝံကြီးများပေလော...

နို့မဟုတ်ပါက ဒုက္ခအကြီးအကျယ် ရောက်ချေတော့မည်ဟု တွေးကာ ကပ္ပိယသာဂိကိုယ်တိုင်ပင် ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး ဖောရွှေးများ ပြန်နေပေတော့သည်။

သို့သော် အနီးရောက်လာသော လူဝံကြီးနှစ်ကောင်ထံမှ ရုတ်တရက် အသံထွက်လာသဖြင့် မယုံနိုင်အောင် ထပ်မံအံ့ဩသွားရပြန်သည်။

"မကြောက်နဲ့...လုံးဝမကြောက်နဲ့"

"ကျုပ်တို့ဟာ ကျုပ်တို့ ဆရာသခင်ရဲ့မှာကြားချက်အဲ ဖိုးသူတော်ကြီးရဲ့ဆန္ဒအရ သင်တို့ကို လာကယ်တာပါလေ"

မောင်မြတ်နိုးမှာ လူစကားပြောသော ရှေးလူဝံကြီး


www.burmeseclassic.com

www.burmeseclassic.com



နစ်ကောင်အား အစွမ်းကုန်ကြောက်လန့်နေရာမှ သက်သာရာ ရသွားသည်။

ကပ္ပိယကြီးလည်း ထိုနည်းလည်းကောင်း ဆိုသကဲ့သို့ အသက်ရှုချောင်သွားရ၏။

ပြီးမှ ကပ္ပိယကြီးက...

"ဖိုးသူတော်ကြီးဟုတ်လား ... ကျုပ်ရဲ့ဆရာဖြစ်မှာပေါ့ နော်"

ဟု မေးလိုက်၏။

လူဝံကြီးတစ်ကောင်က ခေါင်းညိတ်ပြသည်။

အခြားတစ်ကောင်က မည်သို့မျှ မဆိုဘဲ ဒုစရိုက်ဂိုဏ်း သားများအား ၎င်း၏ကြောက်မက်ဖွယ် မျက်လုံးကြီးများနှင့် တစ်ချက် စိုက်ကြည့်လိုက်သည်။

ပြီးလျှင် ၎င်းအား မော့ကြည့်နေရှာသည့် မောင်မြတ်နိုး အား စွေ့ခနဲ ကောက်ပွေ့လိုက်တော့၏။

ခေါင်းညိတ်ပြသည့် လူဝံကြီးကလည်း ကပ္ပိယကြီးအား ထိုနည်းတူစွာ လက်ဖြင့်ဆွဲယူ ပွေ့ချီလိုက်ပေတော့သည်။

ကပ္ပိယသာဂိမှာ ငယ်ရွယ်စဉ်က ဘုရားပွဲတွင် ချားရဟတ် စီးသူကဲ့သို့ ရင်ခုန်လှိုက်ဖိုခြင်း ရသခံစားလိုက်ရသည်။

လူဝံကြီးများ၏ထူထပ်သောအမွှေးများအတွေ့အထိမှာ နွေးနွေးထွေးထွေးရှိလှသည်ဟု မှတ်ထင်ရ၏။

"ကဲ...သွားစို့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

ကပ္ပိယကို ပွေ့ချီထားသည့် လူဝံကြီးက ဆိုလိုက်ရာ မောင်မြတ်နိုးကို ပွေ့ချီထားသည့် လူဝံကြီးက မပွင့်တပွင့်ပြော လျက် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ကျောက်ကလပ် မှိုပွင့်ဆီမှ နွယ်ကြီးမျှင်များ တွဲလွဲကျနေရာဆီသို့ လူဝံကြီးနှစ်ကောင် တစ်ကောင်နှင့် တစ် ကောင် ရင်ဘောင်တန်းလျက် လှုပ်တုတ်လှုပ်တုတ် သွားနေကြ သည်။

ထိုအချိန်၌ ကပ္ပိယသာဂိမှာ အတွေးကြီးတွေးနေရပေ ၏။

ယင်းအကောင်ကြီးနှစ်ကောင်မှာ ရက္ခစိုးမင်းကြီး အိပ်မက်ပေးသည့်အတိုင်း ကယ်တင်မည့် ပုဂ္ဂိုလ်အစစ်အမှန် များပေလော။

သို့မဟုတ်ပါက မိမိတို့ တူဝရီး၏ ဖြစ်စဉ်မှာ ပြောဖွယ် မလိုတော့လောက်အောင်ပင် လူ့ဘဝဇာတ်သိမ်းရပေတော့ မည်။

သို့သော်...လူဝံကြီးနှစ်ကောင်မှာ သာမန်လူဝံကြီးများ မဟုတ်ဘဲ လူ့စကားပြောနိုင်သည့် အဖြစ်ကလည်း တစ်နည်း တစ်ဖုံ ဆန်းပြားလွန်းလှလေရာ ကယ်တင်သူများဟု အ ယုံကြည်လိုက်ရတော့သည်။

လူဝံကြီးနှစ်ကောင်က လုံးဝ စကားပြောချိန်ခြင်း မရှိကြ

www.burmeseclassic.com

www.burmeseclassic.com


တော့ဘဲ အမှုအရာဖြင့်သာ သွားလာလှုပ်ရှားနေကြ၏။

ပြီးလျှင် ခန္ဓာကိုယ်နှင့် မလိုက်အောင် ပေါ့ပါးစွာဖြင့် ခိုင်ခန့်သော နွယ်ကြိုးကြီးများဆီသို့ ရှေ့ဆင့်နောက်ဆင့် လွှားခနဲ ခုန်လိုက်ကြ၏။

"ဝိုး..."

"ဝိုး..."

အားရှိန်ဖြင့် နွယ်ကြိုးကြီးများကို လျှိုအောက်တွင် နက်ရှိုင်းလှသော နေရာဆီသို့ လွှဲသွားတော့သည်။

လူဝံကြီးနှစ်ကောင် နွယ်ကြိုးများယားကို တစ်ချောင်းပြီး တစ်ချောင်း လျှင်မြန်စွာ ခုန်လွှား၍ ကူးနေကြရာ မြင်ကွင်းများမှာ ရိပ်ခနဲ ရိပ်ခနဲ ဝေဝါးနေသည်က များပေ၏။

ကြာသော် . . . မျက်စိများ ဝေဝါးလာသည်နှင့်အမျှ ရင်ထဲ၌ လိုက်ခနဲ ဖိုခနဲ ခံစားရကာ ဦးခေါင်းများသည်လည်း ချာချာလည်နေသဖြင့်ကြည့်ရင်းကြည့်ရင်းမှ မောင်မြတ်နိုးသည် လည်းကောင်း ကပ္ပိယကြီးသည်လည်းကောင်း မေ့ခနဲ အိပ်ပျော်သွားကြပေတော့၏။

✠✠✠


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အကုသိုလ်နဲ့ကုသိုလ် ဒုစရိုက်နဲ့ သုစရိုက်တို့၏ခြားနားခြင်း အဖြစ်ကို စေ့စေ့သေချာမသိသေးသ၍တော့ သတ္တဝါအပေါင်းမှာ ချမ်းသာစစ်ဆိုတာ ဘယ်အခါမှ ရနိုင်ပေလိမ့်မယ်မဟုတ်ဘူးဗျ"

"မှန်ပါတယ် ဦးသူတော်"

"အစုကြည့်လေ ... ဆိုးရွားလှတဲ့ အပြုအမူကြောင့် အနာဂတ်ကာလမှာ ဘယ်လိုအဖြစ်မျိုး ခံစားရမယ်ဆိုတာ သူတို့မသိဘဲ လောဘစိတ်ကြောင့် မပြုမူသင့်တဲ့ နိုင်ထက်စီးနင်းမှုကို ဒုစရိုက်သမားတွေ ပြုကြတာ"


www.burmeseclassic.com

www.burmeseclassic.com


"မှန်ပါတယ်ဗျာ . . . ကျုပ်က နဂါးဒေဝီရဲ့မေတ္တာရပ်ခံချက်ကြောင့် ဒီရတနာပစ္စည်းတွေကို တတ်နိုင်သမျှ အကာအကွယ်ပေးမယ်လို့ ကတိပြုပြီးသားပါ။ ဒါကြောင့် ဒီနေရာကို ရောက်လာတဲ့ လောဘသားမှန်သမျှကို ကျုပ်ရဲ့ဂမ္ဘီရလှူဝံကြီး နှစ်ကောင်က အမြဲချောက်လှန့် မောင်းထုတ်ခဲ့တာပါပဲ"

"ကျေးဇူးတင်ပါတယ် အရှင်ဖကီးကြီး နဂါးဒေဝီဆိုတာ ကာလဲအမှန်က ပောဟိုကလေးအမေ၊ ကျုပ်တပည့်ကြီး ကပ္ပိယသာဂိရဲ့ ခယ်မ တော်စပ်ပါတယ်ဗျာ"

"ဟုတ်ပါတယ် လွန်ခဲ့တဲ့ရက်ပိုင်းကတင် ကျုပ်ရဲ့အာရုံမှာ နဂါးဒေဝီပုံရိပ်ပေါ်လာပြီး ဒုစရိုက်သမားတွေ မတရားဖမ်းဆီးခေါ်ဆောင်လာတဲ့ သူ့မတ်တော်မောင် ကပ္ပိယကြီးနဲ့ သားဖြစ်သူကို ဘေးရန်မခအောင် စောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံပြီး မရှေးမနှောင်းဆိုသလို မမျှော်လင့်ဘဲ ဦးသူတော်ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေတယ်"

ကပ္ပိသာဂိမှာ ကျောက်သလွန်ထက်၌ လဲလျောင်းအိပ်စက်နေရာမှ မျက်လုံး မဖွင့်နိုင်သော်လည်း အထက်ပါ အပြန်အလှန်ပြောဆိုနေသော စကားများကို အပ်တိုင်းသား ကြားသိနေရပေသည်။

ထို့နောက် စကားပြောသံများ ဆက်လက် ထွက်ပေါ်လာပြန်သည်။

"ဟိုး...တစ်ဆယ့်ခြောက်နှစ်ခန့် အချိန်ကလည်း ကျုပ်


www.burmeseclassic.com

www.burmeseclassic.com


ဟာ နဂါးဒေဝီနဲ့ ပေဟာဒီကာလေးရဲ့ဖခင်ကို အတတ်နိုင်ဆုံးစောင့် ရှောက်ပြီး ပါလာတဲ့ ရတနာတွေကို မြှုပ်နှံဖို့ အသင့်တော်ဆုံးနေ ရာကိုပါ ပြသပေးခဲ့ပါတယ် ဦးသူတော်"

"ကျုပ်တပည့် ကပ္ပိယကြီးပြောပြလို့ ဒီအကြောင်းတွေ ကို ကျုပ် သိနေပြီးသားပါ၊ အဲဒီကာတည်းက အကူအညီပေးတဲ့ ဖကီးကြီးဆိုတာ၊ ဒီလမ်းကြောတစ်ပိုက်မှာ ယောဂအကျင့်တွေ ကိုကျင့်ကြံနေတဲ့ကျုပ်မိတွေ ဖကီးကြီးသာ ဖြစ်ရမယ်လို့ထွက်ဆ ပြီးသားပါ"

"အိမ်း...အိမ်း..ကျုပ်မိတ်ဆွေ ဖိုးသူတော်ကြီးနဲ့ တစ် နည်းတစ်ဖုံ ဆက်စပ်ပတ်သက်လိမ့်မယ်လို့ ကျုပ် မယူဆမိတာ အမှန်ပဲလေ"

"အေးဗျာ...ထူးတယ်လို့ ဆိုရမှာပါပဲ"

"အဲဒီလို ဆိုနိုင်တာပေါ့"

ထို့နောက် အသံများခေတ္တ တိတ်ဆိတ်သွားသည်။

အားလုံးကို ကြားသိနေရသည့် ကပ္ပိယသာဂိမှာ ဂန္ဓီရ လှုဝံကြီးနှစ်ကောင်၏ အရှင်သခင်ဖြစ်သူ ဖကီးကြီးမှ မိမိ၏ ဆရာဖိုးသူတော်ကြာပေါ်နှင့် မိတ်ဆွေရင်းချာများ ဖြစ်ခြင်း။

ထိုဖကီးအိုကြီးကပင် လွှန်ခဲ့သော ဆယ့်ခြောက်နှစ်ခန့် က ဤလမ်းကြောင်းအတိုင်း ခရီးနှင်လာကြသည့် ဒုက္ခသည် ညီနှင့် ခယ်မအား အထူးစောင့်ရှောက်ခဲ့ခြင်း။

ထို့ပြင် ဒုက္ခရောက်နေသော မိမိတို့၏အဖြစ်ကို ဆရာ


www.burmeseclassic.com

www.burmeseclassic.com


ဖိုးသူတော်ကြာပေါ်က အချိန်မီ သိရှိလျက် အမြန်လိုက်လာနိုင်ခြင်း။

ပြီးလျှင် လူဝံကြီးနှစ်ကောင်မှာ စကားပြောသည့် ဂမ္ဘီရလူဝံကြီးများ ဖြစ်နေကြခြင်း....

စသည် စသည်တို့မှာမယုံနိုင်ဖွယ် ပုံပြင်တစ်ပုဒ်အလား ရှိနေသည့်အပြင် မကြာခင်ရက်ပိုင်းကမှ သေဆုံးခဲ့ပြီဖြစ်သည့် မိမိ၏ခယ်မဖြစ်သူ မေလှကြိုင်ခေါ်နဂါးဒေဝီသည် ဖကီးအိုကြီးထံသို့ ဝိညာဉ်ထင်လင်းပြ၍ မိမိတို့ဒုက္ခအားကယ်တင်စောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံသည်ဆိုခြင်းများမှာ ယုတ္တိဗေဒနှင့် ကင်းလွတ်လွန်းအားကြီးသည်ဟု ယူဆမိ၏။

သို့သော်...ဤကမ္ဘာလောက၌ မယုံနိုင်ဖွယ်၊ ထူးဆန်းအံ့ဩဖွယ် ကိစ္စ ဝိစ္စ အမြောက်အများရှိနေကြောင်း မိမိဆရာဦးသူတော်ပြောဖူးသည်ဖြစ်ရာ မိမိဉာဏ်မမီ၍သာ ဖြစ်မည်ဟု မှတ်ချက်ချလိုက်လေ၏။

သို့အတွက် သူက ချက်ချင်းပင် အိပ်ရာမှ ထလိုက်လေ၏။

ဤသို့ထလိုက်သောအခါမှမိမိ၏ဘေးကျောက်သလွန်ပေါ်၌ အိပ်နေဆဲဖြစ်သော မောင်မြတ်နိုးအားလည်းကောင်း၊ ကျောက်ပလ္လင်ခွေ အနေအထားထိုင်နေကြသည့် ဆရာဖိုးသူတော်ကြာပေါ်နှင့် ဖကီးအိုကြီးတို့ကိုလည်းကောင်းတွေ့မြင်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ကျောက်ဂူအလယ်မှ မီးဖိုကြီးကိုလည်း ကျောက်ဂူနှင့် ကပ်လျက်သား နေရာတွင် ကြည်လင်စိမ်းမြသည့် ရေများပြည့်နက်နေသည့် ရေကန်ငယ်အားလည်းကောင်း တွေ့ရပြန်လေသည်။

"တပည့်ကြီးသာဂိ . . . နိုးပြီလားကွဲ့ နိုးရင် ရေကန်မှာ မျက်နှာသစ်ကွယ့်"

"မှန် . . . မှန်ပါ့"

ရုတ်တရက် ပြောလိုက်သော ဆရာဖိုးသူတော်စကားကြောင့် ကျောက်ရေကန်ငယ်ဆီ သွားကာ မျက်နှာသစ်လိုက်ရလေ၏။

ရေသည် အေးမြလွန်းလှ၍ မျက်စိများ ပိုမိုကြည်လင်လာကာ ထိုင်းမှိုင်းနေသောစိတ်များ ပျောက်လျက် ကြည်လင်ခြင်းဖြစ်လာသည်ဟု ကပ္ပိယသာဂိ ထင်မြင်လိုက်မိသည်။

"ရော့ . . . ရော့ လူကလေး . . . ဟောဒီမှာ မင်းတို့အတွက် တစ်ယောက်တစ်လုံးစီ ချန်ထားတဲ့ သူငယ်စာငှက်ပျော်သီး လာစားကွယ့်"

ဖကီးအိုကြီးက မြန်မာစကားရည်မွန်စွာ ပြောလိုက်သဖြင့် ကပ္ပိယသာဂိက အနီးတိုးသွားလျက် ဂါရဝပြုလိုက်သည်။

ထို့နောက်မှ ငှက်ပျောဖက်ပေါ်မှ အလုံးအရွယ် သေးကွေးလှသည့် သူငယ်စာငှက်ပျောသီးနှစ်လုံးအနက် တစ်လုံးအား ယူစားလိုက်၏။



www.burmeseclassic.com

 www.burmeseclassic.com 

စားနေရင်းမှပင် ကပ္ပိယသာဂိ မျက်လုံးများ ပြူးကျယ်သွားရသည်။

အဘယ်ကြောင့်ဆိုသော် ထိုငှက်ပျောသီးငယ်၏ အရသာမှာ ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများမှ ရေခဲမုန့်ကဲ့သို့လည်းကောင်း၊ ဖာလူဒါကဲ့သို့လည်းကောင်း၊ ကြက်ဥနှင့် နို့များရောစွက်ပြုလုပ်ထားသည့် ပူတင်းမုန့်ကဲ့သို့လည်း လွန်စွာအရသာ ရှိလှသောကြောင့် ဖြစ်ပေတော့၏။

တစ်ဖန် ထိုငှက်ပျောသီးတစ်လုံး ပေးပြီးသည်နှင့် နှင်ရက် သုံးရက်အတွင်း အာဟာရချို့တဲ့နေသည်များမှာ လုံးဝပြေပျောက်ပြီးနောက် အာဟာရပြည့်ဖြိုး ခွန်အားများတိုးလာသည်ဟု မှတ်ယူရပေသည်။

ဆရာဖိုးသူတော်ကြာပေါ်က ပြုံးလျက်မှ မေးသည်။

"ဘယ့်နယ်လဲတဲ့ ငှက်ပျောသီးလေး တစ်လုံးတည်းဆိုတော့ ငါ့ိတပည့်ကြီး ဝမှဝပါ့မလား"

"အို . . . အာ . . . ဝ . . . ဝ ပါတယ်ခင်ဗျာ၊ ဟိုဒင်း ဝရုံမက ခွန်အားတွေပါ တိုးလာတယ်လို့ မှတ်ထင်မိပါတယ်"

ကပ္ပိယကြီးအပြောကြောင့် ဆရာဖိုးသူတော်ကြာပေါ်နှင့် ဖကီးအိုကြီးတို့က ပြိုင်တူလိုလို မိန့်မိန့်ကြီး ပြုံးကာ ဦးခေါင်းတညိတ်ညိတ် ရှိနေကြလေ၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com


ထိုခဏမှာပင် မောင်မြတ်နိုးတစ်ယောက် နိုးလာခဲ့ပြန်သည်။

သို့အတွက် မောင်မြတ်နိုးက လူကြီးများနှင့် ကျောက်ဂူအတွင်းမြင်ကွင်းများအားအထူးအဆန်းသဖွယ် လှည့်ပတ်ကြည့်ရှုနေသည်။

"လာ..လာ..ငါ့တူ မျက်နှာသစ်ရအောင်"

"ဟို..ဟိုဒင်း...ဦး..ဦးကြီး၊ လူဝံကြီးတွေရောဟင်"

မောင်မြတ်နိုးက လူဝံကြီးများကို သတိရကာ မေးလိုက်သည်။

"လာပါကွာ...နောက်မှ ပြောကြတာပေါ့၊ အရင်ဆုံးမျက်နှာသစ်လိုက်"

ပြောပြောဆိုဆို ကပ္ပိယသာဂိက မောင်မြတ်နိုးကို ရေကန်ငယ်ဆီ ခေါ်သွားကာ မျက်နှာသစ်စေ၏။

ပြီးမှ ဖိုးသူတော်နှင့် ဖကီးအိုကြီးအား ဂါရဝပြုစေလျက် ရင်းတို့ပေးသော ငှက်ပျောသီးတစ်လုံးကို စားစေ၏။

"အား...အရသာရှိလိုက်တဲ့ငှက်ပျောသီး၊ ရွာမှာတုံးက စားရတဲ့ ဒိန်ခဲထက်တောင် ပိုကောင်းသေး"

မောင်မြတ်နိုးက ကလေးပီပီ ရင်း၏ ထင်မြင်ချက်ကို ပြောလိုက်သဖြင့် ဆရာဖိုးသူတော်ကြာပေါ်နှင့် ဖကီးအိုကြီးတို့သာမက ကပ္ပိယကြီးပင် ပြုံးရယ်မိပေတော့သည်။

ထိုခဏမှာပင် လင်းချင်းနေသော ကျောက်ဂူအတွင်း

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာ မှောင်ကျသွားသဖြင့် ကပ္ပိယသာဂိနှင့် မောင်မြတ်နိုးတို့ ထိတ်လန့်သွားကြသည်။

သို့သော် အသေအချာ ကြည့်လိုက်သောအခါကျမှ ကျောက်ဂူအပေါက်ဝတွင် လူဝံကြီးနှစ်ကောင် ကုန်းကုန်းကွကွ လာနေကြောင်း သိကြရလေ၏။

၎င်းတို့ လက်ထဲတွင်ကား ငှက်ပျော၊ နာနတ်၊ သရက်၊ ပိန္နဲ၊ မာလကာ စသည့် အသီးအနှံများနှင့် အခြားအမည်ဖော်ခြင်း ငှာ မစွမ်းနိုင်သော မှည့်ရွှမ်းနေသည့် သစ်သီးများစွာကို တွေ့မြင် ရပေသည်။

လူဝံကြီးနှစ်ကောင်မှာ ရိုရိုကျိုးကျိုးဖြင့် သစ်သီးများကို ကျောက်ကလပ်ကြီးတစ်ခုပေါ်သို့ တင်လိုက်ကြသည်။

ဖကီးအိုကြီးက...

"ဂမ်ဘီနဲ့ ဂုဏ်ဘီ ဟိုဒုစရိုက်သမားတွေ အခြေအနေ ဘယ်လိုရှိသလဲကွယ့်"

ဟု မေး၏။

လူဝံကြီးတစ်ကောင်က...

"သူတို့...ကျွဲဒည်ငင်းပင် သုံးပင်ရှိတဲ့နေရာကို ရှေ့ရှုသွား နေကြပါပြီ ဆရာသခင်"

ဟု ဆို၏။

နောက်တစ်ကောင်က...

"မနက်ဖြန်လောက်ဆိုရင် သူတို့ အဲဒီစန်းကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



ကြတော့မှာပဲ”ဟု ဆိုပြန်၏။

“အေး…အေး…မင်းတို့နစ်ကောင်သူတို့ကို ဘာမှရန်မပြုပါနဲ့၊ အေးအေးသက်သာ စောင့်သာကြည့်ပါ။ ဒုစရိုက်သမားဟာ နောက်ဆုံးမှာ ဒုစရိုက်လမ်းဆုံးကိုသာ ရောက်မှာမလွဲပါဘူးလေ”

ဖကီးအို၏စကားအဆုံးတွင် လူဝံကြီးနစ်ကောင်က ဂါရဝပြုလျက် ကျောက်ဂူအပြင်သို့ပြန်လည်၍ တအိအိဖြင့် ထွက်ခွာသွားကြတော့သည်။

မောင်မြတ်နိုးက လူဝံကြီးကိုမျက်စေ့တဆုံးတအံ့တသြဖြင့် လိုက်လံကြည့်ရှုနေရာ ဖကီးအိုကြီးက…

“လူကလေး…”

ဤသို့ ခေါ်သဖြင့် မောင်မြတ်နိုးက ရပ်နေရာမှ လှည့်ကြည့်လိုက်သည်။

“ဟောဒီမှာ..လူကလေးရဲ့မိခင်ဝိညာဉ်ဖြစ်တဲ့ နဂါးဒေဝီက လူကလေးအတွက် တစ်ဆင့်ပေးခိုင်းလို့”

ပြောပြောဆိုဆို ကြေးဘုပါသော တောင်ဝှေးဦးခေါင်းကို ချွတ်ကာ အတွင်းဖက်၌ သိုဝှက်ထားသည့် ရွှေဆွဲကြိုးတစ်ကုံးကို မောင်မြတ်နိုးထံ လှမ်းပေးလိုက်သည်။

“ဗျာ..ကျွန်…ကျွန်တော့်အမေရဲ့ဝိညာဉ်က ဆရာကြီးဆီရောက်လာတယ်ဟုတ်လား။ ဒီဆွဲကြိုးလေးဟာ အမေအမြတ်တနိုးဆွဲနေကျ အမှန်ပါပဲဗျာ”



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အေး . . မင်းရဲ့မိခင်ဟာ သေဆုံးခဲ့ပေမယ့် ဝိညာဉ်ကတော့ မင်းအတွက် စိတ်မချနိုင်ရှာဘဲ အမြဲစောင့်ရှောက်နေသကွယ်၊ ဒါတွေ ပြောပြရင် လူကလေး နားလည်နိုင်မှာ မဟုတ်ပါဘူးလေ၊ မင်း မိခင်ပေးတဲ့ ဆွဲကြိုးကလေးကိုသာ ထာဝစဉ်ဝတ်ဆင်ထားပါ၊ ဘေးရန်ကင်းပါလိမ့်မယ်"

ဖကီးအဖိုးအို၏ ပြောစကားကြောင့် ဦးခေါင်းညိတ်ရင်း နဂါးဦးခေါင်းပုံပါသည့် ရွှေဆွဲကြိုးလေးအားလည်းပင်း၌ စွပ်လိုက်တော့သည်။

ထိုအခါ မောင်မြတ်နိုး၏ နံဘေးပတ်လည်၌ ရွှေရောင်နဂါးကြီးတစ်ကောင်က မိမိအား လျှင်မြန်စွာ ဝှေ့ယမ်းပတ်နေသည်ကို မောင်မြတ်နိုးစိတ်ထဲ၌ မှတ်ထင်လိုက်မိပေ၏။

ထူးဆန်းသည့်ဖြစ်စဉ်များသာ ဆက်တိုက်ကြုံနေရသည့်အတွက် ကပ္ပိယသာဂိမှာ ငေးငိုင်၍သာ ကြည့်နေမိရှာသည်။

ရင်း၏ စိတ်ထဲတွင်ကား တူကလေးမောင်မြတ်နိုးအတွက် နစ်သိမ့်ခြင်း၊ ပီတိဖြစ်ခြင်း၊ အားတက်ခြင်းအဟုန်တို့ ရောထွေး ရိုက်ခတ်လျက် ရှိနေတော့၏။

"တပည့်ကြီးသာဂိ"

"အမိန့်ရှိပါ ဆရာ"

ဖိုးသူတော်ကြာပေါ်က ရုတ်တရက် ခေါ်လိုက်သဖြင့် ကပ္ပိယသာဂိက ကပျာကယာပြန်ထူးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဖိုးသူတော်ကြာပေါ်က...

"မိတ်ဆွေဖြစ်တဲ့ ဖကီးအရှင်နဲ့ တခြားဆောင်ရွက်စရာ အမှုကိစ္စလေးတွေရှိလို့ သွားပြီး စီစဉ်ရဦးမယ်၊ မင်းတို့ ပဟာဒီ ကျောက်ဂူထဲမှာ ကျန်နေခဲ့ကြ ကြားလားကွယ့်"

"မှန်ပါ့"

ဖကီးအိုကြီးက...

"ဆာရင်...ပဟာဒီကျောက်သလွန်ထက်ကအသီးတွေ အနက်ကြိုက်တဲ့အသီးကိုကြိုက်သလိုယူစားကြကွယ့်သိလား"

ဟု ဆို၏။

နားလည်ပါကြောင်း ကပ္ပိယသာဂိက လေးလေးစားစား ခေါင်းညိတ်ပြလိုက်သည်။

မကြာမီ ဖကီးအိုနှင့် ဆရာဖိုးသူတော်ကြာပေါ်တို့သည် ကျောက်ဂူအတွင်းမှ အပြင်ဘက်သို့ တရွေ့ရွေ့ထွက်ခွာပျောက် ကွယ်သွားကြတော့သည်။

ဤအခါကျမှ ကပ္ပိယသာဂိက...

"တူကလေးရေ...မင်းဘဝ ချမ်းမြေ့သာယာမယ့်ပုံရိပ် တွေကို အခုကတည်းက ဦးကြီးမြင်ယောင်နေမိလို့ အင်မတန် ဝမ်းသာမိတယ်ဆိုရမယ်"

"ဟုတ်...ဟုတ်ကဲ့"

"အေး...တကယ်လို့သာ မင်းကောင်းစားခဲ့ရင် မင်းရဲ့ မိဘနှစ်ပါးကို မမေ့မလျော့ဘဲ အလှူအတန်းပြုအမျှပေးဝေပါ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပါတ်လား"

"ဟုတ်ကဲ့ဦးကြီး"

"သံယောဇဉ်ကြီးရှာတဲ့ မင်းရဲ့မိခင်ဟာလဲ အဲဒီအခါကျမှ ကျွတ်တန်းဝင်နိုင်ပေလိမ့်မယ်"

မောင်မြတ်နိုးမှာ အဓိပ္ပာယ်အားဖြင့် ရေရေရာရာ မသိရှိသော်လည်း လိုက်လိုက်လှဲလှဲကြေကွဲစွာ ပြောနေသောဦးကြီးဖြစ်သူ၏ စကားကြောင့် တလေးတစား ခေါင်းညိတ်နေမိပေ၏။

ပြီးမှ မောင်မြတ်နိုးက ...

"ဦးကြီး လှုဝံကြီးနှစ်ကောင်က စကားပြောတာ သိပ်ဆန်းတာပဲနော်"

ဟု ဆို၏။

ကပ္ပိယသာဂိက ပြုံးရင်း...

"လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်၊ မင်းမမွေးခင်ကာလမှာ မင်းရဲ့အဖေနဲ့ မင်းရဲ့အမေဟာ ဟောဒီတောလမ်းကြောင်းအတိုင်း ဖြတ်လာရာက ရတနာတွေ မြှုပ်နှံခဲ့တာပဲ"

"ဟင်..ဟုတ်လား"

"အဲဒီလိုရောက်လာစဉ်မှာ လူဆိုးတွေ လိုက်လံနှောင့်ယှက်ပြီး အန္တရာယ်ပေးမယ်လုပ်လို့ အဲဒီ ဖကီးသူတော်စင်ကြီးနဲ့ သူ့တပည့် အဲဒီလှုဝံကြီးနှစ်ကောင်က လမ်းခရီးတစ်လျှောက်လုံး လိုက်လံစောင့်ရှောက်ပြီး မင်းရဲ့မိဘနှစ်ပါးကို လမ်းဆုံးအထိ ပို့ပေးခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မောင်မြတ်နိုးက...

"ဟင်...ဒီလိုဆို..ဒီလှုပ်ကြီးနှစ်ကောင်က ကျွန်တော့် ထက်တောင် အသက်ကြီးမှာပေါ့နော် ဟုတ်လား"

"ဟဲ..ဟဲ..ဟဲ...ဟဲ"

မောင်မြတ်နိုး အမေးကြောင့် ကပ္ပိယကြီးမှာ သဘောကျ သွားလျက် ရယ်မောလိုက်၏။

ပြီးမှ ၎င်းက...

"အေး...ဟုတ်တယ်၊ ငါ့တူရဲ့အသက်ထက်ကြီးသလို ဦးကြီးရဲ့အသက်ထက်လဲ ငယ်မှာမဟုတ်ဖူးကွဲ့"

"ဗျာ..ဦးကြီးထက်တောင်အသက်ကြီးမယ်ဟုတ်လား"

အမေးကြောင့် ကပ္ပိယသာဂိက ပြောပြသည်။

"ဒီလိုကွဲ့ မဏ္ဍိရတိရစ္ဆာန်ဆိုတာ မင်းသိအောင် လွယ်လွယ်ပြောရရင် တန်ခိုး..အဲ..ဆေးပညာနဲ့ စီရင်ထားတာ ဆိုတော့ နှစ်ပေါင်းအတော်ကြာရင်လဲကြာခဲ့မှာဖြစ်သလို နောက်ထပ် နှစ်ပေါင်း အတော်ကြာရင် ကြာကြာနေနိုင်မှာပဲ ခန့်မှန်းလို့ မရနိုင်ပေဘူး"

"အို:..ဦးကြီးပြောတဲ့အတိုင်းဆိုရင် တကယ့်ကိုမယုံနိုင်စရာ အတိပါပဲဗျာ"

မောင်မြတ်နိုးက တအံ့တဩ မှတ်ချက်ချလိုက်သည်။

ပြီးလျှင် မောင်မြတ်နိုးက...

"ဦးကြီးရဲ့ ဆရာဖြစ်တဲ့ ဖိုးသူတော်ကြီးကလည်း


www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ကြမ်းတမ်းတဲ့တောလမ်းခရီးမှာဦးကြီးနဲ့ကျွန်တော့်ကို တယ်တင်ဖို့ အန္တရာယ်မရှိ လိုက်လာနိုင်တာများ တွေးကြည့်ရင် ယုံနိုင်စရာတောင် မရှိဘူးနော်"

ဟု အားပါးတရ ပြောလိုက်လေ၏။

ကပ္ပိယသာဂိခေါင်းညိတ်လျက်....

"အေး .. ဟုတ်တယ်၊ တွေးကြည့်ရင် မယုံနိုင်စရာတွေ ပြည့်နှက်နေတာပဲကွ ဘာပဲဖြစ်ဖြစ် မင်းကောင်းဖို့ချည်းလို့သာ မှတ်ပေတော့လေ"

"ဟုတ်ကဲ့"

"ကဲ...ကဲ...တို့တစ်တွေ စကားရပ်ပြီး ဟောဟိုအသီး တွေ စားကြစို့ကွယ်...လာ..လာ"

"ဟုတ်ကဲ့"

ထို့နောက် တူဝရီးနှစ်ယောက် ကျောက်သလွန်ထက်မှ ချိုမြိန်သော သစ်သီးများကို စားသောက်ကြလေ၏။

အစားအသောက်များ စားသောက်ပြီးသောအခါ စိတ် ရွှင်လန်း တက်ကြွနေသြဖြင့် နှစ်ဦးသား ကျောက်ဂူအတွင်းမှ အမှိုက်သရိုက်များ ကျုံးခြင်း၊ ရေညှိများ ပြောင်စင်အောင် သုတ် သင်ခြင်း အမှုများကို ပြုကြ၏။

တစ်ဖန် မီးဖိုနိုင်ရန်အတွက် အပြင်ဖက်မှ သစ်ကိုင်း ခြောက်များကို သယ်ယူကာကျောက်ဂူအတွင်း၌အသင့်စုပုံထား ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com


ညနေစောင်း၍ မှောင်လာချိန်အထိ ဆရာဖိုးသူတော်ကြာပေါ်တို့ ရောက်လာခြင်းမရှိသေးရာ တောစိရွှာန်များ ဝင်လာမည်စိုးသည့်အတွက် ကပ္ပိယကြီးက စတင်မီးဖိုလေ၏။

မောင်မြတ်နိုးက...

"ဦးကြီး ဒီအပြင်ဘက်မှာ အင်မတန် အေးသလောက်ကျောက်ဂူထဲမှာတော့ တစ်မျိုးတစ်ဖုံ နွေးနေသလိုပဲနော်"

ထူးဆန်းသော အချင်းအရာများ အကြောင်းကို တွေးလိုက်မိသဖြင့် ကပ္ပိယသာဂိက ထူးထူးထွေထွေ ပြောမနေတော့ဘဲ ခေါင်းညိတ်ပြလိုက်ရသည်။

"ဒါနဲ့...ဆရာဖိုးသူတော်နဲ့ဟို...ဟိုကုလားသူတော်စင်ကြီးက အခုထိ မလာသေးပါလား မှောင်နေပြီ"

"လာချိန်တန်တော့ လာမှာပေါ့ကွယ်၊ကဲ...ကဲမင်းအိပ်ချင်ရင် ဟောဟိုကျောက်သလွန်ပေါ်မှာ အိပ်ပေတော့"

"ဟုတ်ကဲ့ဦးကြီး"

ကျောက်သလွန်ဆီသို့မောင်မြတ်နိုးလျှောက်သွားမှပင် အမေးအမြန်း ထူရန်ကောဟူသော အကြည့်နှင့် မိမိတူကလေးအား လှမ်းကြည့်ရင်း ကပ္ပိယသာဂိ ပြုံးလိုက်မိသည်။

ကျောက်သလွန်နှင့် မီးပုံမှ မဝေးလှသည်ဖြစ်ရာ နွေးနွေးထွေးထွေးဖြင့် အိပ်စက်နိုးမည်ဖြစ်ပေသည်။

ကပ္ပိယသာဂိက ထင်းများကို မီးပုံအတွင်းသို့ အဆက်မပြတ် ထည့်နေသည်။


www.burmeseclassic.com

 www.burmeseclassic.com

အပြင်ဘက်တွင်ကား ဒိပ်တန်းဝင်သည့် တောတိရစ္ဆာန်ငယ်များ၏ ဘာသာဘာဝ ဟစ်ကြွေးသံများ ထွက်ပေါ်လျက်ရှိသည်။

အတန်ညဉ့်နက်သောအခါ တောတိရစ္ဆာန်ငယ်များ၏ အသံပျောက်ကာ ညဉ့်အစာရှာထွက်သည့် တောတောင်ကြီးများ၏ ဟိန်းသံ ဟောက်သံများသာ ကြားရလေတော့၏။

ကပ္ပိယသာဂိမှာ လူဝံကြီးနှစ်ကောင် ရုတ်တရက် ဝင်လာကြမည်လောဟု တွေးတောလျက် ကျောက်ဂူအဝသို့သာ မကြာမကြာ လှမ်းကြည့်နေမိသည်။

ယင်းသို့ ကြည့်နေရာမှ ကြာလာသည့်အခါ ငိုက်မြည်းသကဲ့သို့ဖြစ်သွားရ၏။

ထိုအခိုက်မှာပင် လေပြင်းတစ်ချက် တိုးဝင်လာခြင်းနှင့် အတူ ရွှေရောင်အလင်းတန်းတစ်ခု ကျောက်ဂူဝမှ တိုးဝင်လာကာ မောင်မြတ်နိုး အိပ်ပျော်နေရာ ကျောက်သလွန်ဆီသို့ ရွေ့လျားသွားသည်အား ကပ္ပိယကြီးတွေ့မြင်လိုက်ရသည်။

ကပ္ပိယသာဂိက ထူးဆန်းလွန်းသဖြင့် ဆက်လက်ကြည့်ရှုမိရာ မောင်မြတ်နိုးအား ရေထဲမှ လျင်မြန်စွာ ရွေ့လျားဝေ့ပတ်နေသော ရွှေရောင်အလင်းတန်းမှာ နဂါးတစ်ကောင် အသွင်သဏ္ဍာန်ဖြစ်ပေါ်လာလျက် ရွှေရောင်နဂါးတစ်ကောင် ရစ်ပတ်ဖနေသည့်အလား ရှိနေတော့၏။

နောက် . . . ခဏအကြာတွင် နဂါးအသွင်ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ မောင်မြတ်နိုး မိခင်ပုံရိပ်က ဝိုးတဝါး ထင်ဟပ်လာခဲ့သည်။

"ဟင်"

အာမေဋိတ်သံ ထွက်လာလျက် ကပ္ပိယသာဂိအံ့အား သင့်နေစဉ်မှာပင် ထိုပုံရိပ် ပျောက်သွားကာ ရွှေရောင်အလင်း ပြန်ဖြစ်သွားလျက် ကျောက်ဂူအပြင်ဘက်သို့ ထိုးထွက် ပျောက် ကွယ်သွားလေတော့၏။

"အု...အူး...ဝူး"

"အ..အု...အု"

"အု...ဝူး"

ထိုရွှေရောင်အလင်း ပျောက်ကွယ်သည်နှင့် ရေမှုန်နှောင်း ခင်မှာပင် အပြင်ဘက်မှ ခွေးတစ်အုပ်၏ မရပ်မနားအူသံ ထွက် ပေါ်လာသဖြင့် ကပ္ပိယသာဂိ ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေး ညင်းများပင် ထသွားပေရတော့သည်။

ကပ္ပိယသာဂိမှာ အိပ်ချင်စိတ်များမရှိသဖြင့် ထင်းများ ထပ်ထည့်ပြီးလျှင် တောတောင်အတွင်းမှ နတ်မြတ် နတ်ကောင်း အပေါင်းတို့နှင့် သတ္တဝါအနန္တ ကျန်းမာ၊ ချမ်းသာစေကြောင်း အမျှပေးဝေခြင်းအမှုကို ပြုနေတော့သည်။

ဤသို့ ပြုနေရင်းမှာပင် ငိုက်မြည်းလာကာ မီးပုံအနီး ခွေခေါက်၍ အိပ်ပျော်သွားခဲ့ရသည်။

မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည် မသိပါပေ ရင်း ပြန်လည်နိုးလာသောအခါ ကျောက်ပလ္လင်ကြီးများအထက်

www.burmeseclassic.com

www.burmeseclassic.com

တွင် ဆရာဖိုးသူတော်ကြာပေါ်နှင့် ဖကီးအိုကြီးတို့ ပြန်လည်ရောက်နေကြလျက် နိုးလာသော ကပ္ပိယကြီးအား ပြုံးကြည့်နေကြသည်။ ပြီးမှ ဖိုးသူတော်ကြာပေါ်က...

"ကဲ...ကဲမကြာခင်မိုးလင်းတော့မယ် ကပ္ပိယကြီး၊ မင်းရဲ့တူတော်မောင်လည်း အိပ်ရေးဝလောက်ရောပေါ့၊ သူ့ကိုနှိုးပြီး ထွက်ခွာဖို့ အသင့်ပြင်ကြပေတော့"

ဟု ဆိုလေ၏။

"ဗျာ...တပည့်တော်တို့ ဒီက ထွက်ကြမယ် ဟုတ်လား ဦးသူတော်"

"အေး...တို့အားလုံး၊ ကျွဲဒညင်းပင် သုံးပင်ရှိတဲ့ နေရာကို သွားကြရမယ်ကွယ့်"

"ဟုတ်...ဟုတ်ကဲ့"

ထို့ကြောင့် မောင်မြတ်နိုးကို နှိုးကာ ထုံးစံအတိုင်း ရေအိုင်ငယ်မှ ရေဖြင့် မျက်နှာသစ်ကြသည်။ သစ်သီးအချို့အနည်းငယ်စီ စားသောက်ကြပြီးလျှင် မိမိတို့ ယခင်က လွယ်ပိုးခဲ့သည့် ကျောပိုးအိတ်များအားပြန်လည်လွယ်ပိုးလိုက်၏။ ဖကီးအဘိုးအိုက...

"မီးပုံကြီးက ထင်းတွေကို ချဲထားခဲ့ကြဦးကွယ့်"

ဟု ဆိုသည်။

ထို့ကြောင့် ကပ္ပိယသာဂိက မီးဆွဲလောင်နေသော ထင်းစများကို မီးများ ချွေလျက် နံဘေးလွတ်ရာသို့ ချဲထားလိုက်


www.burmeseclassic.com

www.burmeseclassic.com

ရ၏။

"ရပ်ပါပြီ...သွားကြစို့"

ဖကီးအဘိုးက ပြောပြီးသည်နှင့် ဂှင်းကိုယ်တိုင်ရှေ့ဆောင်ကာ ကျောက်ဂူအတွင်းမှ ထွက်လာခဲ့ကြတော့သည်။

အပြင်ဘက်တွင်ကား တောင်နိုးဝေလျက် သင်တိုင်းက မြူလျက်ရှိသည်။

"နှင်းတွေကြောင့်ပတ်ဝန်းကျင်ဝေဝါးနေတော့သွားလို့ ဖြစ်ပါ့မလား ဦးကြီး"

မောင်မြတ်နိုးက စိုးရိမ်စိတ်ဖြင့် မေးလိုက်ရာ ဖိုးသူတော်ကြာပေါ်က...

"မပူပါနဲ့ လူကလေး"

ဟုပြောလိုက်လေ၏။

ဖိုးသူတော်ကြာပေါ်ပြောသည့်အတိုင်းပင် ဖကီးအဘိုးအိုသည် ဝေ့ဝဲကျရောက်နေသည့်နှင်းထုကြားမှပင် တောင်ကုန်းနှင့် ချိုင့်ကွက်များကို ရှောင်ရှားကာ ခပ်မှန်မှန် သွားနေသည်ကို တွေ့မြင်ရသည်။

လျှောက်နေသော လမ်းကြောင်းအရနိမ့်ရာမှမြင့်ရာသို့ တက်မှန်းမသိ တက်သည့်လမ်းကြောင်းဖြစ်ကြောင်း ကပ္ပိယသာဂိ သတိပြုမိလေသည်။

အသက်ကြီးသည့်အဘိုးအိုတစ်ဦးဖြစ်သော်လည်းဂှင်း၏ခြေလှမ်းကို ကပ္ပိယသာဂိတို့ တူဝရီး မနည်းမီအောင်လိုက်နေ


www.burmeseclassic.com

www.burmeseclassic.com


ရသည်။

ဖိုးသူတော်ကြာပေါ်က ထူးလှစွာပင် ဖကီးအဘိုးအိုကြီး နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလျက် ရှိနေ၏။

တစ်နာရီကျော်ကျော် သွားပြီးနောက် နေ၏ အလင်းရောင် ထွက်ပေါ်လာကာ နှင်းမှုန်များ ပျက်ပြယ်စပြုစဉ်အခိုက် တောင်ကတုံးတစ်ခုအနီးတွင် အားလုံးရပ်တန့် နားလိုက်ကြသည်။

"မောကြပြီလားကွယ့်"

ဖကီးအဘိုးအိုအမေးကို မောင်မြတ်နိုးက လှုငယ်ဝီဝီ အမှန်အတိုင်း ဝန်ခံလျက် ခေါင်းညိတ်ပြလိုက်သဖြင့် အားလုံး ပြုံးမိကြရသည်။

ပြီးမှ ဖကီးအဘိုးအိုကပင် ...

"မင်းတို့မခေါ်ဘဲ ကျောက်ဂူထဲမှာ စောင့်နိုင်းလည်း ဖြစ်ပါတယ်၊ နို့ပေမယ့် လောဘသား ဒုစရိုက်သမားတွေရဲ့ဖြစ်စဉ်ဟာ ဘယ်လိုရှိမယ်ဆိုတာ ကာယကံရှင်တွေဖြစ်တဲ့ မင်းတို့ကိုယ်တိုင် မြင်စေချင်လို့ အခုလို ခေါ်လာရတာပါကွယ့်"

ဟု သာယာစွာ ပြောလိုက်ရှာ၏။

"ကျေးဇူးကြီးလှပါတယ် အရှင်"

ကပ္ပိယသာဂိကရိုကျိုးစွာပြန်လည် ပြောကြားလိုက်၏။

ခေတ္တမျှအကြာတွင် ၎င်းတို့အားလုံး ထိုနေရာမှ ခက်လက်ထွက်ခွာလာကြပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မွှေးကြိုင်သင်းပျံ့သည့် တောတောင်အနံ့မှ ဖြတ်ထွက်သွားကြရာ ဆရာဖိုးသူတော်ကြာပေါ်က တပည့်ဖြစ်သူ ကပ္ပိယသာဂိအား ပြောလိုက်သည်။

"တပည့်...အဲဒါ ဂမုန်းတောပေပေါ့"

"ဟုတ်...ဟုတ်ကဲ့၊ ဒီနေရာမျိုးကို တကူးတကရှာဖွေတာ တော်ရုံလူတွေအဖို့ မလွယ်လှဘူးနော်"

ဟုတ်မှန်ကြောင်း ဖိုးသူတော်ကြာပေါ်က ခေါင်းညိတ်ပြသည်။

အခြားနေရာတစ်ခု၌ စိတ်ကြည်လင်းဖွယ်၊ ကြည်နူးဆွတ်ပျံ့ဖွယ် အမွှေးအနံ့တစ်မျိုးကို ရှူရှိုက်မိပြန်ရာ ဆရာဖိုးသူတော်ကြာပေါ်ကပင်...

"ဟော...ဟိုမှာ တွေ့လား၊ ညီညီညာညာ ပေါက်ရောက်နေတဲ့ အပင်ကြီးခုနစ်ပင်၊ အဲဒါ တောတိုင်းမှာ မရှိနိုင်တဲ့ စန္ဒကူးပင်ဆိုတာပဲပေါ့"

ဟု ဆိုပြန်လေ၏။

ကပ္ပိယသာဂိမှာ လူပြောသူပြောသာ ကြားဖူးသည့် စန္ဒကူးနံ့သာပင်ကို နဖူးတွေ့ဒူးတွေ့ တွေ့မြင်ရာ အလွန့်အလွန် အံ့သြသည့်စိတ်နဲ့ ထိုအပင်များအား ကြည့်သွားမိရှာ၏။

ဆက်လက်၍ ထိုနေရာတစ်ဝိုက်တွင် ရှားပါးလှသည့် နံ့သာဖြူ၊ နံ့သာနီ စသည့် အဖိုးတန် အမွှေးအကြိုင်ပင်များလည်း ရှိကြောင်း လမ်းသွားရင်း ဆရာဖိုးသူတော်ကြာပေါ်က ဆက်

www.burmeseclassic.com


လက်ပြောပြသွားသည်။

ဆက်လက်၍ သွားကြမိသောအခါ အပင်ကြီးများက မိုးထိုးမတတ် မြင့်မားလျက်ရှိနေကြောင်း ကပ္ပိယသာဂိ သတိပြု မိသည်။

ထိုမြင့်မားသော အပင်ကြီးများအရိပ်၌ မုတ်ဆိတ် သဏ္ဍာန်ရှည်လျားသော နွယ်ကြီးများက မုတ်ဆိတ်မွေးများ သဖွယ်ကျနေတတ်သည်။

ယင်းတောအုပ်သို့အဝင်တွင် ဖက်ကီးအဘိုးအို၏ခြေလှမ်း များ အတန်အသင့် နှေးကွေးသွားသည်။

ထိုစဉ် လေတိုးသံသကဲ့သို့အသံများ ရုတ်တရက် ကြား လိုက်ကြရသည်။

"ဝိုး...ဝိုး"

"ဝိုး...ရှိုး"

လေတိုးသံများ နီးသည်ထက် နီးလာရာမှ အမှန်စင်စစ် လူဝံကြီးတစ်ကောင် နွယ်ကြိုးကြီးများကို လွဲခိုလာကြောင်း သိရှိ တွေ့မြင်ရပေတော့၏။

ရောက်မစိုက်ပင် လူဝံကြီးတစ်ကောင်က လက်ဟန် ခြေဟန် လုပ်ပြသည်။

တစ်ကောင်က ခေါင်းညိတ်လျက် အရှေ့ဘက်သို့ လက် ညှိုးထိုးပြသည်။

"ကောင်းပြီ...ကောင်းပြီ၊ သူတို့ ရောက်နေပြီကိုး၊ ကဲ..

www.burmeseclassic.com

www.burmeseclassic.com



ကဲ မင်းတို့ သွားနှင့်ကြပေတော့"

ခေါင်းညိတ်လျက် လှုပ်ကြီးနှစ်ကောင်က ရှတ်ချည်းပင် နွယ်ကြိုးများကို ခိုလွှဲ ထွက်သွားကြသည်။

ထို့နောက် ဖကီးအဘိုးအိုက...

"ကိုင်း...ကိုင်း..ဦးသူတော်ရေ မကြာခင် ဖြစ်ပေါ်လာမယ့် အန္တရာယ်မြင်ကွင်းကို မကြည့်ချင်ပေမယ့် ကျုပ်တို့ကြည့်ကြစို့လား"

ဟု ပြောလိုက်သည်။ ဖိုးသူတော်ကြာပေါ်က...

"ဘာတတ်နိုင်မှာလဲ အရှင်၊ သဗ္ဗေသတ္တာ ကမ္မသကာဆိုသလို ကံစီမံရာပေါ့ဗျာ"

ဟု ဆိုသည်။

ပြီးလျှင် စောစောက လှုပ်ကြီးနှစ်ကောင် ထွက်ခွာလာသည့် လမ်းကြောအတိုင်း ဆက်လက်လျှောက်ခဲ့ကြသည်။

ဤသို့ လျှောက်ခဲ့ကြရာ မကြာမီ အောက်ဘက်ပိုင်းသို့ စီးမြင်ရသည့် အတန်မြင့်သည့် တောင်ကုန်းတစ်ခုထက်သို့ ရောက်ရှိခဲ့ကြသည်။

"အလို"

"ဟင်း"

ထိုနေရာမှ အောက်ဘက်သို့ ကြည့်လိုက်သောအခါ မြင့်မားသော သစ်ပင်ကြီးများကြားမှ သုံးပင် ဖိုခုံနှောက်ဆိုင် ပေါက်ရောက်နေသည့် အပင်ကြီးသုံးပင်အနီးတွင် လူဘော်စီစုကို



www.burmeseclassic.com

www.burmeseclassic.com


တွေ့လိုက်ရသဖြင့် ကပ္ပိယသာဂိချော၊ မောင်မြတ်နိုးပါ အလန့်တကြား ရေရွတ်လိုက်မိသည်။

အမှန်စင်စစ် ထိုလူစုမှာ ဒုစရိုက် ခေါင်းဆောင်ခါးကုန်းကြီး တာတေလံဦးစီးသည့် မိုးကြိုး၊ ကျားဘီးလူးနှင့် အရိုးခြောက်တို့ ဖြစ်နေသောကြောင့်ပင်တည်း။

ကပ္ပိယသာဂိတို့ ကြည့်နေစဉ်မှာပင် ခါးကုန်းကြီး တာတေလံက မြေပုံဖြန့်ကြည့်လျက် တစ်စုံတစ်ရာ အမိန့်ပေးလိုက်သဖြင့် လူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မကြာလှပေ...

၎င်းတို့ လူစုသည် သစ်ကိုင်းများအား ငုတ်ချွတ်အဖြစ် ပြုလုပ်ထားသည့် အရာဝတ္ထုများဖြင့် သစ်ပင်ကြီးသုံးပင်၏ အလယ်ဗဟို မြေနေရာကို စတင် တူးတော့သည်၊

ခါးကုန်းကြီးတာတေလံကား ဆေးတံကို ဖိတ်ဖြင့်ခဲကာ ညာလက်တွင် သေနတ်ကိုင်ရင်း လူအားလုံးလှုပ်ရှားမှုကို စောင့်တားကြည့်ရှုလျက်ရှိသည်။

ထိုမြင်ကွင်းက ဖကီးအဘိုးအိုကြီး၊ ဗိုးသူတော်ကြာပေါ်နှင့် ကပ္ပိယသာဂိတို့ တူဝရီးက တောင်ကုန်းထက်မှ ငြိမ်ငြိမ်သက်သက် အကဲခတ်ကြည့်ရှုနေကြသည်။

"ဒုတ်..ဒုတ်"

"ဒေါက်...ရှုပ်"

မြေတူးသံများကို အတိုင်းသား ကြားနေရလျက် ခဏ


www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာပင် တစ်တောင်နီးပါးခန့် နက်သည့် မြေတွင်းဖြစ်သွား လေသည်။

ထို့နောက် စိတ်ကြွဟန်ဖြင့် ဆက်လက် တူးကြပြန် သည်။

မကြာမီ မိုးကြိုး၏ ဝမ်းသာအားရ အော်ဟစ်သံကို ကြား လိုက်ကြရသည်။

"တွေ့ပြီ...တွေ့ပြီ၊ ဒီမှာ လေးထောင့်သေတ္တာတစ်လုံး"

"အောင်ပြီကွ"

"ဟေး"

"ဟုတ်ပြီ..ဟုတ်ပြီ"

ဝမ်းသာအားရ တစ်ခဲနက်ဟစ်ကြွေးလိုက်သော ရှင်းတို့ အသံမှာ တောအုပ်အတွင်း၌ စီစီညံညံ ဖြစ်သွားတော့သည်။

"ဒိုင်း...ဒိုင်း"

"ဒိုင်း"

ထိုစဉ်မှာပင် မထင်မှတ်စွာဖြင့် ရုတ်တရက် သေနတ် သံများ ကြားလိုက်ရကြတော့သည်။

"ဟာ...အိန္ဒိယတိုင်းရင်းသား လမ်းခါးပြ လူဆိုးတွေနဲ့ တူတယ်"

"သေတ္တာကိုအမြန်ယူဟေ့"

"ဟုတ်တယ်"

"ဒိုင်း...ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့ဤသို့ကသုတ်ကယက်ပြောဆိုလုပ်ကိုင်နေစဉ်မှာပင်သေနတ်သံများကတောအုပ်အတွင်းမှ ဆူညံစွာထွက်ပေါ်လာပြန်တော့သည်။

"ပြန်ပစ်စမ်းဟေ့ ... နေရာယူကြ"

ခေါင်းဆောင် ခါးကုန်းကြီးက သစ်ပင်တစ်ပင်ပင်စည်ဘေး ပြေးကပ်လျက် သူ့လူများကို အမိန့်ပေးလိုက်သည်။

ထို့ကြောင့်ပင် ရမ်းသန်း ပစ်ခတ်ကြသဖြင့် တောအုပ်အတွင်း ဆူဆူညံညံ ဖြစ်သွားတော့၏။

ဤသို့ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ရင်း ခါးကုန်းကြီးဘက်မှ မိုးကြိုးနှင့် အရိုးခြောက်တို့ ခွေကျသွားသကဲ့သို့ တစ်ဖက်တောအုပ်မှာလည်း နာကျင်စွာ အော်ဟစ်လိုက်သံများ ကြားလိုက်ကြရသည်။

မြင်ကွင်းကို ငြိမ်ငြိမ်သက်သက်ကြည့်နေကြရာမှ ဖကီးအဘိုးအိုကြီးက ကပ္ပိယသာဂိအားကြည့်ကာ...

"ကဲ .. မြင်ပြီးမဟုတ်လားကွယ့်၊ အချင်းချင်း သနားကြင်နာစိတ် ခေါင်းပါးတဲ့ လူတွေရဲ့ နောင်ဆုံးလမ်းစဉ်လေး မပြီးသေးဘူး ဆက်ကြည့်ကြကွယ့်"

ဆိုလိုက်၏။

မောင်မြတ်နိုးမှာ လူငယ်ဗိုဗိုရင်းတို့အား အမျိုးမျိုးအဖုံဖုံ အနိုင်ကျင့် ရက်စက်သည့် လူဆိုးများ ခံနေရသည်ကို တွေ့မြင်ရသဖြင့် အားရကျေနပ်ခြင်းဖြင့် ပြုံးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဒိုင်း"

"အင့်"

"ဒိုင်း...ဒိုင်း"

"ရှီး"

နှစ်ဖက်သော သေနတ်သံများကတော့ တောအုပ်အတွင်း ဆူညံနေလျက် ယမ်းနံ့များ ထောင်းလမောင်း ထနေ၏။

"ပစ်...ပစ်စမ်းကွ ကျားဘီလူး ဘာငိုင်နေတာလဲ"

ကျည်ဆန်ကုန်သဖြင့် ကျည်ဆန်ထည့်နေသော ကျားဘီလူးအား စါးကုန်းကြီး တာတေလံက ဝေါက်ငမ်းအော်ဟစ်လိုက်ပြီးလျှင် တောအုပ်အတွင်းသို့ ၎င်းလက်ထဲမှ သေနတ်ဖြင့် မနားတမ်း ပစ်ခတ်နေလေတော့၏။

"ဒိုင်း...ဒိုင်း"

"ကဲကွာ"

"ဒိုင်း"

"အား"

သို့သော် ပစ်ခတ်နေဆဲမှာပင် ၎င်းကိုယ်တိုင်မှာပင် လက်ဖြင့် ရင်ဘတ်ကို ဖိလျက် ခွေကျသွားပေတော့သည်။

"ဟာ..ထိသွားပြီဗျ ဦးကြီး"

မောင်မြတ်နိုးက အားရဝမ်းသာစွာ ပြောလိုက်သဖြင့် တိတ်တိတ်နေရန် အမူအရာပြလိုက်ရသည်။

တစ်ဖက်မှ သေနတ်သံများကလည်း အားနည်းသွား


www.burmeseclassic.com

www.burmeseclassic.com


ကာ တစ်ခါတစ်ရံသာ ထွက်ပေါ်လာတတ်သည်။

ထိုခဏ၌ လေများ တိုက်ခိုက်လာသကဲ့သို့ ဟူးဟူးရားရား အသံများ ထွက်ပေါ်လာသည်။

လေတိုက်သကဲ့သို့ထိုအသံများထွက်ပေါ်လာသည်မှန်သော်လည်း သစ်ပင်မှ သစ်ရွက် သစ်ခက်များမှာကား လှုပ်ခတ်ခြင်း လုံးဝ မရှိပါပေ။

ဝိဘိ ထူးဆန်းလှပေတော့၏။

ထိုအခိုက် တောအုပ်အတွင်း သေနတ်သံများထွက်ပေါ်လာရာ နေရာမှ ကြောက်လန့်တကြား အော်ဟစ်သံများကို ကြားလိုက်ရပြီးလျှင် လူသုံးယောက်မှ မြေပြင်သို့ ပြေးထွက်လာကာ အခြားတောအုပ်သို့ ကြောက်လန့်တကြား ပြေးသွားကြသည်အား တွေ့မြင်ရပေ၏။

တစ်ယောက်တည်းသာ ကျန်နေသော ကျားဘီလူးကဝမ်းမြောက်သည့် အနေအထားဖြင့် မိုးကြိုး၊ အရှိုးခြောက်တို့ အလောင်းကို ခုန်ကျော်ကာ ရတနာတွင်းဆီသို့ သွားသည်။

ၖင်း၏ပါးစပ်မှလည်း အရူးတစ်ယောက်ကဲ့သို့အော်ဟစ်ရေရွတ်လျက် ရှိသည်။

"အောင်ပြီ . . . အောင်ပြီကွ၊ ရတနာတွေကို ငါတစ်ယောက်တည်းပိုင်တော့မယ်အဟီး...ဟီးဟီး ချမ်းသာကြချည့်ရဲ့ဗျို့...အို့...ဟို့"

"အပေး...အပေး"


www.burmeseclassic.com

www.burmeseclassic.com 

သူက ရတနာ့တွင်းကို လက်နှိုက်ရန် မြေပြင်တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ခွီး...ခွီး"

"အူ...ခွီး"

တောအုပ်အတွင်းမှ ရုတ်တရက် ဒေါ်သတကြီးထွက်ပေါ်လာသည့် မြေကားယား လက်ကားယား အနေအထား လူဝံကြီးနှစ်ကောင်ကြောင့် ခေတ္တမျှ ကြောင်ကြည့်နေမိသည်။

လူဝံကြီးနှစ်ကောင်က ၎င်းအနီးသို့ တရွေ့ရွေ့တိုးကပ်လာရာ ထိုအခါကျမှပင် သတိရလျက် ရတနာ့သေတ္တာနှိုက်ယူမည့်လက်ကိုပြန်ထုတ်လိုက်ရသည်။

"အမလေးဗျ...လုပ်ကြပါဦး"

ပြီးလျှင် သွေးရူးသွေးတန်းဖြင့် အော်ဟစ်လျက် တစ်ဖက် တောအုပ်အတွင်းသို့ ဒရောသောပါး ဝင်ရောက်ပြေးလေတော့၏။

"ဝူး...ခွီး"

"အူး...ခွီး"

"အား...အံမလေး"

တောအုပ်အတွင်း ဒရောသောပါး ဝင်ပြေးသည့် ကျားဘိလူးနောက်သို့ လူဝံကြီးတစ်ကောင် အပြေးအလွှားလိုက်နေ၏။

သို့ရာတွင် ကျန်လူဝံကြီးတစ်ကောင်မှာ လွန်စွာ အသိ


www.burmeseclassic.com

www.burmeseclassic.com


ဉာဏ်ရှိသည့် လူတစ်ဦးတစ်ယောက်အလား ရတနာတွင်းရှိရာသို့ သွားကာ လက်နှိုက်နေပေ၏။

ရင်း၏လက်ကို ပြန်ထုတ်လိုက်သည်တွင် အလျားတစ်ပေ၊ အနံခြောက်လက်မခန့်ရှိသည့် သေတ္တာကလေးတစ်လုံး ပါလာသည်ကို တွေ့မြင်လိုက်ရသည်။

ဤတွင် ဖကီးအဘိုးအိုက...

"အင်း . . . ဦးသူတော်ရေ အနိဋ္ဌာရုံမြင်ကွင်းကတော့ ပြီးသွားပါပြီ...လူတွေဟာ မိမိအသက်ဆုံးသည်အထိ အင်မတန်မတော်လောဘ ထားကြလေတာပဲနော်"

ဟု သံဝေဂပြွမ်းတီးနေသောလေသံနှင့် ပြောလိုက်ရာ ဖိုးသူတော်ကြာပေါ်က...

"မှန်ပါတယ် အရှင် လောဘနောက် ကောက်ကောက်ပါအောင်လိုက်ရင်းက အမှားအမှန်ဝေဖန်ပိုင်းခြားမှု မရှိတော့ဘဲ အစုလို အသေဆိုးနဲ့ ဘဝပြောင်းသွားကြရတာပါဘဲ တကယ်ကို ကြည့်တတ်မြင်တတ်ရင် တရားကျစရာပါဗျာ"

ဟုပြန်လည် ပြောလိုက်လေ၏။

မောင်မြတ်နိုးက...

"ဟော...ဟိုမှာ လူဝံကြီးတွေ တောင်ကုန်းပေါ်တက်ပြီး ကျွန်တော်တို့ဆီလာနေပြီ" ဟု ပြောလိုက်၏။

ဖိုးသူတော်ကြာပေါ်က...

"အေး . . သူတို့က သူတို့ ဆရာသခင် စေခိုင်းချက်အရ


www.burmeseclassic.com

www.burmeseclassic.com


မင်းကို အခုလို ကူညီပေးတာဘဲကွယ့်၊ တကယ်တော့ သူတို့ဟာ လဲ တစ်နည်းအားဖြင့် မင်းရဲ့ကျေးဇူးရှင်တွေပဲ ဆိုပါတော့လေ”ဟု ပြောလိုက်၏။

ဖကီးအဘိုးအိုကမူ ရပ်နေသည့် လူစုအနီးသို့ ရတနာ သေတ္တာပိုက်ကာ တရွေ့ရွေ့လှမ်းလာနေသော လူဝံကြီးနှစ် ကောင်အား ကြည့်ကာ ခေါင်းတညိတ်ညိတ်ရှိနေပေသည်။

အနီးရောက်သည်နှင့် သေတ္တာပိုက်လာသော လူဝံကြီး က ဖကီးအဘိုးအိုအား လက်နှစ်ဖက်ဖြင့် သေတ္တာလှမ်းပေးရာ ၎င်းက...

“သူ့ပိုင်ရှင်ဖြစ်တဲ့ ပေါ့ဒီကလေးငယ်ဆီသာ အဲဒီ သေတ္တာအပ်လိုက်ပါ ဂုဏ်ဘီ သူတို့ဟာ မင်းတို့နှစ်ကောင်ရဲ့ ကျေးဇူးတရားကို ထာဝစဉ် အောက်မေ့ သတိရနေမှာပါလေ”

ဟု ပြောလိုက်၏။

ဂုဏ်ဘီအမည်ရသည့် လူဝံကြီးက နားလည်သကဲ့သို့ ခေါင်းညိတ်ကာ မောင်မြတ်နိုးအား ၎င်း၏လက်ထဲမှ ရတနာ သေတ္တာကို လှမ်းပေးလိုက်သည်။

မောင်မြတ်နိုးက ကြောက်လန့်ခြင်းအလျဉ်းမရှိတော့ ဘဲ ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်ကာ လူဝံကြီးလှမ်းပေး သည့် ရတနာသေတ္တာကို လှမ်းယူလိုက်သည်။

ကပ္ပိယသာဂိက ဖိုးသူတော်ကြာပေါ်အား...

“တပည့်တော်...ဒီလောက်ကြမ်းတမ်းတဲ့ တောလမ်း


www.burmeseclassic.com

www.burmeseclassic.com

ခရီးမှာ ဦးကြီးနဲ့ ကျွန်တော့်ကို ကယ်တင်ဖို့အန္တရာယ်မရှိ လိုက်လာနိုင်တာများ တွေးကြည့်ရင် ယုံနိုင်စရာတောင် မရှိဘူးနော်"

ဟု အားပါးတရ ပြောလိုက်လေ၏။

ကပ္ပိယသာဂိ ခေါင်းညိတ်လျက်...

"အေး .. ဟုတ်တယ်၊ တွေးကြည့်ရင် မယုံနိုင်စရာတွေ ပြည့်နှက်နေတာပဲကွ၊ ဘာပဲဖြစ်ဖြစ် မင်းကောင်းဖို့ရည်းလို့သာ မှတ်ပေတော့ပေါ့"

"ဟုတ်ကဲ့"

"ကဲ .. ကဲ .. တို့တစ်တွေစကားရပ်ပြီး ပေါပိုအသီးတွေ စားကြစို့ကွယ် .. လာ .. လာ"

"ဟုတ်ကဲ့"

ထို့နောက် တူဝရီးနှစ်ယောက် ကျောက်သလွန်ထက်မှ ချိုမြိန်သော သစ်သီးများကို စားသောက်ကြလေ၏။

အစားအသောက်များ စားသောက်ပြီးသောအခါ စိတ်ရွှင်လန်း တက်ကြွနေကြသဖြင့် နှစ်ဦးသား ကျောက်ဂူအတွင်းမှ အမိုက်သရိုက်များ ကျုံးခြင်း၊ ရေညှိများ ပြောင်စင်အောင် သုတ်သင်ခြင်း အမှုများကို ပြုကြ၏။

တစ်ဖန် မီးမှိုနိုင်ရန်အတွက် အပြင်ဘက်မှ ဖွင့်ကြည့်ကြရင် ကောင်းမယ်ထင်တယ် ခွင့်ပြုပါနော်"

ဟု ခွင့်တောင်း၏။

ဖကီးအဘိုးအိုက ခေါင်းညိတ်ပြသကဲ့သို့ ဆရာမိုးသူ


www.burmeseclassic.com

www.burmeseclassic.com


တော်ကြာပေါ်ကလည်း ရှင့်ပြုသည်။

"ဖွင့်ကြည့်ပါလေ"

သို့နှင့် ဖွင့်ရန်ကြည့်လိုက်သည်တွင် ကလန့်ထားသည့် သံချိတ်မှာ တင်းခံနေသဖြင့် လူဝံကြီးတစ်ကောင်က ခပ်သာသာပင် လက်ညှိုးနှင့် ထိုးကော်ဖွင့်ပေးလိုက်သည်။

"ခလောက်"

ချက်ချင်း သံချက်ပြုတ်သွားသဖြင့် ကပ္ပိယသာဂိက သေတ္တာငယ်အဖုံးကို ဆွဲလှန်လိုက်သည်။

"ဂျောက်"

ထိုအခါ အတွင်းဘက်မှ တွေ့မြင်ရသည့် အရာဝတ္ထုများကို ကြည့်ကာ ကပ္ပိယသာဂိမှာ ပါးစပ် ဟသွားရပေတော့သည်။

အဘယ်ကြောင့်ဆိုသော် သေတ္တာအတွင်း၌ ရွှေထည်၊ ငွေထည်ပစ္စည်းမျိုးစုံ အဖိုးတန်ကျောက်မျက်ရတနာများစသည့် အမျိုးပေါင်းစုံကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပေတော့၏။

"မင်းမိဘတွေရဲ့ပစ္စည်းပဲ ထိုက်လို့ရတယ်လို့သာ မှတ်ပေတော့ လူကလေး"

ဖကီးအဘိုးအိုက ပြောလိုက်သည်တွင် မောင်မြတ်နိုးက ယဉ်ကျေးသည့် အမူအရာဖြင့် ခေါင်းညိတ်လိုက်ရှာ၏။

အပြန်လမ်းတွင် ဖိုးသူတော်ကြာပေါ်က ...

"ကဲ...အရှင် လာရင်းကိစ္စလည်းပြီးပြတ်ပြီ နေ့တော်ဆုံး


www.burmeseclassic.com

www.burmeseclassic.com


အရှင်ထံက ကျုပ်အတွက် အဖိုးတန်ပစ္စည်းတွေ ရခဲ့တာလဲ မနည်းပါဘူးလေ"

ဟု ဆိုလိုက်ကာ ဂှင်း၏သက်နှန်းလွယ်အိတ်ကြီးကို ပုတ်ပြလိုက်၏။

ဖကီးအဘိုးအိုက...

"ကိစ္စအားလုံးဟာ ပြီးတော့လဲ ပြီးသွားတာချည်းပါပဲ ဦးသူတော်၊ ဒါနဲ့ သင်တို့နားကြဦးမလားဒီကနေ တစ်ဆက်တည်း သွားကြမလား" ဟု မေး၏။

လူ့ဝံကြီးနှစ်ကောင်က ဆရာသခင် ဖြစ်သော ဖကီးအဘိုးအို၏ အနေအထားကိုအကဲခတ်နေဟန် ငြိမ်နေကြသည်။

ဖိုးသူတော်ကြာပေါက ယခုပင် ခရီးထွက်မည်ဆိုသော အခါ ဂှင်းတို့သည် နေရာမှပင် တစ်ဦးနှင့်တစ်ဦး ဂါဝရပြုပြီး နောက် လူ့ဝံကြီးနှစ်ကောင်အားလိုက်လံစောင့်ရှောက်ပို့ဆောင် ရန် အမိန့်ပေးလိုက်တော့သည်။

ဤသို့ဖြင့် ... လူ့ဝံကြီးနှစ်ကောင်ကြောင့် လမ်းခရီးမှာ သားရဲတိရစ္ဆာန်ကြီးများ ရှောင်ရှားသွားကြသဖြင့် ခရီးတွင်သည့် အပြင် ဖြတ်လမ်းမှပို့ဆောင်ပေးခြင်းဖြစ်ရာ လာစဉ်က ဆယ်ရက် နီးပါးလာရသော်လည်း ယခုအခါသုံးရက်ခန့်နှင့်မြန်မာပြည်နယ် စပ်သို့ ကပ္ပိယသာဂိတို့ လူစု ရောက်ရှိခဲ့ကြလေ၏။

❋❋❋


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး၍ ဆယ်နှစ်မျှကြာသောအခါ ကျောက်ကုန်းအရပ်ရှိ လွှန်စွာခန်းနားလှသည့် တိုက်အိမ်ကြီးတစ်အိမ်တွင် ရုပ်ရည်အားဖြင့် သားနားသပ်ယပ်သော သူဌေးလေးကိုမြတ်နိုးနှင့်ဇနီးနှင့် ဦးကြီးတော်ဖြစ်သည်နှင့် အမျှ အိမ်ကြီး၏ သဏ္ဌာစိုးဖြစ်သူ ဦးသာလှိုင်တို့သည် ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေကြလေ၏။

ကိုမြတ်နိုးသည် မာန်မာန ကင်းစင်လျက် ဘာသာတရားကိုင်းရှိုင်းသည်သာမက လမ်းတွင်တွေ့ရသော အသူအို၊ အသွားအိုနှင့် ဒုက္ခိတများအား အမြဲလိုလို ပေးကမ်းလှူဒါန်းလေ့



www.burmeseclassic.com

www.burmeseclassic.com


ရှိလေသည်။

"ဦးကြီး"

"ဟေ...ဘာတုံးကွ"

"ကျွန်တော့်ကို ကိုယ်ခံသိုင်းပညာတွေ သင်ပေးတဲ့ ဆရာကြီးဦးအိန္ဒာတို့မိသားစု သူတို့ရွာကို ခရီးထွက်သွားတာ တစ်လလောက်ကြာမယ်လေ"

"ဒီတော့"

"ဒီတော့...အားလပ်တဲ့အခိုက်မှာ တွဝရီးနှစ်ယောက် ဘုရားသွားဖူးမယ် ပြီးတော့ လှူဖွယ်ဝတ္ထုတွေ ဝယ်ခြမ်းပြီး ဆရာဖိုးသူတော်ကြာပေါ်ကို သွားကန်တော့ရအောင်လား ဟင်"

"ဟာ...သိပ်ကောင်းတာပေါ့ကွာ၊ ငါ့မှာ မင်းကိုစောင့်ရှောက်ဖို့ ကပ္ပိယဘဝက အနားယူလိုက်ပြီးနောက် ဆရာဦးသူတော်ကြီးဆီ တစ်ခေါက်သာ ရောက်သေးတယ် ငါ့တူ၊ ဒါကြောင့် မင်း စိတ်ကူးတိုင်းသွားကြစို့"

ဤသို့ဖြင့် ထမင်းစားသောက်ပြီးကြသောအခါ အသင့်ဝယ်ယူထားသည့် လှူဖွယ်ဝတ္ထုများကို တင်ဆောင်ပြီးနောက် အော်စတင်ကားကလေးဖြင့် ရွှေစေတီတော် အလယ်ပစ္စယံသို့ မောင်းနှဲခဲ့ကြ၏။

ကားကို တစ်နေရာတွင် ရပ်ပြီးလျှင် လှူဖွယ် ပစ္စည်းများနှင့်အတူ ဇရပ်ဆီသို့ ရှေးရှုလာခဲ့ကြရာ ဇရပ်ကြီးပေါ်၌ လူတစ်ယောက်နှင့်ထိုင်ကာ စကားပြောနေသော ဖိုးသူတော်ကြီးကို


www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသည်။

"ဟော . . .ကာပ်ပွိယ . . . အဲ မောင်သာဂိတို့ တူဝရီးနှစ်ယောက်ပေကိုး လာကြကွယ့် လာကြ နှစ်ယောက်စလုံး ပျောက်ချက်သား ကောင်းနေပါလား"

ထိုအခါ ဦးသာဂိတို့တူဝရီးက ပြုံးပြုံးပြုံးပြလျက် လှူဖွယ်ပစ္စည်းများနှင့်အတူ ဦးချကန်တော့ရာ မွှန်မွှန်ရည်ရည်ဥပမိရှိသည့် စည်သည်ပုဂ္ဂိုလ်က ကြည်နူးဟန်နှင့် ကြည့်နေလေ၏။

ပြီးမှ ဦးသာဂိက. . .

"မရောက်ဆို တပည့်တော်မှာ အိမ်ဝယ်ဖို့ အိမ်နေရာရှာရပြီးတော့ အိမ်ကို ပြုပြင်ဆောက်ရာမှာ ကြိုးကြပ်ရ နောက်စားစရာသောက်စရာတွေ ဝယ်ခြမ်းချက်ပြုတ်ရ မြိုက်စွပဲဟိုဒင်း"

"တော်ပါတော့ မောင်သာဂိရာ၊ မင်း မရောက်လာနိုင်တာ လူမှုကိစ္စတွေ ရှုပ်ထွေးနေလို့ဆိုတာ ငါ သဘောပေါက်ပါတယ်၊ ဘယ့်နှယ်လဲ လူ့လောကကိစ္စတွေ ဘယ်လောက်ရှုပ်ထွေးတယ်ဆိုတာ မင်းသဘောပေါက်ပြီးလားကွယ့်၊ ဒါတောင် မိန်းမမယူရသေးဘူးနော်...ဟဲ...ဟဲ...ဟဲ"

"အဟတ်...ဟား...ဟား"

"ဟဲ..ဟဲ..ဟဲ..ဟဲ"

ဗိုးသူတော်ကြာပေါ်စကားကြောင့် ဦးသာဂိတို့ တူဝရီးပါမက စည်သည်ဖြစ်သူပါ သဘောကျကာ တပြုံးနက် ရယ်မောလိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆရာဖိုးသူတော်ကြာပေါ်က ထိုလူစိမ်းချည့်သည် ပုဏ္ဏိုလ်နှင့် ရှင်းတို့ ဧည့်သည်များအား မိတ်ဆက်ပေးသည်။

"အင်း ... မင်းတို့က ငါ့တပည့်ရင်းတွေဖြစ်တာမို့ တိတိလင်းလင်း မိတ်ဆက်ပေးမယ်၊ ဟောဒါက အင်္ဂလိပ်စစ်တပ်မှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ပြီး ဂျမဒါရာထူးနဲ့ တပ်က ထွက်လာတဲ့ ဂျမဒါသူရဆိုတာပေါ့"

"ဩော် ... ဩော် စစ်ပြန်ကြီးတစ်ယောက်ပေကိုး လေးစားပါတယ် အစ်ကိုကြီး"

ဂျမဒါသူရက ခေါင်းညိတ်ပြုံးပြသည်။

ထို့နောက် ဆရာဖိုးသူတော်ကြာပေါ်ကပင် ...

"ဒကာသူရ ... သူက အရင်ကျုပ်ရဲ့ဝေယျာဝစ္စမှန်သမျှ ဆောင်ရွက်ပေးနေတဲ့ ကပ္ပိယကြီးသာဂိပေါ့၊ အခုတော့ သူ့တူ ကလေးမောင်မြတ်နိုးအတွက် ထိန်းသိမ်းစောင့်ရှောက်ဖို့ လူဝတ် လဲသွားရှာတယ်"

"ဟုတ်ကဲ့ ... အခုလို သိကျွမ်းရတာ ဝမ်းသာလှပါတယ် ခင်ဗျာ"

ထို့နောက် ... နေရေး၊ ထိုင်ရေး စသည် အလာပ သလ္လာပကထာများအား ပြောဆိုကြသကဲ့သို့ ဆရာဖိုးသူတော်ကြာပေါ် အမေးရှိသဖြင့် ဂျမဒါသူရက စစ်မြေပြင် အတွေ့အကြုံများနှင့် တကွ အထူးသဖြင့် မက်ဆိုပိုတေးမီးယား တိုက်ပွဲအတွေ့အကြုံကို စိတ်ဝင်တစား ပြောပြနေလေသည်။



www.burmeseclassic.com

မောင်မြတ်နိုးမှာ လှုငယ်ဝီဝီ ဂျမဒါသူရ၏ စွန့်စားခန်းများကိုကြားရသောအခါ စွန့်စားလိုစိတ်များ နိုးကြားလျက် သွေးများ တရှိန်းရှိန်း ဆူကြွနေရှာလေ၏။

ဂျမဒါသူရက အနီးကပ် လုံ့စွပ်ထိုး တိုက်ခိုက်မှု အကြောင်းပြောသည်တွင် မောင်မြတ်နိုးမှာ မျက်နှာ၌ သွေးနီရောင်သမ်းလျက် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပေသည်။

ပြောပြမှုများ ဆုံးသောအခါ မောင်မြတ်နိုးက ...

"အစ်ကိုကြီးရာ ... ကျွန်တော်ဖြင့် အခွင့်အခါသင့်ရင် အစ်ကိုကြီးတို့လို စွန့်စားချင်လိုက်တာ"

ဟု ရဲရဲတောက် ပြောလိုက်ရှာ၏။

ဗိုးသူတော်ကြာပေါက ထိုအချိန်၌မည်သည့်အကြောင်းကြောင့် မသိအောင်ပင် စေ့စေ့ကြည့်နေ၏။

ပြီးမှ ရင်းက ...

"မောင်မြတ်နိုး ... မင်းမှာ တကယ့်ကို စွန့်စားလိုစိတ် ရှိသလားကွယ့်"

ဟု တုံးတိတိ မေးလိုက်လေ၏။

ထိုအမေးကြောင့် မောင်မြတ်နိုးမှာ ကနဦးတွင်မည်သို့ ဖြေရမှန်းမသိအောင် ဖြစ်သွားသည်။

ထို့နောက်မှ သူက ...

"တပည့်တော်အနေနဲ့ စွန့်စားလိုစိတ်အမှန် ရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်"

"တိုင်းပြည်နဲ့ လူမျိုးအတွက် ဆောင်ရွက်ရမှာ ဖြစ်ရင်ရော"

"အို…ပြောစရာတောင် မလိုပါဘူးခင်ဗျာ အသက်ပေးပြီး ဆောင်ရွက်ပံ့ပါတယ်"

မောင်မြတ်နိုး၏ ရဲရဲဝံ့ဝံ့ ပြောဆိုမှုကြောင့် ဖိုးသူတော်ကြာပေါ်နှင့်တကွ ဂျမဒါသူရတို့မှာ တစ်ဦးနှင့်တစ်ဦး အဓိပ္ပာယ်ပါပါ ပြုံးနေကြလေသည်။

ဦးသာဂိအား…မည်သည့် အဓိပ္ပာယ်ဖြစ်မှန်း စဉ်းစားမရအောင် ဖြစ်နေတော့သည်။

အတန်ကြာမှ ဖိုးသူတော်ကြာပေါ်က…

"မောင်သာဂိနဲ့ မောင်မြတ်နိုး"

"ဗျာ"

"ခင်ဗျာ"

"အခု…မြန်မာပြည်ကို ဘယ်သူတွေအုပ်ချုပ်နေသလဲကွယ့်"

"အင်္ဂလိပ်လူမျိုးတွေပါ ခင်ဗျာ"

မောင်မြတ်နိုးက သွက်သွက်လက်လက် ဖြေဆိုရာ ဖိုးသူတော်ကြာပေါ်က ခေါင်းတညိတ်ညိတ် ရှိနေပြန်သည်။

"ပြောရရင် မတရားနယ်ချဲ့ ကျူးကျော်အုပ်ချုပ်တဲ့ အဲဒီ အင်္ဂလိပ်တွေကို တိုက်ထုတ်ဖို့ မြန်မာ့မျိုးချစ် ပုဂ္ဂိုလ်တစ်ဦးဟာ


www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်လှုပ်ရှားနေကြတယ်ကွယ့်"

"အို . . . ဟုတ်လား၊ သိပ်ကောင်းတာပေါ့ ဆရာ ဦးသုတော်ရာ"

"အေး . . . ပြောရရင် အဲဒီလျှို့ဝှက် မျိုးချစ်ပုဂ္ဂိုလ်တွေထဲမှာ ပေဟာဒီ ဂျမဒါသူရပာ ခေါင်းဆောင်တစ်ဦးအဖြစ် လျှို့ဝှက်လှုပ်ရှားနေတယ်ဆိုတာ မင်းတို့သိထားကြကွယ့်"

"ဗျာ"

"အလို"

ဂျာမဒါသူရကမှ ကုန်ခြေရသော မျက်နှာထားနှင့် ကပ်ကြေး စီးကာရက်တစ်လိပ်ကို မီးညှိရှိက်ဖွာနေလေသည်။

အံ့ဩသွားသော တူဝရီးနှစ်ယောက်ကြောင့် စကားရပ်တန့်သွားသည်။

"ဒီတော့ . . . မောင်မြတ်နိုးအနေနဲ့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ စွန့်စားဖို့ အခွင့်အရေးရခဲ့မယ်ဆိုရင် . . ."

"ဟာ...အဲဒီလိုသာဆိုရင်ကျုန်တော့်နာမည်ကို ရှေ့ဆုံးတ ထိပ်ဆုံးက ရေးမှတ်လိုက်ပါ အစ်ကိုသူရ..."

သူကအားတက်သရောပြောလိုက်သဖြင့် ဂျမဒါသူရက အသိအမှတ်ပြုသည့်အနေဖြင့် မောင်မြတ်နိုးလက်ကို ဆွဲယူဆုပ်ကိုင်ကာ ဖျစ်ညှစ်နှုတ်ဆက်လိုက်သည်။

"စိတ်ချ . . . တစ်နေ့နေ့မှာ မင်းကို အစ်ကိုကြီး ခေါ်ပါ့မယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com


မောင်မြတ်နိုးက တလေးတစား ခေါင်းညိတ်လိုက်သည်။

"ကဲ..ခွင့်ပြုကြပါဦး"

ပြောပြောဆိုဆို ဖိုးသူတော်ကြာပေါ်ကို ဦးချပြီးလျှင် ဂျမဒါသူရက ခေါင်းညိတ်နှုတ်ဆက်လျက် ဇရပ်ကြီးပေါ်မှ ဆင်းသွားတော့၏။

မောင်မြတ်နိုးတို့ တူဝရီးက စောင်းငဲ့ကြည့်ကာ ဂျမဒါသူရ ပျောက်ကွယ်သွားသည်အထိ ဆက်ကြည့်နေမိကြသည်။

ထို့နောက် သက်ပြင်းတစ်ချက်ချကာ ဆရာဖိုးသူတော်ကြာပေါ်ထံသို့ပြန်လှည့်လိုက်ကြသည်။

"ကဲ...အဲဒါပဲကွယ်၊ ငါ့အနေနဲ့ မင်းတို့နဲ့ ဂျမဒါသူရကို တွေ့ပေးချင်တာ ကြာပါပြီ၊ ဒီနေ့တော့ အကြောင်းတိုက်ဆိုင်လို့ မင်းတို့ တွေ့ကြရပြီပဲ"

ဦးသာဂိက...

"ဦးသူတော်နဲ့ ဂျမဒါသူရတို့ သိတာ ကြာပြီလားဟင်"

ဟု မေး၏။

"အေး...လူမျိုးဝှက်မျိုးချစ်တော်လှန်ရေး ရဲဘော်တစ်ယောက်ဖြစ်တဲ့ သိုင်းဆရာကြီး ဦးသာရမိတ်ဖွဲ့ပေးကတည်းက သိရတာပါ၊ ဒီလူဟာ တကယ့် သတ္တိကောင်းပြီး မျိုးချစ်စိတ်အပြည့်ရှိတယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာ မရှိဘူးကွယ့်"

"ဩော်...ဒီလိုကိုး"


www.burmeseclassic.com

www.burmeseclassic.com


မိမိဆရာ ခန့်မှန်းလျှင် လွဲခဲသည်ဖြစ်ရာ ဦးသာဂိမှာ ဂျမဒါသူရအပေါ်၌ ယုံကြည်စိတ်ရှိသွားရ၏။

ထို့နောက် ... ဖိုးသူတော်ကြာပေါ်က ယခု လျှို့ဝှက်မျိုးခစ်ျတော်လှန်ရေးအဖွဲ့တွင် ဆေးဝါး၊ လက်နက်ရိက္ခာများဝယ်ယူရန်အတွက် ရန်ပုံငွေ အရေးတကြီး လိုအပ်လျက်ရှိရာ အဖွဲ့ဝင်တစ်ချို့မှာ မြန်မာမျိုးချစ်သူဌေးကြီးအချို့ထံ လိုက်လံ၍အလှူငွေများ တိုးတိုးတိတ်တိတ် လိုက်လံကောက်ခံနေကြောင်း ပြောပြသည်။

"အို...ဒီလိုမှန်းမသိလို့ပါ ခင်ဗျာ၊ ဒီလိုပုံဖြင့် ကျွန်တော်တို့ တူဝရီးလဲ ရန်ပုံငွေ ထည့်ဝင်ချင်လှပါတယ်"

"ကောင်းပြီလေ...ဒါဖြင့် ဂျမဒါသူရလာတဲ့အခါ မင်းတို့အိမ်ကို လွှတ်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ဦးသူတော်"

"ဟုတ်ကဲ့ ခင်ဗျာ"

ထို့နောက် ပြန်ရန်အတွက် ဦးချကန်တော့ရာ ဖိုးသူတော်ကြာပေါ်က ဆုမွန်ကောင်းများ ပေးလေ၏။

ဇရပ်ကြီးပေါ်မှ ဆင်းလျက် ကားရပ်ထားရာ အလယ်ပစ္စယံသို့ စကားတပြောပြောနှင့် တူဝရီးနှစ်ယောက်လျှောက်လာခဲ့ကြသည်။

"ခွပ်...ခွပ်...ခွပ်"

"ခွပ်...ခွပ်"


www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌မြင်းရထားတစ်စီးက ၎င်းတို့အား ကျော်လွန်သွားရာ ရထားပြတင်းပေါက်မှ မျက်နှာတစ်ခုက လှမ်းကြည့်သွားသည်အား သတိပြုမိခြင်း မရှိကြပေ။

ယင်း...မြင်းရထားသည် ရပ်ထားသည့် မိမိတို့ကားကို ကျော်လွန်ကာ ခပ်မှန်မှန် မောင်းနှင်သွားလျက်ရှိသည်။

အော်စတင်ကားကို စက်နှိုး၍ မောင်မြတ်နိုး မောင်းထွက်ကာ မြင်းရထားကို ဖြတ်ကျော်ခိုက် ရထားပြတင်းပေါက်မှ မျက်နှာတစ်ခုက ပုန်းလျှိုးကွယ်လျှိုး ကြည့်လိုက်ပြီးနောက် ပြန်ပိတ်သွား၏။

ကားကို ခပ်မှန်မှန်သာ မောင်းနှင်လာခြင်းဖြစ်ရာ နောက်ဘက်မှ မြင်းရထားက ကားကို နောက်ယောင်ခံလျက် ဒလကြမ်း မောင်းနှင်နေ၏။

မြို့တံခါးဝသို့ရောက်သောအခါ သော့ခပ်ပိတ်ထားသည့် သံတံခါးကို ဦးသာဂိက သွားဖွင့်စဉ် မြို့စောင့်အဖြစ်မွေးထားသည့် ခွေးကြီးရန်လုံက နှုတ်ဆက်နေလေ၏။

"ဝုတ်...ဝုတ်"

"ဝုတ်...ဝုတ်"

"ရန်လုံ...ရန်လုံ...တိတ်တော့"

လိမ္မာလှသော ခွေးကြီးမှာ ပေါင်ခြင်းမှ ရပ်သွားကာ မြို့အတွင်း မောင်းဝင်လာသည့် မောင်မြတ်နိုးကားနောက်သို့ အပြေးလိုက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌နောက်သက်မှလိုက်ပါလာသည့်မြင်းရထားသည် မြို့နစ်ဖြူကျော်ရှိ အုံ့ဆိုင်းနေသော သစ်ပင်ကြီးအောက်မှ ရပ်တန့်လျက်ရှိနေ၏။

မိုးကလည်း ရှတ်တရက် ရွာချလိုက်ရာ မြင်းရထား ပြတင်းပေါက်အတွင်းမှ မျက်လုံးအစုံက အတန်ကြာသည်အထိ အကဲခတ်ကြည့်ရှုနေတော့သည်။

ပြီးလျှင် . . . မြင်းရထားက မိုးရေပေါက်များကြားမှ မောင်မြတ်နိုးတို့ မြို့ကြီးကို ဖြတ်ကျော်ကာ မောင်းနှင်သွားလေ၏။

ထိုညက ထမင်းစားသောက်ကြပြီးနောက် မောင်မြတ်နိုးတို့ တူဝရီးမှ ဂျမ်ဒါသူရအကြောင်း မြန်မာ့လွတ်လပ်ရေးအတွက် လျှို့ဝှက်ဖွဲ့စည်း ဆောင်ရွက်နေကြသည့် မြန်မာ့မျိုးချစ်တော်လှန်ရေးအဖွဲ့အကြောင်းတို့ကို မိမိတို့ ကြားဖူးနားဝရှိသမျှ အတန်ကြာမျှပြောဆိုကြပြီးညဦးနက်မှ အိပ်ရာသို့ဝင်ကြလေ၏။

"ဂွိန်း...ဒလိန်း"

"ဒေါ်"

ည၏ကောင်းကင်ယံ၌လေနှင့်မိုးတို့သဲသဲမဲမဲတိုက်ခတ်ရွာသွန်းနေသကဲ့သို့ အရပ်ရှစ်ခွင်အနှံ့ လျှပ်စီးများလက်ကာ တစ်ခါတစ်ရံ မိုးကြိုးတစ်ချက် နှစ်ချက်ပင် ပစ်ခတ်လိုက်သေး၏။

အမှန်စင်စစ် ထိုညသည် ရာသီဥတုဆိုးသော ည သို့မဟုတ် မိုးအေးသော ညတစ်ညဟုပင် ဆိုရချေတော့မည်။

အိပ်ရာမဝင်မီမှာပင် ဦးသာဂိသည် ခြံဝင်းလုံခြုံရေးအတွက် ရန်လုံကိုကြိုးဖြေလွှတ်ထားကာ ခြံတံခါး၊ အိမ်တံခါးများကို လုံလုံခြုံခြုံ စိတ်ချရစေရန် သော့ခတ်လိုက်သည်။

မောင်မြတ်နိုးမှာ ထိုညက စောစောစီးစီး အိပ်ရာဝင်သွားကာ အိပ်ရာထဲ၌ မီးဖွင့်ကာ "မြန်မာ့သူရဲကောင်းများ" ဟူသည့် စာအုပ်ကို စိတ်ဝင်တစား ဖတ်ရှုနေလေသည်။

တစ်နေ့လုံး အိမ်မှုကိစ္စများအား တကုတ်ကုတ်လုပ်နေရသည့် ဦးသာဂိလည်း ပင်ပန်းသည့်အလျောက် တံခါးများ ပိတ်ပြီးသည်နှင့် မီးများပိတ်ကာ စောစောစီးစီးပင် အိပ်ရာသို့ ဝင်လိုက်သည်။

"ဒေါင်...ဒေါင်"

"ဒေါင်...ဒေါင်"

"ဒေါင်...ဒေါင်"

အဝေးကောင်းတဲဆီမှ ဆယ့်နှစ်နာရီ သံချောင်းသံ သဲ့သဲ့ကြားရသည်တွင် မောင်မြတ်နိုးလည်း ဖတ်လက်စစာအုပ်ကိုပိတ် မီးကိုမှိတ်ကာ အိပ်စက်လိုက်သည်။

"ဝုတ်...ဝုတ်"

"အင်...အင်"

သို့သော်...အိပ်ပျော်မည်အပြု ခြံဝင်းဖက်မှ ရန်လုံ၏ စူးစူးဝါးဝါး ဟောင်သံနှင့်အတူ ငြီးငြူသကဲ့သို့ အသံထွက်ပေါ်လာလျက် တဖြည်းဖြည်းတိတ်ဆိတ်သွားသည်ကို သတိပြုမိလိုက်


www.burmeseclassic.com

www.burmeseclassic.com


မိ၏။

အသာ နားစွင့်လိုက်သည်တွင် အိမ်ခေါင်မိုးပေါ်သို့ မိုးစက်မိုးပေါက်များ တဖြောက်ဖြောက် ကျသည့်အသံများသာ ဆက်လက်ထွက်ပေါ်နေပေသည်။

"ဖျပ်...ဖလပ်"

"ကလစ်...ဂျစ်"

မိုးသံများကြားမှ တစ်ခါတစ်ရံ ထူးခြားသော အသံများ ထွက်ပေါ်နေရာ အိပ်ရာထဲမှ မောင်မြတ်နိုးမှာ မသင်္ကာစိတ်များ ဝင်လာလျက် အိပ်ရာဘေးစားပွဲပေါ်မှ လက်နှိပ်ဓာတ်မီးကို ဆွဲယူသည်။

ပြီးလျှင် အိပ်ခန်းတံခါးကို အသံမကြားအောင် ဖွင့်ကာ အိမ်အတွင်းသို့ လှမ်းဝင်လိုက်သည်။

"ဟင်"

ထိုအခါ မီးခံသေတ္တာရှိရာ နေရာတွင် မီးရောင်တစ်ခု လက်သွားသဖြင့် အံ့သြလျက် ထိုနေရာသို့ ခပ်သုတ်သုတ်သွားရန် ရေးရှုလိုက်သည်။

"ဟိုင်း"

"ဝိုး"

သို့သော် အခန်းတစ်ခုဘေး၌ ကြိုတင် ပုန်းခိုနေဟန်ရှိသည့် တစ်စုံတစ်ယောက်ကရာဘာတုတ်ကဲ့သို့သော အရာဝတ္ထုနှင့် မှောင်ထဲမှာပင် မောင်မြတ်နိုးကို ရိုက်ထည့်လိုက်၏။


www.burmeseclassic.com

www.burmeseclassic.com

"ဖတ်"

"ဟိတ်"

"ဖျောင်း"

"အား…အီး"

သို့ရာတွင် သိုင်းသမားတစ်ဦးဖြစ်သော မောင်မြတ်နိုးမှာ လေဟာပ်သည်နှင့် သတိရှိရှိ ကိုယ်တစ်ခြမ်းစောင်း ခေါင်းကို တိမ်းငုံ့ပေးလိုက်ကာ လက်ဖြန့်ရိုက်ချက် သုံးလိုက်သဖြင့် တစ်ဖက်လူ၏ မချိမဆန့် အော်ဟစ်သံကို ကြားလိုက်ရတော့သည်။

ထိုလူမှာ အတော်ပင် စံနိုင်ရည်ရှိပုံရသည် ဆိုရပေမည်။ အကြောင်းသော်ကား….

ရင်း ညလူမှာ . . . မောင်မြတ်နိုး၏ အောက်ပိုင်းကို ခြေထောက်ဖြင့် ပတ်ပိုက်ကန်လိုက်၏။

"ဝှစ်"

"ရှစ်"

မောင်မြတ်နိုးက လေထဲသို့ ခုန်တက်ကာ မေးရိုးနေရာသို့လေထဲ၌ပင် ဆတ်ခနဲ ကန်ထည့်လိုက်သည်။

"ဝုန်း…ဒုန်း"

"ဒုန်း…ဒလုန်း"

ထိုသူ ကြမ်းပြင်ပေါ် လိမ့်ထွက်သွားပြီး မကြာမီ မီးခံသေတ္တာမှ မီးရောင်ပျောက်သွားကာ လူတစ်ယောက် ခုန်ဝင်


www.burmeseclassic.com

www.burmeseclassic.com


လာသည့်အသံကိုကြားရပြန်၏။

မောင်မြတ်နိုးက ကိုယ်ကို လှည့်၍ ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

"ဖျောင်း"

သို့သော်အရှိန်နှင့် ခုန်ဝင်လာသူ၏ခြေကန်ချက်ကပခုံး ကိုထိကာယိုင်နဲ့သွားရသည်။

ထိုစဉ်မှာပင် ကနဦးက လဲကျနေသူလည်း လျင်မြန်စွာ ထ၍တိုက်ခိုက်ပြန်လေ၏။

"ဟိတ်"

"ဟိုင်း"

"ဝိုး..."

"ဝုန်း..."

"ခွပ်..."

"အင့်.."

အမှောင်အတွင်း၌ နှစ်ယောက်နှင့် တစ်ယောက်တိုက် ခိုက်နေရခြင်းဖြစ်ရာ မိမိရရ မရှိလှဘဲ မောင်မြတ်နိုးမှာ အထူး သတိ ဝီရိယထား၍ တိုက်ခိုက်နေရပေ၏။

တစ်ချိန်တွင် ဟန်ချက်ပျက်သွားသည့် မောင်မြတ်နိုး၏ မျက်နှာအား တစ်ဖက်ရန်သူတစ်ယောက်၏ လက်သီးက မိမိရရ ထိသွားခဲ့တော့သည်။

"ဟိုင်း"


www.burmeseclassic.com

www.burmeseclassic.com


"ခွပ်"

"အ..."

မောင်မြတ်နိုးတစ်ယောက် နောက်ပြန် လဲကျကာ မျက်နှာမှ သွေးစီးများကို လက်ဖမိုးနှင့် သုတ်လိုက်စဉ် လျှပ်စစ်မီးက ဖျတ်ခနဲ ဖွင့်လာလေ၏။

အမှန်စင်စစ် မီးဖွင့်လိုက်သူမှာ ဦးသာဂိဖြစ်လျက် အမှောင်တွင်းမှ ထိုးသံ၊ ကြိတ်သံ၊ တိုက်ခိုက်သံများကြောင့် လန့်နိုးလာကာ ထိုကဲ့သို့ မီးဖွင့်လိုက်ခြင်းဖြစ်သည်။

"အို...အို...မောင်မြတ်နိုး ဘယ်လိုဖြစ်ရတာလဲကွယ်၊ ဟင်...ဟင်...မင်း...မင်းတို့ ဘယ်သူတွေလဲကွဟင် ညအချိန်မတော် သူများအိမ်ထဲကို ဝင်လာတာ"

ကပ္ပိယသာဂိက ရုတ်တရက် တွေ့လိုက်ရသူ နှစ်ဦးကြောင့် ကြောင်သွားကာ ဒေါသနှင့် မေးလိုက်လေ၏။

ဤတွင် သေနတ်ကိုယ်စီ ထုတ်လျက် ချိန်ထားကြသည့် ထိုလူနှစ်ယောက်အနက် တစ်ယောက်က....

"ဟဲ...ဟဲ...ဟဲကျုပ် ဘယ်သူလဲဆိုတာ ကြည့်စမ်းပါဦး ကပ္ပိယကြီးရဲ့"

ဟု ဆိုကာ ၎င်းမျက်နှာကို သေနတ်ပြောင်းနှင့် ထောက်ပြ၏။

ထိုအခါကျမှ ဦးသာဂိရော မောင်မြတ်နိုးပါ မှတ်မိသွားကာ ကပ္ပိယကြီးက...


www.burmeseclassic.com

www.burmeseclassic.com


"ဟင်…လက်စသတ်တော့မင်း…မင်းကဒုစရိုက်လူဆိုး ကျားဘီလူးဆိုတဲ့ကောင်ကိုး"

ဟုထိတ်လန့်တကြားပြောဆိုရေရွတ်လိုက်သည်။

"ဟား..ဟား…ဟား..ဟား"

သို့ရှိစဉ် ဇင်း၏ နံဘေးမှ သေနတ်သမား ကုလားဒိန်က လည်း လိုက်လိုက်လှဲလှဲ ရယ်မောနေပေရာ မောင်မြတ်နိုးတို့ တစ်စုဝရီးမှာ ကြောင်ဝေးဝေး ဖြစ်သွားရတော့သည်။

ဤတွင် ကျားဘီလူးက…

"ဟား…ဟား…ဟား ခင်ဗျားတို့အနေနဲ့ ဟောဒီပုဂ္ဂိုလ် ကိုသိမှာမဟုတ်ပါဘူး သူကတော့ ခင်ဗျားတို့ရဲ့မူလ ရတနာသိုက် ပိုင်ရှင်ကိုပါ သိနေသဗျ"

ဟုဆို၏။

"ဘာ…ဝါ…ဝါညီနဲ့ ခယ်မကို သိတယ် ဟုတ်လား… ဒါဆို..သူ…သူက ဘယ်သူလဲ"

ထိုအခါကုလားဒိန်က…

"ဟဲ…ဟဲ..ဟဲ ကျုပ်က ခင်ဗျားရဲ့ညီလင်မယားနှစ် ယောက် တောလမ်းခရီး ထွက်လာစဉ်ကတည်းက အိန္ဒိယကပါ လာတဲ့ မက်ရှုတ်ခန်လေဗျာ"

"အာ…"

"အလို.."

"သူတို့လက်ထက်မှာ မျောက်ဝံကြီးနှစ်ကောင်ရဲ့


www.burmeseclassic.com

www.burmeseclassic.com



ရန်ကြောင့် အဲဒီရတနာတွေ မရခဲ့ပေမယ့်၊ ပေဘာဒီ ကျုပ်ရဲ့တပည့် လက်မရှိ ကျားဘီလူးက ပြောပြလို့ ရတနာတွေကို ခင်ဗျားတို့ ရခဲ့ကြောင်း သိရတဲ့အတွက် အခုလို...''

''ဩော်...ဒီလိုကိုး''

ထိုအခါကျမှ မောင်မြတ်နိုးရော ဦးသာဂိပါ လုံးစေ့ပတ်စေ့ သဘောပေါက်သွားကြကာ သက်ပြင်းကိုယ်စီ ချလိုက်မိကြသည်။

လက်မရှိကျားဘီလူးက...

''ခင်ဗျားတို့ရဲ့သတင်း၊ နေရပ်လိပ်စာနဲ့ သတင်းကို ကျုပ်တို့ စုံစမ်းနေတာ ကြာပြီ၊ နောက်မှ အကြံရလို့ ဗိုးသူတော်ကြီးနေတဲ့ ဇရပ်အနီးကို အမြဲတမ်းအကဲခတ် စုံစမ်းနေတာမှာ လွန်ခဲ့တဲ့ ရက်ပိုင်းက ခင်ဗျားတို့ ရောက်လာရာက ဒီနေရာကို စုံစမ်းမိတာ ဆိုပါတော့လေ...ဟဲ...ဟဲ''

မောင်မြတ်နိုးက လဲကျနေရာမှ ဖြည်းညှင်းစွာ ထလိုက်သည်။

''ပေဘာကောင် ခုခံဖို့ မကြိုးစားနဲ့နော် မင်း လှုပ်ရှားတာနဲ့ တချည်ဆန်တွေက မင်းခန္ဓာကိုယ်ထဲကို တိုးဝင်သွားမယ် အဲဒါ မမေ့နဲ့''

''ဟုတ်...ဟုတ်ကဲ့''

မောင်မြတ်နိုးက ဤသို့ဆိုရင်း ဦးသာဂိကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအကြည့်၌ အဓိပ္ပာယ်များစွာ ပါဝင်ကြောင်း ဦးသာဂိ သိနေပေသည်။

သို့ရှိစဉ် မက်ရှ်တီးခန်းဆိုသူ ကုလားလူမိုက်က မဲ့ပြုံးပြုံး၍...

"ဘာလဲ...ခင်ဗျားတို့ရဲ့ခြံစောင့်ခွေးကြီးကို လျှို့ဝှက်ခေါ်မလို့ မဟုတ်လား၊ ကြိုးစားမနေနဲ့ အဲဒီခွေးကြီးရဲ့ ခန္ဓာကိုယ်မှာ ကျုပ်တို့ရဲ့ ဓားတစ်ချောင်းစီ စိုက်ဝင်ပြီး လဲကျနေပြီ"

ဟု ဆိုလေ၏။

ကျားဘီလူးက...

"ကဲပေ့ ကြာတယ်၊ မင်းတို့ရဲ့ မီးခံသေတ္တာသော့ကို ထုတ်ပေးပေတော့"

ဟု ပြောလိုက်သည်။

မည်သို့မျှ တတ်နိုင်ခြင်းမရှိတော့သဖြင့် မောင်မြတ်နိုးက ဦးသာဂိအား ခေါင်းညိတ်ပြလိုက်ရသည်။

အမှန်စင်စစ် ထုတ်ပေးလိုက်ပါဟူသည့် သဘောပင်ဖြစ်သည်။

ဦးသာဂိက...

"ကောင်းပြီလေ ... ခဏတော့စောင့်ပါ မီးခံသေတ္တာသော့က ကျုပ်ရဲ့ အိပ်ခန်းထဲမှာမို့ပါ"

ဟု ဆိုလိုက်သည်။

ကျားဘီလူးက...


www.burmeseclassic.com

www.burmeseclassic.com


"ရတယ်လေ...ကျူပ်လိုက်ခဲ့မှာပေါ့ခင်ဗျားကိုလဲယုံလို့ မရဘူးဗျ"

ဟု သွားဖြဲလျက် ပြောသည်။

သို့နှင့် ဦးသာဂိရှေ့ဆောင်ကာ ကျားဘီလူးနောက်မှ လိုက်ပါလျက် အိပ်ခန်းဆီသို့ ထွက်သွားကြတော့သည်။

အခန်းထဲတွင် မောင်မြတ်နိုးနှင့် ကုလား လူဆိုး မက်ရှ် တီးခန်ဆိုသူတို့သာ ကျန်ရှိရာ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေမိကြသည်။

ပြီးမှ မောင်မြတ်နိုးက အံကြိတ်လျက်...

"ဒီရတနာတွေဟာ ခင်ဗျားတို့လို ဒုစရိုက်သမား လူဆိုး တွေအတွက် မဟုတ်ဘူးဗျ"

ဟု ရဲဝံ့စွာ ပြောလိုက်တော့၏။

"ဒါတွေ ငါမသိဘူး။ မပင်မပန်းနဲ့ အချောင်ရဖို့ပဲ အရေး ကြီးတယ်ကွ...ဟဲ...ဟဲ..ဟဲ"

"ရာဇဝတ်ဘေးဆိုတာ ဘယ်လိုမှ ပြေးမလွတ်ပါဘူး ဗျာ"

မောင်မြတ်နိုးက ခြိမ်းခြောက်သကဲ့သို့ ပြောလိုက်သော် လည်း ကုလားလူမိုက်က လုံးဝဖြုံဟန်မပြဘဲ သေနတ်ဖြင့် ဟန်ပါ ပါ ထိုးချိန်ရင်း...

"ဒီမှာ ကိုယ့်လူ၊ လေကျယ်မနေနဲ့၊ မင်းအဖေနဲ့ အမေ ဟာ ငါ့လက်ချက်နဲ့ မသေဘဲ လွတ်သွားလို့ မင်းကို မွေးဖွားနိုင်ခဲ့


www.burmeseclassic.com

www.burmeseclassic.com 

တာ၊ဒီတော့…ရွှေငွေရတနာတွေကိုရပြီးတာနဲ့ငါ့ကိုတောထဲမှာ လှည့်ပတ်ဒုက္ခပေးတဲ့ မင်းအဖေအမေတွေရဲ့ကိုယ်စား မင်းကို လက်စတုံး ချေဖြောင်ခွဲရမယ်၊ ဘုရား တရားသာ တပေတော့ဟေ့.. ..ဟဲ…ဟဲ…ဟား..ဟား..ဟား"

ဟု ဆိုလျက် အားပါးတရ ဟစ်အော်ရယ်မောနေတော့ သည်။

"ရှမ်း"

"ရှစ်"

"ဟိုက်"

"အလို"

ယင်းသို့ရှိစဉ် လေတိုးသံနှင့်အတူ ကုလားလူဆိုးမက်ရှ် တီးခန်လက်တွင် ဆုပ်ကိုင်ထားသည့် သေနတ်မှာ လေထဲ မြောက်တက်သွားလေ၏။

အမှန်စင်စစ်…

ပြတင်းအနီး၌ တိတ်တဆိတ် ရောက်နေဟန်ရှိသည့် တစ်စုံတစ်ယောက်က ကြာပွတ်ဖြင့် မက်ရှ်တီးခန်သေနတ်ကို လျှပ်တစ်ပြက် ဆွဲယူလိုက်ခြင်းဖြစ်သည်။

သေနတ်လွတ်သွားသဖြင့် မက်ရှ်တီးခန် လန့်ဖြန့်ဟစ် အော်လိုက်သကဲ့သို့မောင်မြတ်နိုးလည်းအထူးအံ့အားသင့်ကာ အာမေဍိတ်သံ ထွက်သွားခဲ့ရသည်။

သေနတ်မှာကားပြတင်းအနီး၌ရပ်နေသည့်လူ့လက်ထဲ


www.burmeseclassic.com

www.burmeseclassic.com

၌ရောက်ရှိနေတော့သည်။

ထိုသူသည် ဝတ်စုံအနက် မျက်နှာဖုံးအနက်များ ဝတ်ဆင်ကာ လက်၌လည်းပန်းပွားတပ်ကြာပွတ်တစ်ချောင်းကိုကိုင်ထားလျက်ရှိ၏။

ကာယ်တင်ရှင်ကို ကြည့်လျက် မင်းသက်နေမိရာမှ မောင်မြတ်နိုးတစ်ယောက် သတိရသွားကာ ရှာခနဲ လှည့်၍ကိုယ်ဖော့ပြီးနောက် ဦးသာဂိအိပ်ခန်းဘက်သို့ လျှောက်လာခဲ့သည်။

ထိုအခိုက်အခန်းအဝကွေ့သို့ထွက်လာကြသည့် ကျားဘီလူးနှင့်ဦးသာဂိတို့အနည်းငယ်ကျော်လွန်သွားခိုက် ကျားဘီလူး၏ဓားသနတ်ကိုင်လက်ကိုအားပါပါလက်ဝါးစုတ် ချလိုက်တော့၏။

"ဟိုင်း..."

"ဗိုး..."

"ဖျောင်း.."

"ဒေါက်..."

ကျားဘီလူးတစ်ယောက် စဉ်းစားမရနိုင်အောင် ဖြစ်သွားစဉ် မောင်မြတ်နိုး၏ ဘယ်ညာလက်သီးနှင့် ခြေကန်ချက်များက အတွဲညီညီ စည်းဝါးကျကျ ဝင်သွားရာ ကျားဘီလူးတစ်ယောက် ဒယီးဒယိုင် ဖြစ်နေရှာတော့၏။

ကျသွားသည့် နေသတ်ကို သွက်လက်စွာကောက်ယူထားနိုင်သည့်ဦးသာဂိက မောင်မြတ်နိုးထံ သေနတ်လွှဲပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကိုယ့်လူ...ကုလားလူဆိုးရှိတဲ့နေရာကိုသွားပေ တော့...နို့မဟုတ်ရင် ကျုပ်က ညှာမှာ မဟုတ်ဘူးနော်"

"အင်း...အင်း...သွား...သွားပါ့မယ်"

လက်မရှိလူဆိုးကျားဘီလူးမှာ ယိုင်နဲ့နဲ့ဖြင့် ၎င်းအခဖော် ရှိရာသို့ ရွေ့လျားလိုက်ရာ မောင်မြတ်နိုးနှင့် ဦးသာဂိတို့လည်း ထပ်ချပ်လိုက်ခဲ့ကြသည်။

အခန်းတွင်းသို့ ဝင်မိကြလျှင်ပင် ရေးနည်းတူစွာပင် လေထဲ၌ လှုပ်ရှားသံတစ်ခုကို ကြားလိုက်ရ၏။

"ဝုစ်..."

"ရှစ်..."

"ဟင်..."

"အလို..."

ပြီးလျှင်...မောင်မြတ်နိုး လက်ထဲမှ သေနတ်က လွင့် ထွက်သွားလျက်...မျက်နှာဖုံးနှင့် ဝတ်စုံနက်ထံ လျှပ်တစ်ပြက် ရောက်ရှိသွားပြန်လေသည်။

"အလို...ကောင်းလိုက်တဲ့ကြာပွတ်ရိုက်ချက်ပါလား"

မောင်မြတ်နိုးက ချီးကျူးလိုက်သော်လည်း ဝတ်စုံနက် မှာ လုံးဝ မမှုဟန်ဖြင့် စူးရှသော မျက်လုံးအစုံနှင့်သာ မောင်မြတ် နိုးကို စိုက်ကြည့်နေလိုက်သည်။

"ရှမ်း..."

"အား..."



www.burmeseclassic.com

www.burmeseclassic.com

"ရှစ်..."

"အ..."

ပြီးလျှင် လူဆိုးနှစ်ယောက်အပေါ်သို့ ပြင်းထန်သည့် ကြာပွတ်ရိုက်ချက် တစ်ချက်စီ ကျရောက်ခဲ့ရာ နှစ်ယောက်စလုံး မှာ နာကျင်လွန်းသဖြင့် မျက်နှာများ ရှုံ့မဲ့နေကြ၏။

မောင်မြတ်နိုးသာမက ဦးသာကိုပင် အပြုအမူထူးခြားလှ သည့် ဝတ်စုံနက်ကိုသာ စိတ်ဝင်တစား ငြိမ်သက်စွာ ကြည့်နေမိ ကြသည်။

ထိုအခိုက် ... ဝတ်စုံနက်က လူဆိုးနှစ်ဦးအား ထွက်သွာ ရန် လက်ဟန်ပြလိုက်သည်။

မက်ရှုတီးခန်းက သဘောပေါက်လျက် ၎င်းတို့လာခဲ့ရာ လှိုဏ်ဂူပြတင်းပေါက်သို့ ထွက်သွားရန် ပြင်သော်လည်း လက်မရှိ ကျားဘီလူးက ၎င်းအား ထားခဲ့မည်အထင်ဖြင့် ဆွဲထားရာ ကြာပွတ်ရိုက်ချက်များက ၎င်းတို့ နှစ်ဦးအပေါ် ထပ်မံကျရောက် လာခဲ့ပြန်သည်။

"ဝှစ်..."

"အင့်..."

"ရှစ်..."

"အ..."

နာကျင်လွန်းလှသောကြောင့် လူဆိုးနှစ်ယောက် ပြတင်းပေါက်သို့ သွားကာ ဒရောသောပါး ခုန်ချလိုက်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်နိုးတို့တစ်တွေက လူဆိုးများကိုကြည့်နေရာမှ ဝတ်စုံနက်ရှိရာသို့ ပြန်ကြည့်လိုက်သည်။

သို့သော် ဝတ်စုံနက်က ထူးဆန်းစွာ ပျောက်ကွယ်သွား၏။

ညက အိပ်ရေးပျက်သော်လည်း ရွေးကြီးရန်လုံ အလောင်းကိုမြှုပ်နှံရန်ကိစ္စရှိသဖြင့် မောင်မြတ်နိုးနှင့် ဦးသာဂိတို့မှာ အစောကြီး နိုးကြရသည်။

ပြီးလျှင် ခြံအလယ်၌ ခန္ဓာကိုယ်တွင် ဓားနှစ်ချောင်းစိုက်ဝင်ကာ သေနေရှာသည့် ရန်လုံအလောင်းကို ပန်းခြံတစ်ခုတွင် မြှုပ်နှံရန် မြေတူးဆွနေစိုက် ခြံဝမှ ဘဲလ်တီးသံကို ကြားလိုက်ရသည်။

"ကလင်...ကလင်"

"ကလင်"

လှမ်းကြည့်လိုက်သောအခါ မိုးကာခြုံလွှမ်းလျက် သက္ကလပ် ဦးထုပ်ဆောင်းထားသည့် လူတစ်ဦးအား တွေ့လိုက်ကြရ၏။

"ဘယ်သူပါလိမ့်"

"လူစိမ်းတစ်ယောက်ကွဲ့"

သို့သော် ... ထိုလူက ဦးထုပ်ချွတ်ပြလိုက်မှပင် ဂျမဒါ သူရဖြစ်ကြောင်း တွေ့ရှိသဖြင့် ဝမ်းသာအားရ ခေါ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာဖို့"

"လာဟေ့...ကိုသူရ"

ကပ္ပိယသာဂိက ခြံတံခါးဖွင့်၍ ခေါ်လာစဉ် ၎င်းက ရန်လုံ့ အလောင်းကို တွေ့ရှိသွားကာ...

"ဒါက ဘာဖြစ်သွားရတာလဲဗျ"

ဟု မေး၏။

ထို့ကြောင့် ညကဖြစ်စဉ်ကို မောင်မြတ်နိုးက စိကာပတ်ကုံး ပြောပြရင်း ရန်လုံ့အလောင်းကို မြှုပ်နေသည်။

အိမ်ဆီသို့အလာတွင် ဂျမဒါသူရက စိတ်မကောင်းသလို ပြောလိုက်သည်။

"အင်း...ကြားရတာ စိတ်မကောင်းစရာပါလားဗျာ"

ညှို့ခန်းသို့ ရောက်သောအခါ ကပ္ပိယသာဂိက လက်ဖက်ရည်နှင့် မုန့်များဖြင့် ဂျမဒါသူရကို ညှို့ခံ၏။

ပြီးမှ ဂျမဒါသူရက...

"ဒီလူတွေဟာ ဒီပုံအတိုင်းဆိုရင် ခင်ဗျားတို့အကြောင်းကို တော်တော်လေး အတွင်းကျကျ သိထားပုံပဲဗျ"

ဟု မှတ်ချက်ချသည်။

ကပ္ပိယသာဂိက...

"သိဆို ကုလားလူဆိုးက ဟောဒီ မောင်မြတ်နိုးရဲ့အဖေ အမေလက်ထက်ကတည်းက အဲဒီရတနာနောက်ကိုလိုက်နေသူ ဖြစ်သလို၊ နောက်လူဆိုးတစ်ယောက်က ကျုပ်တို့နဲ့အတူ ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရာက ထွက်ပြေးလွတ်မြောက်သွားတာလေဗျာ"

ဟုပြောပြလိုက်၏။

ထို့နောက် ငှင်းကိစ္စ မေ့ထားကာ မောင်မြတ်နိုးက ဦးကြီးဖြစ်သူ ဦးသာကိနှင့်တိုင်ပင်လျက် ရွှေငွေရတနာအတော်များများကို မီးခံသေတ္တာမှ ထုတ်ယူစေလျက် ဂျမ်ဒါသူ့ရာသို့ အပ်လိုက်၏။

"အဲဒါ...မြန်မာပြည်လွတ်လပ်ရေးအတွက် ဆောင်ရွက်နေကြတဲ့ အစ်ကိုသူရတို့ လျှို့ဝှက်မျိုးချစ်တော်လှန်ရေးအဖွဲ့အတွက် ရန်ပုံငွေပါ"

"အို...များလှပါကလားညီလေးမင်းတို့ရှေ့ရေးအတွက်လဲ ချန်ထားသင့်တာပေါ့"

"ကျန်ပါသေးတယ်၊ ကျန်သမှ အဲဒီနည်းပါးလောက် ကျန်ပါသေးတယ် အစ်ကိုကြီး၊ ပြောရရင် ကျွန်တော့်ဘဝတစ်လျှောက်အတွက် လုံလောက်ပါတယ်ဗျာ"

"အေးကွာ...ဒါဆိုရင် ဝမ်းသာပါတယ်"

"ကျွန်တော်တို့က ဆရာဖိုးသူတော်ကြာပေါ်နဲ့ ပြောဆိုအပြီးမှာ အစ်ကိုကြီးအလာကို စောင့်နေတာဗျ"

"အေး...အစ်ကိုကြီးလဲ ဆရာဖိုးသူတော်ကြာပေါ်က ညွှန်လိုက်လို့လာခဲ့တာပါ"

ထို့နောက်...မောင်မြတ်နိုးမှာစိတ်စေတနာထက်သန်လျက်အားတက်သရောဖြစ်လာကာ ငှင်း၏ဦးကြီးအား...



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီး...ဦးကြီး ပြောပြတဲ့ အကြောင်းအရာတွေထဲမှာ မြိတ်ကျွန်းစုကျွန်းက အဖေနဲ့အမေ တွေ့ခဲ့ရတဲ့ ရွှေတွင်းအကြောင်း ပါတယ် မဟုတ်လား"

ဟု မေး၏။

"ဖေအးလေ...အဲဒါ ဘာဖြစ်သလဲကွယ့်"

"ဒီလိုပါ ဦးကြီး၊ မွန်မြတ်တဲ့ အစ်ကိုကြီးတို့ရဲ့ လုပ်ငန်းမှာ သုံးစွဲဖို့ အဲဒီရွှေတွေလှူဖို့ ကျွန်တော် သန္နိဋ္ဌာန်ချလိုက်ပြီလေ"

"ဟော..."

ထို့နောက် မောင်မြတ်နိုးက ဂျူမဒါသူရဲအား ၎င်း၏ မိဘများတွေ့ရှိခဲ့သည့် မြိတ်ကျွန်းစုမှ ရွှေတွင်းအကြောင်းကို အကျဉ်းချုပ်ပြောပြသည်။

"အို...ဒီလို လှူဒါန်းမယ်ဆိုရင် သိပ်ကောင်းပေါ့ငါ့ညီရာ ...တို့ရဲ့အဖွဲ့အစည်း ခေါင်းဆောင်ကြီးတွေက မင်းတို့ကို ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်တော့ဘူး"

"ကောင်းပြီလေ...ဒါဖြင့် သွားကြတာပေါ့"

ဤသို့ဖြင့် မကြာမီရက်များအတွင်း ခရီးထွက်ခွာကြရန် အစီအစဉ်များကို သုံးဦးအား တိုင်ပင်ညှိနှိုင်းလိုက်ကြသည်။

အပြန်တွင် ဂျူမဒါသူရဲက မည်သည့်အကြောင်းကြောင့် မသိ၊ ကုလားလူဆိုးမက်ရှ်တီးခန်နှင့် ကျားဘီလူးတို့ နာမည်ကို ထပ်မံ မေးမြန်းသွားလေ၏။

✠✠✠



www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၉)

မောင်မြတ်နိုးသည် ထိုရက်မှစ၍ စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်နေသကဲ့သို့ ရှိ၏။

တစ်ရက်တွင် ဦးကြီးနှင့်အတူ ဆရာဖိုးသူတော်ကြာပေါ်ထံ သွားကာ ရွှေတွင်းမှ ရွှေများအား လျှို့ဝှက် မျိုးချစ်အဖွဲ့ကြီးသို့ လှူဒါန်းမည့်အကြောင်း ပြောပြရာ ဖိုးသူတော်ကြာပေါ်က လေးလေးနက်နက် သာဓု အနုမောဒနာ ပြုလေ၏။

နေအိမ်သို့ပြန်ရောက်ကြသည့်အခါအခန့်သင့်ဆိုသကဲ့သို့င် မြင်းရထားတစ်စီးနှင့် ပေါက်ချလာသော ဂျမဒါသူရဲကို တွေ့လိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



"အို…ဆိုးချုပ်နေမှ ဘာကိစ္စများရှိလို့ပါလိမ့်အစ်ကိုကြီး"

"ကိစ္စရှိလို့ မောင်မြတ်နိုးရဲ့"

အိမ်အတွင်းသို့ ရောက်သောအခါ ရောက်မဆိုက်ဆို သကဲ့သို့ ဂျူမဒါသူရကာ အားပါးတရ ပြောလိုက်လေ၏။

"မောင်မြတ်နိုးနဲ့ ဦးသာဂိရေ…ဒီနေ့ကစပြီး စိတ်ချမ်း သာစွာနဲ့ နေကြပေတော့၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့ကို အန္တရာယ်ပေးတဲ့ မက်ရှ်တီးခန်နဲ့ ကျားဘီလူးဆိုတဲ့ကောင် နှစ် ကောင်ကို ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ဖမ်းဆီးပြီး ထောင်ထဲပို့လိုက်ပြီလေ"

"အို…"

"အလို…"

ထိုအခါ ဂျူမဒါသူရကာ…ထိုနာမည်များကို မှတ်သား လျက် ၎င်း၏ နည်းဟန်ဖြင့် လိုက်လံစုံစမ်းသောအခါ မက်ရှ်တီး ခန်မှာ မဂိုလမ်း (ယခုရွှေဘုံသာလမ်း) လူမိုက်ဖြစ်ကြောင်း သိရ သဖြင့် အခြေအနေကို လျှို့ဝှက်စောင့်ကြည့်ရာ တစ်ညတွင် ကျားဘီလူးနှင့် ဟိုတယ်တစ်ခု၌ တွေ့ဆုံကြာ စိန်ဘာဘူတိုက် ဓားပြတိုက်ရန် ကြံစည်နေစဉ် ၎င်း၏မိတ်ဆွေဖြစ်သူ အင်စပက် တော် ကိုမြသာအား သတင်းပေး၍ ဖမ်းဆီးစေလိုက်ခြင်းဖြစ် ကြောင်း ရှည်လျားစွာ ပြောပြလေ၏။

ထို့နောက်ပင်လယ်ခရီးထွက်ခွာမည့်အစီအစဉ်များကို အသေးစိတ် ထပ်မံတိုင်းပင်ကာ ယူဆောင်သွားရမည့် ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို စာရင်းလုပ်နေကြသဖြင့် အတန်ပင် ညဥ့်နက်သွားရသည်။

သို့အတွက် မောင်မြတ်နိုးနှင့် ဦးသာဂိက နေအိမ်၌ပင် အိပ်စက်ရန် ပြောသဖြင့် ဂျမဒါသူရက ခေါင်းညိတ်ပြလိုက်ရသည်။

"ခင်း…ခင်း"

"ခင်း…ခင်း"

"ခင်း…ခင်း"

ညဥ့်ဆယ်နာရီထိုးပြီဖြစ်ကြောင်းတိုင်ကပ်နာရီကြီးမှ အချက်ပေးသံ ထွက်ပေါ်လာသောအခါ စကားပြောခြင်းကိုရပ်လျက်အသီးသီးအိပ်ရာသို့ဝင်လိုက်ကြသည်။

အိပ်ရာထဲရောက်သော်လည်း မောင်မြတ်နိုးမှာ သွားရမည့် ခရီးစဥ်နှင့်ကြုံရမည့်အနေအထားများကို တွေးတောမိကာ အိပ်မပျော်နိုင်အောင် ဖြစ်နေရသည်။

"ရှပ်"

"ရှပ်…"

ထိုအခိုက် ဂုဏ်း၏အခန်းအပြင်ဘက်မှ ခြေဖော့နင်းသည့်လှုပ်ရှားသံကိုကြားရသည့်အတွက်သိုင်းသမားတစ်ဦးဖြစ်သော မောင်မြတ်နိုးက ဖျပ်ခနဲထကာ တံခါးကို ဆတ်ခနဲ ဖွင့်လိုက်သည်။

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com


**ထိုအခါ**အခန်းဝ၌ သေနတ်ဖြင့် ၎င်း၏ရင်ဝသို့ ချိန်ထား **သောလူတစ်**ယောက်အား တွေ့လိုက်ရ၏။

ဝိုး၍ အံ့ဩရသည်မှာ ထိုသူသည် မကြာလှသော ညဦး ဆုံတွေ့ရဖူးသည့် ဝတ်စုံနက်ဝတ် မျက်နှာဖုံးတပ်ထားသူဖြစ် သောကြောင့်ပင်တည်း။

ထိုသူက ညာလက်ဖြင့်သေနတ်မောင်းကိုကွေးညှစ်ရန် အသင့်အနေအထား ကိုင်ထားသကဲ့သို့ ဘယ်လက်၌လည်း ကြာပွတ်က အဆင်သင့်ရှိနေ၏။

မောင်မြတ်နိုးက...

"ခင်ဗျားဟာ ကျွန်တော်တို့ရဲ့မိတ်ဆွေပါဗျာ၊ ခင်ဗျား ကယ်လို့ ကျွန်တော်တို့ အသက်ချမ်းသာနေတာပါ၊ ဒါနဲ့များဘာ ဖြစ်လို့ သေနတ်နဲ့ ချိန်ထားရတာလဲ"

ဟု အေးအေးသက်သာ ပြောလိုက်သည်။

သို့သော်...ဝတ်စုံနက်က...

"အေး...သူတို့လက်ထဲက နင့်အသက်ကို ကယ်လိုက် တာဟာ တကယ်တော့ နင့်ကို ငါကိုယ်တိုင် သတ်ချင်လို့ပဲ...ငါ.. ဘယ်သူလဲဆိုတာကြည့်လိုက်စမ်း"

ဟု ဆိုကာ ပြော ပြောဆိုဆို မျက်နှာဖုံးကို ဆွဲဖြုတ်လိုက် သည်။

"အလို..."

ချောမောလှပသည့် မိန်းကလေးတစ်ဦးဖြစ်သည်မှလွဲ

www.burmeseclassic.com

www.burmeseclassic.com

၍ မည်သူမည်ဝါဖြစ်ကြောင်း မသိသဖြင့် မောင်မြတ်နိုး အံ့အား သင့်နေရသည်။

ဝတ်စုံနက်က မဲ့ပြုံးပြုံး၍...

"အေး...ငါ့ငယ်ရုပ်ပျောက်နေလို့ နင်မမှတ်မိတာ ဖြစ် လိမ့်မယ်၊ ကောင်းပြီ...ငါပြောပြမယ် ငါဟာ တခြားသူမဟုတ်ဘူး တစ်ချိန်က နင့်ရဲ့ကျေးဇူးရှင် မွေးစားမိဘနှစ်ဦးရဲ့ သမီး မြကြာယံ ပေပဲ"

"ဗျာ"

ထိုစကားကို ကြားလိုက်ရသည်တွင် မောင်မြတ်နိုးမှာ မိုးကြိုးစက် ထိမှန်ခံရသူအလား ဦးခေါင်းရှာခနဲ လည်လျက် ဗလုံးဗထွေး ရေရွတ်နေမိတော့သည်။

"မြကြာယံ...မြကြာယံ အိုး...မမမြကြာယံပေကိုးအခု လို မမျှော်လင့်ဘဲ ပြန်ဆုံတွေ့ရတာ ဝမ်းသာလိုက်တာ မမရယ်"

မောင်မြတ်နိုးက ဝမ်းသာစိတ်ဖြင့် သတိလက်လွတ်ဖြစ် ကာ အနားတိုးကပ်ရန် ပြင်လိုက်သည်။

"သွား...အနားမကပ်နဲ့ မောင်းဖြုတ်လိုက်မယ်နော်"

"ဗျာ...ဘာ...ဘာကြောင့်ပါလဲ"

"ဘာကြောင့်လဲတဲ့....နင့်အပြစ်ကို နင်သိမှာပေါ့၊ သား အရင်းလို သဘောထားတဲ့ ငါ့မိဘတွေကို လူဆိုးတွေနဲ့ပေါင်း လက်ထောက်ချ မီးရှို့ပြီး သတ်ဖြတ်ခိုင်းတာလေ ပြီးမှ ပစ္စည်းတွေ ယူပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဟာ...မဟုတ်တာဗျာ"

မောင်မြတ်နိုးမှာ မြကြာယံစကားများကြောင့် မကြားဝံ့ဟန်ဖြင့် နားနှစ်ဖက်ကို လက်နှင့် ပိတ်လိုက်မိသည်။

"ဗြင်းဖို့ မကြိုးစားနဲ့ မင်းဟာ လူဆိုးတွေ လက်ထဲက လာသူပီပီ လူဆိုးကျင့် လူဆိုးကြံ ကြံမှာကို အစကတည်းက ငါ တွေးမိပြီးသား"

"မ...မဟုတ်ရပါဘူး မမမြကြာယံရယ်"

"ဒါတွေလုပ်မနေနဲ့ ... ငါ့မိဘတွေအတွက် လက်စား ချေရမယ် ဘုရား တရားသာ တဝေဝေတော့"

သူမက သေနတ်ကို ထိုးချိန်လိုက်သည်။

ထိုအခိုက် သူမအနောက်ဖက်မှ လူရိပ်တစ်ခု ခုန်ဝင်လာကာ သေနတ်ကိုင်လက်ကို လျှပ်တစ်ပြက် ချုပ်ကိုင်ထားလိုက်တော့သည်။

မြကြာယံက တိုက်ခိုက်ရန် လှည့်လိုက်သည်။

"ဟင်...ဆရာ...ဆရာ...ဦးသူရပါလား"

"အေး...ဟုတ်တယ် မြကြာယံ"

ဂျမဒါသူရက သေနတ်ကို သိမ်းဆည်းပြီးလျှင် အေးအေး သက်သာ ပြောလိုက်သည်။

"ဆရာက...ဒီ...ဒီကို...ဘယ်လိုပြီး...ပြီးတော့ ဒီလူ ယုတ်မာနဲ့ ဘယ်လိုပတ်သက်တာလဲ ဆရာ"

ဂျမဒါသူရက တည်ကြည်စွာဖြင့်...


www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့နှစ်ယောက် စကားပြောနေခိုက်၊ ငါဟာ မင်းနောက်နားကို ရောက်နေပါပြီ မြကြာယံ၊ ဒါကြောင်း မင်းသိပြီး မဖြစ်သင့်တာ မဖြစ်ရအောင် ကြိုတင်ကာကွယ်တာပါ"

ဟု ပြောပြသည်။

ထို့နောက်...ဆက်လက်ပြောပြပြန်သည်။

"ဆရာ ဖိုးသူတော် ပြောပြမှုကြောင့်ရော ဟောဒီ ဦးသာဂိ ပြောပြလို့ရော မောင်မြတ်နိုးရဲ့ဘဝဇာတ်ကြောင်းတွေကို ဆရာသိသင့်သလောက် သိပြီးပါပြီလေ ... တကယ်တော့ မင်းရဲ့မိဘတွေ သေဆုံးကြရိုန်မှာ မောင်မြတ်နိုးဟာ တောလမ်းခရီးထွက်ဖို့အတွက် ဟောဒီဦးသာဂိနဲ့အတူရှိနေတာပါ။ မင်းဟာ မြန်မာပြည် လွတ်လပ်ရေးအတွက် အသက်ကိုတောင် ပေးလှူဖို့ ကတိပြုထားတဲ့ လျှို့ဝှက်မျိုးချစ်တော်လှန်ရေးအဖွဲ့ဝင် ရဲဘော်တစ်ယောက်ပါ၊ မိမိရဲ့တစ်ဖက်သတ် စွပ်စွဲမှုနဲ့ နာကျည်းခြင်းကို ဖြစ်စေတဲ့ အပြုအမူကိုပါ ပယ်ဖျောက်ရမှာပေါ့ကွယ်"

ထို့နောက် တစ်ဆက်တည်းပင် မောင်မြတ်နိုး၏ စိတ်ဓာတ်၊ လှူဒါန်းမှု၊ ရည်ရွယ်ချက်များနှင့်တကွ မကြာမီ လျှို့ဝှက်မျိုးချစ်တော်လှန်ရေးအဖွဲ့ကြီးအတွက ရွှေတွင်းမှ ရတနာများကိုပင် လှူဒါန်းဦးမည့် အစီအစဉ်ကိုပါ ပြောပြလိုက်တော့သည်။

ဤတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းများ ရောထွေးကာ မြကြာယံက မောင်မြတ်နိုး ရင်ခွင်သို့ တိုးဝင်လိုက်တော့သည်။

"မမ မှားသွားပါတယ် ခွင့်လွှတ်ပါနော် .. မောင်လေး

www.burmeseclassic.com


မြတ်နိုး"

"အို...မမမြကြာယံရယ်"

အဆုံး၌ သူတို့နှစ်ဦးသည်ကား....

✠✠✠

ပြီးပါပြီ

မိုးဆမ်းပန်းစာပေ

www.burmeseclassic.com